ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကို ကြွရောက်ချီးမြှင့်ကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြ ပါစေလို့ ကျွန်တော့်အနေနဲ့ ရှေးဦးစွာ ဂါရဝပြု ဆုတောင်း အပ်ပါတယ်။



D/real(wide) (1

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ အင်းတိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်းလေးကန်ထိန်းသိမ်းရေး ကိစ္စများအတွက်မေးခွန်း(၂)ခုကို တစ်ပြိုင်တည်းမေးမြန်း သွားပါမယ်။

မေးခွန်း(၁) ၂၀၁၁ခုနှစ်၊ မတ်လ ၇ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်းလေးဒေသ ခရီးစဉ်တွင် အင်းလေးကန်ကြီးအား ကာကွယ်ထိန်းသိမ်းရေးကိစ္စအတွက် ညောင်ရွှေမြို့နယ်ရှိ ဟိုတယ်များအား လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်အလိုက်လည်းကောင်း၊ ဆက်စပ်လုပ်ငန်းများဖြစ်သည့် ခရီးသွားအေးဂျင့်များမှ ၎င်းတို့ လုပ်ဆောင်သော လုပ်ငန်းများ အလိုက် ထိုက်သင့်သောငွေများ ကောက်ခံ၍ အင်းလေးကန်ကြီး အား ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားခဲ့ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ မည်ကဲ့သို့စီမံထားသည်ကို သိရှိလိုပါသည်။

မေးခွန်း(၂) ဤကိစ္စကို လုပ်ဆောင်မည်ဆိုပါက ညောင်ရွှေမြို့နယ်မှ ရွေးချယ်တင်မြှောက်ခံထားရသော အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကော်မတီ စာရင်းတွင်ထည့်သွင်းရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ မေးခွန်း(၂)ခုကို တစ်ပြိုင်တည်းဖြေကြား ပေးဖို့ဖြစ်ပါတယ်။





## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကိုတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ)အရ ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေငြာပါတယ်။

**[ သြဘာသံများ ]**

**ဥက္ကဋ္ဌ။** ယခုကြားဖြတ်အစီအစဉ်(၁)ခုကို ကျွန်တော့် အနေနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ လွှတ်တော် ဥက္ကဋ္ဌအနေဖြင့် သော်လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အနေနဲ့သော် လည်းကောင်း၊ လွှတ်တော်သို့ ဝမ်းနည်းကြောင်း အဆိုကို တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၁၅ အရ တင်သွင်းပြီးတော့မှ လွှတ်တော်မှ မှတ်တမ်းတင်ထားဖို့ ဖြစ်ပါတယ်။ ကျွန်တော်က မှတ်တမ်းတင်ကြောင်း ကြေညာတဲ့အခါမှာ ကိုယ်စားလှယ်များက လက်ခုပ်မတီးမိဖို့အတွက် သတိပြုစေလို ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအင်သည် ၄-၂-၂၀၁၃ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ရှိသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်းကြောင်းအဆို ဖြစ်ပါတယ်။ ဤအဆိုကို လွှတ်တော်မှမှတ်တမ်းတင်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။**

အားလုံး မင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဖြစ်ပါတယ်။ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်မေးခွန်းနှင့် ပတ်သက်လို့ ကျွန်တော်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီး မေးခွန်းမေးခဲ့တဲ့ နံပါတ်(၁) မေးခွန်းမှာ ၂၀၁၁ခုနှစ်၊ မတ်လ ၇ရက်နေ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အင်းလေးဒေသ ခရီးစဉ်တွင် အင်းလေးကန်ကြီးအား ကာကွယ်ထိန်းသိမ်းရေး အတွက် ညောင်ရွှေမြို့နယ်ရှိ ဟိုတယ်များအား လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်အလိုက် လည်းကောင်း၊ စပ်ဆက်လုပ်ငန်းများဖြစ်သည့် ခရီးသွား အေးဂျင့်များအား ပြုပြင်ထိန်းသိမ်းသွားကြရန် မှာကြားသွားသည့် ကိစ္စနှင့် ပတ်သက်၍ မည်ကဲ့သို့စီမံ ထားသည်ကို သိရှိလိုပါကြောင်းမေးမြန်ထားပါတယ်။ အဲ့ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားချက် အနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်ဖြစ်သော အင်းလေးကန်သည် နောင်နှစ်ပေါင်းများစွာ တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်၍ ကန်စပ်နေရာများတွင် ဟိုတယ်လုပ်ငန်းများ အပါအဝင် အခြားလုပ်ငန်းများအား ထပ်မံခွင့်မပြုရန် ကန်ဧရိယာအပြင်ဘက် အပေါ်စီးမှကန်၏ သဘာဝအလှကို မြင်နိုင်သောနေရာ၊ ကန်သို့သွားရန်လည်း လွယ်ကူသောနေရာ၊ ကန်သို့စီးဝင်သော သဘာဝရေထွက်များ၊ ချောင်းများ၊ စမ်းများကိုလည်း မထိခိုက်စေသောနေရာများတွင်





ဆက်သွယ်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုနည်းတူစွာ အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်ကြီး မေးမြန်းချက်တွင် ဖေါ်ပြသကဲ့သို့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ အင်းလေးကန်ရေရှည် ထိန်းသိမ်းကာကွယ်ရန်အတွက် အင်းလေးကန်ဒေသကို အမှီပြုပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြတဲ့ လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းငယ်အလိုက် ဟိုတယ်ကြီးများ၊ ခရီးသွား လုပ်ငန်းများမှ ထိုက်သင့်သည့်ပမာဏဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် ပြန်လည် ပေးဆပ် ဆောင်ရွက်သည့် သဘောမျိုးရံပုံငွေများ ကောက်ခံခြင်း၊ ရံပုံငွေများ စနစ်တကျ ထိန်းသိမ်းစီမံ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရတို့ ညှိနှိုင်းဆောင်ရွက်ပြီး ကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း စုစည်းကောက်ခံရရှိသည့် ရံပုံငွေများကို အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းရေး စီမံချက်ပါလုပ်ငန်းများတွင် စနစ်တကျသုံးစွဲရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းများ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမှာ အင်းတိုင်းရင်းသား ရေးရာဝန်ကြီးရဲ့ မေးခွန်းနံပါတ်(၂)ကို ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အင်းတိုင်းရင်းသားရေးရာဝန်ကြီးရဲ့ မေးထားတဲ့ မေးခွန်းနံပါတ်(၂)ကတော့ အင်းလေးကန်ကြီးအား ပြုပြင်ထိန်းသိမ်းမည့်ကိစ္စကို လုပ်ဆောင်မည်ဆိုပါက ညောင်ရွှေမြို့နယ်မှ ရွေးချယ်တင်မြှောက် ခံထားရသည့်



D/real(wide) (1

အင်းတိုင်းရင်းသား လူမျိုးရေးရာကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များကို ကော်မတီစာရင်းတွင် ထည့်သွင်းရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားချက် အနေနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၂၁-၆-၂၀၁၁ ရက်နေ့စွဲပါ အမိန့်ကြေငြာစာအမှတ်၊ ၂၉/၂၀၁၁ဖြင့် ဖွဲ့စည်းပေးခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင်(၁၆)ဦး ပါဝင်သော အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝ ပတ်ဝန်းကျင် အခြေအနေကောင်းများ ထိန်းသိမ်းရေးကော်မတီတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။

ထိုနည်းတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၂-၇-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၃/၃-၆၅၇/ အစရ(ရှမ်း)ဖြင့် ဖွဲ့စည်းပေးခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အဖွဲ့ဝင်(၅၀)ဦး ပါဝင်သော အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်နယ်အဆင့်ကြီးကြပ်မှု ကော်မတီတွင်လည်း အင်းတိုင်းရင်းသားရေးရာဝန်ကြီး အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ကော်မတီနှစ်ရပ်တွင် အင်းလေးဒေသရေးရာ ကိစ္စရပ်များ တာဝန်ယူညှိနှိုင်း ဖြေရှင်းနိုင်မည့် အင်းတိုင်းရင်းသား ရေးရာဝန်ကြီး အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ဖြစ်တဲ့အတွက် ကျန်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ ထပ်မံဖြည့်ဆည်း ဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်းနှင့် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် အဆိုပါ ကိုယ်စားလှယ်များမှ ကောင်းမွန်ထိရောက်သော



D/real(wide) (1



သဘာဝပတ်ဝန်းကျင်ကို တစ်ဘက်တစ်လမ်းမှ ထိန်းသိမ်းရန် ခံဝန်ချက်ဖြင့် သတ်မှတ်ခွင့်ပြုရန်နှင့် နေရာအနှံ့မဟုတ်ဘဲ ဇုန်သဘောမျိုးခွင့်ပြုရန်ဟူသော လမ်းညွှန်ချက်နှင့်အညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သမ္မတကြီးရဲ့ လမ်းညွှန်ချက်မှာ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များကို ဆောင်ရွက်ရန်အတွက် ရံပုံငွေတစ်ရပ် ထူထောင်ရန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပါရှိတဲ့အတိုင်း လုပ်ငန်းဆောင်ရွက်တဲ့ ဒေသ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ထုတ်ယူသုံးစွဲရန် ဖြစ်ပါတယ်။ ၉-၃-၂၀၁၂ ရက်နေ့မှ ၁၁-၃-၂၀၁၂ရက်နေ့အထိ နိုင်ငံတော်သမ္မတကြီးရဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် အင်းလေးကန် ရေရှည်တည်တံ့ နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမရိုးကျလူအင်အားဖြင့် ဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ စက်ယန္တရား ကြီးများဖြင့် လုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်တွင်း၊ ပြည်ပအလှူရှင်များရဲ့ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ရံပုံငွေတစ်ရပ် ထူထောင် ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါတယ်။

နိုင်ငံတော် သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ အင်းလေးကန်ရေရှည် တည်တံ့ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၆သိန်း၊ နော်ဝေနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၂.၆သန်းဖြင့် အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင် ရေးစီမံကိန်းများကို ၁-၁-၂၀၁၂ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရေရှည် တည်တံ့ရေး အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များ

အကြံဉာဏ်များပေးပါက အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦးဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းလေးတစ်ခု မေးမြန်းလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားပေါင်း (၁၃၅)မျိုး မှီတင်းနေထိုင်ကြပါတယ်။ ဒီတိုင်းရင်းသား(၁၃၅)မျိုးထဲမှာ ဗမာလူမျိုးတွေဟာလည်း တိုင်းရင်းသား တစ်ခုအနေနဲ့ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ပြည်နယ်တွေမှာ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးရယ် လို့ခန့်ထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား လူမျိုးတွေဟာ ဗမာလူမျိုးတွေရဲ့ လက်အောက်မှာ အုပ်ချုပ်ခံ လူတန်းစားများအနေနဲ့ နေနေကြတာမဟုတ်ဘဲနဲ့ ပြည်ထောင်စုကြီး တစ်ခုတည်းမှာ အေးအတူ၊ ပူအမျှ ညီရင်းအစ်ကိုသဖွယ်





အခြေခံဥပဒေပုဒ်မ (၄၅)တွင် မြန်မာစာသည် ရုံးသုံးစာ ဖြစ်သည်ဟု ပြဋ္ဌာန်းထား ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ လွှတ်တော်ရုံးအပါအဝင် ရုံးများအားလုံးတွင် ရှမ်းစာပေ၊ ရှမ်းစကားကို ဗမာစာ၊ ဗမာစကားနှင့် ပူးတွဲပြီး ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခွင့်ရရှိရေး ပြဋ္ဌာန်းပေးရေးကိစ္စမှာ နိုင်ငံတော် အခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရန် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကံက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်တွင် **TV** တာဝါတိုင်ရှိပြီး ၂၀၀၉ ခုနှစ်၊ မေလ(၂)ရက်နေ့တွင် ၁နာရီလျှင် မိုင် ၆၀နှုန်းခန့် တိုက်ခတ်ပြီး လေပြင်းကြောင့် ၎င်း**TV** တာဝါတိုင်မှာ ကျိုးကျပျက်စီးခဲ့ရပါတယ်။ အဆိုပါ **TV** တာဝါတိုင်ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်မှ နောက်ဆုံးပတ်အတွင်း သက်ဆိုင်ရာများမှ အသစ်ပြန်လည် ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါသော်လည်း ယနေ့အထိထုတ်လွှင့်ပြသပေးခြင်း မရှိသေးပါသဖြင့်




D/real(wide) (1

ထုတ်လွှင့်ပြသပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ထုတ်လွှင့်ပြသပေးသွားမည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာ လူကြီးမင်းများမှ ဖြေကြားပေးနိုင်ပါရန် ပြည်သူလူထုများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံရဲ့ မိုင်းရှူးမြို့နယ်မှာ လေပြင်းကြောင့် ကျိုးကျပျက်စီးခဲ့တဲ့ **T.V** တာဝါတိုင်ကို ပြန်လည်ပြုပြင် တည်ဆောက် ပေးရန်အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအစားကို ဆက်လက် ထုတ်လွှင့်ပေးမဲ့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပြောင်းလဲမေးမြန်းခြင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မှဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ တိုက်ခတ်တဲ့ လေပြင်းကြောင့် မိုင်းရှူး မြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပင်မဆောင်(၁)ထပ် အဆောက်အဦး အုပ်ညှပ်၊ သွပ်မိုး ၃၀ပေ×၂၀ပေ×၁၂ပေနှင့် မီးစက် အဆောက်အဦး



D/real(wide) (1



တန်းတူညီမျှစွာ နေထိုင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဗမာလူမျိုးတွေရရှိတဲ့အခွင့်အရေးတိုင်းကို ကျန်တိုင်းရင်းသားတွေ အလိုအလျောက် ရရှိပြီးသား လို့ကျွန်တော်နားလည် ယုံကြည်ထားပါတယ်။ ဒါကြောင့် ရှမ်းစာပေနှင့် ရှမ်းစကားကို ဗမာစာ၊ ဗမာစကားနှင့် ပူးတွဲပြီး ရှမ်းပြည်နယ်ရှိ ရုံးများမှာ ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုခွင့် ရရှိရေး ပြဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၏ ရှမ်းပြည်နယ်အတွင်းရှိ လွှတ်တော်ရုံးအပါအဝင် ရုံးများအားလုံးတွင် ရှမ်းစာပေ၊ ရှမ်းစကားကို ဗမာစာ၊ ဗမာစကားနှင့် ပူးတွဲပြီး ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုခွင့်ရရှိရေး ပြဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃)တွင် နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်း နေထိုင်ကြသော နိုင်ငံဖြစ်သည်ဟု ပြဌာန်းပါသည်။ နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ရှမ်းပြည်နယ်သည် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုပေါင်းနေ ထိုင်သောနယ်မြေ တစ်ခုဖြစ်ပါသည်။ ဖွဲ့စည်းပုံ

၁၀ပေ×၁၀ပေ×၉ပေကို ဒေသအစီအစဉ်နဲ့ စုစုပေါင်းကုန်ကျငွေ ကျပ် ၄၅သိန်း အကုန်ကျခံပြီးတော့ ဆောက်လုပ်ပေးခဲ့တဲ့အတွက် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ဒီအဆိုပါ လေပြင်းကြောင့် ကျိုးကျ ပျက်စီးသွားတဲ့ တာဝါတိုင်ကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ ၂၀၁၂ခုနှစ်-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ တာဝါတိုင်အသစ်တည်ဆောက်ပေး သွားပြီး ဖြစ်ပါတယ်။ ဒီလိုတာဝါတိုင်အသစ်တည်ဆောက်ပေးပြီး နောက်မှသာလျှင် ဆက်လက်ထုတ်လွှင့်ရမယ့် အနေအထား ဖြစ်ပါတယ်။ ဒီတာဝါတိုင်တည်ဆောက်တဲ့ အနေအထားဟာ ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ် အတွင်းမှာ ဖြစ်ပြီးတော့ ဆက်လက်ထုတ်လွှင့်ဖို့အတွက် စက်များ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော်က မေးခွန်းကိုမေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။





မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီ နှင့်ပတ်သက်၍

(က) ပို့ဆောင်ညှိနှိုင်းရေးကော်မတီပါ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရခြင်း၊

(ခ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ် ညှိနှိုင်း ပါဝင်ဆောင်ရွက်ပေးကြောင်း ပြန်ကြားခဲ့ပါသည်။

သို့သော်လည်း စာတွင်ဖော်ပြချက်အရ မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် ကော်မတီပိုင်ငွေများအား အလွဲသုံးစားပြုလုပ်သည်ဟု ထင်မြင်ယူဆပါက ပြည်နယ်လွှတ်တော်မှ တဆင့် ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းပြီးငွေစာရင်းများ စစ်ဆေးနိုင်ပါကြောင်းနှင့် ငွေစာရင်းရှင်းတမ်းမိတ္တူများ ပေးပို့ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ လမ်းညွှန်မှုခံယူထားပါကြောင်း ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး စိုးသူနိုင် (ပ/၃၇၆၀)က ပြန်ကြားလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျောက်မဲမြို့နယ်၊ ပြည်သူလူထုများ၏ ဆန္ဒအရ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါသည်-

ကျောက်မဲမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် ပြောင်းလဲဖြစ်လာသော ခေတ်စနစ်များအရ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ

ချပြရန်လိုပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူး၏ ပြန်ကြားစာအရ ရှမ်းပြည်နယ် အစိုးရအနေဖြင့် မည်သို့သောအစီအစဉ်များဖြင့် မည်သည့် နေ့ရက်တွင် စစ်ဆေးသွားမည်။ ငွေစာရင်း ရှင်းတမ်း မိတ္တူများကို ပေးပို့ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ လမ်းညွှန်ခံယူထားမှုအပေါ် အများ သိရှိနိုင်ရန် ထုတ်ပြန် ပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သို့မည်ပုံ ထုတ်ပြန်ပေးမည်၊ မည်သည့် အချိန်တွင် ထုတ်ပြန်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒနယ်မြေ ပြည်သူလူထုများ ကိုယ်စား မေးမြန်း အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စိုင်းနော်ခမ်း(ခ) တင်ထွန်းအောင် ဖြစ်ပါတယ်။ ကျောက်မဲမဲဆန္ဒနယ် စိုင်းခမ်းကျော် မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ခရိုင်နှင့်မြို့နယ် ပို့ဆောင်ရေး ညှိနှိုင်းမှု ကော်မတီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဗဟိုပို့ဆောင်ရေးညှိနှိုင်းမှု ကော်မတီမှ သတ်မှတ်ထားသော ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရား ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ပိုင်ခွင့်များ အတိုင်း ဆောင်ရွက်ရသော ကော်မတီ ဖြစ်ပါသည်။

ကျောက်မဲမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီကို ၁၉၉၀ ခုနှစ်က



D/real(wide) (2



လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်၊ မော်တော်ယာဉ်လိုင်း ပေါင်းစုံ စည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ ကောက်ခံရရှိငွေများကို ခရိုင်အဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများ၏ ကိုယ်ရေးကိုယ်တာ များအတွက် အသုံးပြုနေကြကြောင်း လူထုများအကြားတွင် သံသယဖြစ်ပေါ် နေသည့်အတွက် ငွေကြေးကောက်ခံသော ဝန်ထမ်းများ၏ အလွဲသုံးစားမှု များလည်း ရှိနေကြသည်ဟု ပြောဆိုနေကြသဖြင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ရက် နေ့စွဲပါ စာအမှတ်၊ ၄/ ၂၀၁၂ ဖြင့် ကော်မတီနှင့် ပတ်သက်သည့် အချက်အလက်များကို ပေးပို့ရန် အကြောင်းကြားခဲ့ပြီး ပြည်သူလူထုမှ သိရှိလိုသောငွေစာရင်းရှင်းတမ်း မိတ္တူများပေးပို့ခဲ့ခြင်းမရှိခဲ့သဖြင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ထပ်မံအကြောင်းကြားခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် နေ့စွဲပါစာအမှတ်၊ ၅/၅-၁၁ ဦး (၆) ၂၂၅၉ ဖြင့် ပြန်လည်ဖြေကြား ခဲ့ပါသည်။

ယင်းသို့ဖြေကြားခဲ့ရာတွင် ကျောက်မဲခရိုင်နှင့် မြို့နယ် ညှိနှိုင်းမှုကော်မတီ ရထားပို့ဆောင်ရေးကော်မတီ ဗဟိုပို့ဆောင်ရေး ညှိနှိုင်းမှု ကော်မတီမှ သတ်မှတ်ပေးထားသော ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရား လုပ်ပိုင်ခွင့်များကို လည်းကောင်း၊ ကျောက်မဲမြို့နယ်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်း ထိန်းသိမ်းရေးကော်မတီကို ၁၉၉၀ ခုနှစ်က ဒေသအာဏာပိုင်များ၏ ကြီးကြပ်မှုဖြင့် ယာဉ်ပိုင်ရှင်များထဲမှ သင့်တော်သူများကို အများဆန္ဒဖြင့် ဖွဲ့စည်းထားသော ကော်မတီဖြစ်ကြောင်း၊ ယင်းကော်မတီများ အနေဖြင့်လည်း ဝန်ထမ်းဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ လုပ်ပိုင်ခွင့်များကို ယာဉ်ပိုင်ရှင်များ၏ ဆန္ဒဖြင့်သတ်မှတ်ထားရှိပြီး ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်ပို့ဆောင်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသော ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသည်

ဒေသအာဏာပိုင်များ၏ ကြီးကြပ်မှုဖြင့် ယာဉ်ပိုင်ရှင်များထဲမှ သင့်လျော်သူများကို အများဆန္ဒဖြင့်ဖွဲ့စည်းထားသော ကော်မတီဖြစ်ပါသည်။ ၎င်းကော်မတီအနေဖြင့်လည်း ဝန်ထမ်းဖွဲ့စည်းပုံ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို ယာဉ်ပိုင်ရှင်များ၏ဆန္ဒဖြင့် သတ်မှတ် ထားရှိပြီးဖြစ်ကြောင်း သိရှိရပါသည်။ ခရိုင်၊ မြို့နယ်ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသော ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများသည် မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် ပတ်သက်၍ ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီပါ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက် ရခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းများတို့ကိုဆောင်ရွက်ရပါသည်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းသည့်ငွေစာရင်းရှင်းတမ်း ထုတ်ပြန်သည့် ကိစ္စနှင့် ပတ်သက်၍ ခရိုင်၊ မြို့နယ်ပို့ဆောင်ရေးညှိနှိုင်းမှု ကော်မတီ၏ အသင်းအဖွဲ့ စည်းမျဉ်းများအရ ကော်မတီတာဝန်ရှိ သူများမှ စာရင်းရှင်းလင်းထုတ်ပြန်စေရေးနှင့် တာဝန်ရှိသူများမှ တာဝန်ခံစာရင်း ရှင်းလင်းထုတ်ပြန်မှုကို သက်ဆိုင်ရာအသင်းဝင် အသင်းသားများသို့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးသွားရန် ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ညွှန်ကြား ထားပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွှန့်ဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။





တစ်သွေးတည်းတစ်သားတည်း ပိုမိုရင်းနှီးမှုဖြစ်စေ နိုင်ကြောင်း ယူဆမိပါသည်။ ဒါကြောင့်မို့ နိုင်ငံတော် အစိုးရအနေနှင့် မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယန်းမြို့သို့ ဆက်သွယ်သည့် တံတား ထိုးပေးမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ သို့မဟုတ် ထိုတံတားကို အထူးဒေသထဲမှာရှိတဲ့ လုပ်ငန်းရှင်များမှ ဆောက်လုပ်လှူဒါန်းပေးမည်ဟု ကြားသိရသဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယန်း မြို့နယ်ကြားမှာ နမ့်လွေချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မိုင်းယောင်း၊ မိုင်းယုလမ်းမှာ ပြည်သူ့ဆောက်လုပ်ရေးလမ်း ဖြစ်ပြီး မိုင်တိုင်(၀/၀)မှ (၁၈/၀)ထိ ၁၈မိုင်ရှိပါတယ်။

မိုင်းယောင်းမြို့မှ စတင်ပြီး မိုင်းယုမြို့၊ နမ့်လွေချောင်းကမ်း ဇက်ဆိပ်ထိဖြစ်ပါတယ်။ နမ့်လွေချောင်း တစ်ဘက်ကမ်းမှာရှိနေတဲ့ ကျိုင်းယမ်း၊ ဘုတ်ဆုတ်၊ မိုင်းယောင်းလမ်းအား အထူးဒေသ(၄) အဖွဲ့မှ ဖောက်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ နမ့်လွေချောင်းရဲ့ မြစ်ရေပြင်အကျယ်ဟာ (၅၀၀)ပေ တိတိရှိပါတယ်။ ယခုအချိန်ခါမှာ မိုင်းယောင်း၊ မိုင်းယုလမ်း၊ မိုင်းယုဇက်ဆိပ်မှ ကျိုင်းယမ်းရွာသို့ စက်လှေများ၊ မော်တော်များဖြင့် ကူးသန်းသွားလာမှုမှာ ထိုက်သင့်အားလျော်စွာ အဆင်ပြေလျက်ရှိပါတယ်။ ရေရှည်တွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် နမ့်လွေချောင်းကူး

တံတားအား တည်ဆောက်ပေးနိုင်ပါရန်အတွက် ပြည်ထောင်စုဆောက်လုပ်ရေး ဝန်ကြီး ဌာနကို အစီအစဉ်များ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းလား အထူးဒေသမှာ တံတားကို ဆောက်လုပ်လို ပါကလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ နည်းပညာများနဲ့အတူ ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စု ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ဆက်သွယ် ဆောင်ရွက်သွားနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးလဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး၏ မေးခွန်းများကို ကျွန်တော် လဲချား မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျကကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ကြွရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့အရွေးခံ ရှမ်းပြည်နယ် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရ အဖွဲ့ဝင်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ် တစ်လျှောက်လုံး ကျွန်တော်တို့ရဲ့အဆို(၁၈)ခု၊ မေးခွန်း(၁၂၆)ခု၊ ဥပဒေကြမ်းပေါင်း(၇)ခု အတည်ပြုထားသည့် အဆို(၆)ခု၊ မှတ်တမ်းတင်ထားသည့် အဆို(၄)ခုနှင့် ကျန်အဆိုများ၊





**ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်း နှစ်ဖြာသော အကျိုး ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးညွန့်ဝင်းဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းနဲ့ဆိုင်တဲ့ မေးခွန်းတစ်ခု မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းယုမြို့နယ်ခွဲသည် မိုင်းဖြတ်ခရိုင်အတွင်း ပါဝင်သော မြို့နယ်ခွဲဖြစ်ပြီး အထူးဒေသ ဖြစ်တဲ့ ကျိုင်းယန်းမြို့ကို နမ့်လွေချောင်းနှင့် ပိုင်းခြားထားလျက် ရှိပါတယ်။ အဲ့ဒီမြို့နှစ်မြို့ကို ချောင်းခြားတဲ့အတွက်ကြောင့် ဖောင်ဖြင့်တစ်သွယ်၊ ရေယာဉ်များနှင့် တစ်နည်းအခြားနည်းမျိုးစုံဖြင့် ပြည်သူများ ကူးလူးသွားလာ နေရခြင်းသော်လည်းကောင်း၊ စီးပွားရေးအနေဖြင့် ကုန်စည်များစီးဆင်းရာတွင်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ အတိဒုက္ခမျိုးစုံကြုံတွေ့နေရသည့် အပြင် ဒေသတစ်ခုနှင့် တစ်ခုသီးခြားနေရသည့် သဘောမျိုးဆောင်နေကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စီမံကိန်းများနှင့်အညီ နမ့်လွေချောင်းကို တံတားထိုးပေးနိုင်လျှင် နိုင်ငံတော် အနေနှင့်သော်လည်းကောင်း ရှမ်းပြည်နယ် အစိုးရအနေနှင့် သော်လည်းကောင်း ဒေသခံပြည်သူများ အနေနှင့်သော် လည်းကောင်း၊ အခြားနီးစပ်တဲ့မြို့နယ်များနှင့် သော်လည်းကောင်း အကျိုးပြုကျေးဇူးများစွာဖြစ်စေနိုင်မည်ဟု ယူဆမိပါသည်။ ထို့အပြင် ဒေသတစ်ခုနှင့်တစ်ခု စီးပွားရေးအရ ကုန်စည်စီးဆင်းမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူမှုရေးနယ်ပယ်တွင်လည်း ပိုမိုကောင်းမွန်လာမည် ဖြစ်သည့်အတွက် ပြည်သူများအနေနှင့်လည်း

ပြန်လည်ရုပ်သိမ်း ထားတဲ့အဆိုများ စသည်တို့ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သိရှိလိုသည်မှာ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများမှ ဆွေးနွေးအတည်ပြုခဲ့သော အဆိုများအား ဥပဒေပြုရေးကော်မတီမှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပြီးသည်နှင့် မည်သည့် အခြေအနေသို့ ရောက်ရှိနေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများမှ ဆွေးနွေးအတည်ပြုခဲ့တဲ့ အဆိုများကို ဥပဒေရေးရာကော်မတီများမှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပြီးသည်နှင့် မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို သိရှိလိုပါသည် မေးခွန်း နှင့်စပ်လျဉ်းပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၂၂)အရ လွှတ်တော်ကအတည်ပြု ဆုံးဖြတ်ပြီးသော



D/real(wide) (2



(ခ) ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်

(၁) မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် တင်သွင်းတဲ့ “ မဟာဓါတ်အားလိုင်း မရှိသောနေရာ များတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်နိုင်ရေး ကိစ္စကို ပြည်နယ်ပိုင် လုပ်ငန်းများ အဖြစ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ တစ်ဦးတည်းဖြစ်စေ၊ အစုလိုက် အဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြု သင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင်တည်ဆောက်ရန် အစုအဖွဲ့များ ဆောင်ရွက်ရန် ရှိနေပါကြောင်းအဆိုကို တင်သွင်းခဲ့ပြီး ၁-၁၁-၂၀၁၁ ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ယင်းအဆိုကို ၄-၁၁-၂၀၁၁ ရက်စွဲပါစာဖြင့်လည်းကောင်း၊

(၂) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးတင်သွင်းတဲ့“ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့ များကို စီးပွားဖြစ်နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့် အသတ်ဖြင့်လုပ်ကိုင်ခွင့် ပြုရန်အဆိုကိုတင်သွင်းခဲ့ပြီး ၂-၁၁-၂၀၁၁ ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ယင်းအဆိုအား ၄-၁၁-၂၀၁၁ ရက်စွဲပါစာဖြင့်လည်းကောင်း၊

(၃) ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးတင်သွင်းသည့် ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက် တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်းအဆိုကို တင်သွင်းခဲ့ပြီး ၂-၁၁-၂၀၁၁ တတိယနေ့တွင်





အဆိုကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အဆင့်အဖွဲ့အစည်းများသို့ ပေးပို့ရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဥပဒေရေးရာကော်မတီနှင့် အတည်ပြုထားတဲ့ ကိစ္စရပ် များအား မည်ကဲ့သို့ဆောင်ရွက်ရသနည်း ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းရမယ်ဆိုလျှင် ဥပဒေရေးရာ ကော်မတီအနေနှင့် လွှတ်တော်သို့ တင်သွင်းထား တဲ့ဥပဒေကြမ်းကို ပြန်လည်စိစစ်ပြီး တွေ့ရှိချက်ကို သုံးသပ်ပြီး လွှတ်တော်သို့ တင်ပြရန်တာဝန် ရှိပါတယ်။

အတည်ပြုထားတဲ့အဆိုများနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်များသို့ ပေးပို့ ရမည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးနဲ့ အထူးအစည်းအဝေးများမှာ ဆွေးနွေးအတည်ပြုထားတဲ့အဆိုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း ပေးပို့ပြီး ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်-

(က) ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့် တင်သွင်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များ ရပ်တန့်ပြီး အမြင်မတူညီမှုများကို လူထုနည်းဖြင့် လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရန် အဆိုကိုတင်သွင်းခဲ့ပြီး ၁-၇-၂၀၁၁ ဒုတိယနေ့ အထူးအစည်းအဝေးတွင် လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ယင်းအဆို အား ၅-၇-၂၀၁၁ ရက်စွဲဖြင့်လည်းကောင်း၊

လွှတ်တော်မှအတည်ပြုခဲ့ပါသည်။ ယင်းအဆိုကို ၄-၁၁-၂၀၁၁ ရက်စွဲပါ စာဖြင့် လည်းကောင်း၊

(ဂ) ပထမ အကြိမ်ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနု တင်သွင်းတဲ့ ပြည်နယ်အတွင်း ဓါတ်သတ္တု စမ်းသပ်ရှာဖွေ ထုတ်လုပ် လုပ်ကိုင်သူများရဲ့ တစ်နိုင်တစ်ပိုင် အသေးစား ထုတ်လုပ်လိုမှု များအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သလိုစိစစ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားသင့်ကြောင်း အဆိုတင်သွင်းပြီး ၂၈-၂-၂၀၁၂ ရက်နေ့ ဒုတိယနေ့တွင် လွှတ်တော်မှ အတည်ပြု ခဲ့ပါသည်။ ယင်းအဆိုအား ၂၉-၂-၂၀၁၂ ရက်စွဲပါ စာဖြင့်လည်းကောင်း၊

(ဃ) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နမ္မတူ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး တင်သွင်းသည့် မြန်မာနှင့် တရုတ်သဘာဝ ဓါတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်း သွားတဲ့ ဂက်(စ်)ပိုက်လိုင်းအတွက် ဂက်(စ်)ရောင်းရငွေ၏အမြတ် ၅%ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့်



D/real(wide) (2



အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါ စေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၅၂)နဲ့ အညီ ရှမ်းပြည်နယ်အစိုးရက တင်သွင်းခွင့်ရှိတဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို ပြဋ္ဌာန်း ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကိုယ်စား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ် ပါတယ်။ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပပြုလုပ် ခဲ့တဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှာ အောက်ပါအတိုင်းတင်သွင်းပြီး အတည်ပြုချက် ရယူခဲ့ပါတယ်။ ရငွေအနေနဲ့သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၈၀၄၀၉. ၉၃၅သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာမရှိဘဲနဲ့ စုစုပေါင်း ရငွေအနေနဲ့ကျပ်သန်းပေါင်း ၈၀၄၀၉. ၉၃၅သန်းဖြစ်ပါတယ်။ သုံးငွေအနေနဲ့ သာမန်သုံးငွေမှာ ကျပ်သန်းပေါင်း ၁၁၉၅၅၉. ၇၀၈သန်းနှင့် ငွေလုံးငွေရင်းအတွက်သုံးငွေ ကျပ်သန်းပေါင်း ၅၃၁၃၇. ၅၂၉သန်းဖြစ်တဲ့အတွက် စုစုပေါင်းသုံးငွေသည် ကျပ်သန်းပေါင်း ၁၇၂၆၉၇. ၂၃၇ သန်း ဖြစ်ပါတယ်။ ဒါကြောင့်သာမန်အနေနဲ့ လိုငွေမှာ ကျပ်သန်းပေါင်း ၃၉၁၄၉. ၇၇၃ သန်းနှင့် ငွေလုံးငွေရင်း အတွက်လိုငွေဟာ

ကျပ်သန်းပေါင်း ၅၃၁၇၇. ၅၂၉သန်း ဖြစ်တဲ့အတွက် စုစုပေါင်းလိုငွေ ကျပ်သန်းပေါင်း ၉၂၂၈၇. ၃၀၂သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တစ်နည်းအားဖြင့် မူလရေးဆွဲထားတဲ့ အတည်ပြုချက် ရယူထားတဲ့ လိုငွေသည် ၉၂. ၈၂၇ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြင်ဆင်ရေးဆွဲ ရတဲ့အကြောင်းအရင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၂ ၏ ဆုံးဖြတ်ချက်အရ သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၅၅၃. ၄၂၃ သန်း တိုးလာပါတယ်။ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၅၆၂. ၅၁၇သန်း လျော့ကျသွားပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၃၆၇. ၁၈၂သန်း လျော့ချခဲ့ပါတယ်။ သာမန်ရငွေမှာဆိုင်ကယ်စီမံချက်ကနေ ကျပ်သန်းပေါင်း ၁၅၆၀. ၇၈၃သန်း ရရှိလာပါတယ်။ မြေစာရင်းဆိုသည်မှာ မြေခွန်ခတွေကို တိုးမြှင့်ကောက်ခံလိုက်တဲ့ အခါမှာ ရရှိလာတဲ့ ကျပ်သန်းပေါင်း ၁၁၁၃. ၇၈၅သန်း ဖြစ်ပါတယ်။ သာမန်ရငွေမှာ လျော့ကျသွားတဲ့ အနေအထားကတော့ တတိယဦးစားပေးလမ်း ဖြစ်ပါတယ်။ ဒီလမ်းကိုဆောင်ရွက်ရန် လိုအပ်မှု မရှိသေးဘူး ဆိုပြီးတော့ လျော့ချလိုက်တဲ့အတွက် လျော့သွားတဲ့ငွေဟာ ကျပ်သန်းပေါင်း ၂၁၄၂. ၁၄၅သန်းဖြစ်ပါတယ်။ ဒါကြောင့်သာမန်မှာ ပိုငွေ ၅၃၃. ၄၂၃သန်း ပိုရလာမှာဖြစ်ပါတယ်။

သာမန်အသုံးစရိတ်အနေနဲ့ အသုံးစရိတ်မှာ လျော့သွားတဲ့ငွေဟာ ကျပ်သန်းပေါင်း ၅၆၂. ၅၁၇သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့



D/real(wide) (2



ဂက်(စ်)မှဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှမည်သို့ဆောင်ရွက် ထားသင့်သည်ကို ရှမ်းပြည်နယ် အစိုးရမှ တိကျစွာ တောင်းဆိုပေး ပါရန် အဆိုကိုတင်သွင်းခဲ့ပြီး ၂၆-၉-၂၀၁၂ ဒုတိယနေ့တွင် အတည်ပြုခဲ့ပါသည်။ ယင်းအဆို အား ၁၇-၉-၂၀၁၂ ရက်စွဲပါစာဖြင့် အားလုံးပေးပို့ထားပြီး ဖြစ်ပါကြောင်း ဖြေကြားပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှလွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော တာဝန်ရှိပုဂ္ဂိုလ်များ

မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနကနေ ကျပ်သန်းပေါင်း ၂၅. ၈၅၀သန်း လျော့ကျသွားပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်အနေနဲ့ ၉၁၉. ၃၉၅သန်း လျော့ကျ သွားပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ၄၂၁. ၉၃၇သန်းလျော့ကျသွားပါတယ်။ ဒါကြောင့်ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၃၆၇. ၁၈၂သန်း လျော့ကျသွားကြောင်းတင်ပြအပ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၂ ရဲ့ဆုံးဖြတ်ချက်အရ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှင့် ရသုံး ခန့်မှန်းခြေ ငွေစာရင်းကို အောက်ပါအတိုင်း ပြင်ဆင်အတည်ပြု ခဲ့ပါတယ်။ ရငွေအနေနဲ့ တိုးလာပါတယ်။ ကျပ်သန်းပေါင်း ၈၀၉၄၃. ၃၅၈သန်းဖြစ်သွား ပါတယ်။ သုံးငွေအနေနဲ့လည်း ကျပ်သန်းပေါင်း ၁၁၈၉၉၇. ၁၉၁သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်မှာလည်း ကျပ်သန်းပေါင်း ၅၁၇၇၀. ၃၄၇သန်းဖြစ်တဲ့ အတွက် စုစုပေါင်းသုံးငွေသည် ကျပ်သန်းပေါင်း ၁၀၇၇၆၇. ၅၃၈သန်း ဖြစ်လာပါတယ်။ သာမန်အနေနဲ့လိုငွေမှာ ကျပ်သန်းပေါင်း ၃၈၅၃. ၈၃၃သန်း ဖြစ်ပြီး ငွေလုံးငွေရင်း အတွက်လိုငွေသည် ကျပ်သန်းပေါင်း ၅၁၇၇၀. ၃၄၇သန်းဖြစ်တဲ့ အတွက် ၂၀၁၃-၂၀၁၄ခုနှစ် ပြန်လည်ပြင်ဆင်ပြီး ရေးဆွဲလိုက်တဲ့ လိုငွေသည်ကျပ်သန်းပေါင်း ၈၉၈၂၄. ၁၈၀ သန်းဖြစ်ပါတယ်။ မူလတုန်းကတော့ လိုငွေဟာ ၉၂ဘီလီယံကျော်ဖြစ်ပါတယ်။ ယခု ပြင်ဆင်ရေးဆွဲလိုက်တဲ့အခါ လိုငွေသည် ၈၉. ၈၂၄ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၃၏ ဆုံးဖြတ်ချက်အရ





အခြေအနေကို တင်ပြထားခြင်း ဖြစ်ပါတယ်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ခေါင်းစဉ်အောက်မှာ ယစ်မျိုးခွန်၊ မြေယာပေါ်မှာ ကောက်ခံသည့်အခွန် ရေခွန်နှင့် တာတမံအခွန် ဓါတ်သတ္တုပစ္စည်းခွန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အောက်မှာ ကောက်ခံရရှိတဲ့အခွန်ငွေဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနရဲ့အောက်မှာ အင်းအိုင်ခွန်၊ သစ်တောဦးစီးဌာန ၏အောက်မှာ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အခွန်နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ဘီးခွန်၊ ပစ္စည်းခွန်ကို ကောက်ခံရရှိတာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ အနေနဲ့ စုစုပေါင်းကောက်ခံရရှိ မည့်အခွန် ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၂၈၃၅. ၁၀၄ သန်း ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးရုံးရဲ့ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ ရက်စွဲပါ စာအမှတ်အရ ရှမ်းပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှာ ထည့်သွင်းရေးဆွဲထားတဲ့ ပြည်ထောင်စုမှ ခွဲဝေပေးတဲ့ လုပ်ငန်းများရဲ့ ဘတ်ဂျက်များကို ရှမ်းပြည်နယ်ရဲ့ ဘတ်ဂျက်မှာ ထည့်သွင်း ရေးဆွဲခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ သာမန်ခွန်နှင့် အကောက်ရငွေမှာ (က) မိုဘိုင်းဖုန်းများရောင်းချရငွေ၏ ၂% ကျပ်သန်းပေါင်း ၂၅၀ဖြစ်ပါတယ်။ (ခ) လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များထံမှ ကောက်ခံရရှိတဲ့အခွန် အခရဲ့ ၂၅% ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဆောင်ရွက်ခဲ့ သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လွှဲပြောင်းပေးတဲ့ ကျပ်သန်းပေါင်း ၁၅၆၀. ၇၈၃သန်း ဖြစ်ပါတယ်။ (ဂ) ဆည်မြောင်းဦးစီးဌာနမှ ကောက်ခံရရှိတဲ့ ရေခွန်နှင့် တာတမံခွန်မှာ ၂၈. ၁၈၀သန်းဖြစ်ပါတယ်။ (ဃ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး ရန်ပုံငွေအတွက်ပြည်ထောင်စုမှ

ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၀၀၀ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သာမန်အသုံးစရိတ်မှာ

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအတွက်ပြည်ထောင်စုမှ ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၁၀၀၀

(ခ) ဆိုင်ကယ်စီမံချက် ထောက်ပံ့ငွေ အသုံးစရိတ် ကျပ်သန်းပေါင်း ၁၅၆၁. ၇၈၃ သန်း

(ဂ) ပြည်နယ်အစိုးရအဖွဲ့၏ လစာစရိတ်၊ ချီးမြှင့်ငွေနဲ့ အခြားအသုံးစရိတ် ကျပ်သန်းပေါင်း ၂၉၄. ၁၇၂ သန်း

(ဃ) ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် အသုံးစရိတ် ကျပ်သန်းပေါင်း ၅၁၂. ၅၁ သန်း (ယခုနှစ်မှ ပြည်နယ်ဘဏ္ဍာငွေထဲ လွှဲပြောင်းပေးခြင်း ဖြစ်ပါတယ်။)

(င) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းအတွက် အသုံးစရိတ် ကျပ်သန်းပေါင်း ၃၂. ၅ သန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေး လုပ်ငန်းအတွက် အသုံးစရိတ်ကျပ်သန်းပေါင်း ၁၃၄. ၄ သန်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး၊ နေအိမ်နှင့် အစည်းအဝေးခန်းမအတွက် အသုံးစရိတ် ကျပ်သန်းပေါင်း ၈၆၃. ၀၅ သန်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ချီးမြှင့်ထောက်ပံ့ငွေနှင့် ရုံးအသုံးစရိတ်များ





သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၁၄၁၇. ၈၆၇သန်းအား ဒီငွေစာရင်း ခေါင်းစဉ်ဖြစ်တဲ့ ၀၁၀၁ လစာအသုံးစရိတ် ခေါင်းစဉ် အောက်မှာ ထပ်မံထည့်သွင်းလျာထားတဲ့ အတွက်ကြောင့် ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို အောက်ပါအတိုင်း ထပ်မံပြီးတော့ ပြင်ဆင်အတည်ပြုခဲ့ရပါတယ်။ သာမန်အသုံးစရိတ်ရဲ့လိုငွေသည် ကျပ်သန်းပေါင်း ၃၉၄၉၁. ၇သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအတွက်လိုငွေသည် ကျပ်သန်းပေါင်း ၅၁၇၇၀. ၃၄သန်း ဖြစ်တဲ့အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲ နောက်ဆုံးအတည်ပြုပြီးတဲ့ ကိန်းဂဏန်းအရ ၂၀၁၃-၂၀၁၄ခုနှစ် လိုငွေသည် ကျပ်သန်းပေါင်း ၉၁၂၆၂. ၀၄၇သန်းဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ၉၁. ၂၆၂ ဘီလီယံဖြစ်ပါတယ်။ ဒါကတော့ အတည်ပြုပြီးဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများရဲ့ လိုငွေ ကျပ် ၉၁၂၆၂. ၀၄၇ သန်းနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ် ကျပ်သန်းပေါင်း ၈၆၈၂၂. ၁၆၄သန်းနှင့် ချေးယူရငွေအဖြစ် ကျပ်သန်းပေါင်း ၄၄၃၉. ၈၈၃သန်း ရရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနရဲ့ ရငွေသုံးငွေ လိုငွေဖြစ်ပါတယ်။

နံပါတ်(၂)ကတော့ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများရဲ့ ရငွေ၊ သုံးငွေ၊ လိုငွေဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရငွေ၊ သုံးငွေ၊ ပိုငွေဖြစ်ပါတယ်။ စည်ပင်သာယာရေးအနေနဲ့ ပိုငွေထွက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီစာရင်းကို အားလုံးရေးဆွဲတဲ့အခါမှာ ရငွေ ကျပ်သန်းပေါင်း ၈၀၉၄၃. ၃၅၈သန်း ဖြစ်ပြီး သုံးငွေ ကျပ်သန်းပေါင်း ၁၀၇၂၂၅. ၄၇၀၅ သန်းဖြစ်တဲ့ အတွက် လိုငွေသည် ကျပ်သန်းပေါင်း ၉၁၂၆၂. ၀၄၇သန်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ၉၁. ၂၆၂ဘီလီယံ လိုအပ်မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အခွန်ကောက်ခံရရှိမှု

ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေ၏ ပုဒ်မ ၂၈၊ ၂၉၊ ၃၀ တို့တွင် ဖော်ပြထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့် ရုံးအသုံးစရိတ်များကို ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် သက်ဆိုင်ရာမြို့နယ်များ အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ဒေသစရိတ်ခံစားခွင့် ရှိတဲ့ မြို့နယ်၊ မြို့နယ်ခွဲစာရင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈၆/၂၀၁၃ အရ ဒေသစရိတ်ခံစားခွင့် ရှိသည့် မြို့နယ်များ ပြင်ဆင် သတ်မှတ် ပြီးသည့်နောက် ရှမ်းပြည်နယ်အတွင်း ဒေသစရိတ်ခံစားခွင့် ရှိသည့် လူမှုရေးခက်ခဲသည့် မြို့နယ်၊ မြို့နယ်ခွဲများမှာ (၃၄)မြို့နယ် ဖြစ်ပါတယ်။ ရှမ်းပြည်အတွင်း ထပ်မံသတ်မှတ်ပေးလိုက်သည့် မြို့နယ်/မြို့နယ်ခွဲများမှာ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် လက်ရှိ လစဉ်ထုတ်ယူရရှိသည့် လစာငွေနှင့် ညီမျှတဲ့ ဒေသစရိတ်ကို ၂၀၁၃ ခုနှစ် ဧပြီလ (၁) ရက်နေ့မှသာလျှင် စတင်ပြီး ခံစားခွင့် ရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၂)၏ ဆုံးဖြတ်ချက်အရ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနစာရင်းမှာ ထည့်သွင်းရေးဆွဲထားသည့် ပြည်နယ်အစိုးရဘတ်ဂျက်နှင့် ပြည်နယ်လွှတ်တော်



D/real(wide) (2



စီးပွားရေးအဖွဲ့အစည်း များ၏ ရငွေနှင့် သုံးငွေများ၊ အခန်း(၂)တွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် အခန်း(၃)မှာ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များဟူ၍ ခွဲခြားပြီး ဖော်ပြထား ပါတယ်။

**၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**အပိုင်း-၁**
**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**
**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊**
**ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊**
**ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊**
**စည်ပင်သာယာရေးအဖွဲ့များ**

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊

ဘတ်ဂျက်များကို မူလလျာထားသည့် အရအသုံး လျာထားချက်ထက် မကျော်လွန်စေဘဲ သီးခြားခွဲထုတ်၍ ရေးဆွဲထားပါတယ်။ ယခင်က အားလုံး ခေါင်းစဉ်တစ်ခုတည်း ဖြစ်ပါတယ်။ ယခုအခါ ပြည်နယ် အစိုးရဘတ်ဂျက်၊ ပြည်နယ်လွှတ်တော်ဘတ်ဂျက် သပ်သပ်စီ ခွဲထားထားပါတယ်။

ထိုသို့ ခွဲထုတ်သည့်အခါ ပြည်ထောင်စုဘတ်ဂျက်မှာ ဗဟိုအဖွဲ့အစည်း များခေါင်းစဉ်အောက်မှာ ဖော်ပြတဲ့ အစီအစဉ်နှင့် ညီညွတ်မှု ရှိစေရန် ဥပဒေ(မူကြမ်း)၏ ဇယားမှာ အောက်ပါ အတိုင်းဖြစ်ပါတယ်-

ဗဟိုအဖွဲ့အစည်းမှာ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့ဖြစ်ပါတယ်။ ယခင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငွေစာရင်းတွင် ပါဝင်ပါတယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးစာရင်းများအပေါ် အခြေပြုလျက် အပိုင်း (၁) အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်၊ အပိုင်း (၂) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေး အဖွဲ့များနှင့် အပိုင်း(၃) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများဟူ၍ (၃)ပိုင်း ခွဲခြားပြီး ဖော်ပြထားပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းကို အပိုင်း(၃)တွင် ဖော်ပြ၍ အခန်း(၁)တွင် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်





စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရား လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။



D/real(wide) (3

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရား လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ် ကောက်ခံ ရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်း ခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ဇယား(၂)နှင့် (၄)တို့တွင် ဖော်ပြထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍၊ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်



D/real(wide) (3



၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅)နှင့် (၆)တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)
### ပြည်နယ်အဆင့်နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကို လည်းကောင်း၊ ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။





များနှင့် အတူထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော် လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၃
### အခန်း (၁)
### ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက် ကြရမည်။

( ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

( ခ) ဇယား (၅)နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့ လုပ်ငန်း လိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေး အတွက် အကျိုးအကြောင်း ဖော်ပြချက် များနှင့်အတူ ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြရမည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဥပဒေ (မူကြမ်း)ကို ပြဋ္ဌာန်းပေး နိုင်ပါရန်အတွက် လွှတ်တော်၏ လမ်းညွှန်မှုကို ခံယူအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း
# ၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ်(၆)ရက်
# ၂၀၁၃ ခုနှစ်၊ ဧပြီလ (၁) ရက်
# [ တနင်္လာနေ့ ]
# နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့ခင်းပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ် ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။**

ကျွန်တော်တို့ ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့မှာတက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ တင်သွင်းရမှာက ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းပဲ ဖြစ်ပါတယ်။ ဒီဥပဒေမူကြမ်း မတင်သွင်းခင်မှာ အနည်းငယ် တင်ပြချင်တာကတော့ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ သိသင့် သိထိုက်တဲ့ အချက်အလက်တွေ မကြာခင်မှာ နယူးရီးယားလို့ ခေါ်တဲ့ ၂၀၁၃ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ဒီနေ့ကစပြီးတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိန့်မှာသွားတဲ့ မိန့်ခွန်းထဲမှာပါသလိုပဲ ကျွန်တော်တို့ရဲ့ လူထုအခြေပြု ပြောင်းလဲသွားတဲ့ အုပ်ချုပ်ရေး စနစ်မှာ အင်မတန်မှအရေးကြီးတဲ့ ကဏ္ဍကပါဝင်တဲ့ စီမံကိန်းလုပ်ငန်းတွေကို ကျွန်တော့်အနေနဲ့ အချိန်ကို ငဲ့ညာသော အားဖြင့် အသေးစိတ်စာရင်းကို စာအုပ်အစိမ်းတွင် ထည့်သွင်း၍ ဒီစာအုပ်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လက်ထဲသို့ ပေးပို့ပြီးဖြစ်ပါတယ်။

အဓိကကတော့ ဒီနေ့ကျွန်တော်တို့တင်ရမဲ့ ရှမ်းပြည်နယ် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းမှာ



D/real(wide) (3



**ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ခုနှစ် ဧပြီလ ၃ ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေး ပါမယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ ယခုနေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁နာရီ မိနစ် ၃၀ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွါပါပြီ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို ၁နာရီ ၃၅မိနစ်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွါ နိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

အမှတ်စဉ်(၁)ကနေ (၆)အထိပါပါတယ်။ စာမျက်နှာပေါင်း (၁၇)မျက်နှာပါပြီးတော့ အမှတ်စဉ်(၁)ကတော့ နိဒါန်းဖြစ်ပြီးတော့ အမှတ်စဉ်(၂)က အခန်း(၁)အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် ဖြစ်ပါတယ်။ အမှတ်စဉ်(၃) အခန်း(၂)ကတော့ ဦးတည်ချက် ဖြစ်ပါတယ်။ အမှတ်စဉ်(၄) အခန်း(၃)ကတော့ စီမံကိန်း လျာထားချက်များ ဖြစ်ပါတယ်။ အမှတ်စဉ်(၅)အခန်း(၄)ကတော့ ကဏ္ဍအလိုက်မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်ပါတယ်။ အမှတ်စဉ်(၆) အခန်း(၅)ကတော့ အထွေထွေဆိုပြီးတော့ ပါရှိပါတယ်။ အရေးကြီးတာတွေကိုကျွန်တော့် အနေနဲ့ **Power Point** နှင့်တင်ပြတာဖြစ်ပြီးတော့ ကျန်တဲ့ လုပ်ငန်းစဉ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများပြန်လည်လေ့လာစေလိုပါတယ်။

## နိဒါန်း

**ပုဒ်မ-၁** ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၀)(ခ)တွင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့် ရှိသော တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် ဒေသန္တရ စီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် တင်သွင်းပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းကို တင်သွင်းခြင်း ဖြစ်သည်။

## အခန်း(၁)
## အမည်၊ အကျိုးသက်ရောက်သည့်ကာလ နှင့်အဓိပ္ပါယ်ဖော်ပြချက်

**ပုဒ်မ-၂** ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေဟုခေါ်တွင်စေရမည်။







(ဂ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ စပ်လျဉ်း ကဏ္ဍနှင့် ကဏ္ဍတစ်ရပ်ရပ်ကိုဆိုသည်

(ဃ) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှ လွဲ၍ စီးပွားရေးကဏ္ဍ(၁၃)ခုကို လုပ်ငန်း သဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့ပြီး သတ်မှတ်ခြင်းဖြစ်ပါသည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး လယ်ယာသားငါးသစ်တော ကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၊ သတ္တုနှင့် တွင်းထွက် ပစ္စည်း၊ စက်မှုလျှပ်စစ် ဓါတ်အား ဆောက်လုပ်မှု ကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍများ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တို့တွင် ခွဲခြားထားခြင်းကိုဆိုပါသည်။

## အခန်း(၂)
## ဦးတည်ချက်

**ပုဒ်မ-၅** ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စိုက်ပျိုးရေးကိုပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲ သီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက် ပေးပြီး လက်မှုလယ်ယာမှ

စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆီးဆောင်ရွက်နိုင်ရေး၊

(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှု၊ စီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊

(၅) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲလျော့နည်းရေး လုပ်ငန်းစဉ်(၈)ရပ်ကို အထောက်အပံ့ ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

## အခန်း(၃)
## စီမံကိန်းလျာထားချက်များ

**ပုဒ်မ-၆** ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သောမူဝါဒနှင့်အညီ အောက်ပါအတိုင်းစီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည်-

(၁) ရှမ်းပြည်နယ်၏၂၀၁၃-၂၀၁၄ခုနှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ်သန်းပေါင်း ၃၅၂၃၄၀၄. ၄ ကျပ်ဘီလျံ ၃၅၂၃. ၄ ရရှိအောင် ဆောင်ရွက်ရမည်



D/real(wide) (3



**ပုဒ်မ-၃** ဤဥပဒေသည် ၂၀၁၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

**ပုဒ်မ-၄** ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(၁) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်

(၂) **ဦးတည်ချက်** ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်

(၃) **စီမံကိန်းလျာထားချက်** ဆိုသည်မှာ စီးပွားရေး ကဏ္ဍများ အလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက် ကို ဆိုသည်

(၄) **လုပ်ငန်းစဉ်** ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်

(၅) **အခြေခံနှစ်** ဆိုသည်မှာ နှစ်စဉ်တိုးတက်မှု အခြေအနေကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကိုဆိုသည်

(၆) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုလိုသည်

(၇) **နှစ်အလိုက် ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့ ၏ဈေးနှုန်းကိုဆိုသည်

(၂) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆. ၁%တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ဆဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်

(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နဲ့ အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၇. ၇%၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၅. ၄%၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၉% အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရမည်

(၄) လယ်ယာကဏ္ဍကြီးတိုးတက်မှုနှုန်းကို ၀. ၆%၊ စက်မှု ကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၁၀. ၀%၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၉. ၄% အသီးသီး တိုးတက် စေရမည်။

## အခန်း(၄)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက် လုပ်ငန်းစဉ်

**ပုဒ်မ-၇** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်း ဖြစ်သည်-

(၁) သီးနှံ မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်၊





(ဂ) လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။ **(ပါဝါပွိုင့်ဖြင့် တင်ပြသည်)**

**ပုဒ်မ- ၈** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်းဖြစ်သည်-

(၁) သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြု မွေးမြူရေး တိုးတက်စေရန် ဆောင်ရွက်ရေး၊

(၂) သဘာဝ မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံ ဇာတများ မပြုန်းတီးစေပဲ ငါး၊ ပုဇွန်တိုးတက် ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေ တိုးတက်ရရှိစေရေး အတွက် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်း ဆောင်ရွက် သွားရေး၊

(၃) သားငါးကဏ္ဍ ဆောင်ရွက် အကောင်အထည်ဖော်ရာတွင် သဘာဝ ပတ်ဝန်းကျင် မပျက်ယွင်းစေဘဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ် စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူ ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် သားငါးကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁



D/real(wide) (3

ခုနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း ၂၂၉၄၀၀. ၉ ကျပ်ဘီလျံ ၂၂၉. ၄နှင့် တိုးတက်မှုနှုန်း ၇. ၆% ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် (ပါဝါပွိုင့်)

**ပုဒ်မ-၉** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ရေမြေသဘာဝပါတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုကိုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး ကျေးလက်နေ ပြည်သူတို့၏ အခြေခံ သစ်တောထွက် ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆီးပေးရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူ သုံးစွဲနိုင်ရေး၊



D/real(wide) (3



(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၃-၂၀၁၄ခုနှစ် စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၁၀၇၇၆၀၇. ၉ (ကျပ်ဘီလီယံ ၁၀၇၇. ၆) နှင့် တိုးတက်မှုနှုန်း ၀. ၆% လျော့နည်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး ဆောင်ရွက်ရန်၊

(၃) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူး ဆောင်ရွက်သွားရန်၊

(၄) ကြံအဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်း မျိုးများ ပြောင်းလဲစိုက်ပျိုး သွားရန်၊

(၅) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက် တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြု ဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက် သွားရန်၊

(၇) သုတေသနလုပ်ငန်းများ စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများ အတွက် စိုက်ပျိုးစရိတ်ငွေကြေးများထုတ်ချေးသွားရန်၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်း ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် သစ်တောကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၂၂၅၁၂ ကျပ်ဘီလျံ ၂၂.၅နှင့် တိုးတက်မှုနှုန်း ၇.၅% လျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားပါသည်၊

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဘက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်၊

(ဂ) လုပ်ငန်းစဉ် များမှာ အောက်ပါအတိုင်းဖြစ်သည်။ (ပါဝါပွိုင့်)

**ပုဒ်မ-၁၀** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်း တွင်စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်း မရှိပါ။





**ပုဒ်မ-၁၂** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ခုနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်းဖြစ်သည်-

(၁) စက်မှုကဏ္ဍကို ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်သော စက်မှုလုပ်ငန်း **Green Industry** များ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုခြင်း **Energy Effiency** များအကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရေးကို တွန်းအားပေး ဆောင်ရွက်သွားရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နည်းပညာ၊ အတတ်ပညာ ရင်းနှီးမြုပ်နှံမှုများကိုဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကို လည်းအားပေး ဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုး ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို

၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၄၇၀၅၅၃. ၈၊ ကျပ်ဘီလျံ ၄၇၀. ၆နှင့် တိုးတက်မှုနှုန်း ၆. ၅%ရရှိရန် ရည်မှန်းထားပါသည်

(၂) နိုင်ငံသားများအလုပ်အကိုင် အခွင့်အလမ်း ပေါ်ထွန်းလုပ်ကိုင် ခွင့်ရရှိစေရန် အသေးစားနှင့် အလတ်စား စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (ပါဝ်ပို့င့်)

**ပုဒ်မ-၁၃** ရှမ်းပြည်နယ် ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် လျှပ်စစ်ဓါတ်အားကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပဉ္စမကာလတို ၅နှစ်စီမံကိန်း ကာလ အတွင်း တိုးတက် ထုတ်လုပ် လာနိုင်မည့် လျှပ်စစ်ဓါတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓါတ်အားစနစ်၌ မဟာဓါတ်အားလိုင်း များနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မ ဓါတ်အားခွဲရုံများ တိုးချဲ့တည်ဆောက် သွားရေး၊

(၂) ပင်မဓါတ်အားပေးစနစ်မှ အလှမ်း ကွာဝေးသည့် ကျေးလက်ဒေသ များတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့်





**ပုဒ်မ-၁၁** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်း ဖြစ်သည်-

(၁) ပုဂ္ဂလိကကဏ္ဍများ မြင့်မားရေးနှင့် တိုင်းရင်းသား လုပ်ငန်းရှင် ဓါတ်သတ္တု ထုတ်လုပ်သူများ ထွန်းကား တိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) ဓါတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ ရေမြေ သဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက် ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထား ဆောင်ရွက်ရေး၊

(ခ) ရည်မှန်း ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ၂၀၁၃-၂၀၁၄ခုနှစ် သတ္တုနှင့် တွင်းထွက် ပစ္စည်းများ ကဏ္ဍ၏စီမံကိန်းရည်မှန်းချက် များကို ၂၀၁၀-၂၀၁၁ခုနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းပေါင်း ၉၄၃၆၀. ၉ ကျပ်ဘီလျံ ၉၉. ၄နှင့် တိုးတက်မှုနှုန်း ၄. ၁%ရရှိရန် ရည်မှန်းထားပါသည်

(၂) ပတ်ဝန်းကျင်ထိခိုက်မှု ယိုယွင်းမှု မရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်မည်

(၃) နိုင်ငံသားများအလုပ်အကိုင် ပေါ်ထွန်း လုပ်ကိုင်ခွင့် ရရှိစေရန် အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးကို အလေးထား အကောင် အထည်ဖော် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ (ပါဝ်ပို့င့်)

ဇီဝလောင်စာခဲကဲ့သို့သော ပြန်လည် စွမ်းအင်သုံး ဓါတ်အားပေးစက်များ တပ်ဆင်သုံးစွဲ လာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများပံ့ပိုး ပေးရေး၊

(၃) ပင်မဓါတ်အားပေးစနစ်မှ လျှပ်စစ်ဓါတ်အားကို မရောက်ရှိသေးသော အရပ်ဒေသမှ အသေးစား ရေအားလျှပ်စစ်ဓါတ်အားပေးစက်ကို ဒီဇယ်ဓါတ်အားပေးစက်များဖြင့် လျှပ်စစ်ဓါတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓါတ်အားပေး စက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍စက်စွမ်းအားဖြင့် လည်ပတ်ထုတ်လုပ်သွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် လျှပ်စစ်ဓါတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန် ဈေးနှုန်းများအရ ကျပ်သန်းပေါင်း ၆၁၀၉၄. ၅၊ ကျပ်ဘီလျံ ၆၁. ၁နှင့် တိုးတက်မှုနှုန်း ၂. ၆% ရရှိရန် ရည်မှန်းထား ပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။ (ပါဝါပွိုင့်)

**ပုဒ်မ-၁၄** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍





(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး အိမ်ယာကဏ္ဍများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက် ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (ပါဝါပွိုင့်)

**ပုဒ်မ-၁၅** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍

(က) မူဝါဒများမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) ပြည်နယ်အတွင်းစီးပွားရေး လူမှုရေး စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်ရေး လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိက ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှု လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်း အားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေး မြှင့်တင်လျက် ပို့ဆောင်ရေး ဆောင်ရွက်ရေး မြှင့်တင်ပေးရန်၊

(၃) ယာဉ်အန္တရယ်၊ လမ်းအန္တရယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး



D/real(wide) (4

အတွက် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်စေရန်အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် ပို့ဆောင်ရေးကဏ္ဍ၏ ဘဏ္ဍာရေး ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၂၆၅၀၀၇. ၁၊ ကျပ်ဘီလျံ ၂၆၅. ၀နှင့် တိုးတက်မှုနှုန်း ၇. ၅% ရရှိရန် ရည်မှန်း ထားပါသည်

(၂) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေ ပေးရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (ပါဝါပွိုင့်)

**ပုဒ်မ-၁၆** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်းဖြစ်သည်-

(၁) စာတိုက်၊ ကြေးနန်း တယ်လီဖုန်းလုပ်ငန်းများ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် **Public, Private,Partner** ပီသုံးလုံးပုံစံဖြင့် ဆောင်ရွက် သွားရန်၊ ရည်မှန်းချက်ထားရှိပြီး ပြည်တွင်း ပုဂ္ဂလိက





(က) မူဝါဒများအောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ယာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုကို အရှိန်အဟုန်မပြတ် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သည့်နည်းတူ ရေရှည် တည်တံ့ခိုင်မြဲရေး အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၂၆၆၆၈၃. ၀၊ ကျပ်ဘီလျံ ၂၆၆. ၈နှင့် တိုးတက်မှု ၂၁. ၄% ရရှိရန် ရည်မှန်း ထားပါသည်

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာန အဖွဲ့အစည်းများမှ တာဝန်ယူ ဆောင်ရွက်ရန် လျာထားသည့် လမ်းတံတား စီမံကိန်း လုပ်ငန်းများ ပြည့်ညီစွာ ဆောင်ရွက်မည်

လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြု ဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီသော ပြင်ဆင်ရေးဆွဲထားရှိပြီး ဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှု လုပ်ငန်း၊ ထုတ်လုပ်မှု လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး **IT, Information Technology** များတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစား မျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက် ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် ဆက်သွယ်ရေး ကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်စျေးနှုန်းများ အရ ကျပ်သန်းပေါင်း ၉၁၅၇၄. ၄၊ ကျပ်ဘီလျံ ၉၁. ၆နှင့် တိုးတက်မှုနှုန်း ၃၄. ၆% ရရှိရန် ရည်မှန်းထားပါသည်





(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေး အဆင့်အတန်း မြင့်မား လာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှ ရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသန လုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသား အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ်ကို အားဖြည့် ဆောင်ရွက်ခြင်းအား အထူးအလေးပေး ဆောင်ရွက်ရေး၊

(၆) အလုပ်သမားများကျန်းမာမှု တိုးတက် ကောင်းမွန်စေရေး အလုပ်လုပ်နိုင်မည့် စွမ်းအားမြင့်မား သည့် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမား နှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင် အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည် လုပ်ငန်း များကို ပြည်သူများအား ပြန်ကြား အသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး လုပ်ငန်း စဉ်များကို ဖော်ဆောင်ရေး၊



D/real(wide) (4

(၁၀) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် လူမှုရေးနှင့် စီးပွားရေးကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၆၅၂၄၈. ၅၊ ကျပ်ဘီလျံ ၆၅. ၃နှင့် တိုးတက်မှု ၀. ၃% ရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၁၉** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာ အရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်



D/real(wide) (4



(၂) မြို့ပြတွင်သာမက၊ ကျေးလက်များအထိ တယ်လီဖုန်း တပ်ဆင် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (ပါဝါပွိုင့်)

**ပုဒ်မ-၁၇** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ဘောင်တန်းနိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် ငွေစာရင်းကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ခုနှစ် ပုံမှန်ဈေးနှုန်းများ အရ ကျပ်သန်းပေါင်း ၂၇၄၀၊ ကျပ်ဘီလျံ ၂. ၇နှင့် တိုးတက်မှုနှုန်း ၄၂. ၇% ရရှိရန်ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(ပါဝါပွိုင့်ဖြင့် တင်ပြသွားပါသည်။)**

**ပုဒ်မ-၁၈** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများအောက်ပါအတိုင်းဖြစ်သည်-

(၂) ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြှင့် တင်ခြင်း ဆောင်ရွက်ပေးရန်၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဝန်ဆောင်မှု လုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းပေါင်း ၂၁၁၄၅. ၂၊ ကျပ်ဘီလျံ ၂၁၀. ၁နှင့် တိုးတက်မှုနှုန်း ၂၅. ၅% ရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၂၀** ရှမ်းပြည်နယ် ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍

(က) မူဝါဒများမှာအောက်ပါအတိုင်း ဖြစ်သည်-

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေး ဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးအရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး။





# ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရက တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အစည်းဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး သို့ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

# ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင် ဖွဲ့စည်း နိုင်ရန် ” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ်၏ အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ ဒုတိယဥက္ကဋ္ဌ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမှတ် ဖြစ်ပြီး ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက် ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းရန်လိုအပ်တဲ့ ဥပဒေများအား လေ့လာသုံးသပ် အကြံပြုတင်ပြရေး ကော်မရှင်ဖွဲ့စည်းပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇(က)မှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်တဲ့အခါ ကော်မတီနဲ့အဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ(၁၆၇)(ခ)မှာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သည် အထက်ပါ ကော်မတီနှင့် အဖွဲ့များတွင် သင့်လျော်သည့် နိုင်ငံသားများကို ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ **MPU** ရဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၂)မှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှာ ဥပဒေနှင့်ပတ်သက်သည့် လေ့လာ သုံးသပ်ရေးကော်မတီကို ဖွဲ့စည်း ဆောင်ရွက်သွားရန်လည်း ဆုံးဖြတ်ထားရှိ ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်အနေနဲ့ သက်တမ်း(၂)နှစ် ကာလအတွင်းမှာနှစ်စဉ်ပြဋ္ဌာန်းရတဲ့



D/real(wide) (4



(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၃-၂၀၁၄ ခုနှစ် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများ အရ ကျပ်သန်းပေါင်း (၆၆၆၂၇၆.၂) (ကျပ်ဘီလီယံ ၆၆၆.၃)နှင့် တိုးတက်မှုနှုန်း (၄.၁) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထား ပါသည်။

## အခန်း(၅)

## အထွေထွေ

**ပုဒ်မ-၂၁** ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများချမှတ်ကျင့်သုံး ဆောင်ရွက်နိုင်သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဒေသန္တရစီမံကိန်း ဥပဒေ(၂)ခု၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ(၃)ခုနှင့် ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေ(၁)ခု၊ စုစုပေါင်း ဥပဒေ(၆)ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေနဲ့ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျ ပြေးဆွဲရေး ဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းများကိုလည်းလွှတ်တော်သို့ တင်ပြဆွေးနွေးပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ဥပဒေများနဲ့စပ်လျဉ်းပြီး အထက်ပါ အတိုင်း ဆောင်ရွက်လျက် ရှိသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ပြည်နယ်ဥပဒေပြု စာရင်းမှာ ပါဝင်တဲ့ ကဏ္ဍ(၈)ရပ်ပါ ကိစ္စရပ်များနှင့် ပတ်သက်တဲ့ ဥပဒေများပြဋ္ဌာန်း နိုင်ရေးအတွက် လေ့လာသုံးသပ်ပြီး ဆောင်ရွက်ရန် လိုအပ်မယ်လို့ ယူဆပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပေးအပ်သည့် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ပြည်နယ်ရဲ့ ရေမြေသဘာဝ အခြေအနေ၊ နေထိုင်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လိုက်လျော်ညီထွေ ရှိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်ပါက ပြည်သူလူထုအတွက်ပိုမို အကျိုးသက်ရောက်မှုရှိပြီး ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးရှိမယ်လို့ယူဆမိပါတယ်။

လေးစားအပ်တဲ့ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ရဲ့ ဥပဒေနဲ့ ပတ်သက်တဲ့ လေ့လာသုံးသပ်ရေး ကော်မရှင်ကို

(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦး ဥက္ကဋ္ဌ
(၂) ပြည်နယ်ဥပဒေရုံးမှ ဒုညွှန်ကြားရေးမှူး (၁)ဦး အဖွဲ့ဝင်





**ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမဲဆန္ဒနယ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်က မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခုတင်သွင်းသွားတဲ့ ဦးစိုင်းခမ်းမှတ် လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းရန် သင့်လျော်မှန်ကန်ပါသဖြင့် အဆိုပါအဆိုအား လေးနက်စွာဖြင့် ထောက်ခံအပ် ပါတယ်ခင်ဗျား။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်)

## အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းခမ်းမှတ် တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းရန်** ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါ့မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူ ပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းခမ်းမှတ်ရဲ့ အဆိုကိုလက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။

အဆိုကို ၂၀၁၃ခုနှစ် ဧပြီလ ၂ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်း နိုင်ရန် လက်တွေ့အမှန်တကယ် အလုပ်လုပ် နိုင်မည့် လွှတ်တော်ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် ” အဆို တင်သွင်းခြင်းနှင့်လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅) ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦးရဲ့ အဆိုကိုတင်သွင်းဖို့ဖြစ်ပါတယ်။





(၃) ပြည်နယ်တရားရေးဦးစီးဌာနမှ
ဒုညွှန်ကြားရေးမှူး(၁)ဦး — အဖွဲ့ဝင်
(၄) သင့်လျော်တဲ့ပြင်ပပုဂ္ဂိုလ်(၃)ဦး — အဖွဲ့ဝင်
(၅) ပြည်နယ်ဥပဒေအရာရှိ — အတွင်းရေးမှူး

ဆိုပြီးတော့ ပုဂ္ဂိုလ်(၇)ဦးနဲ့ ဖွဲ့စည်းဆောင်ရွက် သင့်ပါကြောင်း တင်ပြလိုပါတယ်။

အဆိုပါကော်မရှင်ရဲ့ သက်တမ်းကို(၁)နှစ်သတ်မှတ်ပြီး ကော်မရှင်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ(၁၈၈)အရ အပ်နှင်းထားတဲ့ ပြည်နယ်ဥပဒေပြု စာရင်းဇယား(၂)အနက် ပြဋ္ဌာန်းရန် လိုအပ်တဲ့ဥပဒေများကို လေ့လာသုံးသပ်ပြီး ပြည်နယ်လွှတ်တော်သို့ အကြံပြုတင်ပြနိုင်ရေး တာဝန်ပေးအပ်သင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေနဲ့ ပတ်သက်တဲ့ လေ့လာသုံးသပ်ရေး ကော်မရှင်ကို ဖွဲ့စည်းပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်(၁)။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်၊ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ် တင်သွင်းသွားသောအဆိုကို ကျွန်မဒေါ်အေးချိုစိန်က လေးနက်စွာ ထောက်ခံအပ်ပါတယ်။

**ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တစ်ကယ်အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာကော်မတီ အသစ်များကို တိုးချဲ့ဖွဲ့စည်းရန် အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခုဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းဟာ (၂)နှစ်ပြည့်မြောက် ကျော်လွန်သွားပြီဖြစ်ပါတယ်။ ဒီအတွင်း ပြန်လည် သုံးသပ်ကြည့်မယ်ဆိုလျှင် လွှတ်တော်အစည်းအဝေး ရက်နည်းပါးခဲ့မှုကြောင့် သော်လည်းကောင်း၊ လွှတ်တော်ရေးရာ ကော်မတီ အစည်းအဝေးများ နည်းပါးခဲ့မှုကြောင့်သော် လည်းကောင်း၊ ကျွန်တော်တို့ လွှတ်တော်ရေးရာ လှုပ်ရှားမှုများ ကျေနပ်အားရစရာနည်းပါးခဲ့ရတယ်လို့ ပွင့်လင်းစွာ ရှေးဦးစွာ ပြောချင်ပါတယ်။ ပြည်သူ့၊ အမျိုးသား၊ ပြည်ထောင်စု စတဲ့ လွှတ်တော်အသီးသီး မှာတော့ လိုအပ်တဲ့ လွှတ်တော်ရေးရာ ကော်မတီများ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးတော့ ထောင့်စုံဘက်စုံ၊ အကွက်စေ့စေ့လုပ်ဆောင်နေမှုများကို လေးစားအတုယူဖွယ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်မှာလည်း ထို့နည်းတူ ဖွဲ့စည်းသွား ရန်ဖြင့်





တိုင်တန်းစာစိစစ်ရေးကော်မတီ ဆိုပြီးတော့ ပြည်သူများ၏ ကိုယ်စားလေးလေးနက်နက် အကြံပြုတင်သွင်းရခြင်းဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဘတ်ဂျက် စိစစ်ရေးကော်မတီ ဖြစ်ပါတယ်။ ဘတ်ဂျက်စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းအားဖြင့် ယခုလိုမျိုးရှမ်းပြည်နယ် အစိုးရဌာနအသီးသီးမှ တင်သွင်းလာတဲ့ ရသုံးမှန်းခြေငွေစာရင်းကို ကော်မတီမှ သေချာစွာစိစစ်အတည်ပြု နိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီစာရင်းဇယား အပိုင်းနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိတယ်ဆိုတာ အလွန်တစ်ရာ နည်းပါးလှပါတယ်။ ထို့အတွက်ကြောင့် ယခုလိုမျိုးဘတ်ဂျက်ကို တင်သွင်းလာပြီး နှစ်ရက်သုံးရက်အတွင်း ထိုများပြားလှသော စာရင်းဇယားများအား လက်ခံယုံကြည်စွာဖြင့် အတည်ပြု ပေးရခြင်းဟာဖြင့် ကျွန်တော့်အနေနဲ့ ပြောရရင် တစ်ကယ်ကို မသိလို့သာ အတည်ပြုပေးလိုက်ရခြင်းဖြစ်ပါတယ်။ စာရင်းဇယား တွေကို နားလည်မှုနည်းပါးတယ်လို့ ကိုယ့်ကိုယ်ကိုကျွန်တော် ထင်မြင်ယူဆပါတယ်။ ထို့အတွက်ကြောင့် ဒီဘတ်ဂျက်စိစစ်ရေး ကော်မတီ ဖွဲ့စည်းပြီးတော့ ရသုံးမှန်းခြေငွေစာရင်းအား သေချာစွာစိစစ်မည်ဆိုလျှင် ပြည်သူလူထုရဲ့ ဘဏ္ဍာများကို ပိုမိုအကျိုးရှိစွာ၊ ထိရောက်စွာ အသုံးချနိုင်မှာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အဲ့ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တစ်ကယ် အလုပ်လုပ် နိုင်မည့် လွှတ်တော်ရေးရာကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် အဆိုအား တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကြွရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး

ကိုလည်း ပိုမိုကောင်းမွန်သင့်တော်မယ်လို့ ယူဆသော ကော်မတီများအား တင်ပြဆွေးနွေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံဆွေးနွေးမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ အခု နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦးတင်သွင်းတဲ့ ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက် အခဲများကိုပိုမို ဖြေရှင်းနိုင်ရန် လက်တွေ့ အမှန်တစ်ကယ်အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာကော်မတီ အသစ်များကို တိုးချဲ့ဖွင့်လှစ် ထားရှိရန် ဆိုတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါတယ်ခင်ဗျား။



D/real(wide) (5



လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်တာများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာနိုင် လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော် ဒီအဆိုလေးကို တင်သွင်းရခြင်းဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ အကြံပြုလိုတဲ့ ကော်မတီကတော့ ရှမ်းပြည်နယ် လွှတ်တော် အတွင်းဖြေကြားခဲ့သော ကတိ၊ အာမခံချက်များအား အစိုးရအဖွဲ့မှ အကောင်အထည်ဖော်မှုကို လေ့လာဆန်းစစ်ရေး ကော်မတီ ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကော်မတီဖွဲ့စည်းခြင်းအားဖြင့် မိမိတို့ မဲဆန္ဒရှင်ပြည်သူများအား အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို ပိုမိုသေချာတိကျရှင်းလင်းစွာ ဖြေကြားပေးနိုင်မှာဖြစ်သလို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာ (၂)ရပ်အကြားမှာရှိတဲ့ **Check and Balance** ပိုမိုညီမျှမှုကိုလည်း ရှိစေမှာဖြစ်တဲ့ အတွက်ကြောင့် အဲဒီကော်မတီကို ကျွန်တော် အကြံပြု လိုပါတယ်။

နောက်ထပ်အကြံပြုလိုတဲ့ ကော်မတီကတော့ တိုင်တန်းစာ စိစစ်ရေး ကော်မတီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုတဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ လာရောက်စုဝေးတဲ့ ရှမ်းပြည်နယ်လွှတ်တော်ကြီးဖြစ်ပါတယ်။ ထို့အတူ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ပြည်သူလူထုများရဲ့ ဒုက္ခပြဿနာဟာ ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်နဲ့ တိုက်ရိုက် သက်ဆိုင်နေပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို သော်လည်းကောင်း ရှမ်းပြည်နယ်လွှတ်တော်ထံသို့သော် လည်းကောင်း၊ လိပ်မူပြီးတိုင်ကြားလာတဲ့ တိုင်ကြားစာများကို စိစစ်ပြီးတော့ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းကာ ပြည်သူတွေရဲ့ ပြဿနာကိုပိုမိုလျင်မြန်ချောမွေ့စွာ ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း ။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းသူရိန်ဦး တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တစ်ကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာကော်မတီအသစ်များတို့ချဲ့ ဖွဲ့စည်းရန်ဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းသူရိန်ဦးရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေငြာပါတယ်။ **[ ဩဘာသံများ။ ]**



D/real(wide) (5



ဆဌမပုံမှန်အစည်းအဝေးသို့ လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနဲ့ နည်းဥပဒေများကို တင်ပြမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် မြေအသုံးချမှု အခြေအနေ ဦးစွာတင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ မြေအကျယ်အဝန်း ဧရိယာဟာ ၃၈၄၉၉၃၄၅ ဧကဖြစ်ပြီး၊ စတုရန်းမိုင်အားဖြင့် ၆၀၁၅၅.၂၃ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ၂၀၁၂- ၂၀၁၃ နှစ်စရှိ မြေအသုံးချမှုအခြေအနေအရ လက်ရှိစိုက်ပျိုးနိုင်သည့် မြေဧရိယာမှာ ၃၅၀၈၅၂၁ ဧကဖြစ်ပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာမှာ ၇၇၃၂၉၄၁ဧကဖြစ်ပါတယ်။ တောရိုင်းမြေဧရိယာကတော့ ၁၁၀၈၅၂၈ ဧကဖြစ်ပြီး၊ မြေရိုင်းဧရိယာကတော့ ၄၈၁၄၆၆၅ ဧကဖြစ်ပါတယ်။ မြို့ရွာနှင့် အခြားမြေကတော့ ၁၅၉၂၉၃၆ဧက ဖြစ်ပါတယ်။

တင်ပြပါဇယားကတော့ ၂၀၁၁-၂၀၁၂ခုနှစ် နဲ့ ၂၀၁၂-၂၀၁၃ခုနှစ် ရှမ်းပြည်နယ်ရဲ့ မြေယာအသုံးချမှု အခြေအနေဖြစ်ပါတယ်။ စုစုပေါင်းကတော့ ၃၈၄၉၉၃၄၅ ဧကဖြစ်ပါတယ်။ ဆက်လက်ပြီး လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်များ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနဲ့ နည်းဥပဒေများကို တင်ပြမှာဖြစ်ပါတယ်။ ဦးစွာ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေကို တင်ပြမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၁)ဖြင့် ၃၀-၃-၂၀၁၂ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံတော် သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ဖြင့် ၃၁-၈-၂၀၁၂ ရက်နေ့မှာ လယ်ယာမြေဥပဒေ စတင်အာဏာ တည်ကြောင်း စတင်ခဲ့ပါတယ်။ နည်းဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၃၁-၈-၂၀၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်

၂/၂၀၁၂ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ လယ်ယာဥပဒေမှာ အခန်း(၁၃)ခန်း၊ ပုဒ်မပေါင်း (၄၃)ခုနှင့် နည်းဥပဒေမှာ အခန်းပေါင်း (၁၃)ခန်း၊ အပိုဒ်ပေါင်း(၁၁၇)ခု ပါဝင်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူရဲ့ အခွင့်အရေးများကတော့

(က) လယ်ယာမြေကိုလက်ရှိတားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့် ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်း ခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ကိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံးရဲ့ အဆုံးအဖြတ်ခံယူ ပိုင်ခွင့်၊

(ဃ) သတ်မှတ်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမ အသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့်လည်းကောင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူ လုပ်ပိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသားအသုံးပြုမှု၊ နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



D/real(wide) (5



အဆိုကို ၂၀၁၃ရက်နေ့ ဧပြီလ ၂ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ လယ်ယာမြေ ဥပဒေ မြေလွတ်၊ မြေလပ်များနှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများအား လွှတ်တော်သို့ ပေးပို့ လာပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

ရင်းနှီးမြုပ်နှံမှုနှင့် အကျိုးတူလုပ်ပိုင်ခွင့်တို့ ရရှိမှာဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းဖြစ်ပါတယ်-

(က) နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ကြီးကြပ်သော မြေခွန်နှင့် အခြားအခွန်အခ များကိုပေးဆောင်ရမည်

(ဂ) လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက် သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်တို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်

(ဃ) တည်ဆဲဥပဒေနှင့် အညီအမွေဆက်ခံခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကိုရရှိတဲ့အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးနဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရ(သို့မဟုတ်) အစိုးရက အသိအမှတ် ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်





(ဃ) လယ်ယာမြေကို ခွင့်ပြုချက် မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦးများကို ဖယ်ရှားခြင်း တို့ဖြစ်ပါတယ်။

ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖြစ်ပါတယ်။

(က) လယ်ယာမြေဥပဒေပုဒ်မ (၁၉)အရ ချမှတ်သော အမိန့်ကိုဖြစ်စေ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သောအမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကိုအနည်းဆုံး (၆)လမှ အများဆုံး (၂)နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်(၃၀၀၀၀၀ိ/-)မှ အများဆုံး ကျပ်(၅၀၀၀၀၀ိ/-)ထိ ငွေဒဏ်ချမှတ်နိုင်ကြောင်း လယ်ယာမြေဥပဒေပုဒ်မ(၃၅)တွင် ပြဋ္ဌာန်းထားရှိပါတယ်။

(ခ) လယ်ယာမြေဥပဒေပုဒ်မ(၁၉)အရ ချမှတ်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပုဒ်မ(၃၅)ပါ အများဆုံး ထောင်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်ကြောင်း လယ်ယာမြေဥပဒေ ပုဒ်မ(၃၆)တွင် ပြဋ္ဌာန်းထားရှိပါတယ်။

ဆက်လက်ပြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်မှုကို ပြဋ္ဌာန်းမှာဖြစ်ပါတယ်။

တင်ပြထားတာကတော့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါတယ်။ ပြည်ထောင်စု ဝန်ကြီး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဥက္ကဋ္ဌဖြစ်ပြီး၊ ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ အဖွဲ့ဝင်များကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ အတွင်းရေးမှူးကတော့ ညွှန်ကြားရေးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြစ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေး ဖွဲ့စည်းမှုကို တင်ပြမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁၀-၂၀၁၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၁/၂၀၁၂အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၈-၂-၂၀၁၃ရက်စွဲပါစာအမှတ် ၂၁၆၄/၇-၆၂၉/အစရ(ရှမ်း) ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်-

| | |
|---|---|
| (၁) ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) ဦးစီးအရာရှိ (ပထမတန်း)စစ်ထောက်(လုပ်ငန်း)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၅) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း) အရှေ့မြောက်တိုင်း စစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၆) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း) တြိဂံတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |





(စ) သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က တရားဝင် ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်း မပြုရ၊

(ဆ) လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ၊

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက် မရရှိဘဲ ပြောင်းလဲ စိုက်ပျိုးခြင်းမပြုရ၊

(ဈ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို ငှားထားခြင်းမပြုရ၊

(ည) လယ်ယာမြေလုပ်ကိုင်ခွင့် မရရှိမည်ကာလအတွင်း (သို့မဟုတ်) လယ်ယာမြေ လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပေါ် နေစဉ်ကာလ အတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း(သို့မဟုတ်) ပေးကမ်းခြင်း မပြုရတို့ဖြစ်ပါတယ်။

စည်းကမ်းချက် များကိုလိုက်နာရန် ပျက်ကွက်ပါက အောက်ပါအတိုင်း အရေးယူနိုင်ပါတယ်။

(က) သတ်မှတ်သည့်အတိုင်း ဒဏ်ကြေးငွေ ပေးဆောင် စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက် စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(၇) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၈) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန
(၉) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
(၁၀)ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်သစ်တောဦးစီးဌာန
(၁၁)ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန
(၁၂)ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(၁၃)ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာနမှူး — အတွင်းရေးမှူး
ရှမ်းပြည်နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
ဖြစ်ပါတယ်။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဖြစ်ပါတယ်။ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁၀-၂၀၁၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂အရ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ အောက်ပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါတယ်-

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၂) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
ခရိုင်စိုက်ပျိုးရေးဦးစီးဌာန
(၃) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန





(၁) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
(၂) ရပ်ကွက်/ကျေးရွာရပ်မိရပ်ဖ (၁)ဦး — အဖွဲ့ဝင်
(၃) တောင်သူလယ်သမားကိုယ်စားလှယ်(၁) — အဖွဲ့ဝင်
(၄) ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်း — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၅) ရပ်ကွက်/ကျေးရွာအုပ်စု မြေတိုင်းစာရေး၊ — အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ဖြစ်ပါတယ်။

လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားဆောင်ရွက်မှု အဆင့်ဆင့်ပြဇယားဖြစ်ပါတယ်။ **(ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပါသည်)**

သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိတို့ဒေသရောက်ရှိတဲ့အခါမှာ မိမိဒေသမှာ ရှိတဲ့တောင်သူလယ်သမားများကို တင်ပြပါဇယားအတိုင်း သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က မှန်မှန်ကန်ကန် ဆောင်ရွက်ပေးမှု ရှိတယ်/မရှိဘူး စစ်ဆေးပြီး၊ တစ်ကယ်လို့ မှန်ကန်စွာစစ်ဆေးခြင်း မရှိဘူးဆိုရင် ကျွန်တော်တို့ကို အချိန်မရွေး ဆက်သွယ်အကြောင်းကြား ပေးဖို့တင်ပြလိုပါတယ်။

လယ်ယာမြေဥပဒေအရ တောင်သူလယ်သမားများ အားလုံးရဲ့ လယ်ယာလုပ်ပိုင်ခွင့် **(Land use Right)** အခွင့်အရေးကို သားစဉ်မြေးဆက်တိုင်အောင် မှန်ကန်စွာရရှိစေရန် အဓိကရည်ရွယ်ထားပြီး လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ထိုးပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်ရှိ ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၅၀)မြို့နယ် မြို့နယ်ခွဲပေါင်း(၁၆)မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း (၇၇၆)၊ တောင်သူပေါင်း (၂၀၀၈၆၀)ဦး ကိုပထမအဆင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးရေး ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

ခြွင်းချက်အနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ နယ်မြေလုံခြုံရေး အခြေအနေအရ စာရင်းကောက်ယူနိုင်သည့် မြို့နယ်များမှာ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မက်မန်းစသည့် မြို့နယ်များ ဖြစ်ပြီး၊ မြို့နယ်ခွဲများအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဟိုမိန်း၊ ကျိုင်းတောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မုံးကိုး၊ ကြူကုတ်(ပန်ဆိုင်း)၊ မိုင်းငေါ့၊ မိုင်းလုံ၊ နမ့်တစ်၊ မန်ကန်၊ ချင်းရွှေဟော်၊ ကုန်းကြမ်း၊ မော်ထိုက်စသည့် မြို့နယ်ခွဲ(၉)ခုမှာ စာရင်းကောက်ယူနိုင်ခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

တင်ပြပါဇယားကတော့ မြေပုံစာရင်းနှင့် တောင်သူ တစ်ဦးချင်း ဦးပိုင်လုပ်ကွက်ဧရိယာ စာရင်းမှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ချုပ်အနေနဲ့ ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း (၁၂၈၈)ဖြစ်ပြီး၊ ကွင်းအကွက်ပေါင်း (၆၆၁၂)ကွက်၊ တောင်သူပေါင်း (၅၃၈၀၂၆)၊ ဦးပိုင်ပေါင်း (၇၃၂၂၇၉)၊ ဧရိယာ (ဧက) ပေါင်း (၂၂၅၃၃၈၄)သည် လုပ်ငန်းစတင်ဆောင်ရွက် နေပြီ ဖြစ်ပါတယ်။ ကွင်းဆင်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ ၅၄. ၄၀% သာ ရှိသေးကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေ ရှမ်းပြည်နယ်ချုပ် အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏမှာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၃၈၄၊ ကွင်း/အကွက်ပေါင်း ၆၉၄၀၊ တောင်သူပေါင်း ၅၈၆၆၃၅၊ ဦးပိုင်ပေါင်း ၇၈၂၄၃၈၊ ဧရိယာ(ဧက)ပေါင်း ၂၁၇၂၁၁၃ ဖြစ်ပါတယ်။ ပထမအဆင့် ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏမှာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၇၇၆၊ တောင်သူပေါင်း ၂၀၀၈၆၀၊ ဦးပိုင်ပေါင်း ၂၃၉၇၅၅ ဖြစ်ပါတယ်။ ဒုတိယအဆင့်ဆောင်ရွက်ရမည့်



D/real(wide) (5



(၄) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်စီမံကိန်းရေးဆွဲ ရေးဦးစီးဌာန

(၅) ခရိုင်မြေစာရင်းဦးစီးဌာနမှူး အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တို့ဖြစ်ပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဖြစ်ပါတယ်။ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁၀-၂၀၁၂ရက်စွဲပါ စာအမှတ် ၁/၂၀၁၂အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်-

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၃) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန

(၄) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၅) မြို့နယ်မြေစာရင်းဦးစီးဌာနမှူး အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

ဖြစ်ပါတယ်။

ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်-

လုပ်ငန်းပမာဏမှာ ရပ်ကွက်/ကျေးရွာပေါင်း ၆၀၈၊ တောင်သူပေါင်း ၃၈၅၇၇၅၊ ဦးပိုင်ပေါင်း ၅၄၂၆၈၃ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းပထမအဆင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှမ်းပြည်နယ်ချုပ်အနေဖြင့် ပထမအဆင့်လုပ်ငန်းဆောင်ရွက်ရမည့် လုပ်ငန်းပမာဏမှာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၇၇၆၊ တောင်သူပေါင်း ၂၀၀၈၆၀၊ ဦးပိုင်ပေါင်း ၂၃၉၇၅၅ ဖြစ်ပါတယ်။ သတ်မှတ်သည့်ပုံစံ လျှောက်လွှာဖြန့်ဝေပြီးစီးမှု အခြေအနေမှာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၆၃၈၊ တောင်သူပေါင်း ၁၇၈၄၆၈၊ ဦးပိုင်ပေါင်း ၂၁၉၈၅၆၊ ပြီးစီးမှု ရာခိုင်နှုန်းမှာ ၉၁. ၇၀% ဖြစ်ပါတယ်။ လျှောက်လွှာလက်ခံရရှိမှုနှင့် စိစစ်ဆောင်ရွက်မှုမှာ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၃၃၊ တောင်သူပေါင်း ၁၀၀၇၁၆၊ ဦးပိုင်ပေါင်း ၁၃၅၆၇၄၊ ၅၆. ၅၉ %ပြီးစီးပြီ ဖြစ်ပါတယ်။

ဆက်လက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေကို တင်ပြမှာ ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀)ဖြင့် (၃၀-၃-၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ နည်းဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၃၁-၈-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေတွင် အခန်း(၁၀)ခန်း၊ ပုဒ်မ (၃၄)ခု၊ နည်းဥပဒေတွင် အခန်း (၁၀)၊ အပိုဒ် (၇၉)ခု ပါဝင်ပါသည်။





(ခ) **မွေးမြူရေးလုပ်ငန်း**

(၁) ငါး/ပုစွန်/ကဏန်း မွေးမြူရေး — ဧက (၁၀၀၀)
(၂) ကျွဲ/နွားမွေးမြူရေး — ဧက (၂၀၀၀)
(၃) သိုး/ဆိတ်မွေးမြူရေး — ဧက (၅၀၀)
(၄) ကြက်/ဝက်/ဘဲ/ငုံး မွေးမြူရေး — ဧက (၃၀၀)

(ဂ) **ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ**
သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုသည့် မြေဧရိယာ။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အချိန်ကာလ**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ -၁၁ အရ လုပ်ငန်းအမျိုးအစားအလိုက် အောက်ဖော်ပြပါ အချိန်ကာလအတိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည်-

(၁) နှစ်ရှည်ပင်/ဥယျာဉ်ခြံသီးနှံ — (၃၀) နှစ်
(၂) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ — စည်းကမ်းမပျက်သရွေ့
(၃) မွေးမြူရေးလုပ်ငန်း — (၃၀) နှစ်

| | |
|---|---|
| (၄) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းနှင့်အစိုးရကခွင့်ပြု ထားသောဥပဒေနှင့်ညီညွတ် သည့်အခြားလုပ်ငန်းများ | သက်ဆိုင်ရာ ဝန်ကြီးဌာန နှင့်ညှိနှိုင်းခွင့် ပြုသည့်အချိန် ကာလ |

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များ**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ-၁၂ အရ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်-

(က) ခွင့်ပြုထားသည့် လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်း ကိုသာ လုပ်ကိုင်ရမည်။

( ခ) လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ ၄ နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်း ပြီးစီးသည်အထိ ဖော်ထုတ် လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိသော အခြား အခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန် သွားသည့်အချိန်အတွက် သတ်မှတ် ကာလကို ဗဟိုကော်မတီမှ ပြန်လည်ပြင်ဆင် သတ်မှတ်ပေးနိုင်သည်။

( ဂ) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊





**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုမည့်လုပ်ငန်းများ**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ-၄ အရ အောက်ဖော်ပြပါလုပ်ငန်းများ အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုနိုင်ပါသည်-

(က) စိုက်ပျိုးရေးလုပ်ငန်း

( ခ) မွေးမြူရေးလုပ်ငန်း

( ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုမည့်ဧရိယာ**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ-၁၀ အရ လုပ်ငန်းအမျိုးအစားအလိုက် အောက်ဖော်ပြပါ ဧရိယာအတိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုနိုင်ပါသည်-

(က) **စိုက်ပျိုးရေးလုပ်ငန်း**

| | | |
|---|---|---|
| (၁) | နှစ်ရှည်ပင် | ဧက (၅၀၀၀) |
| (၂) | ဥယျာဉ်ခြံသီးနှံ | ဧက (၃၀၀၀) |
| (၃) | ရာသီသီးနှံ၊စက်မှုကုန်ကြမ်းသီးနှံ | ဧက (၅၀၀၀) |
| (၄) | မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်လိုသူများ | ဧက (၅၀) |

(တစ်ကြိမ်လျှင် ၁၀ ဧကသာ လျှောက်ထား နိုင်သည်)

ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရ။

(ဃ) မိမိလုပ်ပိုင်ခွင့်ရရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အတွက် မြေခွန်ကို အပြေအကျေ ပေးဆောင်ရမည်။

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်သော စည်းကမ်းချက် များကို လိုက်နာရမည်။

(စ) ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ အခြားသယံဇာတ ပစ္စည်းများကို ထုတ်ယူခြင်းမပြုရ။

(ဆ) ခွင့်ပြုထားသောမြေအတွင်း သယံဇာတ ပစ္စည်းများ တွေ့ရှိ၍ နိုင်ငံတော်အစိုးရက စီးပွားဖြစ် ထုတ်လုပ်လိုသဖြင့် ခွင့်ပြုထားသော မြေဧရိယာအနက် လိုအပ်မည့် မြေဧရိယာကို ပြန်လည် သိမ်းယူသည့်အခါ ပြည်ထောင်စု အစိုးရက ညွှန်ကြားထားသည့်အတိုင်း ပြန်လည် အပ်နှံရမည်။

(ဇ) ကျေးလက်ဒေသ တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူ ဖြစ်ပါက ခွင့်ပြုသည့် ဧရိယာကို ၄ နှစ်အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်ရမည်။





(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ-၂၈ အရ မည်သူမဆို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကိုဖြစ်စေ ထိုသူ၏ သဘောတူ ခွင့်ပြုချက် အရ လုပ်ကိုင်သူကို ဖြစ်စေ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသောမြေတွင် လုပ်ငန်း ဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် နိုင်ပါသည်၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ-၂၉ အရ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းထားသည့် မြေပေါ်မှ ထွက်ခွာ ဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ် နိုင်ပါသည်။

၁၂၀

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

**"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ"** ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ (၁၂-၁၀-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ (၆၆/၂၀၁၂)အရ အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
သမ္မတရုံးဝန်ကြီးဌာန (၁)

(၃) ဒုတိယဝန်ကြီး (လယ်ယာ) ဒုတိယဥက္ကဋ္ဌ
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး (ဆည်မြောင်း) အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

(၇) တွဲဖက်စစ်ထောက်ချုပ် (၂) အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး

(၈) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန



D/real(wide) (6



၁၁၈

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ ဖောက်ဖျက်မှုအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ-၁၆ စည်းကမ်းချက်များအား ဖောက်ဖျက်ပါက အောက်ဖော်ပြပါ အတိုင်း ပြစ်ဒဏ်ချမှတ်နိုင်ပါသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ-၂၆ အရ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသော မြေပေါ်ရှိ ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးဖျက်ဆီးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ဆယ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် နိုင်ပါသည်၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ-၂၇ အရ မည်သူမဆို မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သော်လည်းကောင်း ယင်း၏ တာဝန်ရှိသူက သော်လည်းကောင်း ခွင့်ပြုခြင်းမရှိဘဲ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရှိသော မြေတွင် ဝင်ရောက်ကျူးကျော် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါသည်၊

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



D/real(wide) (6



(၁၀) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်သစ်တောဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၄) ပြည်နယ်တာဝန်ခံ — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(၁၅) ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး — အတွင်းရေးမှူး
ရှမ်းပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထား ဆောင်ရွက်မှု အဆင့်ဆင့်တွင် လျှောက်ထားနိုင်သော ပုဂ္ဂိုလ်များမှာ

(၁) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ
(၂) ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့် ပြုထားသူများ
(၃) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူ ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသူများ
(၄) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စများအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသူများ

(၅) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်လိုသူများ

ဖြစ်ကြပါတယ်။ အမှတ်စဉ် (၁)မှ (၄)ထိ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီကို စိုက်ပျိုးရေးလုပ်ငန်းသော် လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းသော်လည်းကောင်း၊ သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း သော်လည်းကောင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများသော်လည်းကောင်း လျှောက်ထားနိုင်ပါတယ်။ အမှတ်စဉ် (၅)မှာ နေပြည်တော် ကောင်စီသို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့သို့ လျှောက်ထားရမှာ ဖြစ်ပါတယ်။

ယခုတင်ပြသွားသော လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဥပဒေတို့နှင့် ပတ်သက်ပြီး မရှင်းလင်းသည်များရှိပါက ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက် ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှု



D/real(wide) (6



**ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့**

ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၈-၁၀-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၂) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၈-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၂၁၆၅/၇-၆၂၉/အစရ (ရှမ်း)ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း)<br>အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း)<br>အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း)<br>အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက်(လုပ်ငန်း)<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးမှူး<br>ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

အခြေအနေအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီး။**

လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ် သစ်တော သတ္တုဝန်ကြီး ဖြစ်ပါတယ်။ ယခုလွှတ်တော် အစည်းအဝေးမှာ သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာ့သစ်တောမူဝါဒနှင့်အညီ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး၊ သစ်တောပြုစုထိန်းသိမ်းမှု လုပ်ငန်းများနှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကို ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက် လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများအကျိုးအတွက် သစ်တောများ ရေရှည်တည်တံ့ရေး၊ သစ်တောထွက် ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူနိုင်ရေး၊ သစ်တောစိုက်ခင်းများ အောင်မြင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်တွင် ခရိုင် (၁၄)ခုရှိပြီး မြို့နယ်ပေါင်း (၅၅)မြို့ ရှိပါတယ်။ သစ်တောဖုံးလွှမ်းမှုမှာ (၅၁. ၈၀)% ရှိပါတယ်။ သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအပြင်



D/real(wide) (6



ချထားပေးပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များမှလည်း မိမိမြို့နယ်တွင် စိုက်ပျိုးနိုင်ရန်အတွက် သီးပင်/စားပင်များကို မြို့နယ်သစ်တော ဦးစီးဌာနတွင် အခမဲ့ တောင်းယူနိုင်ကြောင်း တင်ပြအပ်ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း အတွက် ကျေးရွာပေါင်း ၂၄၃ ရွာ၊ ဧကပေါင်း ၆၃၅၅၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ကျွန်း/သစ်မာထုတ်လုပ်မှု လျာထားချက်မှာ ရှမ်းပြည်နယ် တစ်ခုလုံးတွင် ကျွန်း တန်ပေါင်း ၂၁၀၈၀၀၊ သစ်မာ တန်ပေါင်း ၂၀၁၀၀၀ ထုတ်လုပ်ရန် လျာထားပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့ (၆)ဖွဲ့အား ကျွန်း တန်ပေါင်း ၅၅၀၀၀၊ သစ်မာ တန်ပေါင်း ၁၇၅၀၀ ထုတ်လုပ်ခွင့်ပြုထားပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် လျာထားချက်အပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ ရှမ်းပြည်နယ် တစ်ခုလုံးတွင် ကျွန်း ၅၀%၊ သစ်မာ ၆၈% ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ သစ်ဆိပ်လက်ကျန်စာရင်းမှာ ကျွန်း တန်ပေါင်း ၁၅၀၂၃၅၊ ပယ်သစ် တန်ပေါင်း ၁၃၁၂၀၊ သစ်မာ တန်ပေါင်း ၁၂၆၀၄၁ ဖြစ်ပါတယ်။

သစ်ထုတ်လုပ်ရာတွင် ဆင်များလည်း အရေးကြီးပါတယ်။ ဌာနပိုင်ဆင်မှာ စုစုပေါင်း ၁၆၃ ကောင် ဖြစ်ပါတယ်။ ဆင်ဝိုင်းစစ်ဆေးခြင်း ကိုလည်း ဆောင်ရွက်ရပါတယ်။ သစ်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ယာဉ်ယန္တရားများ၏ ကြံ့ခိုင်ရေးကိုလည်း စစ်ဆေးရပါတယ်။ အခွန်တော် ကောက်ခံရရှိမှု အခြေအနေမှာ သစ်တော်ကဏ္ဍတွင် ပြည်နယ်အခွန်ဘဏ္ဍာနှင့် ပြည်ထောင်စုအခွန်ဘဏ္ဍာဆိုပြီး (၂)မျိုး ရှိပါတယ်။

ပြည်နယ်အခွန်ဘဏ္ဍာတွင် သိန်းပေါင်း ၁၉၀၀၂၀. ၄၃ သန်း ရရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၄. ၇၂ % ဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ၁၀၂. ၂၈ % ရရှိပါတယ်။ ပြည်နယ်နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စုစုပေါင်းမှာ ၉၅. ၈၀% ရရှိပါတယ်။ ဂျီဒီပီ တိုးတက်မှုမှာ ရှမ်းပြည်နယ်အနေဖြင့် ၁၄၁. ၃၆% ရရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဦးစီးနှင့် သစ်လုပ်ငန်းမှာ အဓိကကတော့ တရားမဝင် သစ်ဖမ်းဆီးခြင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၅-၃-၂၀၁၃ ရက်နေ့အထိ ကျွန်း၊ သစ်မာနှင့် အခြား သစ်လုံးတန် ၄၁၁၇. ၀၀၁၄ တန်နှင့် ခွဲသား ၁၆၈၅. ၈၀၅၉ တန်၊ စုစုပေါင်း ၅၈၀၂. ၈၀၇၃ တန် ဖမ်းဆီးရမိပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ နှင့် နှိုင်းယှဉ်လျှင် ၂၀၁၂ ခုနှစ်တွင် ၄၇၉၀. ၃၄၁၇ တန်သာ ဖမ်းဆီးရမိသည့်အတွက် ယခုနှစ်တွင် တန်ပေါင်း ၁၀၀၀ ကျော် တိုးတက်ဖမ်းဆီးနိုင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးကြီးဆုံးအချက်မှာ သစ်တောဦးစီးဌာနအနေဖြင့် သမ္မတကြီး၏ လမ်းညွှန်ချက်အရ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်မှ ၂၁ ရက်နေ့အထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမှ နှစ်ကာလကြာရှည်စွာ တရားမဝင် အခြေချ နေထိုင်တဲ့ ရွာစု၊ အိမ်ထောင်စုစာရင်းများ ကောက်ယူရသည့် အရေးကြီးစီမံချက် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သစ်တောနယ်မြေ အတွင်းတွင် အိမ်ခြေ (၅၀)နှစ်အထက် နှစ်ပရိစ္ဆေဒများစွာ ကျူးကျော်နေတဲ့ ရွာပေါင်းမှာ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ၃၉၉ ရွာရှိပြီး ဧကပေါင်း (၁၄၇၇၉၅. ၄၂)ဧက ရှိပါတယ်။ အိမ်ခြေ (၅၀)အောက် ကျူးကျော်မှုမှာ ရွာပေါင်း ၆၃၄ ရွာ၊ ဧကပေါင်း ၁၅၇၃၁၄ ဧကရှိကြောင်း တင်ပြအပ်ပါတယ်။





သဘာဝတောများ စုပေါင်းထားခြင်းကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေ (၆)ခု၊ ကြိုးဝိုင်းသစ်တော (၁၂၅)ခု၊ ကြိုးပြင်ကာကွယ်တော (၃၀)ခု ဖွဲ့စည်းတည်ထောင်ထားပြီး သစ်တော နယ်မြေသည် ပြည်နယ်တစ်ခုလုံး၏ ဧရိယာ (၂၀. ၃၉)% ရှိပါတယ်။

သစ်တောပြုစုထိန်းသိမ်းမှုလုပ်ငန်းများမှာ ကျွန်းသင်းသတ်/ ကျွန်းစိုရိုက်မှတ်ခြင်း၊ သစ်မာပင်ထောင် ရိုက်မှတ်ခြင်း၊ စိုက်ခင်း တည်ထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများကို လျာထားချက် နှင့်အညီ ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် သစ်တောစိုက်ခင်း အနေဖြင့် စီးပွားရေးစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်း ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စီးပွားဖြစ်စုစုပေါင်း ကျွန်း (၄၅၀) ဧက၊ ထင်းရှူး (၃၀၀)ဧက၊ ရေဝေရေလဲစိုက်ဧက (၃၀၀)ဧက၊ စုစုပေါင်း (၁၀၅၀)ဧက စိုက်ပျိုးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ်ချုပ် အနေဖြင့် စီးပွားဖြစ် ကျွန်း (၅၀၀)၊ ထင်းရှူး (၄၀၀)၊ ရေဝေရေလဲစိုက်ဧက (၄၀၀)၊ စိုက်ဧက စုစုပေါင်း (၁၃၀၀) စိုက်ပျိုးမှာ ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ခုနှစ် လူထုဖြန့်ပျိုးပင်ဖြင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ အပင်ပေါင်း (၂၀၅၀၀၀၀) ဖြန့်ဖြူး နိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အပင်ပေါင်း (၁၆၀၀၀၀၀)ဖြန့်ဖြူးရန် လျာထားပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ နှစ်ရှည်သီးပင်စားပင်/ သစ်တောပင်/မယ်ဇလီပင် စိုက်ပျိုးပြီးစီးမှုမှာ ရှမ်းပြည်နယ်အစိုးရ၏ ရန်ပုံငွေအနေဖြင့် (၁၉၈)သိန်း ခွဲဝေချထားပေးခဲ့ပြီး စားပင်/သီးပင်ထောပတ်၊ ဒညင်း၊ ပိန္နဲ၊ သရက်အပါအဝင် အပင်ပေါင်း (၂၆၁၉၀၀) ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ အပင်များကို အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ပါတယ်။ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေ သိန်း (၃၀၀) ခွဲဝေ

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန အနေဖြင့် မြန်မာ့သစ်တောမူဝါဒများနှင့်အညီ ပြည်သူအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။

တစ်ဆက်တည်းမှာပဲ သတ္တုကဏ္ဍကို အတိုချုံးပြီး တင်ပြသွားပါတယ်။ ရှမ်းပြည်နယ်သည် အခြားပြည်နယ်/တိုင်းဒေသကြီးများထက် သတ္တုမျိုးစုံ ထွက်ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ရွှေသတ္တုတူးဖော်သည့် ကုမ္ပဏီပေါင်း (၁၁) ခုရှိပါတယ်။ အကြီးစားကုမ္ပဏီ (၁) ဖြစ်ပြီး (၁၀. ၅၁) စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ အသေးစား (၁၀)ခု ဖြစ်ပါတယ်။ ဧကပေါင်း (၄၆၇. ၅)ဧက တူးဖော်နေပါတယ်။ ခနောက်စိမ်းတူးဖော်သည့်ကုမ္ပဏီပေါင်း (၂၄)ခု ရှိပြီး ဧကပေါင်း (၄၂၈၀. ၇) ဧက ရှိပါတယ်။ ကျောက်မီးသွေးတူးဖော်သည့် ကုမ္ပဏီ (၁၆)ခု ရှိပြီး (၅၅၁၈. ၆၈၂) ဧက ဖြစ်ပါတယ်။ မဂ္ဂနိစ်ဒိုင်အောက်ဆိုဒ် တူးဖော်သည့်ကုမ္ပဏီ (၁၁)ခု ရှိပြီး (၂၄၆၂. ၅)ဧက ရှိပါတယ်။ ခဲနှင့် ရောရာသတ္တုကုမ္ပဏီပေါင်း (၅၅)ခု ရှိပြီး(၈၆၉၅. ၁၂)ဧက တူးဖော်နေပါတယ်။ ခဲမဖြူနှင့် အဖြိုက်နက်တူးဖော်သည့်ကုမ္ပဏီ (၇)ခုရှိပြီး (၇၁၉. ၄၉)ဧက လုပ်ကိုင်လျက် ရှိပါတယ်။ သံသတ္တုရိုင်းကုမ္ပဏီ (၅)ခု ရှိပြီး (၇၆၅)ဧက၊ ကြေးနီသတ္တုကုမ္ပဏီ (၅)ခု ရှိပြီး၊ (၅၉၄. ၄)ဧက၊ ဂေါ်ဒန်ကုမ္ပဏီ (၇)ခု ရှိပြီး (၆၄၀. ၇၄)ဧက၊ ဘရိုက်တီးတူးဖော်သည့်ကုမ္ပဏီ (၁)ခုဖြစ်ပြီး (၁၀၁. ၄၂)ဧက၊ ထုံးကျောက်တူးဖော်သည့်ကုမ္ပဏီ (၁)ခု ဖြစ်ပြီး (၇၅. ၇၅)ဧက၊ သလင်းကျောက် တူးဖော်သည့်ကုမ္ပဏီ (၁)ခု ဖြစ်ပြီး (၉၉)ဧက တူးဖော်လုပ်ကိုင်နေပါတယ်။ ၎င်းကုမ္ပဏီအားလုံးသည် ခွင့်ပြုမိန့် ရရှိပြီး လုပ်ငန်းလုပ်ဆောင် နေသည့် ကုမ္ပဏီများ



D/real(wide) (6



စာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၂၅၊ ၂၆ တို့တွင်လည်း ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို စစ်ဆေးရန်၊ အရအသုံး ခန့်မှန်းခြေစာရင်းပါ ရငွေများ ပြည့်ဝစွာ ရရှိစေရန် ဆောင်ရွက်ခြင်း ရှိ/မရှိ၊ အသုံးစရိတ်များအား ထိရောက်စွာ သုံးစွဲခြင်း ရှိ/မရှိတို့ကို စစ်ဆေးခြင်း၊ ပြည်နယ်အတွင်းရှိ လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများစစ်ဆေးခြင်း ဆောင်ရွက်ရန် သတ်မှတ်ထားပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ၂၅၊ ပုဒ်မခွဲ (ဃ)မှာ ပြည်နယ်စာရင်းစစ်ချုပ်၏ လုပ်ဆောင်ချက်များအား ပြည်နယ်ဝန်ကြီးချုပ်မှတဆင့် ပြည်နယ်လွှတ်တော်တွင် အစီရင်ခံရမည်ဟုလည်း သတ်မှတ်ထားပါတယ်။ ထို့ကြောင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အစီရင်ခံစာ တင်ပြရခြင်း ဖြစ်ပါတယ်။

အစီရင်ခံစာတွင် အပိုင်း (၂)ပိုင်း ပါဝင်ပါတယ်။ ပထမပိုင်းမှာ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးစာရင်းများကို စစ်ဆေးအစီရင်ခံသည့်အပိုင်း ဖြစ်ပြီး၊ ဒုတိယပိုင်းမှာ စာရင်းစစ်ချုပ်ရုံး၏ လုပ်ဆောင်ချက်ကို အစီရင်ခံသည့် အပိုင်းဖြစ်ပါတယ်။ အပိုင်း(၁)အနေဖြင့် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အရအသုံး စာရင်း စစ်ဆေးမှု တွေ့ရှိချက်ကို တင်ပြမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ဌာန၊ အဖွဲ့အစည်း (၂၇)ခု ပါဝင်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပထမ(၆)လ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယ (၆)လတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဘဏ်စာရင်းများကို ပိတ်သိမ်း၍ ဒုတိယ(၆)လတွင် ဘဏ်စာရင်းသစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပထမ(၆)လ အမှန်ရငွေ၊ အမှန်သုံးစွဲငွေပေါ် အခြေပြု၍ လည်းကောင်း၊ မူလရငွေလျာထားချက်နှင့် ခန့်မှန်းအသုံးစရိတ်ပေါ် အခြေပြု၍ လည်းကောင်း၊ ပြုပြင်ပြီး ဘဏ္ဍာငွေ အရအသုံးရေးဆွဲလျက် ပြည်နယ် လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရ၊ အသုံး အခြေအနေနှင့် စပ်လျဉ်း၍ သုံးသပ်ချက်အရ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်း (၂၇)ခု၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ လိုငွေကျပ် ၂၃၅၁၇. ၈၅၉ သန်းဖြစ်ပေါ်ခဲ့ရာ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက ဖြည့်စွက်ခန့်မှန်းခြေတွင် ထည့်သွင်းလျာထားခဲ့ပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသုံးစွဲရေးဥပဒေအရ အဆိုပါ လိုငွေအား ထောက်ပံ့ငွေ အဖြစ် ရရှိခဲ့ပါတယ်။ သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ်စာရင်းမှ ပိုငွေကျပ် (၉၄၂. ၉၂၅)သန်း၊ ကြွေးမြီစာရင်းနှင့် အဖွဲ့အစည်းများတွင် ရင်းနှီးငွေစာရင်းမှ ပိုငွေကျပ် ၂၄၁. ၃၅၇ သန်းဖြစ်၍ ရှမ်းပြည်နယ်၏ အသားတင်ပိုငွေ ကျပ် ၁၁၈၄. ၂၈၂ သန်း ဖြစ်ပေါ်ခဲ့ပါတယ်။

ဌာနအဖွဲ့အစည်း (၂၇)ဖွဲ့တွင် ဗဟိုအဖွဲ့အစည်း (၃)ခု၊ ဦးစီးဌာန (၁၅)ခု၊ စီးပွားရေးအဖွဲ့အစည်း (၈)ခု၊ စည်ပင်သာယာရေး အဖွဲ့ (၁)ခု ပါဝင်ပါတယ်။ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သည့် စီးပွားရေး အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုမှ



D/real(wide) (6



ဖြစ်ပါတယ်။ စမ်းသပ်တူးဖော်နေသော ကုမ္ပဏီများသည် ပထမ(၆)လ လုပ်ငန်းလုပ်ကိုင်ပါသည်။ တစ်နှစ်ပြည့်ပါက ထုတ်လုပ်ခွင့်ကို နေပြည်တော်ရှိ သတ္တုလုပ်ငန်း (၁၊ ၂၊ ၃)နှင့် စာချုပ်ချုပ်ဆိုရပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်တွင် သတ္တုမျိုးစုံလုပ်ကိုင်လျက်ရှိကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းမြင့်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဦးသိန်းမြင့် ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို တင်ပြတဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်ပဲ တင်ပြသွားပါမယ်။

ရှမ်းပြည်နယ်၏ အရအသုံးစာရင်းများကို စစ်ဆေးပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ (က)တွင် ပြဋ္ဌာန်းထားပါတယ်။ အလားတူ ပြည်ထောင်စု

ရငွေမှာ ကျပ် ၄၄၇၆. ၃၅၄ သန်း ဖြစ်သော်လည်း ပြည်နယ်ရသုံး မှန်းခြေ ငွေစာရင်းဦးစီးဌာနမှ တင်ပြသည့်စာရင်းမှာ ၀. ၀၈၇ သန်း လျော့နည်းနေပါသည်။ စီးပွားရေးအဖွဲ့အစည်းများ၏ ရင်းနှီး မြှုပ်နှံမှု၏ ပေးငွေမှာ ကျပ် ၉၁၉၃. ၉၇၇ သန်းဖြစ်သော်လည်း ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တင်ပြသည့်စာရင်းမှာ ၀. ၁၉၉ သန်း လျော့နည်းနေပါသည်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသားတင် ပိုလျှံငွေ ကျပ် ၁၄၈၀၅. ၈၁၃ သန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒုတိယ (၆)လတွင် ဌာန၊ အဖွဲ့အစည်း (၂၇)ခုမှ အခွန် ရငွေကျပ် ၁၅၂. ၉၆၈ သန်း၊ သာမန်ရငွေ ကျပ် ၄၆၇၇. ၃၇၉ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၆၇. ၅၆၅ သန်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၂၃၅၁၇. ၈၅၉ သန်း၊ စုစုပေါင်း ကျပ် ၂၈၄၁၅. ၇၇၁ သန်း ရရှိခဲ့ပါတယ်။ သာမန်အသုံးစရိတ်ကျပ် ၁၀၉၂၉. ၀၈၁ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၆၈၀. ၈၇၇ သန်း စုစုပေါင်း ကျပ် ၁၃၆၀၉. ၉၅၈ သန်း သုံးစွဲသည့်အတွက် (၃၁-၃-၂၀၁၂) ရက်နေ့တွင် ကျန်ရှိငွေ ကျပ် ၁၄၈၀၅. ၈၁၃ သန်း ဖြစ်ပေါ်နေပါတယ်။ ပြည်နယ်၏ အသားတင်ပိုငွေ ကျပ် ၁၃၄၇၃၇. ၈၀၇ သန်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ် ငွေသားလက်ကျန် ကျန်ရှိငွေ ဖြစ်ပါတယ်။

ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေမှာ ဌာန၊ အဖွဲ့အစည်း (၂၇)ခုမှ သာမန်အသုံးစရိတ်ပိုလျှံငွေ ကျပ် ၁၄၁၂. ၀၉၁ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ပိုလျှံငွေ ၁၆၉. ၂၁၅ သန်း ပေါင်း ၁၅၈၁. ၃၀၆ သန်း ပြန်လည်အပ်နှံခဲ့ပါတယ်။ သို့သော် ပိုလျှံငွေအပ်နှံပြီးသည့်နောက်မှ ပြန်လည်စိစစ်ရာ သာမန်အသုံးစရိတ်အတွက် ဌာန၊ အဖွဲ့အစည်း (၆)ခု ပိုသုံးငွေ ကျပ် ၁၀၉၃. ၆၈၆ သန်းနှင့် ဌာနအဖွဲ့အစည်း (၁၄)ခုမှ ပိုလျှံငွေကျပ်





ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရန်၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ကျောက်မီးသွေးပြာထွက်ရှိမှု၊ ရောင်းချမှုအတွက် စာရင်းမှတ်တမ်း အထောက်အထားများ ပြည့်စုံစွာ ထားရှိရန် လိုအပ်ကြောင်း အကြံပြုဖော်ပြခဲ့ပါတယ်။ စက်ရုံက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ စစ်ဆေးချိန် ၃၁-၇-၂၀၁၂ နေ့ထိ ကျောက်မီးသွေးပြာရောင်းရငွေ ပေးသွင်းထားမှု စုစုပေါင်းကျပ် ၁၆၄. ၈၉၅ သန်း (ကျပ် ၁၆၄၈၉၀၀၀၀/-)ကို ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၏ ငွေထုတ်စာရင်းအမှတ် SEE-၁၀၂၉၇ သို့ ၃၁-၇-၂၀၁၂ ရက်စွဲပါ ချလန်အမှတ် ၁၀၀ ဖြင့် ပေးသွင်းပြီး ဖြစ်ကြောင်း ပြန်ကြားချက် ရရှိပြီး ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ စစ်ဆေးတွေ့ရှိချက်မှာ ရှမ်းပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ ထွန်စက်စခန်းအသီးသီးသို့ ဒီဇယ်ဆီများ ခွဲဝေပေးရာတွင် ကလောမြို့နယ်၊ အမှတ် (၆၅) အောင်ပန်းထွန်စက်စခန်းသို့ ပေးပို့သည့် ဒီဇယ်ဆီ (၅၄၀၀) ဂါလန်အနက် (၄၀၀)ဂါလန်သာ ရောက်ရှိခဲ့ပြီး (၅၀၀၀) ဂါလန် ပျောက်ဆုံးနေသည့်အတွက် တောင်သူများနှင့် ထွန်စက်ငှားရမ်း စာချုပ်ချုပ်ဆိုစဉ် အချိန်မီ ထုတ်ပေးနိုင်ခြင်း မရှိသဖြင့် တောင်သူများ၏ သဘောတူညီချက် မရှိပါကြောင်း ပြန်ကြားခဲ့ပါသည်။ ထို့ကြောင့် အသေးစိတ် စစ်ဆေးခဲ့ရာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ကျပ် ၁၁. ၇၀၃ သန်း ကိုဖော်ထုတ်နိုင်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မြန်မာ့လယ်ယာ ထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ ပြည်နယ် မန်နေဂျာရုံး၊ တောင်ကြီးမြို့အား စစ်ဆေးတွေ့ရှိချက်မှာ

ခရီးစရိတ်တောင်းခံလွှာတွင် တံဆိပ်ခေါင်းမကပ် ထားသည့်အတွက် တံဆိပ်ခေါင်းကပ် လက်မှတ်ရေးထိုး၍ အထောက်အထား ရယူရန်နှင့် စပ်လျဉ်း၍ ပြန်ကြားချက်မှာ ဆီလျော်မှုမရှိသဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါတယ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် (ငွေတိုက်ခွဲ)၊ ကွန်ဟိန်းမြို့၏ စစ်ဆေးတွေ့ရှိချက်မှာ ငွေစုစာရင်း တစ်ခုတွင် ဘဏ်တာဝန်ရှိသူက ငွေစုဘဏ်ငွေထုတ်လွှာပေါ်တွင် လက်မှတ်အတု ရေးထိုး၍ ကျပ် (၈. ၀၀၀)သန်း အလွဲသုံးစား လုပ်ထားခြင်း၊ ငွေကျပ် ၃၇. ၅၀၀ သန်းကိုလည်း ယာယီအားဖြင့် (၁ လနှင့် ၂၆ ရက်)ကြာ အလွဲသုံးစားပြုလုပ်ထားသည်ကို ဖော်ထုတ် တွေ့ရှိ ရပါသည်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးလုပ်ငန်းများ ဆောင်ရွက်မှု (၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်)

## ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ရန်ပုံငွေဖြင့် ရှမ်းပြည်နယ် အတွင်း ခရိုင်နှင့် မြို့နယ်တရားရုံး (၅)ရုံးတွင် အဆောက်အဦးနှင့် ဆက်စပ် လုပ်ငန်းများဆောက်လုပ်ခြင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန် ပေးအပ်မှုဖြင့် စစ်ဆေးခဲ့ရာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်ငွေ ၀. ၂၈၆ သန်းနှင့် ၂% အခွန်ငွေကျပ် ၀. ၂၉၈ သန်းတို့ကို ဖော်ထုတ်တင်ပြခဲ့ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရန်ပုံငွေဖြင့် မိုင်းပန်မြို့နယ် ဥပဒေရုံးတည်ဆောက်ခြင်းလုပ်ငန်းကို စစ်ဆေးခဲ့ရာ ၂% အခွန်ငွေကျပ် ၀. ၀၃၆ သန်း ပေးသွင်းရန် လိုအပ်ကြောင်း တင်ပြခဲ့ပါတယ်။





၉၀၂. ၉၉၉ သန်း ဖြစ်ပေါ်ခဲ့ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် စည်ပင်သာယာရေး အဖွဲ့မှ ပိုလျှံငွေကျပ် ၃၁. ၅၉၆ သန်းနှင့် အကျဉ်းဦးစီးဌာနမှ ပိုသုံးငွေကျပ် ၁၇. ၂၃၄ သန်း ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် အကျဉ်းဦးစီဌာန တွင် သာမန်အသုံးစရိတ် ခွင့်ပြုငွေထက် ပိုမိုသုံးစွဲငွေ ၄၅၈. ၈၀၇ သန်း ဖြစ်ပေါ်မှုအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြခွင့်ပြုမိန့်ရယူရန် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်ဘဏ္ဍာငွေမှာ ပါဝင်သော ဌာန၊ အဖွဲ့အစည်း (၂၇)ခု၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၁၂ ခုနှစ် မတ်လ (၃၁)ရက်နေ့ထိ (၆)လပတ် ကာလအတွက် ဘဏ္ဍာငွေ အရအသုံးစာရင်းတို့အား အသေးစိတ် စစ်ဆေးခဲ့ပါတယ်။ ထိုသို့ စစ်ဆေးရာတွင် ဌာနအဖွဲ့အစည်း (၆)ခုအတွက် သတ်မှတ်ထားသည့် စာရင်းပုံစံများ အပြည့်အစုံ ရေးဆွဲခြင်း ရှိ/မရှိ၊ ကိန်းဂဏန်း မှန်ကန်မှု ရှိ/မရှိ၊ တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်ဆေး တွေ့ရှိချက်များမှာ များပြားသည့်အတွက် အရေးကြီးသည့် စစ်ဆေးတွေ့ရှိချက်များကိုသာ တင်ပြမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ကျောက်မီးသွေးရေနွေးငွေ့ ဓာတ်အားပေး စက်ရုံ (တီဂျစ်) ပင်လောင်းမြို့အား အကြိမ်ကြိမ် စစ်ဆေးခဲ့ရာတွင် ၂-၁-၂၀၁၂ ရက်နေ့အထိ ကျောက်မီးသွေးပြာရောင်းရငွေ ကျပ် ၁၁၂. ၁၄၀ သန်းအား နိုင်ငံတော် ဘဏ္ဍာသို့ မပေးသွင်းဘဲ ဝန်ထမ်းသက်သာအဖြစ် ပျဉ်းမနားမြို့ရှိ သမဝါယမဘဏ်တွင် အပ်နှံထားတဲ့အတွက် ဘေးထွက်ပစ္စည်းရောင်းရငွေကို နိုင်ငံတော်၏

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ရုံးချုပ်)၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ် ခွင့်ပြုငွေများမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ခွဲဝေသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးခဲ့ရာ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ကျပ် ၀. ၂၈၂ သန်း စစ်ဆေးတင်ပြနိုင်ခဲ့ပါတယ်။

ဗဟိုစာရင်းအင်းဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဦးစီးဌာန၊ ဗဟိုစာရင်းအင်း အဖွဲ့၏ စစ်တမ်းကောက်ယူရန်နှင့် ရုံးခွဲများ ဖွင့်လှစ်ရာတွင် ပရိဘောဂများ ဝယ်ယူရန် ဗဟိုစာရင်းအင်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် သုံးစွဲခြင်းကို စစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြပြီး ဖြစ်ပါတယ်။

စစ်ဆေးတွေ့ရှိချက်အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့်ငွေ မှာ တစ်ပြည်နယ်လုံးတွင် ၄၇၂. ၆၀၃ သန်း ဖော်ထုတ်ခဲ့ပြီး၊ ၉၉. ၈၇ % ပြန်လည်ပေးသွင်းပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ (ပထမ (၆)လ)အတွင်းမှာ ၃၃၅. ၃၀၀ သန်း ဖော်ထုတ်ခဲ့ပြီး ၉၉. ၅၈% ပေးသွင်းပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ (ဒုတိယ(၆)လ)တွင် ၁၆၆. ၅၅၀ သန်း ဖော်ထုတ်ခဲ့ပြီး ၅၄. ၉၅% ပေးသွင်းပြီး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ (ပထမ (၆)လ)တွင် ၈၈. ၂၂၇ သန်း ဖော်ထုတ်ခဲ့ပြီး ၈၈. ၀၈% ပေးသွင်းပြီး ဖြစ်ပါတယ်။ မသွင်းရသေးသော ငွေများကိုလည်း အပြည့်အဝ ပေးသွင်းနိုင်ရေးအတွက် နှိုးဆော်စာများ ထုတ်ပြန်၍ တွန်းအား ပေးဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။





**သင်တန်းဖွင့်လှစ်နိုင်မှု**

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ အစိုးရ စာရင်းထားနည်း သင်တန်းအမှတ်စဉ်(၁)ကို တောင်ကြီးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း တွင် ၂-၅-၂၀၁၂ နေ့မှ ၆-၅-၂၀၁၂ နေ့အထိ (၅)ရက် ပို့ချခဲ့ပါသည်။ သင်တန်းတွင် ရှမ်းပြည်နယ် စာရင်းစစ်ချုပ် ရုံးမှ ဝန်ထမ်း (၅၁)ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းတယမြို့နယ် စာရင်းစစ်ရုံးမှ ဝန်ထမ်း (၂)ဦး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဟိုပုံးမြို့နယ်စာရင်းစစ်ရုံးမှ ဝန်ထမ်း (၃)ဦး စုစုပေါင်း (၅၆)ဦး တက်ရောက်ခဲ့ကြပါသည်။

အစိုးရစာရင်းထားနည်းသင်တန်းအမှတ်စဉ် (၂)ကို လားရှိုးခရိုင် စာရင်းစစ်ရုံးတွင် ၂၇-၅-၂၀၁၂ မှ ၃၀-၅-၂၀၁၂ နေ့အထိ ပို့ချခဲ့ရာတွင် လားရှိုးခရိုင် စာရင်းစစ်ရုံးမှ ဝန်ထမ်း (၁၂)ဦး၊ ကျောက်မဲခရိုင်စာရင်းစစ်ရုံးမှ ဝန်ထမ်း (၃)ဦး၊ ကွမ်းလုံခရိုင် စာရင်းစစ်ရုံးမှ ဝန်ထမ်း (၂)ဦး၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ ဟိုပန်မြို့နယ်စာရင်းစစ်ရုံးမှ ဝန်ထမ်း (၂)ဦး၊ စုစုပေါင်း (၁၉)ဦး တက်ရောက်ခဲ့ကြပါသည်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ဌာနဆိုင်ရာ စာရင်းရေးဆွဲနည်း သင်တန်းအမှတ်စဉ် (၁/၂၀၁၂)ကို ၁၁-၉-၂၀၁၂ မှ ၁၆-၉-၂၀၁၂ နေ့အထိ ဖွင့်လှစ်ရာတွင် လာရောက် ကူညီသင်ကြားပို့ချပေးရန် ညှိနှိုင်းလာသဖြင့် ရှမ်းပြည်နယ် စာရင်းစစ်ရုံးမှ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်း စည်းမျဉ်း၊ ဝန်ထမ်းသက်သာ ချောင်ချိရေး ရန်ပုံငွေ စာရင်းထားနည်းနှင့် ဌာနဆိုင်ရာ စာရင်းရေးဆွဲနည်းများကို သင်တန်းချိန်(၃၃)ချိန် သင်ကြားပို့ချ ပေးခဲ့ပါသည်။

## နိုင်ငံခြား ကိုယ်စားလှယ်များလာရောက်မှု

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် နိုင်ငံခြား ကိုယ်စားလှယ်များ လာရောက်မှု မရှိပါကြောင်း တင်ပြအပ် ပါသည်။

## နိုင်ငံခြားအစည်းအဝေး/သင်တန်းတက်ရောက်မှု

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ယနေ့အထိ တာဝန်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ကိုယ်စားလှယ်အဖြစ် ပြည်ပနိုင်ငံများသို့ (၃)ကြိမ် သွားရောက်ခဲ့ပါသည်။

## ရှမ်းပြည်နယ်အတွင်းရှိ စာရင်းစစ်ရုံးများ၏ အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်

ရှမ်းပြည်နယ်အတွင်း စာရင်းစစ်ရုံး အဆင့်ဆင့် (၅၂)ရုံးရှိသည့်အနက် (၄၄)ရုံးမှာ ကိုယ်ပိုင်အဆောက်အဦများတွင် ဖွင့်လှစ်ထားသော ရုံးများဖြစ်ပြီး ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး အပါအဝင် စာရင်းစစ်ရုံး (၆)ရုံးမှာ အခြားဌာနပိုင် အဆောက်အဦများတွင် အခမဲ့ငှားရမ်းဖွင့်လှစ်ထားပြီး ကျန်စာရင်းစစ်ရုံး (၂)ရုံးမှာ အခပေးငှားရမ်းဖွင့်လှစ်ထားသည့် ရုံးများ ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင် အဆောက်အဦတွင် ငှားရမ်းဖွင့်လှစ်ထားပြီး ပျက်စီးယိုယွင်းလျက်ရှိသည့် လဲချားမြို့နယ်စာရင်းစစ်ရုံး အဆောက်အဦဆောက်လုပ်ရန် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရန်ပုံငွေ ခန့်မှန်းခြေ စာရင်းတွင် ငွေလုံးငွေရင်း အသုံးစရိတ်ထည့်သွင်းရေးဆွဲထားပြီး ရန်ပုံငွေလိုအပ်ချက်ကို တောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



D/real(wide) (7



ဆက်လက်ပြီး ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုရန်ပုံငွေအခြေအနေကို တင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် သာမန်အသုံးစရိတ် မူလခွင့်ပြုငွေမှာ ကျပ် ၉၁၉. ၇၃၈ သန်း ဖြစ်ပြီး ၃၀-၉-၂၀၁၂ ရက်နေ့အထိ အမှန်သုံးငွေမှာ ၄၁၄. ၈၉၇ သန်း၊ လက်ကျန်ငွေ ၅၀၄. ၈၄၁ သန်း ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ဒေသစာရင်းစစ်ရုံး ကြီးကြပ်မှု ခရီးစဉ်များ

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်သည် တာချီလိတ်ခရိုင်စာရင်းစစ်ရုံးသို့ ၂၇-၅-၂၀၁၂ ရက်နေ့တွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဒုတိယ (၆)လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ၂၈-၅-၂၀၁၂ နေ့တွင် တာလေ လျှောင်ဘေးအလှူရငွေ/သုံးငွေ စာရင်းစစ်ဆေးရေးအဖွဲ့အား ကြီးကြပ်ရန် သွားရောက်ခဲ့ပါသည်။ ၄-၆-၂၀၁၂ ရက်နေ့တွင် လွိုင်လင်နှင့် လင်းခေးခရိုင် အတွင်းရှိ စာရင်းစစ်ချုပ်ဝန်ထမ်းများသို့ ၂၀၁၁-၂၀၁၂ ခုနှစ် ဒုတိယ (၆)လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးထပ်ဆင့်ရှင်းလင်းရန် သွားရောက်ခဲ့ပါကြောင်းနှင့် ၁၁-၁၁-၂၀၁၂ နေ့ လျှောင်လှုပ်ခတ်မှု ဒဏ်ကြောင့် ရုံးအဆောက်အဦများ ယိုယွင်း ပျက်စီးမှု ဖြစ်ပေါ်ခဲ့သော နောင်ချိုမြို့နယ်စာရင်းစစ်ရုံး၊ ကျောက်မဲခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများသို့ ၁၉-၁၁-၂၀၁၂ နေ့မှ ၂၀-၁၁-၂၀၁၂ နေ့ထိ သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်ကို ၂၁-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ပစရ/အဆောက်အဦ (လျှောင်)/၂၄ ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်ထံ အစီရင်ခံစာတင်ပြခဲ့ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အဆောက်အဦတွင် အခမဲ့ငှားရမ်းဆောင်ရွက်နေရသည့် ကွန်ဟိန်းမြို့နယ်စာရင်းစစ်ရုံးနှင့် အခပေးဖြင့် ငှားရမ်းဆောင်ရွက်ရသည့် သီပေါမြို့နယ်စာရင်းစစ်ရုံး၊ ရုံးအဆောက်အဦ(၂)ရုံး ဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ခုနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်း လျာထားပြီး ဖြစ်သဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်များ ၂၀၁၄-၂၀၁၅ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် တောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လင်းခေးခရိုင်နှင့် မြို့နယ်၊ ရပ်စောက်မြို့နယ်၊ မူဆယ်ခရိုင်/မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မိုင်းဖြတ်ခရိုင်/မြို့နယ် စာရင်းစစ်ရုံးများတွင် ကိုယ်ပိုင် အဆောက်အဦများ ရှိသော်လည်း ဝန်ထမ်းအိမ်ရာများ မရှိသဖြင့် ဝန်ထမ်းများ အိမ်ငှားရမ်းခဈေးနှုန်းကြီးမြင့်၍ အချို့မှာ ရုံးဝန်းအတွင်း ယာယီအဆောက်အဦများ မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ အချို့မှာ အခြားဌာန ဝန်ထမ်းအိမ်ရာများတွင် လည်းကောင်း နေထိုင်ရပါသဖြင့် ဝန်ထမ်းအိမ်ရာ များလည်း လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ရုံးအဆောက်အဦများ ပြင်ဆင်ထိန်းသိမ်းစရိတ်တင်ပြမှု**

၁၁-၁၁-၂၀၁၂ နေ့တွင် အင်အားအသင့်အတင့်ရှိသည့် မြေငလျင် လှုပ်ခတ်ခဲ့ပြီး ၁၃-၁၁-၂၀၁၂ နေ့တွင် တစ်ကြိမ်၊ ၁၉-၁၁-၂၀၁၂ နေ့တွင် တစ်ကြိမ် ထပ်မံ၍ မြေငလျင်လှုပ်ခဲ့မှုကြောင့် ရှမ်းပြည်နယ်အတွင်းရှိ မဘိမ်းမြို့နယ်၊ နောင်ချိုမြို့နယ်၊ သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ကျောက်မဲခရိုင် စာရင်းစစ်ရုံးများတွင် ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အဦပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ အရေးပေါ်





ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၂)ရက် (အင်္ဂါနေ့) နံနက်(၁၀၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

××××× ××××× ×××××

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

××××× ××××× ×××××

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်
# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန် အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

**၁၃၇၄ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက် )**

[ **အင်္ဂါနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက် ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပ ပြုလုပ်မည်





ပြင်ဆင်ရန်အတွက် ပြင်ဆင်စရိတ် များ တင်ပြတောင်းခံထားပြီး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး များသည် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းလမ်းညွှန်ချက်အပေါ် ပြည်နယ်စာရင်းစစ်ချုပ်၏ အနီးကပ်ကြီးကြပ်မှု များဖြင့် စစ်ဆေးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အခါအားလျော်စွာ ပေးအပ်သော စစ်ဆေးရေး တာဝန်များနှင့် အခြား တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ မှာ အစည်းအဝေးကို ညနေ ၄ နာရီထက် ကျော်လွန် ကျင်းပမည်ဆိုလျှင် လွှတ်တော်သို့ ခွင့်တောင်းခံရပါတယ်။ အစီအစဉ် (၁)ခု ကျန်ရှိနေသော်လည်း နောက်နေ့တွင်မှ ပြန်လည်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် (၁၄၂) ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅) ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈ . ၀၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ (၁၈၀) ပုဒ်မခွဲ (က)နဲ့ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့၊





**ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလုံသည် အရေးကြီးသာရေးကိစ္စဆောင်ရွက်လိုပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (ပုံမှန်) အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂-၄-၂၀၁၃) ရက်နေ့မှ (၃-၄-၂၀၁၃) ရက်နေ့အထိ ( ၂ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလုံကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . . ။

**ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဘသည် အရေးကြီးသာရေး ကိစ္စ ဆောင်ရွက်လိုပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (ပုံမှန်)အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂-၄-၂၀၁၃)ရက်နေ့မှ (၃-၄-၂၀၁၃) ရက်နေ့အထိ ( ၂ )ရက် ကင်းလွတ်ခွင့် ပြုပါရန် ဦးယောဘ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . . ။

**ဦးစိုင်းဘဦး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘဦး ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်သည် ကျန်းမာရေး မကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (ဆဋ္ဌမပုံမှန်) အစည်းအဝေးတွင် အစည်းအဝေး တက်ရောက် ခြင်းအား (၂-၄-၂၀၁၃) ရက်နေ့မှ (၃-၄-၂၀၁၃) ရက်နေ့အထိ ( ၂ )ရက် ကင်းလွတ်ခွင့် ပြုပါရန် ဦးမြင့်စိုးနိုင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား . . . ။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။
**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]** သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၁၄၂) ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၄) ဦး ဖြစ်ပြီး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်





တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) အရ၊ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ် သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း မိမိအတွက် အခြားကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း ခွင့်ပန်ကြား ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို

(အတည်ပြုပါသလားခင်ဗျား။)

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ် လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြား သွားဖို့ ဖြစ်ပါတယ်။



D/real(wide) (7



**ဥက္ကဋ္ဌ။** မေးခွန်း (၃)ခုကို သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး၏ လဲချားမြို့နယ်အတွင်းရှိ (၂၅) ခုတင်ဆံ့ ဆေးရုံကြီးတွင် ခွင့်ပြုထားသော ဝန်ထမ်းအင်အားမှ လစ်လပ်နေသော ကျန်းမာရေးဝန်ထမ်းများအား နောက်ထပ်တိုးမြှင့် ဖြည့်စွက်ခန့်ထား ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်နှင့် မည်သည့် အချိန်ကာလတွင် တိုးမြှင့်ဖြည့်စွက်ပေးမည်ကို သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတော် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားပြည်သူ့ဆေးရုံ၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်း ခန့်ထားမှု အခြေပြဇယားကို ဦးစွာ တင်ပြမှာ ဖြစ်ပါတယ်။

| စဉ် | အကြောင်းအရာ | ခွင့်ပြု | ခန့်ထား | လစ်လပ် |
|---|---|---|---|---|
| (၁) | မြို့နယ်ကျန်းမာရေးဦးစီး | ၁ | ၁ | - |
| (၂) | လက်ထောက်ဆရာဝန် | ၄ | - | ၄ |
| (၃) | သွားဆရာဝန် | ၁ | - | ၁ |
| (၄) | အထက်တန်းသူနာပြု | ၅ | ၅ | - |
| (၅) | သူနာပြု | ၁၀ | ၉ | - |
| (၆) | သွားသူနာပြု | ၁ | - | ၁ |

| | | | |
|---|---|---|---|
| (၇) ဓာတ်ခွဲကျွမ်းကျင် (၃) | ၁ | - | ၁ |
| (၈) ဆေးစပ်-၃ | ၁ | - | ၁ |
| (၉) ဓာတ်မှန်-၃ | ၁ | - | ၁ |
| (၁၀) ဓာတ်ခွဲကျွမ်းကျင်-၄ | ၁ | ၁ | - |
| (၁၁) ဓာတ်မှန်-၄ | ၁ | - | ၁ |
| (၁၂) ဆေးစပ်-၄ | ၁ | - | ၁ |
| (၁၃) ဆေးထည့်-၅ | ၂ | ၂ | - |
| (၁၄) ရုံးဝန်ထမ်းများ | ၁၁ | ၆ | ၅ |
| (၁၅) ဆေးရုံလုပ်သားများ | ၁၄ | ၈ | ၆ |
| **စုစုပေါင်း** | ၅၅ | ၃၂ | ၂၃ |

ဖော်ပြပါဝန်ထမ်းအင်အားစာရင်းအရ လိုအပ်သော လက်ထောက် ဆရာဝန်တို့အား ခန့်ထားပေးနိုင်ပါရန် တောင်ကြီးမြို့၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၏ (၈-၈-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၃/၄/ ဆရဝ (၂၁၂၁)နှင့် (၁၈-၃-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၃/၄/ဆရဝ (၇၁၃)ဖြင့် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါသည်။ သွားဆရာဝန်တစ်ဦး ခန့်ထားပေးပါရန် တောင်ကြီးမြို့၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ (၂၀-၁-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၃/၄/ဆရဝ (၁၆၉)နှင့် (၁၈-၃-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၃/၄/ဆရဝ (၇၂၁)ဖြင့် ကျန်းမာရေးဦးစီးဌာနသို့ ဦးစားပေး ခန့်ထားပေးနိုင်ပါရန် တင်ပြတောင်းခံထားပြီး ဖြစ်ပါသည်။ လစ်လပ်လျက်ရှိသော ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ၊ ဓာတ်မှန် ကျွမ်းကျင် ဝန်ထမ်းများ၊ ဆေးစပ်ဝန်ထမ်းများအား ကျန်းမာရေးဦးစီးဌာနမှ ခန့်အပ်ပေးလာသောအခါတွင် ဆက်လက် ဖြည့်စွက် ခန့်ထားပေးပါမည့် အကြောင်း ဖြေကြားအပ်ပါသည်။



D/real(wide) (7



ပထမဦးစွာ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုး ၏မေးခွန်း အမှတ်စဉ် (၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်နန်းအက်စ်ကီးမိုး၏ မေးခွန်းများကို ကျွန်တော် လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကျော်ဇေယျမှ မေးခွန်းများ ကိုယ်စားမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးဒုတိယနေ့သို့ ကြွရောက်လာသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝင်များ အားလုံးနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး အေးချမ်းကြ ပါစေ ဆုတောင်းပေးအပ်ပါတယ်။ ဒေါ်နန်းအက်စ်ကီးမိုး၏ မေးခွန်း (၁၊၂၊၃)ကို ကျွန်တော် တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်း (၁)၊ လဲချားမြို့နယ်အတွင်းရှိ (၂၅) ခုတင်ဆံ့ ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်း နောက်ထပ် တိုးမြှင့်ခန့်ထားပေးရန် မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။

မေးခွန်း (၂)၊ လဲချားမြို့နယ်၊ ဝမ်ဆန်းကျေးရွာအုပ်စု၊ ဝမ်ဆန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ထားသည်ကို သိရှိလိုပါသည်။

မေးခွန်း (၃)၊ လဲချားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ အန္တရာယ်ရှိသော ပင်မကျောင်းဆောင်ကြီးအား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး မေးခွန်း နံပါတ် (၂)ဖြစ်သည့် လဲချားမြို့နယ် ဝမ်ဆန်း ကျေးရွာအုပ်စု၊ ဝမ်ဆန်း ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ် ပေးရန်နှင့် ဝမ်ယိမ်းကျေးလက်ကျန်းမာရေးဌာနနှင့် ဝမ်ပန်ကျေးလက် ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်နှင့် မည်သည့်အချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် နေရာဒေသရွေးချယ်ရေး အခြေခံမှု များကို ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် နေရာဒေသရွေးချယ်ရသည့် အခြေခံမှုများမှာ

(၁) ဖွင့်လှစ်မည့်ကျေးရွာသည် ဗဟိုအချက်အချာကျခြင်း၊

(၂) လူဦးရေနှင့် အိမ်ခြေများပြားပြီး လူဦးရေသိပ်သည်းမှု များပြားခြင်း၊

(၃) လူဦးရေ ပျမ်းမျှ အနည်းဆုံး (၃၀၀၀)မှ အများဆုံး (၅၀၀၀)ခန့်ကို လွှမ်းခြုံနိုင်ခြင်း၊

(၄) ခရီးလမ်းပန်း ဆက်သွယ်မှု အခြေအနေကောင်းမွန်ခြင်း

(၅) စီးပွားရေး အချက်အချာကျ၍ ဖွံ့ဖြိုးမှု အလားအလာရှိခြင်း၊

(၆) နောင်တွင် ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်နိုင်သည့် အခြေအနေများ ရှိခြင်း၊





(၇) လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ သွားရောက်ရန် ခက်ခဲသောနယ်မြေမှ လူနာများအား အလွယ်တကူ လာရောက်နိုင်သောနေရာဖြစ်ခြင်းတို့ ဖြစ်ပါတယ်။

ဝမ်ဆန်းကျေးရွာသည် မတ်လန်းကျေးလက် ကျန်းမာရေးဌာနခွဲ အောက်တွင် ရှိပြီး မတ်လန်းကျေးလက် ကျန်းမာရေးဌာနခွဲမှ (၂)မိုင်ခန့်သာ ဝေး၍ လဲချားပြည်သူ့ဆေးရုံနှင့် (၆)မိုင်ကွာဝေးပါသည်။ ကျေးရွာ (၄)ရွာသာ ရှိပြီး အိမ်ခြေ (၂၄၃)အိမ်ရှိပါသည်။ လူဦးရေမှာ (၁၃၁၂)ဦး သာရှိပါ၍ ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရာတွင် သတ်မှတ်ထားရှိသည့် ပူးတွဲပါ အခြေခံမှုများဖြင့် ကိုက်ညီမှု မရှိသေးပါ၍ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ် မရှိနိုင်သေးပါ။

ဝမ်ယိမ်းကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာ (၁၁)ရွာ၊ အိမ်ထောင်စု (၂၉၆၀)၊ လူဦးရေ (၁၅၄၈၈) ဦးရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆေးရုံဖွင့်လှစ်ရာတွင် သတ်မှတ်ထားရှိသည့် ပူးတွဲပါ အခြေခံမှုများဖြင့် ကိုက်ညီမှု မရှိသေးသော်လည်း လဲချားပြည်သူ့ဆေးရုံမှ (၁၃)မိုင် ကွာဝေးသဖြင့် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့် ရရှိနိုင်ရေးအတွက် လိုအပ်သော အချက်အလက်များ အပြည့်အစုံကို လဲချားမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးထံသို့ တောင်းခံပြီး ကျန်းမာရေးဦးစီးဌာနသို့ တင်ပြပေးသွားမည် ဖြစ်ပါသည်။

ဝမ်ပန်ကျေးလက်ကျန်းမာရေးဌာနသည် ကျေးရွာ (၇)ရွာ၊ အိမ်ထောင်စု (၁၈၈၄)၊ လူဦးရေ (၁၁၆၁၀)ဦး ရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရာတွင် သတ်မှတ်ထားရှိသည့် ပူးတွဲပါ အခြေခံမှုဖြင့် ကိုက်ညီမှု



D/real(wide) (7

မရှိသေးသော်လည်း လဲချားပြည်သူ့ဆေးရုံမှ (၂၁)မိုင် ကွာဝေးသဖြင့် တိုက်နယ် ဆေးရုံဖွင့်လှစ်ခွင့် ရရှိနိုင်ရေး အတွက် လိုအပ်သော အချက်အလက်များ အပြည့်အစုံကို လဲချားမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးထံမှ တောင်းခံပြီး ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မေးခွန်း နံပါတ် (၃)ဖြစ်သော လဲချားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ အန္တရာယ်ရှိသော ပင်မကျောင်းဆောင်ကြီးအား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဟူသော မွေးခွန်းနှင့် ပတ်သက်၍ လဲချားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းအဆင့်ကျောင်းသား (၂၅၁)ဦး၊ အလယ်တန်းဆင့်ကျောင်းသား (၇၇၀)ဦး၊ မူလတန်းအဆင့် ကျောင်းသား (၄၃၀)ဦး စုစုပေါင်း ကျောင်းသူ ကျောင်းသား (၁၄၅၁)ဦး ရှိပါသည်။ ဆရာဦးရေမှာ အထက်တန်းအဆင့် (၉)ဦး၊ အလယ်တန်းအဆင့် (၂၆)ဦး မူလတန်းအဆင့် (၂၁)ဦး ဖြစ်ပါသည်။

ကျောင်းသားဆရာအချိုးမှာ အထက်တန်းအဆင့် (၁း၂၈)၊ အလယ်တန်း အဆင့် (၁း၃၀)၊ မူလတန်းအဆင့် (၁း၂၀) ဖြစ်ပါသည်။ ကျောင်းဆောင်အားဖြင့် (၆)ဆောင်ရှိပြီး ပင်မကျောင်းဆောင်တွင် ကျောင်းသား (၅၃၉)ဦးကို စာသင်ခန်းပေါင်း (၁၂)ခန်းကို အသုံးပြု၍ သင်ကြားပေးလျက် ရှိပါသည်။

ပညာရေးဝန်ကြီးဌာနမှ ၂၀၀၅-၂၀၀၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် လဲချားအခြေခံပညာ အထက်တန်းကျောင်း အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း (၂၅၀)ဖြင့် (၁၈၀ ပေ × ၃၀ ပေ) အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးခဲ့ပါသည်။ အဆိုပါ ကျောင်းဆောင်အား ပြန်လည် ပြင်ဆင်ပေးရန်



D/real(wide) (7



(၇) ဌာနအတွက် အဆောက်အဦးနှင့် ပရိဘောဂ များကို ဌာနခွဲ ဖွင့်လှစ်မည့်ရွာနှင့် အနီးအနားရွာများမှ ကိုယ့်အားကိုယ်ကိုး တာဝန်ယူဆောက်လုပ်စီစဉ်ပေးနိုင်ခြင်း၊

ဆက်လက်ပြီး တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန် နေရာဒေသ ရွေးချယ်ရေး အခြေခံမှုများကို တင်ပြမှာ ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရန် နေရာဒေသ ရွေးချယ်ရေးမှုမှာ

(၁) ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီး ဖြစ်သော ကျေးရွာဖြစ်ပြီး ကျေးရွာလူထုမှ ယင်းကျေးလက် ကျန်းမာရေး ဌာနကို အသုံးချမှုနှုန်း ကောင်းမွန်ခြင်း၊

(၂) အဆောက်အဦးဆောက်လုပ်ရန် မြေဧက အနည်းဆုံး (၄)ဧက ရှိခြင်း၊

(၃) သတ်မှတ်ပုံစံအတိုင်း အဆောက်အဦးကို ကိုယ့်အားကိုယ်ကိုး တာဝန်ယူ၍ ဆောက်လုပ် နိုင်ခြင်း၊

(၄) တိုက်နယ်ဆေးရုံအသစ်တည်နေရာသည် မြို့နယ်ဆေးရုံထက် (၁၀)မိုင် အထက်ဝေးသော နေရာဖြစ်ခြင်း၊ အခြားတိုက်နယ် ဆေးရုံ ရှိပြီးဖြစ်က ယင်းတိုက်နယ်ဆေးရုံနှင့်လည်း အနည်းဆုံး (၁၀)မိုင် အထက်ဝေးသော နေရာဖြစ်ခြင်း၊

(၅) အိမ်ခြေနှင့် အိမ်ထောင်စုဦးရေများပြားပြီး လူဦးရေသိပ်သည်း မှုနှုန်း များပြားခြင်း၊

(၆) လုံခြုံမှုကောင်းမွန်ခြင်း၊

အတွက် အင်ဂျင်နီယာနှင့် အသေးစိတ်တွက်ချက်၍ အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့ ပြင်ဆင်ထိန်းသိမ်းစရိတ်ကို တင်ပြတောင်းခံ ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်စ်ကီးမိုး၏ စတုတ္ထမေးခွန်း ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လဲချားမြို့နယ်အတွင်းရှိ တံတားဖြူတံတားနှင့် နမ့်ဗွီးတံတားတို့အား ပြင်ဆင်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း (ခ)တင်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ လဲချားမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ် မေးမြန်းသည့် တံတားသည် လွိုင်လင်-ပန်ကေတု-သီပေါဟု ခေါ်သည့် လွိုင်လင်-လဲချား-မိုင်းကိုင်-မန္တလေး-လားရှိုးသို့ ပေါက်သည့် သီပေါနှင့် လားရှိုးကြားက လမ်းမပေါ်ထွက်သည့် လမ်းဖြစ်ပါတယ်။ ၀/၀မှ ၁၄၉ မိုင် ၂ ဖာလုံအထိ ရှိသည့် ပြည်ထောင်စု လမ်းမကြီး ဖြစ်ပါတယ်။





၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် (၁၃၅)သန်း လျာထား တင်ပြတောင်းခံ ထားပါသည်။ ပြည်ထောင်စုမှ စီမံခန့်ခွဲ သည့်လမ်း ဖြစ်သည့်အတွက် ရန်ပုံငွေရရှိမှုပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအားဖာက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ ဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းဖို့ ရှိပါတယ်။ ပထမမေးခွန်းအနေနဲ့ ကျိုင်းတုံမြို့မှာ ရှိတဲ့ မီးသဂြိုဟ်စက်သို့ သွားရာ ကျောက်ချောလမ်းအား ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းဖြစ် ပါတယ်။

ကျိုင်းတုံမြို့ရဲ့ အနောက်ဘက် တောင်ခြေတစ်နေရာမှာ လူသေ အလောင်းများကို မီးသဂြိုဟ်ပေးတဲ့ မီးသဂြိုဟ်စက် ရှိပါတယ်။ အဲဒီမီးသဂြိုဟ် စက်သို့ သွားတဲ့လမ်းဟာ ကျိုင်းတုံ-တောင်ကြီး လမ်းမကြီးမှ ခွဲထွက် ပြီးတော့ ဖောက်လုပ်ထားပြီး

အရှည်မိုင် (၆)မိုင် ရှိပါတယ်။ ကျိုင်းတုံ-တောင်ကြီး လမ်းမကြီးမှ နေပြီး (၂)မိုင်အထိ ကတ္တရာလမ်းခင်းပေးထားပြီး ကျန်(၄)မိုင်ခန့်သည် အခုချိန်ထိ ကျောက်ချောလမ်း အဆင့်ပဲ ရှိနေပါသေးတယ်။ ဒါကြောင့် အသုဘပို့သည့် ယာဉ်များသည် ကတ္တရာလမ်းပေါ်မှာ သွားရေးလာရေး အဆင်ပြေကြပေမဲ့ တောင်ပေါ်လမ်းဖြစ်တဲ့ ကျောက်ချောလမ်းပေါ်မှာ နွေအချိန်မှာ ဖုန်ထပြီး မိုးရာသီတွင် လမ်းချော်နေတဲ့အတွက် ပြည်သူများအနေနဲ့ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရတဲ့အတွက် ကျန်ရှိနေသေးသည့် အဆိုပါ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဖြေကြားပေး ဖို့ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။**

လေးစားအပ်ပါ သော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးအားဖာမှ ကျိုင်းတုံမြို့ရှိ မီးသင်္ဂြိုဟ်စက်သို့ သွားရာ ကျောက်ချောလမ်းအား ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင်မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ကျိုင်းတုံမြို့ ဟွေဖျန်းသုသာန်သွားလမ်းသည် ကျိုင်းတုံ-တောင်ကြီး သွားလမ်းပေါ်ရှိ ယန်းလောကျေးရွာ၊ ဝေါ်ခုတ်မြို့သစ်မှ ဟွေဖျန်းသုသာန်သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး





လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ပထမ တံတားဖြစ်သည့် တံတားဖြူတံတားသည် လဲချားမြို့နယ်၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်တွင် တည်ရှိပြီး တံတားအမှတ်အဖြစ် ၄/၃၂ တံတားဖြူ တံတားဖြစ်ပါတယ်။ (၄) ပေအရှည်၊ (၂၂)ပေအကျယ်၊ အုတ်စီကမ်းကပ်ခုံ၊ သံကူကွန်ကရစ် တံတားဖြစ်ပါတယ်။ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်အခင်းများ ကြံ့ခိုင်မှု ရှိပြီး ယာဉ်များ ပုံမှန်သွားလာလျက် ရှိပါတယ်။ ကုန်တင်ကားကြီးများ ဖြတ်သန်းစဉ် တိုက်မိ၍ ပဲ့ကျနေသော ဘီးကာခုံတုံးအားလည်း ပြန်လည်ပြင်ဆင် ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် လွိုင်လင်-ပန်ကေတု-သီပေါလမ်းကို ကွင်းဆင်းစစ်ဆေးစဉ် အခါမှာ တံတားအောက်မှာ ရှိနေတဲ့ ရေမြောင်းဟာ လဲချားမြို့ထဲကို ဝင်ပြီးတော့ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် အသုံးပြုခဲ့တဲ့ ချောင်းပေါ်မှာ တည်ဆောက် ထားတဲ့ တံတားဖြစ်ပြီး နှစ်ပရိစ္ဆေတကြာမြင့်လာတဲ့အတွက် ချောင်းဟာ ကောပြီး တံတားနှင့် ရေထိလုထိခင် ဖြစ်နေပါတယ်။ ဒါကြောင့် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းပြီး ချောင်းကို နက်အောင် ပြန်လည် ဖော်ဆောင်ပေးမှသာ အဆင်ပြေမည့် တံတားဖြစ်ပါတယ်။ တံတားအနေနဲ့ ကြံ့ခိုင်မှု ကောင်းပါတယ်။

ဒုတိယတံတားဖြစ်သည့် တံတားအမှတ် ၄/၃၃ နမ့်ဗွီး တံတားသည် (၅၀)ပေအရှည် (၁၆)ပေ (၆)လက်မ အကျယ်ရှိပြီး ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား ဖြစ်ပါတယ်။ တံတားကြံ့ခိုင်မှု ကောင်းမွန် ပါတယ်။ ယာဉ်များ ပုံမှန်သွားလာလျက် ရှိပါတယ်။ ယာဉ်သွားလာမှု ပိုမိုလွယ်ကူချောမွေ့စေရန် တံတားအား (၁)လမ်းသွားမှ (၂)လမ်းသွား တံတားသစ် ပြန်လည် ပြင်ဆင်ဆောက်လုပ်ရန် အတွက် ၂၀၁၃-

ကတ္တရာလမ်း (၈၄၀)ပေ၊ ကျောက်ချောလမ်း ပေ(၁၀၀၀၀)၊ စုစုပေါင်း (၁၀၈၄၀)ပေ ရှည်လျားသော လမ်း (၁)လမ်း ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ငွေကျပ် (၆၁၇၀)သိန်းဖြစ်ပြီး ကျေးလက်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၁၀%) ငွေကျပ် (၆၁၇)သိန်းဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် လျာထား ရေးဆွဲပြီး ဖြစ်ပါတယ်-

(၁) နောင်ကုန်-ဝမ်လွဲလမ်းကျောက်ချောခင်းခြင်း
(၇၁၈၂ ပေ × ၁၀ပေ)

(၂) ဝမ်လင်-ပါကျင်လမ်း ကျောက်ချောခင်းခြင်း
(၃၅၈၀ ပေ × ၁၀ ပေ)

ဟွေဖျန်းသုသာန်သွားလမ်းအရှည် ပေ (၁၀၀၀၀)အား ကတ္တရာလမ်း အဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၁၁၄၀)သိန်းခန့် ကုန်ကျမည် ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအားဖာက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းအနေနဲ့ ဟဲဟိုးမြို့မှာ ရှိတဲ့ ဟဲဟိုးလေဆိပ်ကြီးမှာ ခရီးသည်နားနေခန်းများ/ သန့်စင်ခန်းများ ရှိပါတယ်။ ခရီးသည်နားနေခန်းနဲ့ သန့်စင်ခန်း တွေရဲ့ သန့်ရှင်းသပ်ရပ်မှုနဲ့ ပတ်သက်သည့် မေးခွန်းကို မေးမြန်းလိုပါတယ်။



D/real(wide) (8



**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဆိုတဲ့နေရာမှာ တာဝန်ယူရတဲ့ဌာနသည် ပြည်ထောင်စု ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မီးရထားဝန်ကြီးဌာန၊ ဝန်ကြီးဌာန (၃)ခုကို ရှမ်းပြည်နယ်အတွင်းမှာ တာဝန်ယူ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဥပဒေပြုရမည့် ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုထဲမှာ ပါပြီး ဇယား(၂)ထဲတွင် မပါဝင်ပါ။ ဇယား(၅)အရ ပြည်နယ်က ကောက်ခံရမည့် အခွန်အခ (၁၉)မျိုးထဲတွင် ပို့ဆောင်ရေး ဝန်ကြီးဌာနမှ တာဝန်ယူရသည့် လေဆိပ်နှင့် လေကြောင်းခရီးများ မပါဝင်ပါ။ ဒါကြောင့် ကျိုင်းတုံမြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ မေးမြန်းသည့်မေးခွန်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲရသည့် ပြည်ထောင်စု လုပ်ပိုင်ခွင့် ဖြစ်တဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားလာသည့်အဖြေကို ကိုယ်စား ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ဟဲဟိုးလေဆိပ်၌ ဝန်ထမ်းအင်အား (၅၁)ဦး ရှိပြီး လေကြောင်းထိန်း၊ လျှပ်စစ်၊ လေယာဉ်သက်ကယ်၊ မီးသတ်၊ စက်မှု၊ ငွေစာရင်းနှင့် ရုံးပစ္စည်းထိန်း၊ လုံခြုံရေး၊ X-ray Operator၊ CCTV Operator ၊ ယာဉ်စက်မောင်း၊ သန့်ရှင်းရေး စသည်ဖြင့်

တာဝန်များကို နေ့စဉ်ပိတ်ရက်မရှိ ထမ်းဆောင်လျက် ရှိပါသည်။ ဟဲဟိုးလေဆိပ် အဆောက်အဦ အရေးကြီးပုဂ္ဂိုလ် နားနေဆောင် (၂)ခု၊ သန့်စင်ခန်း (၄)ခန်း၊ ထွက်ခွာခရီးသည် ခေတ္တနားနေဆောင်တွင် (ကျား)သန့်စင်ခန်း (၃)ခန်း၊ (မ)သန့်စင်ခန်း (၃)ခန်း၊ ဆိုက်ရောက် ခရီးသည်ခန်းမတွင် (ကျား)သန့်စင်ခန်း (၂)ခန်း၊ (မ)သန့်စင်ခန်း (၂)ခန်း၊ Main Lobby ၌ (ကျား)သန့်စင်ခန်း (၂)ခန်း၊ (မ)သန့်စင်ခန်း (၅)ခန်း ရှိပါသည်။ ယင်းသန့်စင်ခန်းများတွင် သန့်ရှင်းရေးဝန်ထမ်းများအား ကျား၊ မ ခွဲခြား၍ အလှည့်ကျတာဝန်ထမ်းဆောင်စေပါသည်။ ၄င်းအခန်းများ အားလုံး အမြဲမပြတ် သန့်ရှင်းသပ်ရပ်နေစေရန်အတွက် တာဝန်ရှိသူ အဆင့်ဆင့် ကြီးကြပ်သူများမှ နေ့စဉ် ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက် ရှိပါသည်။

ဟဲဟိုးလေဆိပ် အဆောက်အဦး ရေရရှိရေးအတွက် လေဆိပ်မှ (၄)ဖာလုံကွာဝေးသော နေရာ၌ အဝီစိတွင်းမှာ Ground Tank တွင် ရေစုဆောင်း၍ ယင်းမှတဆင့် ရေတွန်းစက်ဖြင့် လေဆိပ်အဆောက်အဦး Ground Tank သို့ တင်ပို့ရပါသည်။ လေဆိပ်၌ ရေဂါလံ ၁၀၀၀၀ ဆံ့ Ground Tank (၂)ခု ရှိပါသည်။ ရေဂါလံ ၁၆၀၀ ဆံ့ ရေစင် (၃)ခု ရှိပါသည်။ ရေစင် အမှတ်(၁)သည် လေကြောင်းသက်ကယ်၊ မီးသတ်ကား အတွက် ဖြစ်ပြီး ရေစင်အမှတ် (၂)သည် အရေးကြီးပုဂ္ဂိုလ်ခန်းမ (၂)ခုနှင့် ထွက်ခွာခရီးသည် နားနေခန်းမအတွက် ဖြစ်ပါတယ်။ ရေစင်အမှတ် (၃)သည် ဆိုက်ရောက် ခရီးသည်ခန်းမနှင့် Main Lobby တို့အတွက် ဖြစ်ပြီး Ground Tank မှ ရေအမြဲမပြတ် ဖြည့်ထားသော ရေစင်များ ဖြစ်ပါသည်။ သန့်စင်ခန်းများ အားလုံးတွင် ရေပြတ်လပ်မှု မရှိစေရန် ဆောင်ရွက်ထားပြီး ရေစင်မှ အဆောက်အဦးသို့ ပေးပို့သော ပိုက်လိုင်းများတွင် တခါတရံ၌



D/real(wide) (8



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့မှာ ရှိတဲ့ ဟဲဟိုးလေဆိပ်ကြီးဟာ နိုင်ငံတော်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာမှု ဒုတိယအများဆုံး လေဆိပ်ကြီးဖြစ်ကြောင်း၊ လေ့လာ သိရှိထားပါတယ်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြတဲ့ အတွက် ပြည်နယ်အစိုးရမှ ရန်ပုံငွေများ အထိုက်အလျောက် ရရှိနိုင်သလို၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနဲ့ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင် ပြည်သူများ အလုပ်အကိုင်အဆင်ပြေပြီး နှစ်စဉ် ဝင်ငွေတိုးပွား ရရှိနိုင်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များနဲ့ ကမ္ဘာလှည့် ခရီးသည်များအတွက် စိတ်လက်ချမ်းသာ အဆင်ပြေစွာနဲ့ ခရီးသွားလာနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြဖို့လည်း လိုအပ်ပါတယ်။

ယခုမြင်တွေ့နေရတာကတော့ ကမ္ဘာလှည့်ခရီးသည်များ ရှမ်းပြည်နယ်သို့ ဝင်ရောက်လာရာ ဇကာပေါက်သဖွယ်ဖြစ်နေတဲ့ ဟဲဟိုးလေဆိပ်ရှိ ခရီးသည်များ ခေတ္တနားနေခန်းနဲ့ သန့်စင်ခန်းများမှာ သန့်ရှင်း သပ်ရပ်မှုအားနည်းပြီး အနံ့အသက်ဆိုးများ ထွက်နေခြင်း၊ သန့်စင်ခန်းများတွင် ရေမရှိခြင်း၊ ရေမလာခြင်း၊ စတဲ့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့နေရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ် မြို့တော်ရှိ ဟဲဟိုးလေဆိပ်ကြီးအား နိုင်ငံတော်နဲ့ ရှမ်းပြည်နယ်၏ ကျက်သရေ ဆောင်လေဆိပ်ကြီး အမြဲတစေ သန့်ရှင်းသပ်ရပ် နေသော လေဆိပ်ကြီးအဖြစ် ရပ်တည်နိုင်ရန် စီမံဆောင်ရွက်ထိန်းသိမ်းသွားရန် အစီအစဉ်များ ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ရေညှိများ ပိတ်ဆို့ခြင်း ကြောင့်သာလျှင် အဆောက်အဦးသို့ ခေတ္တရေမရောက်ခြင်း ဖြစ်ပါသည်။

ယင်းကဲ့သို့ ဖြစ်ပါလာပါက တာဝန်ကျဝန်ထမ်းများနှင့် ချက်ချင်း ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း ဖြေကြားပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်(၂)။** လေးစားရပါ သော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေ (၇၀)%ကျော်ဟာ ကျေးလက်နေ လူထုလူတန်းစားများ ဖြစ်ကြပြီးတော့ အများအားဖြင့် စိုက်ပျိုးရေးကို အခြေခံသော လုပ်ငန်းများနှင့် အသက်မွေး ဝမ်းကျောင်း ပြုကြရပါတယ်။ ဒီနေရာမှာ ကျေးလက်နေ ပြည်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နှင့် မြို့ပြ လမ်းပန်းဆက်သွယ်ရေးဟာ အဓိက အရေးကြီးနေတာကိုလည်း တွေ့ရှိရပါတယ်။ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ ကျေးရွာနှင့် မြို့ပြလမ်းများကို အဆင့်မြှင့်တင်ပေးနိုင်မည် ဆိုပါက ကျေးလက်နေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများကိုလည်း များစွာ အကျိုးသက်ရောက်မှု ရှိစေမှာ ဖြစ်ပါတယ်။

ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်မှုမှာ အဆင့်မြှင့် ကတ္တရာလမ်းကို လက်ရှိအခြေအနေအရ တောင်းဆိုနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့မြို့ရှိ လမ်းများတောင်မှ





ကျောက်ချောလမ်း အဆင့် မြှင့်တင်ပေး နိုင်မည်ကို မေးမြန်းချက်နှင့် စပ်လျဉ်း၍ အဆိုပါ လမ်းနှစ်လမ်းအား နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ဆောင်ရွက်လိုပါက မိုင်အကွာအဝေး၊ လမ်းကြောင်း ပေါ်တွင် ဆောင်ရွက် ပေးရမည့် (သစ်သား/ကွန်ကရစ်) တံတားအတိုင်းအတာ၊ ရေပြွန်အရေအတွက် တိတိကျကျ ဖော်ပြ၍ ခန့်မှန်းငွေစာရင်း ပေးပို့တင်ပြရန် လိုအပ်မည် ဖြစ်ပါတယ်။

ယင်းခန့်မှန်းခြေစာရင်း တင်ပြထားသည့်လုပ်ငန်း ခွင့်ပြုပါက နတလ၏ မြေ/ကျောက်/ကတ္တရာ (၁)မိုင် သတ်မှတ်နှုန်းထား အတိုင်းသာ ရန်ပုံငွေ ခွင့်ပြု ပေးမည်ဖြစ်ပြီး အဆိုပါ ကန့်သတ်ရန်ပုံငွေဖြင့် ဒေသခံများမှ တာဝန်ယူ အကောင် အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ နယ်စပ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လိုပါက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် မထပ်စေရန် စိစစ်၍ ဥက္ကဋ္ဌ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီသို့ လိပ်မူပြီး တွက်ချက်စိစစ် ပေးပို့ရပါမည်။ တွက်ချက်တင်ပြမှုများ ပြည့်စုံပါက အနီးစပ်ဆုံး စီမံကိန်းနှစ်တွင် ထည့်သွင်းလျာထား တင်ပြပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းကျော်ဇေယျက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်တို့ လဲချားမြို့နယ်ဟာ တည်ငြိမ်အေးချမ်း လာသည်နှင့်အမျှ ပညာရေးကဏ္ဍ တိုးတက်လာရန်လည်း လိုအပ်လျက် ရှိပါတယ်။ လဲချားမြို့နယ်၊ ပန်ဆန်းကျေးရွာအုပ်စုမှာ

အခုထိ အစိုးရကျောင်း တစ်ကျောင်းမှ မရှိသေးပါ ခင်ဗျာ။ ဒါကြောင့် လဲချားမြို့နယ်၊ ပန်ဆန်းကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အား မည်သည့် အချိန်ကာလတွင် ဖွင့်လှစ်ပေးနိုင်မည်ကိုလည်း သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၏ လဲချားမြို့နယ်၊ ပန်ဆန်းကျေးရွာ၊ နောင်လိုင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်အား မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေး နိုင်မည်ကို သိရှိလိုပါသည်ဟူသောမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ်၊ ပန်ဆန်းကျေးရွာအုပ်စု၊ နောင်လိုင် ကျေးရွာတွင် ကျောင်းသား (၂၇)ဦး ရှိပါသော်လည်း၊ ကျောင်း (Sanction) မရှိပါသဖြင့် အခြားရွာများရှိကျောင်းသို့ ကျောင်းသွားတက်ရပါသည်။ ကျောင်း(Sanction) ရရှိရေး အတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက် ထားပြီး ဖြစ်ပါသည်။ ကျောင်း (Sanction) ရရှိပါက အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဖွင့်လှစ်ပေးနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (8



ကတ္တရာလမ်းများအားလုံး မခင်းနိုင်တဲ့ အခြေအနေ ဖြစ်ပါ တယ်။ သို့ပါသော်လည်း ကျေးရွာချင်းဆက်လမ်းများကိုတော့ ကျေးရွာနေ ပြည်သူ များရဲ့ ရာသီထွက်သီးနှံများ မြို့ပေါ်သို့ အချိန်မီလာရောက် ရောင်းချနိုင်ရေး အတွက် ရာသီမရွေးသွားနိုင်မဲ့ အနိမ့်ဆုံး ကျောက်ချောလမ်း အဆင့်ကို တာဝန်ရှိ ဝန်ကြီးဌာနအနေနဲ့ အလေးထားတိုးမြှင့် ဆောင်ရွက်ပေး နိုင်ပါရန် ပြည်သူများ လိုလား တောင့်တနေလျက် ရှိပါတယ်ခင်ဗျာ။

ထို့ကြောင့် ကျွန်တော်တို့ လဲချားမြို့နယ်အတွင်းမှာလဲ ဝမ်စေ့ကျေးရွာ အတွင်းရှိ မတ်လန်းတောင်ပေါ် ကျေးရွာချင်းဆက် လမ်းနဲ့ ဝမ်ပန်း-ဝမ်ယိန်း ကျေးရွာချင်းဆက်လမ်းများကို မည်သည့်အချိန်ကာလတွင် ကျောက်ချောလမ်း အဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျာ၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ ခင်ဗျာ။ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ဦးစိုင်းကျော်ဇေယျ၏ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားပါမယ်။

လဲချားမြို့နယ်အတွင်းရှိ မတ်လန်းကျေးရွာမှ တတ်မောက် ကျေးရွာ ဆက်သွယ်သည့်လမ်းနှင့် ဝမ်ပန်းကျေးရွာမှ ဝမ်ယိန်း ကျေးရွာသို့ ဆက်သွယ်သည့် လမ်းများအား မည်သည့်အချိန်တွင်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်း တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** ယနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက် လာကြတဲ့ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင် ဖြစ်ပါတယ်။ ကျွန်တော် ယနေ့ ဆွေးနွေးတင်ပြပြီး အတည်ပြုချက်ရယူဖို့တင်ပြမဲ့ကိစ္စကတော့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (မူကြမ်း) အတည်ပြုရေး ကိစ္စဖြစ်ပါတယ်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေနဲ့ ပတ်သက်လို့ ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၂၅)ရက်နေ့မှ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်လာကြသူများအားလုံး လေ့လာဖတ်ရှုအကြံပြုဆွေးနွေးနိုင်ဖို့ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ (မူကြမ်း)ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။





ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့တဲ့ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)စာအုပ်၊ နေပြည်တော်စည်ပင်သာယာရေး ဥပဒေ (မူကြမ်း)စာအုပ်၊ ယနေ့အစည်းအဝေးမှာ အတည်ပြုချက်ရယူမဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)စာအုပ်၊ စုစုပေါင်းစာအုပ် (၃)အုပ် ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။

ရှေးဦးစွာ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဥပဒေနဲ့ ပတ်သက်လို့ ဥပဒေအမည် ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ ဆွေးနွေး တင်ပြလိုပါတယ်။ ယခင် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေမှာ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေဟု ခေါ်ဝေါ် သတ်မှတ်ခဲ့ပြီး ယနေ့တင်ပြခဲ့တဲ့ စည်ပင်သာယာရေး ဥပဒေမှာတော့ အဖွဲ့ဆိုတဲ့စာသား ထည့်သွင်းခြင်း မပြုတော့ပဲ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေဟု အတည်ပြုသတ်မှတ်ခဲ့ပါတယ်။

**အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်** အပိုင်းမှာလည်း ပုဒ်မ (၁)၊ ပုဒ်မခွဲ (ခ)မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၅၆)အရ သတ်မှတ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (၁)တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုမှာ သီးခြားစည်ပင်သာယာရေး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၈ (ဃ)အရ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ စည်ပင်သာယာရေး ဥပဒေ ပြဋ္ဌာန်းချက်ချင်း ဆန့်ကျင်ခြင်း မရှိစေဖို့ ပြဋ္ဌာန်းရေးဆွဲထားပါကြောင်း တင်ပြလိုပါတယ်။

ဥပဒေပုဒ်မ (၂) ဥပဒေစကားရပ် အခေါ်အဝေါ်နဲ့ ပတ်သက်လို့ ပြည်နယ် ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ၊ ပစ္စည်းခွန်၊ ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ နှစ်စဉ် ဆိုင်ငှားရမ်းခ တန်ဖိုး စသည်ဖြင့်

စကားရပ်အခေါ်အဝေါ်များပိုမို ပြည့်စုံအောင် ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ မြို့နယ်ခွဲကို သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိတဲ့အတွက် မြို့နယ်ခွဲ စည်ပင်သာယာရေး ဌာနကို ဥပဒေပြဋ္ဌာန်းချက်များမှာ ထည့်သွင်းပြဋ္ဌာန်းခြင်း မပြု တော့ပါကြောင်းနှင့် မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများကို သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ အခါမှာ ကြီးကြပ်ဆောင်ရွက် သွားမှာ ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာန ထည့်သွင်းပြဋ္ဌာန်းခြင်း မရှိတော့သလို မြို့နယ်ခွဲဌာန၊ ရုံးအကြီးအကဲဖြစ်တဲ့ မြို့နယ်ခွဲ တာဝန်ခံ စကားရပ်ကိုလည်း အဓိပ္ပာယ် ဖော်ပြတဲ့အပိုင်းမှာ ထည့်သွင်းပြဋ္ဌာန်းခြင်း မပြုပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၂)၊ ရည်ရွယ်ချက်များ** အပိုင်းကတော့ ထပ်မံပြင်ဆင်ခြင်း မရှိပဲ ယခင်တင်ပြခဲ့တဲ့အပိုင်းပဲ ဖြစ်ပါတယ်။

**အခန်း(၃)၊ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း** အပိုင်းတွင် စည်ပင်သာယာရေးဥပဒေမှာ အဖွဲ့ဖွဲ့စည်းခြင်းကို ထည့်သွင်းပြဋ္ဌာန်းရန် မလိုအပ်သည့်အတွက် ပယ်ဖျက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ ဥပဒေစာအုပ်ပါ အခန်း(၃)၊ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း အပိုင်းမှာတော့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းမည့် ကိစ္စများ ပြဋ္ဌာန်းထားပါတယ်။ ပြည်နယ်စည်ပင်သာယာရေးကော်မတီတွင် နိုင်ငံသားကော်မတီဝင် (၁၁)ဦး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတွင် နိုင်ငံသားကော်မတီဝင် (၇)ဦးတို့နဲ့ ရွေးချယ် ခန့်ထားသော နည်းလမ်းအရ ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။



D/real(wide) (8



လွှတ်တော်မှာ တင်ပြခဲ့တဲ့ ဥပဒေ (မူကြမ်း)ကို ကျွန်တော်နဲ့ ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနတို့က ထပ်မံစိစစ်ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို တင်ပြခဲ့ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှလည်း ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)ကို ဥပဒေပုဒ်မ (၂၂)ခုနှင့် ပုဒ်မခွဲ စာသားစာပိုဒ်များ ပြင်ဆင်အကြံပြု ပေးခဲ့ပါတယ်။ နေပြည်တော် စည်ပင်သာယာရေးဥပဒေ (မူကြမ်း)ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အများပြည်သူ လေ့လာသိရှိဖို့ ၂၀၁၃ ခု၊ မတ်လ ၁၈ ရက်နေ့မှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေး ဥပဒေ (မူကြမ်း)ကို လေ့လာဖတ်ရှုတဲ့အခါမှာလည်း ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအတွက် ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားရပ် အဓိပ္ပာယ်များ ပိုမိုပြည့်စုံတဲ့ စည်ပင်သာယာရေး ဆိုင်ရာ ဥပဒေစာသား၊ ရှင်းလင်းချက်များ ရရှိခဲ့ပြီး ရှမ်းပြည်နယ် စည်ပင် သာယာရေးဥပဒေ (မူကြမ်း) ရေးဆွဲတဲ့အခါမှာလည်း ဥပဒေပုဒ်မ၊ ပုဒ်မခွဲများ စည်ပင်သာယာရေးဥပဒေဆိုင်ရာ အချက်အလက်များ မှီငြမ်းပြီး ပိုမိုပြည့်စုံအောင် ထပ်မံပြင်ဆင် ရေးဆွဲနိုင်ခဲ့ပါတယ်။

နေပြည်တော် စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ကို မှီငြမ်းပြီး ပြင်ဆင်ဖြည့်စွက်ခဲ့တဲ့ ဥပဒေ၊ ပုဒ်မ၊ ပုဒ်မခွဲနဲ့ ဥပဒေစာသား ရှင်းလင်းချက်တွေ ကတော့ ဥပဒေပုဒ်မ (၁၇)ခုနှင့် ပုဒ်မခွဲ၊ ဥပဒေစာသား၊ ရှင်းလင်းချက်များ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ(မူကြမ်း)ကို ယနေ့ ပြည်နယ်လွှတ်တော် အစည်းအဝေးမှာ တင်ပြပြီး အတည်ပြုချက် ရယူသွားမှာ ဖြစ်တဲ့အတွက် အခန်းလိုက်၊ ပုဒ်မအလိုက် အကျဉ်းချုပ် တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်လာသူ လွှတ်တော် ကိုယ်စားလှယ် များကိုလည်း ပြည်ထောင်စု

အဖွဲ့ဝင်ဦးရေ အတိအကျ ပါဝင်မည့် နိုင်ငံသားကော်မတီဝင်များနဲ့ ရာထူး၊ တာဝန်များကတော့ ဖော်ပြပါအတိုင်း ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ (၁၂)တွင် ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီ၏ သက်တမ်းသည် (၅)နှစ်သက်တမ်းဖြစ်ပြီး ပြည်နယ်လွှတ်တော် သက်တမ်း အတိုင်းဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ (၁၄)တွင် ဝန်ကြီးဌာနသည် မြို့နယ်ကော်မတီဝင်တို့အား ရွေးချယ်ခန့်ထားရေး၊ အစားထိုး ရွေးချယ်ခန့်ထားရေးတို့နှင့် ပတ်သက်ပြီး နည်းဥပဒေများ ထုတ်ပြန်ရမည်ဟု ပြဋ္ဌာန်းထား ပါတယ်။

**အခန်း (၄)၊ လုပ်ငန်းတာဝန်များ** အပိုင်းတွင် လုပ်ငန်းတာဝန် (၃၃)ချက် ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အသေးစိတ် အချက်အလက်များမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။

**အခန်း (၅)၊ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များ** နှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်တာဝန် (၁၅)ချက်ကို ပုဒ်မ (၂)ခု၊ ပုဒ်မခွဲ (၁၅)ခုဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အသေးစိတ်အချက်အလက်များမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ အခန်း(၅)၊ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များအပိုင်းမှာ ထူးခြားတဲ့ လုပ်ငန်းလုပ်ပိုင်ခွင့် ပုဒ်မခွဲများမှာ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဆ) (ဇ)တို့မှာ မြို့နယ်ကော်မတီနှင့် ဝန်ထမ်းများ ပြည်တွင်း၊ ပြည်ပသင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ လေ့လာရေးခရီးစဉ် စေလွှတ်ခြင်းကိစ္စများ၊ သစ်ပင်၊ ပန်းပင်၊ မြက်ခင်းများ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း မပြုရန် ကိစ္စများ၊ စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ စသည့် ဇုန်များဖွင့်လှစ်သည့် ကိစ္စများ ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၆)၊ အခွန်စည်းကြပ်ကောက်ခံခြင်း** အပိုင်းတွင် ပြင်ဆင်ပြဋ္ဌာန်းထားတဲ့ အပိုင်းမရှိပါဘူး။ ယခင်အတိုင်းပဲ



D/real(wide) (8



**အခန်း(၉)၊ ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း** အပိုင်းမှာ ယခင် အတိုင်းပဲဖြစ်ပြီး ထူးခြားမှုအနေနဲ့ ပုဒ်မ ၄၀ မှာ ရှမ်းပြည်နယ် နယ်နိမိတ်နဲ့ ဆက်စပ် နေတဲ့ နေပြည်တော်နယ်နိမိတ်၊ အခြား တိုင်းဒေသကြီး/ ပြည်နယ် နယ်နိမိတ်တို့ အကြားမှာ ကူးတို့လုပ်ငန်း တည်ရာ ဒေသနှင့် ကူးတို့လုပ်ငန်းများကို အဆင်ပြေစွာ ညှိနှိုင်းကြီးကြပ်နိုင်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တဆင့် သက်ဆိုင်ရာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းနိုင်ပါကြောင်း ထည့်သွင်းပြဋ္ဌာန်း ထားသည့် အခြေအနေကို တင်ပြအပ်ပါတယ်။

**အခန်း(၁၀)၊ တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း** အပိုင်းမှာ ယခင်အတိုင်းပဲဖြစ်ပြီး ထူးခြားမှုအနေနဲ့ ပုဒ်မ (၄၃)မှာ အသား ရောင်းချခြင်းကို ကြီးကြပ်တဲ့ အပိုင်းမှာ ကြက်၊ ဘဲ၊ ငါး၊ အသား ရောင်းချခြင်းကို ကြီးကြပ်ရန် ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၁၁)၊ ကြီးကြပ်ခြင်းတွင်** ကျန်အပိုင်းများမှာ ယခင်အတိုင်းပဲ ဖြစ်ပြီးတော့ ပြည်နယ်ကော်မတီကို ဥပဒေမှာ ပြဋ္ဌာန်းဖွဲ့စည်းထားတဲ့အတွက် ပြည်နယ်ကော်မတီက အစိုးရအဖွဲ့ ဝန်ကြီးဌာနကိုယ်စားလှယ်အဖြစ် မြို့နယ် စည်ပင်သာယာရေးဌာန လုပ်ငန်းများအား ကြီးကြပ်မှာ ဖြစ်ကြောင်း ထည့်သွင်း ပြဋ္ဌာန်းထားကြောင်း တင်ပြလိုပါတယ်။

**အခန်း (၁၂)၊ အယူခံဝင်ခြင်း** အပိုင်းတွင် ယခင်အတိုင်း ပြဋ္ဌာန်း ရေးဆွဲထားပါကြောင်းနှင့် ထူးခြားမှု အနေနဲ့ ပုဒ်မ ၅၂ မှာ ပြည်နယ် ကော်မတီက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်ဟု ပြဋ္ဌာန်းထား ပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၁၃)၊ ဘဏ္ဍာရေးနှင့် ပတ်သက်၍** ယခင်ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းနှင့် ယခုဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း မတူတော့တဲ့အတွက် ယခု ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဥပဒေမှာ ပြဋ္ဌာန်းရေးဆွဲထားပါကြောင်း တင်ပြအပ်ပါတယ်။ ထူးခြားမှုအနေနဲ့ ကျေးလက် ဖွံ့ဖြိုးရေးဘဏ်၊ ယခင် စည်ပင်သာယာရေးဘဏ် ထူထောင်ခွင့်၊ မြို့နယ်များမှ ဘဏ်ငွေ ရင်းနှီးမြှုပ်နှံခွင့် ထည့်သွင်းရေးဆွဲထားပြီး ပုဒ်မ ၅၈ မှာ နယ်စပ် ဖြတ်သန်းခ ၁၀ ရာခိုင်နှုန်း ရရှိတဲ့ ဌာနရန်ပုံငွေ သုံးစွဲမှုကိုလည်း လက်ရှိကာလ ငွေစာရင်း လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီအောင် ထည့်သွင်း ပြဋ္ဌာန်းရေးဆွဲထားပါ ကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၁၄)၊ဝန်ထမ်းဖွဲ့စည်းပုံ** အခန်းမှာလည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ ပြည်နယ်၊ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေး ဌာနဝန်ထမ်းများ ဖွဲ့စည်းပုံ၊ ရာထူးခန့်ထားမှု၊ စသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်ကို လက်ရှိ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း တင်ပြလိုပါတယ်။

**အခန်း (၁၅)၊ ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း** အပိုင်းမှာလည်း လက်ရှိ ကျင့်သုံးလျက်ရှိတဲ့ ဘဏ္ဍာရေးစည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ စာရင်းစစ်ဆေးခြင်း ကိစ္စများကို ပြည်စုံအောင် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း (၁၆)၊ တားမြစ်ချက်များ** အပိုင်းမှာတော့ အချက်အလက် ပိုမိုပြည့်စုံစေရန် ပုဒ်မ ၆၆၊ ပုဒ်မခွဲ (င)တွင် လူသွားစင်္ကြံန်ဖောက်လုပ်ခြင်းကိစ္စ၊ ပုဒ်မခွဲ(စ)မှာ လမ်းမြေကို





ဖြစ်ပါတယ်။ ထူးခြားသည့်အပိုင်းမှာ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)မှာ ယခင်အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန် ဥပဒေစာသားကို ခေတ်နှင့် ပိုမိုလျော်ညီအောင် နေအိမ်တွင် လုံခြုံမှုကြောင့်လည်းကောင်း၊ အဖော်အဖြစ်လည်းကောင်း မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကောက်ခံသည့် အခွန်ဥပဒေစာသားနှင့် ပြောင်းလဲပြင်ဆင် ထားပါကြောင်း တင်ပြလိုပါတယ်။

**အခန်း (၇) စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း** အပိုင်းတွင် ပုဒ်မ ၆ ခု၊ ပုဒ်မခွဲ ၂၁ ခုတို့ဖြင့် ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅၊ ပုဒ်မခွဲ (င) (စ)(ဆ)တို့မှာ ရေနံသုတ်စေခြင်း၊ ဝင်းခြံကို မြို့အင်္ဂါရပ်နှင့် အညီ ဖြစ်စေရန် ပြင်ဆင် တည်ဆောက်ခြင်း၊ ထွက်ပေါ်လာသည့် အမှိုက်သရိုက်များ၊ ရှင်းလင်းစေခြင်း စသည့် ဥပဒေကို ပိုမိုပြည့်စုံစေသည့် ဥပဒေစာသားများ၊ ထည့်သွင်းပြဋ္ဌာန်းထား ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဃ)မှာ အများပြည်သူ၊ ပျော်ပွဲ၊ ရွှင်ပွဲအဆောက် အအုံတို့ကို ကြီးကြပ်သည့် အပိုင်းတွင် အချက်အလက်များ ပိုမိုပြည့်စုံအောင် ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၉ တွင် ယခင်ဥပဒေပါ သုဿာန် စာသားအစား ဈေးသို့မဟုတ် သုဿာန်၊ အမှိုက်စွန့်ပစ်ရန် မြေကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အပိုင်းများမှာ ဥပဒေ ပိုမိုပြည့်စုံအောင် ဥပဒေစာသား ပြဋ္ဌာန်းထား ပါကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ ၃၀ တွင် မြို့နယ်ကော်မတီသည် ဖျက်သိမ်းလိုက်သည့် မြေနေရာ ဟောင်းများကို စည်ပင်သာယာရေး လုပ်ငန်းများအတွက် သင့်လျော်သလို အသုံး ပြုနိုင်ကြောင်း ပိုမိုပြည့်စုံအောင် ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း တင်ပြ လိုပါတယ်။

**အခန်း (၈)၊ အနေ့းယာဉ်များစီမံခန့်ခွဲခြင်း** အပိုဒ်မှာ ယခင်အတိုင်းပဲ ပြဋ္ဌာန်းရေးဆွဲ ထားပါကြောင်း တင်ပြအပ်ပါတယ်။

တူးဆွခြင်း၊ လမ်းမြေပေါ် ကွန်ကရစ်ခင်းခြင်း၊ ကုန်းကျော်၊ မြောင်းကျော်တံတား ဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး စည်ပင်သာယာရေး ဌာနများမှ ထိထိရောက်ရောက်ကြီးကြပ်နိုင်ဖို့ ပြင်ဆင်ထည့်သွင်း ရေးဆွဲထား ပါကြောင်း တင်ပြလိုပါတယ်။ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (င)မှာ အရိပ်ရ အပင်များ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း၊ မြက်ခင်းများ ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်းများ မပြုစေရန် ပုဒ်မခွဲအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၁၇)၊ စီမံခန့်ခွဲရေးနည်းလမ်းအရ ပြစ်ဒဏ်ချမှတ်ခြင်း** အခန်းမှာ စီမံခန့်ခွဲရေး ဒဏ်ရိုက်နိုင်သော ဥပဒေပုဒ်မ၊ ပုဒ်မခွဲများအလိုက် ခွဲခြား ဖော်ပြထားပြီး ပထမအကြိမ် ပြစ်မှု ကျူးလွန်ပါက စီမံခန့်ခွဲမှု ဒဏ်ရိုက်မှာ ဖြစ်ပြီး၊ လိုအပ်ချက်ပေါ် မူတည်ပြီး သတိပေးခြင်း၊ လိုင်စင်မှတ်ပုံတင် လက်မှတ်များအား အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ခွင့်ပြုချက်များ ပယ်ဖျက်ခြင်း တို့ဖြင့် အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒဏ်ကြေးကိုလည်း ယခင် ဥပဒေမှာ အနည်းဆုံး ကျပ် ၁၀၀ မှ အများဆုံး ကျပ် ၁၀၀၀ အထိ သတ်မှတ်ခဲ့ပြီး ယခုဥပဒေမှာတော့ ဒဏ်ကြေးကို အနည်းဆုံး ကျပ် ၁၀၀၀မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဒဏ်ရိုက်နိုင်ရန် ခေတ်ကာလနှင့်အညီ ထည့်သွင်းပြဋ္ဌာန်း ထားပါ ကြောင်း တင်ပြအပ်ပါတယ်။

**အခန်း(၁၈)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ** အပိုင်းမှာ ကျွဲ၊ နွား သတ်ဖြတ်ခြင်း၊ သားရေ လက်ဝယ်ထားရှိခြင်း တားမြစ်ချက်အပိုင်းမှာ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပါက ယခင်ဥပဒေများမှာ ပုဒ်မ (၉)ခုမှာ ငွေဒဏ်အချို့နဲ့ ပုဒ်မ(၂) ခုမှာ ထောင်ဒဏ်များ ပြဋ္ဌာန်းခဲ့သော်လည်း ယခုဥပဒေမှာ ထောင်ဒဏ် အနည်းဆုံး (၆)လမှ အများဆုံး (၃)နှစ်အထိ ဒဏ်ငွေကျပ်





**အခန်း(၁၉)၊ အထွေထွေ** အပိုင်းမှာတော့ ယခင် အတိုင်းပဲ ပြဋ္ဌာန်း ထားပြီး ပုဒ်မ ၈၅ မှာ စည်ပင် သာယာရေး လုပ်ငန်းကို စည်ပင်သာယာရေးဌာန (၂)ခု သို့မဟုတ် (၂)ခုထက် ပိုသော ဌာနများ လုပ်ငန်းပူးပေါင်း ဆောင်ရွက် မည်ဆိုလျှင် ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် ဆက်စပ် ဆောင်ရွက်မည်ဆိုလျှင် ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် ခေတ်ကာလနှင့် လျော်ညီအောင် ရေးဆွဲပြဋ္ဌာန်းထား ပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ ၈၆ မှာ ယခင် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ ဖွဲ့စည်းထား သော စည်ပင်သာယာရေးဌာန ရန်ပုံငွေနဲ့ ပစ္စည်းများကို လက်ရှိမြို့နယ် ကော်မတီ ကဆက်ခံရမှာ ဖြစ်ကြောင်း ခေတ်ကာလနှင့် လျော်ညီစွာ ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ် ပါတယ်။ ပုဒ်မ ၈၉ မှာ ဝန်ကြီးဌာနမှ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများ၊ ထုတ်ပြန်နိုင်ကြောင်း၊ ဝန်ကြီးဌာန၊ ပြည်နယ်ကော်မတီ၊ မြို့နယ်ကော်မတီတို့မှ စည်းမျဉ်းများ၊ အမိန့်ညွှန်ကြားချက်များ သတ်မှတ်ထုတ်ပြန် နိုင်ကြောင်း ခေတ်ကာလနှင့်အညီ ပြင်ဆင်သတ်မှတ် ပြဋ္ဌာန်းထားပါကြောင်း တင်ပြ အပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနအနေနဲ့ မြို့နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနမှ စည်ပင်သာယာရေး လုပ်ငန်းများကို ခေတ်ကာလ နှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ၊ အမိန့်၊ နှင့် ညွှန်ကြားချက်များကို အထူးကြိုးပမ်း ဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိတင်ပြတဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေး

ဥပဒေ(မူကြမ်း)ကို အချက် အလက် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ခေတ်ကာလနှင့် လျော်ညီမှု ရှိအောင် ရေးဆွဲ ပြဋ္ဌာန်းထားပါတယ်။

တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဓိကကျတဲ့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေကို အတည်ပြုနိုင်ရန် လိုအပ်တဲ့ အချက်အလက်များ၊ ဖြည့်ဆည်းပြင်ဆင်ပေးကြရန်နှင့် လိုအပ်တဲ့ အကြံပြုချက်များ ရှိခဲ့လျှင်လည်း အကြံပြုပေးကြဖို့ တင်ပြအပ်ပါတယ်။ လိုအပ်တဲ့ အကြံပြုချက်များ ပြင်ဆင်ဖြည့်ဆည်းမည့် အချက်အလက်များ ပြင်ဆင်အကြံပြု ပေးပြီးသည့်နောက်တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေကို ယခုကျင်းပ လျက်ရှိတဲ့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှ အတည်ပြုပေးနိုင်ပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို အထူးကျေးဇူးတင်ပါတယ် ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ် များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရက တင်သွင်းခဲ့သော ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ( ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။



D/real(wide) (9



(၅)သိန်းထက်မပိုသော ဒဏ်ငွေ၊ ပြစ်ဒဏ် (၂)ခုလုံး ကျခံရန် ခေတ်ကာလနှင့်အညီ ထည့်သွင်းပြဋ္ဌာန်း ထားပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ ၇၈၊ ၇၉၊ ၈၀၊ ၈၁ တို့မှာလည်း နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်မည်ဆိုလျှင် ယခင်ပြစ်ဒဏ် အပိုင်း (၃) ပိုင်း ခွဲခြားပြီး ထောင်ဒဏ်ပြစ်ဒဏ်နှင့် ပတ်သက်၍ အချို့ ပြစ်ဒဏ်အပိုင်းမှာ ထည့်သွင်း ပြဋ္ဌာန်းထားခြင်း မရှိပါ။ ယခုဥပဒေမှာတော့ တားမြစ်ချက် ပုဒ်မများအားလုံးမှာ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရမည်ဆိုလျှင် ထောင်ဒဏ် (၃)လ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်၊ ဒဏ်ငွေ ကျပ် (၄)သိန်း၊ (၂)သိန်း စသည်ဖြင့် ခေတ်ကာလနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်းနှင့် ပြစ်မှုကျူးလွန်ပြီး ဆက်လက်ဖောက်ဖျက် ကျူးလွန်ခြင်း၊ ပျက်ကွက်ခြင်းနှင့် အသီးသီးအတွက် တစ်နှစ်လျှင် အနည်းဆုံး ဒဏ်ငွေ ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်နိုင်ကြောင်းကို ပြဋ္ဌာန်းရေးဆွဲထားပါကြောင်း တင်ပြ အပ်ပါတယ်။ တားမြစ်ချက်ကို ကျူးလွန်တဲ့အပိုင်းမှာလည်း အဆောက်အဦး ကိစ္စပါမည်ဆိုလျှင် သတ်မှတ်ရက် (၇)ရက် သို့မဟုတ် (၃) ရက်အတွင်း အဆောက် အဦး ဖျက်သိမ်းရမှာ ဖြစ်ပြီး လိုက်နာခြင်း မရှိက မြို့နယ်ကော်မတီအစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားရေး ထည့်သွင်းပြဋ္ဌာန်း ထားပါကြောင်း တင်ပြအပ်ပါတယ်။ ထူးခြားတဲ့ ပုဒ်မအနေနဲ့ ပုဒ်မ ၈၄ မှ ပြည်နယ်ကော်မတီ၊ မြို့နယ်ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၊ မြို့နယ်ကော်မတီ၏ ဝန်ထမ်းကို ဤဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များအား သဘောရိုးဖြင့် ကျင့်သုံး ဆောင်ရွက်ခြင်းအတွက် ပြစ်မှုကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း တရားစွဲဆိုခံရခြင်း မရှိစေရ ဥပဒေစာသားအား စာပိုဒ်တွင် ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင် ဖွဲ့စည်းနိုင်ရန်” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **“ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေးကော်မရှင် ဖွဲ့စည်း နိုင်ရန် ”**အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

ဒါကြောင့် အဆိုကို ဆွေးနွေးရန်အတွက် မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပေးပို့ အပ်ပါတယ်။



D/real(wide) (9



ပါဝင်သော ကဏ္ဍ(၈)ရပ်ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး အတွက် လေ့လာသုံးသပ် ဆောင်ရွက်ရန် လိုအပ်ဦးမည်ဟု ယူဆရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပေးအပ်ထားသည့် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်နယ်၊ နယ်မြေသဘာဝအခြေအနေ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ များနှင့် လိုက်လျောညီထွေမှု ရှိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်ပါက ပြည်သူလူထုများအတွက် ပိုမိုသက်ရောက်မှု ရှိပြီး အကျိုးပိုမို ဖြစ်ထွန်းလာမှာ ဖြစ်သည့်အပြင် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ပိုမိုအကျိုးရှိလာမည်ဟု ယုံကြည်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲတွင် ဥပဒေ ပညာရှင်များ အလွန်နည်းပါး ပါတယ်။ ဥပဒေနှင့် စပ်လျဉ်းပြီး အတွေ့အကြုံ များလည်း နည်းပါးကြပါတယ်။ ဥပဒေရေးရာ စာအုပ်စာတမ်းများ ဖတ်ရှု လေ့လာမှု နည်းပါးမည်ဟုလည်း ယုံကြည်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ စုပေါင်းဆောင်ရွက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် တစ်ဦးနှင့် တစ်ဦးဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု နည်းပါး တာကိုလည်း တွေ့ရှိရတဲ့အတွက်ကြောင့် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်ပြီး လေ့လာသုံးသပ်ရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ် (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်-

(က) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁) ဦး — ဥက္ကဋ္ဌ

(ခ) ပြည်နယ်ဥပဒေရုံးမှ ဒုညွှန်မှူး (၁)ဦး — အဖွဲ့ဝင်

( ဂ ) ပြည်နယ်တရားရုံးမှ ဒုညွှန်မှူး (၁)ဦး အဖွဲ့ဝင်

(ဃ) သင့်လျော်သည့်ပြင်ပပုဂ္ဂိုလ် (၃)ဦး အဖွဲ့ဝင်

( င ) ပြည်နယ်ဥပဒေပြုအရာရှိ (၁)ဦး အတွင်းရေးမှူး

အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဆိုလျှင် အလွန်သင့်လျော်မှန်ကန်မည့် အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ပါ၍ ကျွန်တော့်အနေဖြင့် လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်ကို လေးနက်စွာ ထောက်ခံရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

## အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုနှင့် စပ်လျဉ်း၍ ကျွန်တော့်အနေနဲ့ အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၂၁ မှာ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးကို လေ့လာတင်ပြနိုင်ရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်





ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေးကော်မရှင် ဖွဲ့စည်းနိုင်ရန် အဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

အခြေခံဥပဒေပုဒ်မ ၁၆၇ (က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးကို လေ့လာတင်ပြ နိုင်စေရန်အတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်း ထားသည့်အပြင် ပုဒ်မ ၁၆၇ (ခ)ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် အထက်ပါ ကော်မတီနှင့် အဖွဲ့များတွင် သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် သက်တမ်း (၂)နှစ် ကာလအတွင်းမှာ ဒေသန္တရစီမံကိန်း(၂)ခု၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (၃)ခုနှင့် ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း(၁)ခု စုစုပေါင်း (၆)ခု၊ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီ့အပြင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့် ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်းများကိုလည်း လွှတ်တော် အတွင်းမှာ တင်ပြ၊ ချပြပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဥပဒေပြုရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်လျက် ရှိသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ အရ ပြည်နယ်ဥပဒေပြုစာရင်းတွင်

များ စိစစ်ရေးကော်မတီကို ဖွဲ့စည်း ဆောင်ရွက်လျက် ရှိပါတယ်။ ယခုထပ်မံဖွဲ့မည့် ကော်မရှင်သည် ပြီးခဲ့သည့် ကော်မတီများမှ အလုပ်လုပ်ကိုင်ခြင်း မပြုပဲ၊ ဖွဲ့စည်းခြင်း မဟုတ်ပါ။ ဥပဒေပြုရေးဆိုင်ရာကော်မတီကို ယခုဖွဲ့စည်းမည့် ကော်မရှင်မှ အားဖြည့်ဆောင်ရွက်မည့် အနေအထားဖြစ်သည့်အတွက် ဤကော်မရှင်ကို ဖွဲ့စည်းသင့်သည်ဟု သုံးသပ် တင်ပြပါတယ်။

တစ်ဘက်မှလည်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်း အဝေး အမှတ်စဉ် (၁/၂၀၁၂)၏ အစည်းအဝေးဆုံးဖြတ်ချက်ကလည်း ရှိပါသေး တယ်။ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၁၉(က)မှာ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များတွင် ဥပဒေအကြံပေး သို့မဟုတ် ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းရန် ဆုံးဖြတ်ထားပါတယ်။ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေ အကြံပေး သို့မဟုတ် ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင်ကို ဖွဲ့စည်းရန် လိုအပ်ပါကြောင်း ရှင်းလင်း တင်ပြခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းခမ်းမှတ်၊ လားရှိုး မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **“ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင် ဖွဲ့စည်းနိုင်ရန် ”** အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုရန် **(သဘောတူပါ သလားခင်ဗျား) (၃) ကြိမ်**



D/real(wide) (9



ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဆိုတဲ့ ကာယစိတ္တ၊ နှစ်ဖြာသော သုခနှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် နမ့်ဆန် မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦး၏ ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်း နိုင်ရန် လက်တွေ့ အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာ ကော်မတီအသစ်များ တိုးချဲ့ ဖွဲ့စည်းရန် အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည့် အောက် ဖော်ပြပါ ရေးရာကော်မတီ (၃) ရပ်ကို တစ်နှစ်သက်တမ်းဖြင့် ဖွဲ့စည်း တာဝန်ပေး အပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကော်မတီ (၃)ရပ်မှာ-

(၁) လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ

(၂) ဥပဒေကြမ်းရေးဆွဲရေးကော်မတီ

(၃) တိုင်းရင်းသားရေးရာကော်မတီတို့ပဲ ဖြစ်ပါတယ်။

ကော်မတီ (၃)ရပ်မှာ သူ့တာဝန်နှင့်သူ ကျေပွန်အောင် ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါတယ်။ ၄င်းကော်မတီ (၃)ရပ်အပြင် လိုအပ်ချက်အရ ပြည်သူတို့၏ အခက်အခဲများ

ဖြေရှင်းရာမှာ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် လက်တွေ့ကျသည့် လွှတ်တော်ရေးရာကော်မတီများဖြစ်သည့်

(၁) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများကို အာမခံခဲ့သော အစိုးရအဖွဲ့၏ အကောင်အထည်ဖော်မှု လေ့လာဆန်းစစ်ရေး ကော်မတီ

(၂) ပြည်သူများ၏ တိုင်တန်းစာစိစစ်ရေးကော်မတီ

(၂) ဘတ်ဂျက်စိစစ်ရေးကော်မတီ တို့ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများကို အာမခံခဲ့ သော အစိုးရအဖွဲ့၏ အကောင်အထည်ဖော်မှု လေ့လာဆန်းစစ်ရေး ကော်မတီနှင့် ပတ်သက်ပြီး တင်ပြရလျှင် ပြည်နယ်လွှတ်တော် အစည်းအဝေးသည် အမြင့်ဆုံး အစည်းအဝေး တစ်ခု ဖြစ်ပါတယ်။ ပြည်နယ် အတွင်းမှာရှိတဲ့ ပြည်သူများ၏ ဆန္ဒ၊ လိုလားချက်၊ မျှော်လင့်ချက်တွေကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော် ဆန္ဒ၊ ပြည်သူများရဲ့ လိုလားချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ကိုယ်စား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်မှာ မေးခွန်းများ၊ အဆိုများကို တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်များ၏ မေးခွန်းများအဆိုများကိုလည်း ပြည်နယ်အစိုးရ အဖွဲ့ဝင်များက အချိန်နှင့် တပြေးညီ ဖြေကြားကတိပေး အာမခံချက်များ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူများကလည်း မိမိတို့ လိုလားချက်များကို အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက အမှန်တကယ်ဖြေရှင်းဆောင်ရွက်ပေးနေပြီဟု တွေးဆရင်း နှလုံးပီတိ



D/real(wide) (9



လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို **အတည်ပြုကြောင်း** ကြေညာပါတယ်။

## ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော် ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **" ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာ ကော်မတီ အသစ်များကို တိုးချဲ့ဖွဲ့စည်းရန် "** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

အဆိုကို ဆွေးနွေးရန်အတွက် နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ကြွရောက် ချီးမြှင့်ပေးပါသော လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်

ဂွမ်းဆီထိ ဖြစ်နေကြပါတယ်။ ဘယ်အတိုင်း အတာအထိ ဆောင်ရွက် ပြီးစီးပြီး ဖြစ်ကြောင်းကိုလည်း သိလိုကြတာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ၊ အဆိုများကို အာမခံပေးသည့် အတိုင်း ဘယ်အတိုင်းအတာအထိ ပြီးစီးပြီ၊ ဘယ်လောက် ကျန်သည်၊ မည်သည့် အတွက်ကြောင့် လုပ်ဆောင်ရန် ကျန်ရှိနေသေးသည် ဆိုသည့် လုပ်ငန်းစိစစ်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန် ပေးအပ်ရန် လိုအပ်လျက် ရှိပါတယ်။ သို့မှသာ ပြည်သူများကို ပြန်လည်တင်ပြနိုင်မှာ ဖြစ်ပြီး ပြည်သူများရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ လက်ရှိ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီ လမ်းကြောင်း ပေါ်မှာ စတင် လျှောက်လှမ်းနေပြီဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံတော် အနေနဲ့လည်း ပွင့်လင်းမြင်သာတဲ့ စနစ်ကို ကျင့်သုံးနေပါတယ်။ ယခင်က Up Downဆိုတဲ့ အပေါ်က ညွှန်ကြားချက်တွေကို အောက်ခြေ အဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ဆောင်ရွက်ခဲ့တဲ့ အနေအထားမှာ လုပ်ငန်းအောင်မြင်မှုက နည်းပါးခဲ့ပါတယ်။ ယခုဆိုလျှင် Bottom Up ဆိုတဲ့ အောက်ခြေမှ အထက်အဆင့်ဆင့်ကို ဖော်ဆောင်ရွက်တဲ့ နည်းလမ်းကို အသုံးပြု နေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း အုပ်ချုပ်ရေးအဖွဲ့ အစည်း အဆင့်ဆင့်ကြားမှာ ဆက်ဆံရေး ဆောင်ရွက်တဲ့နေရာမှာ ရှေးထုံးကို မပစ်ပယ်နိုင် သေးတဲ့ အချို့ဝန်ထမ်း ပုဂ္ဂိုလ်များကြောင့် အဆင်မပြေမှုများ ရှိနေ သေးကြောင်း တွေ့ရှိရပါတယ်။



D/real(wide) (9



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ကြည်ဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ၊ ဧည့်သည်တော်များ၊ စိတ္တကာယ နှစ်ဖြာ ပန်းပမာ လန်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသူရိန်ဦး တင်သွင်းခဲ့သော **“ ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့ အမှန်တကယ်အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာ ကော်မတီ အသစ်များကို တိုးချဲ့ဖွဲ့စည်းရန် ”** အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ သက်တမ်းဟာ ယခုဆိုလျှင် (၂)နှစ် ကျော်လွန်ကာလ ရောက်ရှိလာပြီဖြစ်ပါတယ်။ ကိုယ်စားလှယ်အသီးသီးကလည်း မိမိဒေသလိုအပ်ချက်များကို ဒေသခံလူထုကို အခြေခံပြုပြီး လူမှုရေးအသွင် သဏ္ဍာန်နှင့် ပူးပေါင်းဆောင်ရွက် တင်ပြလုပ်ဆောင်နေကြပါပြီ။ ထိုကဲ့သို့ လုပ်ဆောင်ရာမှာ ကိုယ်စားလှယ် တစ်ဦးတည်းလုပ်ဆောင်နိုင်တဲ့ ကိစ္စရပ် ရှိသလို၊ ကော်မတီတစ်ရပ်အနေနဲ့ စုံစမ်း လုပ်ဆောင်ရမည့်

ကိစ္စရပ်များလည်း ကြုံတွေ့ နေရပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ နယ်မြေကျယ်ဝန်းပြီး မြို့နယ် (၅၅)မြို့နယ်ခန့် ရှိနေသည့်အတွက် လုပ်ငန်းကိစ္စရပ်များ လုပ်ဆောင် ရာတွင် အချိန်ကာလများစွာ ပေး၍လုပ်ဆောင်နေသည့်အတွက် ကြန့်ကြာမှု များစွာ ရှိနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိလွှတ်တော်က ပေးအပ်သည့် တာဝန်များနှင့်အတူ ကွင်းဆင်း လုပ်ဆောင်နိုင်ပါမှ ပို၍ ခရီးပေါက် ရောက်နိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်မှာ ကော်မတီများ၊ ကော်မရှင်များ အမြောက်အများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ခရီးပေါက်ရောက်မှု များစွာရှိနေပြီး ရှမ်းပြည်နယ်ဟာ ပြည်နယ်များထဲမှာ အကြီးဆုံး ပြည်နယ် ဖြစ်သလို ရှမ်းပြည်နယ် လွှတ်တော်သည်လည်း တိုင်းနဲ့ပြည်နယ်အဆင့်မှာ ကိုယ်စားလှယ် အများဆုံး လွှတ်တော် တစ်ခုဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ အကြီးဆုံးပြည်နယ်မှာ မြောက်မြားစွာ ရှိသော ပြည်သူလူထုရဲ့ အခက်အခဲများကို ပိုမိုဖြေရှင်းပေးနိုင်ရန် လိုအပ်နေသော လွှတ်တော်ရေးရာကော်မတီများကို လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်ရေးအတွက် ဖွဲ့စည်းသင့်ကြောင်း တင်ပြဆွေးနွေး အပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ဖွဲ့စည်းတဲ့ လွှတ်တော်ရေးရာ ကော်မတီ များဟာ အစိုးရအဖွဲ့၏ လုပ်ငန်းရပ်များကို တဘက်တလမ်းက များစွာ အထောက် အကူပြုစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော် အနေဖြင့် ဖွဲ့စည်း သင့်သည်ဟုထင်သော ကော်မတီများ၊ ကော်မတီများ တွင်လည်း လုပ်ကိုင်နိုင်ပြီး အတွေ့အကြုံရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်စေပြီး ပြည်နယ် လွှတ်တော် အဆင့်နှင့် ကိုက်ညီမည့်



D/real(wide) (9



ဒါကြောင့် ပြည်သူများ၏ အဆင်မပြေမှုများနှင့် ပတ်သက်ပြီး တိုင်တန်း လာတဲ့အခါမှာ အမှန်တကယ်ဟုတ်မဟုတ် စိစစ်ဖို့နဲ့ ဟုတ်ခဲ့လျှင် ဘယ်လိုဖြေရှင်း ဆောင်ရွက်သင့်တယ်ဆိုတဲ့ စိစစ်ရေး ကော်မတီ (၁)ရပ် ဖွဲ့စည်းဖို့ လိုအပ်ကြောင်း ဆွေးနွေး တင်ပြလို ပါတယ်။ သို့မှသာ ပျက်အစဉ် ပြင်ခဏဆိုတဲ့ စကားအတိုင်း ပြည်သူများ ကျေနပ်ပြီး ဆန္ဒပြည့်ဝနိုင်မှာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုဖြစ်တဲ့ ဘတ်ဂျက်စိစစ်ရေးကော်မတီနှင့် ပတ်သက်ပြီး ဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ခနအင်အား တောင့်တင်းခိုင်မာတဲ့ နိုင်ငံတစ်ခု မဟုတ်ပါဘူး။ ခြိုးခြံ ချွေတာပြီး ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရှိတာလေးနဲ့ ဝအောင်စားရတဲ့ အခြေအနေပါ။ Clean Government ဖြစ်ဖို့အတွက် ဝန်ထမ်းများလစာတိုးပေးရေးအတွက်တောင် လွှတ်တော်နဲ့ အစိုးရကြားမှာ လွန်ဆွဲနေရတဲ့ အနေအထား ဖြစ်ရပါတယ်။ ဒီလိုဖြစ်တာကလည်း နိုင်ငံ့ဘတ်ဂျက် မပိုလျှံလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံဘတ်ဂျက်ပဲ ကြည့်ကြည့် ၊ ပြည်နယ် ဘတ်ဂျက်ပဲ ဖြစ်ဖြစ် အမြဲတမ်း လိုငွေပြနေတာကို တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်ဘတ်ဂျက် အလဟဿ မဖြစ်စေရေးအတွက် အမှန်တကယ် လိုအပ်ငွေ ရှိ/မရှိ။ လိုအပ်တဲ့ အတိုင်းအတာ ပမာဏ ကိုက်ညီမှု ရှိ/မရှိဆိုတာ စိစစ်ဖို့အတွက် ဘတ်ဂျက်စိစစ်ရေး ကော်မတီ (၁)ရပ် ဖွဲ့စည်းဖို့ လိုအပ်ကြောင်း ဆွေးနွေး လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းသူရိန်ဦး၏ **“ ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမို ဖြေရှင်းနိုင်ရန် လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော် ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် ”** အဆိုကို လေးလေး နက်နက် ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

သို့မဟုတ် လိုအပ်မည့် ကော်မတီအချို့ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါကော်မတီများထဲမှ လိုအပ်သလို ဖွဲ့စည်းပေးနိုင်ရေး အတွက် ပူးတွဲတင်ပြအပ်ပါတယ်။ လိုအပ်မည့် ကော်မတီများ ကတော့-

(၁) လွှတ်တော်၏ ကတိများ အာမခံချက်များနှင့် တာဝန်ခံမှုများနှင့် ပတ်သက်သော ကော်မတီ

(၂) လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မတီ

(၃) ပြည်သူများ၏ တိုင်ကြားစာနှင့် အသနားခံစာများ လက်ခံစိစစ်ရေး ကော်မတီ

(၄) ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ

(၅) ပြည်နယ်ဘတ်ဂျက်များ စိစစ်ရေးကော်မတီ

(၆) ဥပဒေနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရေး ကော်မရှင်

အစရှိသော ကော်မတီများမှ အရေးကြီးလိုအပ်မည်ထင်သော ကော်မတီများကို သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ် များဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇ (က)နှင့်အညီ ဖွဲ့စည်း ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးအပ် ပါတယ်။ ယခုအချိန်မှာဆိုလျှင် ကျွန်တော်တို့ ကိုယ်စားလှယ် များဟာ ဒဏ်ရာဖြင့် သတိမေ့မြောလူနာအဖြစ်ကနေ ပြန်လည် နလန်ထူ လာနိုင်ပါပြီ။ အဘယ်ကြောင့်ဆိုသော် သတိမေ့နေတဲ့ လူနာဟာ ကိုယ့်ကိုကိုယ် ဘယ်ရောက်မှန်းမသိပေမဲ့ မျက်လုံးဖွင့်ပြီး ကြည့်လာနိုင်ပါပြီ။ ကြည့်နေတဲ့ မျက်လုံးဟာ မှိတ်ပြီး ပြန်လည် အိပ်မပျော်သွားနိုင်အောင် လိုအပ်မည့် ကော်မတီများ





**" လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့်"** ဆိုသည့် စကားလုံး ပါဝင်နေသည့် အတွက် ထိုစကားလုံးသည် ယခင် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို မထီမဲ့မြင်သဘောမျိုး၊ မလေးစားရာကျတဲ့ သဘောမျိုး ကျနေတဲ့အတွက် ပြောင်းလဲ ပြီးတော့ **" လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့်"** ဆိုသည့် စကားလုံးအစား **" လိုအပ်သည့်အတွက် ဖွဲ့စည်းမည့် လွှတ်တော်ရေးရာကော်မတီများ "** ဟု ပြောင်းလဲပါက ပိုမိုသင့်လျော်မည်ဟု အဆိုကို ပြင်ဆင်ပြီး တင်သွင်းခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အလုပ်လုပ်တိုင်းလည်း ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ ပြဿနာမရှိလို့ အလုပ်မလုပ်တာပါလို့ ယူဆပါတယ်။ ဥပမာ အနေနဲ့ ကလေးတွေ အမြဲတမ်း အော်နေသော " မီးလာပြီဟေ့" ဆိုသော စကားလုံး သည် မကောင်းပါ။ မီးလာတာတော့ကောင်းပါတယ်။ ခဏခဏ အော်လျှင်တော့ မီးခဏခဏပျက်လို့ပါ။ ဒါကြောင့် လွှတ်တော်ရေးရာ ကော်မတီများ ခဏခဏအလုပ်လုပ်နေလျှင် ခက်ခဲတဲ့ ပြဿနာများနေလို့ပါ။ ထိုအခက်အခဲ ပြဿနာများ မဖြစ်အောင် မည်သူ့မှာ တာဝန်ရှိပါသလဲဆိုလျှင် လွှတ်တော် ကိုယ်စားလှယ်များမှာလည်း တာဝန်ရှိပါတယ်။ မိဘပြည်သူများ၏ အချုပ်အခြာ အာဏာ (၃)ရပ်ကို ကိုယ်စားရွေးချယ် ကိုင်တွယ်ကျင့်သုံးတဲ့ လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့လည်း ပြဿနာများ မဖြစ်အောင် မိဘပြည်သူများကို ဦးဆောင်ပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ အားကောင်းမှ လွှတ်တော် လည်း အားကောင်းပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များက



D/real(wide) (9

မိဘပြည်သူများရဲ့အားကို မှီခိုပါတယ်။ ဒါကြောင့် ဥပဒေများ ပြဋ္ဌာန်းပြီးလျှင်လည်း တကယ်တမ်း အကောင် အထည်ဖော် လုပ်ဆောင်မည့် ပုဂ္ဂိုလ်များကတော့ အများအားဖြင့် မိဘပြည်သူ များပဲ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းဆွေးနွေးလိုပါတယ်။ ဥပဒေ ပြဋ္ဌာန်းပြီးမှ မိဘပြည်သူများ လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ထိုဥပဒေသည် မိဘပြည်သူများကို ပြန်ပြီး ဒဏ်ခတ်စေတဲ့ ဥပဒေဖြစ်ပါတယ်။ ဥပဒေဆိုသည်မှာ မိဘပြည်သူများရဲ့ အကျိုးကိုကာကွယ်စောင့်ရှောက်တဲ့ ဥပဒေဖြစ်သင့်ပါတယ်။ မိဘပြည်သူများလည်း လိုက်နာရန် လိုအပ်ပါတယ်။ လိုက်နာနိုင်ရန်အတွက် လည်း ဥပဒေအကြောင်း နားလည်သည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှာ တာဝန်ရှိတယ် ဆိုတဲ့ အကြောင်း ထပ်ဆင့်ရှင်းလင်း ပြောကြားလိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့တစ်ဖွဲ့တည်းအနေနဲ့ လုပ်ဆောင်ပေး လို့လည်း ကိစ္စရပ်တွေ မပြီးနိုင်ပါ။ လွှတ်တော် တစ်ခုနှင့် ဆောင်ရွက်၍လည်း မပြီးနိုင်ပါ။ အားလုံး စုပေါင်းပါဝင် လုပ်ဆောင်မှသာလျှင် ရှမ်းပြည်နယ် တိုးတက်မည်။ လွှတ်တော်လည်း တိုးတက်လာမည်။ အားကောင်းလာမည် ဆိုသည့်အကြောင်း ရှင်းလင်းပြောကြားရင်းနဲ့ အဆိုကို ခေါင်းစဉ်ပြောင်း၍ တင်သွင်းပေးပါရန် လေးစားစွာဖြင့် ပန်ကြားပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌအနေနဲ့ အဆိုနှင့် စပ်လျဉ်း၍ စာသား အချို့ကို ပြင်ဆင်ပေးရန် အဆိုပြုလာပါတယ်။ ၎င်းစာသားကတော့ **" ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲ များကို ပိုမိုဖြေရှင်းနိုင်ရန်အတွက် လိုအပ်ချက်**



D/real(wide) 6)



ဖွဲ့စည်းပေးနိုင်ရေးအတွက် ဆွေးနွေးတင်ပြရင်း ကျေးဇူးတင်စွာဖြင့် နိဂုံးအဆုံးသတ် အပ်ပါတယ်ခင်ဗျား။

## အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်း၍ ပြန်လည် ရှင်းလင်း ဆွေးနွေး ပေးဖို့အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ပန်ကြားပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းနိုင်ကြပါစေလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ အဆိုဖြစ်တဲ့ **" ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် လက်တွေ့ အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ ဖွဲ့စည်းရန် "** ဆိုတဲ့ အဆိုနှင့် ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေး သွားပါတယ်။

ကျွန်တော့်အနေနဲ့ မိဘပြည်သူများအတွက် အကျိုးစီးပွား ဖြစ်ထွန်းဖို့ ကျွန်တော်တို့အမိ ရှမ်းပြည်နယ်ကြီးရဲ့ တိုးတက်ဖြစ်ထွန်းဖို့ အတွက် လိုအပ်လျှင် ဖွဲ့စည်းရမည့် အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီအဆိုနှင့် ပတ်သက်၍ ပြင်ဆင်ချက် တစ်ခုတော့ တင်သွင်းလိုပါတယ်။ ပြင်ဆင်ချက်မှာ အဆိုတွင် ပါသည့်

**အရ လွှတ်တော်ရေးရာကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် "** ဟု ပါရှိပါတယ်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့အမှန်တကယ် အလုပ်လုပ် နိုင်မည့် လွှတ်တော်ရေးရာ ဆိုသည့်နေရာမှာ ၄င်းစာသားသည် ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ကော်မတီ (၃)ရပ်အတွက် လက်တွေ့ အမှန်တကယ် အလုပ်မလုပ်ဟု ဆိုသည့် သဘောသက်ရောက် စေတဲ့အတွက် **"လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့် လွှတ်တော်ရေးရာကော်မတီ"** အစား **"ပိုမိုဖြေရှင်း နိုင်ရန်အတွက် လိုအပ်ချက်အရ လွှတ်တော်ရေးရာကော်မတီ အသစ်များ တိုးချဲ့ဖွဲ့စည်းရန် "** ဟု တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ အဆိုရှင် ဦးစိုင်းသူရိန်ဦးမှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုမှာ ပါရှိတဲ့ **"လက်တွေ့အမှန်တကယ် အလုပ်လုပ်နိုင်မည့်"** စကားလုံးအစား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး အဆိုတင်သွင်းခဲ့တဲ့ **"ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန်အတွက် လိုအပ်ချက် အရ လွှတ်တော်ရေးရာ ကော်မတီ အသစ်များကို တိုးချဲ့ဖွဲ့စည်းရန် "** ဆိုတဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ရှမ်းပြည်နယ် လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် အတွက် လိုအပ်ချက်အရ**





**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ် သုံးစွဲနေပြီး လူငယ်များ၏ အနာဂါတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း၏ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။ **" ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂါတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်**



D/real(wide) (9

**ဆေးဝါး များ ပပျောက်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်ပေး နိုင်ပါရန် တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေကြောင်း ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးလည်း သိရှိပြီး ဖြစ်ပါတယ်လို့ ယုံကြည်ပါတယ်။ မူးယစ်ဆေးဝါးများ ပေါများရခြင်းသည် ရောင်းဝယ်သူများ ပိုမိုများပြားနေခြင်းလည်း ဖြစ်သည်ဟု သုံးသပ်မိပါသည်။ မူးယစ်ဆေးဝါးများ ရောင်းဝယ်ရာတွင် လွတ်လပ်လွယ်ကူစွာ ရောင်းဝယ်၍ ရနေသည်လားဟု သံသယ ဖြစ်မိပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၆ ရက် က တောင်ကြီးမြို့တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဆွေးနွေးပွဲမှ တင်ပြခဲ့သည့် ကောက်နုတ်ချက်ပေါ် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက် အသီးသီး ရှိခဲ့သည်ကို အစိုးရမှ သိရှိပြီးဖြစ်သည်ဟု ယုံကြည်ပါသည်။ မိဘပြည်သူ များလည်း ကိုယ့်သားသမီးများ၏ ဘဝရှေ့ရေးကို မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အင်မတန်မှ စိုးရိမ်ပူပန်နေကြပါတယ်။

၂၀၀၅ ခုနှစ်က ဘိန်းစိုက်ပျိုးမှုကို အနိမ့်ဆုံးသို့ လျှော့ချ နိုင်ခဲ့သော်လည်း ၂၀၀၆ မှ စ၍ နှစ်စဉ်ဘိန်းစိုက်ပျိုးမှုနှုန်း တိုးပွား လာသည်။ ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင် ဒုတိယ အများဆုံး ဘိန်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံ ဖြစ်လာပါတယ်။ ပြည်တွင်း၌ ဘိန်းအများဆုံး စိုက်ပျိုးသောဒေသမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် ဖြစ်နေသည်ကို ဂုဏ်သတင်းကျော်ဇောနေပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထုတ်ဝေခဲ့သော 7 day news ဂျာနယ်တွင် ဖော်ပြထားပါတယ်။ အထူးသဖြင့် ရာမ၊



D/real(wide) (1



**လွှတ်တော်ရေးရာကော်မတီ အသစ်များကို တိုးချဲ့ဖွဲ့စည်းရန်”** အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုရန် **(သဘောတူပါ သလားခင်ဗျား) (၃) ကြိမ်**

(၃)ကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်မှ သဘောတူ ပါသည်။

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို **အတည်ပြုကြောင်း** ကြေညာပါတယ်။

ကော်မတီများကို လူပုဂ္ဂိုလ်နှင့် ကော်မတီအသီးသီးအတွက် တာဝန် ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြီးတဲ့အခါ စတင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးများ၊ လူထုကြားထဲမှာ ပေါများပျံ့နှံ့နေသောကြောင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါတယ်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက် နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးလေးနက်နက် အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူရင်းအဆိုရှင် တင်သွင်းသွားတဲ့ မူးယစ်ဆေးဝါး ကိစ္စဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ယခု ကျွန်တော်တို့ ကျောက်မဲမြို့နယ်ရှိ ကျေးရွာတိုင်းမှာ မူးယစ်ဆေးဝါးကင်းစင်တဲ့ ရွာမရှိသလောက် ဖြစ်နေပါပြီ။ မူးယစ် ဆေးဝါးသုံးစွဲသူ၊ ရောင်းဝယ်ဖောက်ကားသူများဟာ ကျေးရွာတိုင်းမှာ ရှိနေပါ တယ်။ ထို့အတူပဲ မြို့ပေါ်ရှိ ရပ်ကွက်များမှာလည်း မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များ အမြောက်အမြား ရှိပါတယ်။ ဒီလို တစ်မျိုးသားလုံးကို လူညွန့်တုံးစေတဲ့ ဤမူးယစ်ဆေးဝါးကိစ္စဟာ အင်မတန်မှ အရေးကြီးလှပါတယ်။ ဒါကြောင့် ဦးစိုင်းစိန်ဝင်းတင်သွင်းတဲ့ **“ ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ် သုံးစွဲနေပြီး လူငယ်များ၏**





**ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း”** ဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က-

**(သဘောတူပါသလားခင်ဗျား) (၃)ကြိမ်**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့ အတွက် ဦးစိုင်းစိန်ဝင်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘော တူကြောင်း ကြေညာပါတယ်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း တင်သွင်းတဲ့ အဆိုကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ( ဗုဒ္ဓဟူးနေ့) မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။



D/real(wide) (1

## ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ "ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး၏ အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဘေးဘယဝေးကွာပြီး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမဲ့ အဆိုကတော့ **"ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်း၌ လောင်းကစား ပြုလုပ်မှုများဖြစ်သော နှစ်လုံးထီ၊ ခဲ၊ ဂျင်ဝိုင်းများနှင့် အကြွေစေ့ထည့်ရသော TV GAME များ ရှိပါတယ်။ လောင်းကစား ခြင်းကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူငယ်များ၏ အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ပါတယ်။ လောင်းကစားခြင်းသည် လူမျိုးမရွေး





အနာဂါတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း" အဆိုကို ကျွန်တော် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်မှ လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

## (သို့မဟုတ်)

## အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းစိန်ဝင်း တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂါတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်**

ဘာသာမရွေး ကျား၊ မ မရွေး၊ အရွယ်မရွေး ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ စီမံချက် တစ်ခုဖြစ်သော ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိရာ ပြည်သူများသည် လောင်းကစားခြင်းကို အချိန်ပေးနေရသူ များကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ထိပါးစေနိုင်ပြီး လူမှုစီးပွားဘဝကို ပျက်ပြားစေနိုင်ပါတယ်။ ကျောင်းနေအရွယ် ကလေးများသည် အကြွေစေ့ ထည့်ရသော TV GAME စက်ကို စွဲလန်းနှစ်သက်စွာ ကစားခြင်းကြောင့် ကလေးများ၏ ပညာရေးကို ထိခိုက်စေနိုင်မှာ ဖြစ်သကဲ့သို့ လောင်းကစား နေမှုကြောင့် မိဘများထံမှ မုန့်ဖိုးငွေ တောင်းမရပါက နောက်ဆက်တွဲ ပြဿနာဖြစ်သော ခိုးဆိုးမှုများကို ဖြစ်ပေါ်စေ နိုင်ပါတယ်။

ထို့အပြင် လောင်းကစားခြင်းကြောင့် ကိုယ်ကျင့်တရားကို ပျက်ပြားစေပြီး ခိုးဆိုးလုယက်မှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဒုစရိုက်လုပ်ငန်းများကို ဖြစ်ပေါ်စေ နိုင်တာကြောင့် နိုင်ငံတဝှမ်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အဓိကအဟန့်အတား အနှောက်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် လောင်းကစားမှု များကို နှိမ်နင်းရာ၌ သက်ဆိုင်ရာဒေသများရှိ ဌာနများအလိုက် ဆောင်ရွက်နေမှုများ ရှိနေပါသော်လည်း လောင်းကစား သမားများနှင့် ဆက်နွယ်ပတ်သက်သော မရိုးသားမှုများ ရှိနေ သေးသည့်အတွက် ထိရောက်သော အရေးယူမှု မရှိနိုင် တာကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် လောင်းကစားမှုများ အမြစ်ပြတ် ကင်းစင် ပပျောက်သွားစေရန် ထိရောက်သော စီမံချက်များ





အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူ ပါမယ်။ ၎င်းအဆိုများကိုလက်ခံဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် များက-

**(သဘောတူပါသလားခင်ဗျား) (၃)ကြိမ်**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့ အတွက် ဦးစိုင်းတင်ဦးရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။

နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစိုင်းတင်ဦး တင်သွင်းတဲ့ အဆိုကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ( ဗုဒ္ဓဟူးနေ့) မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း မြို့မြေခွန်နှုန်း တိုးမြှင့်ကောက်ခံရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း မြို့မြေခွန်နှုန်း တိုးမြှင့်ကောက်ခံရေးနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရ အဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဖြစ်ပါတယ်။ ဒီနေ့ လွှတ်တော်သို့ ရှင်းလင်း တင်ပြမှာကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း မြို့မြေခွန်နှုန်း တိုးမြှင့်ကောက်ခံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံရတဲ့အခွန် (၄)မျိုး ရှိပါတယ်။ အခွန်(၄)မျိုးမှာ ယစ်မျိုးခွန်၊ မြေခွန်၊ ဓာတ်သတ္တုခွန်၊ ရေနှင့်တာတမံ ခွန်များ ဖြစ်ပါတယ်။ မြေခွန်တွင် စိုက်ပျိုးမြေအပေါ်တွင် ကောက်ခံသည့် အခွန်နှင့် မြို့မြေငှားရမ်းခအဖြစ် ကောက်ခံသည့်အခွန်များ





ရေးဆွဲပြီး ဖိဖိစီးစီး အရေးယူ ဆောင်ရွက်သင့်ပါကြောင်း ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းသော အဆိုကို တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ **"ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်းက ထောက်ခံအပ်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဦးစိုင်းတင်ဦး တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** ဖြစ်ပါတယ်။

ပါဝင်လျက်ရှိရာ ရှမ်းပြည်နယ် အတွင်း ကောက်ခံနေသော မြို့မြေခွန်များမှာ ခေတ်ကာလနှင့် လိုက်လျော ညီထွေမှု မရှိဘဲ များစွာလျော့နည်း နေပါတယ်။ နိုင်ငံတော်နှင့် ပြည်နယ်အတွက် ဘဏ္ဍာငွေတိုးတက် ရရှိစေရန် ခေတ်ကာလ နှင့်အညီ တိုးမြှင့် ကောက်ခံနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါတယ်။ လက်ရှိကာလ ပေါက်ဈေး၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပြည်သူများ သင့်တင့်စွာ ပေးဆောင်နိုင်မည့်နှုန်းထားများကို ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆက်စပ်ဌာနဆိုင်ရာများ ဖြစ်သည့် မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အတူ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက် စေလျက် (၁၄-၁-၂၀၁၃) ရက်နေ့တွင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ညှိနှိုင်းရရှိခဲ့ သည့် နှုန်းထားများအား ပြုစု၍ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် စတင် ကောက်ခံနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၃-၂-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပုံမှန်အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ် ၉(ခ)အရ မြို့နယ် အလိုက် ကောက်ခံသင့်သည့် မြေခွန်နှုန်းထားများကို ပြင်ဆင်အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မြို့မြေငှားရမ်းခနှုန်းထားများ သတ်မှတ်ရာတွင် အထက်မြန်မာပြည် မြေနှင့် အခွန်နည်းဥပဒေပုဒ်မ ၄၄ -က (၂)နှင့် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာ မြေများ နည်းဥပဒေ (၁၇)အရ ဆိုပါက မြေငှားရမ်းခတန်ဘိုး၏ ၇၅% (သို့မဟုတ်) ရောင်းဈေး ကာလတန်ဘိုး၏ ၆% ထက်မနည်း သတ်မှတ်ရမည် ဖြစ်ပါတယ်။ ယခုလက်ရှိ မြို့မြေငှားရမ်းခများ ကောက်ခံရာမှာ နယ်မြေဒေသ အခြေအနေနှင့် သက်ဆိုင်ရာ ဒေသ၏ အစီအစဉ်ဖြင့်



D/real(wide) (1



လက်ရှိမြေခွန်နှုန်းထားအရ ကောက်ခံရရှိသည့် အခွန်ငွေ (ကျပ်သိန်း) မှာ ၂၀၀. ၃၀ ဖြစ်ပါတယ်။ ၂၀၁၃ -၂၀၁၄ ခုနှစ် အခွန်နှုန်းထားပြင်ဆင်သတ်မှတ်ပါက ရရှိနိုင်မည့် အခွန်ငွေကတော့ ကျပ်သိန်း ပေါင်း ၉၆၉၈. ၆၆ သိန်းဖြစ်ပါတယ်။ ဒါကြောင့် တိုးတက်လာသည့် ရာခိုင်နှုန်းမှာ ကျပ်သိန်းပေါင်း ၉၄၉၇. ၃၆ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အထက်ပါပြင်ဆင်သတ်မှတ်ထားသည့် မြို့မြေခွန် (မြို့မြေငှားရမ်းခ) များမှာ နိုင်ငံတော်နှင့် ပြည်နယ်အတွက် ဘဏ္ဍာငွေပိုမိုရရှိစေနိုင်ပြီး ယနေ့ခေတ် ကာလမြေဈေးနှုန်းများအရ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ အဆင်ပြေစွာ ပေးဆောင်နိုင်မည့် နှုန်းထားများ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာသုံးဆောင်ရန် အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့ခင်းပိုင်းအစည်းအဝေးကို (၁း၄၅) မိနစ်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ။ ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်
# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန် အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်
## ( ၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက် )
## [ အင်္ဂါနေ့ ]
## (နေ့လည်ပိုင်းအစီအစဉ်)

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။



D/real(wide) (1



သတ်မှတ်သည့် နှုန်းထားများအပေါ် အခြေခံ၍ တစ်နယ်နှင့်တစ်နယ် မတူညီဘဲ ကောက်ခံလျက် ရှိကြောင်း တွေ့ရှိရရာ အထက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းထား အတိုင်း တွက်ချက်ပါက ခေတ်ကာလပေါက်ဈေးအရ (၆၀×၄၀)ပေ မြေ (၁)ကွက် ပေါက်ဈေးမှာ ကျပ် (၁၀)သိန်းခန့် ရှိသဖြင့် မြေငှားရမ်းခ တစ်နှစ်လျှင် ကျပ်(၆)သောင်း ပေးဆောင်ရမည် ဖြစ်၍ ပြည်သူများ အနေဖြင့် မြေခွန်များ ထမ်းဆောင်ရာတွင် အခက်အခဲရှိနိုင်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ပါ၍ မြေ၏ ကာလတန်ဘိုးနှင့် လိုက်လျောညီထွေ ဖြစ်စေရေး အတွက် လည်းကောင်း၊ ပြည်သူများ ထမ်းဆောင်နိုင်သည့် မြေခွန်နှုန်းထားများ ဖြစ်စေရန် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)ပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် (၁)(က)ပါ မြေခွန်နှင့် မြေငှားရမ်းခ တန်ဘိုးများကို (၆၀×၄၀)ပေ မြေ(၁)ကွက်အတွက် ရှမ်းပြည်နယ်အတွင်း ခရိုင်/မြို့နယ်/မြို့များရှိ မြေအတန်းအစားအလိုက် မြေကာလတန်ဖိုး (လက်ရှိအရောင်းအဝယ် ဖြစ်မှု ဈေးနှုန်း) ကျပ် (သိန်း)၊ ကာလတန်ဖိုး၏ ၆% မြေခွန်နှုန်း တွက်ချက်မှု ကျပ် (သိန်း)၊ လက်ရှိပေးချေလျက်ရှိသည့် မြေခွန်နှုန်း (ကျပ်)၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ၏ ဆုံးဖြတ်ချက်အရ တိုးမြှင့် ကောက်ခံမည့်နှုန်း (ကျပ်)စသည်ဖြင့် ဇယားဖြင့် စနစ်တကျပြုစု၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံသို့ CD ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အသေးစိတ်ကို မဖော်ပြတော့ပါ။

မြို့မြေငှားရမ်းခအား တိုးမြှင့်သတ်မှတ်ခြင်းအားဖြင့် လက်ရှိ ကောက်ခံ ရရှိတဲ့ မြို့မြေငှားရမ်းခထက် အောက်ပါအတိုင်း နိုင်ငံတော်နှင့် ပြည်နယ်အတွက် အခွန်ငွေအတွက် ပိုမိုရရှိလာ နိုင်မည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်(၁၃)ခရိုင်မှာ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေအား** လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနော်ခမ်း (ခ)ဦးတင်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပြီးတဲ့လုပ်ငန်းများကို အချိန်ကို ငဲ့ညှာသော အားဖြင့် CD ခွေဖြင့် ဖြန့်ဝေပေးထားပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် ပြည်နယ်ဘတ်ဂျက် ရန်ပုံငွေနှင့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပေးသွားပါမယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် လမ်းများ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်





လားရှိုးဒေသအနေဖြင့် ငွေလုံးငွေရင်းမှာ အဆောက်အဦးအတွက် ၁၆၂၆. ၈၇၅ သန်း၊ လမ်း/တံတား ၃၈၇၃. ၅၀၀ သန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လမ်း/တံတားအတွက် ၁၂၅၇၉. ၅၇၄ သန်း ဖြစ်ပြီး စုစုပေါင်း ၁၈၀၇၉. ၉၄၉ သန်း ဖြစ်ပါတယ်။

ကျိုင်းတုံဒေသအနေဖြင့် ငွေလုံးငွေရင်းမှာ အဆောက်အဦးအတွက် ၁၆၂၂. ၃၁၀ သန်း၊ လမ်း/တံတား ၅၈၅၃. ၉၀၀ သန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လမ်း/တံတားအတွက် ၁၃၃၅၇. ၆၅၈ သန်း ဖြစ်ပြီး စုစုပေါင်း ၂၈၀၈၈. ၈၆၈ သန်း ဖြစ်ပါတယ်။ အခြားအသုံးစရိတ်အနေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်း လမ်း/တံတား ၅၉. ၅၉၇ သန်း ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း လွှတ်တော်မှ အတည်ပြုထားပေးသည့် ၇၀၁၁၁. ၂၅၅ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

တောင်ကြီးဒေသအနေဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၄၆ မိုင် ၄ ဖာလုံ ၊ ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းကို ၅၂ မိုင် ၄ ဖာလုံ ၊ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ၇၈ မိုင် ၄. ၅ ဖာလုံ ၊ ၃၄ ပေအကျယ် မြေသားလမ်း ချဲ့ခြင်းလုပ်ငန်းကို ၄၆ မိုင် ၅ ဖာလုံ ဆောင်ရွက်ပါမယ်။ သစ်သားတံတားပြင်ဆင်ခြင်း (၃၈)စင်း ဖြစ်ပါတယ်။ သစ်သားတံတားများသည် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ရသည့် အခြေအနေဖြစ်သည့်အတွက် ဘီးကြမ်းခင်းလဲခြင်း၊ လက်ရန်းလဲခြင်း၊ ယက်မများ လဲလှယ်ခြင်းများ ဆောင်ရွက်ပါတယ်။ အင်မတန်ဟောင်းနွမ်းဆွေးမြေ့နေသည့် သစ်သားတံတားများကို အမြဲတမ်း ခိုင်ခန့်သည့် သံကူကွန်ကရစ်တံတား၊ ရေထုတ်ပြွန်တည်ဆောက်ခြင်းကို (၃၀၀)စင်း တိတိ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျောက်စီမြေကာနံရံနှင့်

ကျောက်စီရေမြောင်း တည်ဆောက်ခြင်းကို ၇၄၈၀ ပေ ဆောင်ရွက်ပါမယ်။ မြေထိုးစက်နှင့် မြေညှိခြင်း လုပ်ငန်းကို ၇၆ မိုင် ၅ ဖာလုံ ဆောင်ရွက်ပါမယ်။ အမာခံ လမ်းခင်းခြင်းလုပ်ငန်းကို ၆၇ မိုင် ၂ ဖာလုံ ဆောင်ရွက်ပါမယ်။ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းကို ၁၀၉၉ မိုင် ၅ ဖာလုံ ဆောင်ရွက်ပါမယ်။

လားရှိုးဒေသအနေဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းကို ၄၇ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ၄၃မိုင် ၃ ဖာလုံ၊ ကျောက်လမ်းပြည့် ခင်းခြင်း လုပ်ငန်းကို ၁၃ မိုင် ၆ ဖာလုံ ၊ အမာခံ လမ်းခင်းခြင်း လုပ်ငန်းကို ၃၇ မိုင် ၁ ဖာလုံ၊ မြေသားလမ်း ချဲ့ခြင်းလုပ်ငန်းကို ၇၉ မိုင် ၂ ဖာလုံ၊ ကျောက်စီ ရေမြောင်းနှင့် ကျောက်စီမြေကာနံရံ ပြုလုပ်ခြင်းကို ၇၃၄၀၅ ပေ ဆောင်ရွက်ပါမယ်။ တံတားနှင့် ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်း ၃၁၃ စင်း၊ အမာခံလမ်း ပုခုံးပြုပြင် ခြင်း လုပ်ငန်း ၃၀ မိုင် ၂ ဖာလုံ၊ လမ်းတာဘောင် ပြင်ခြင်းလုပ်ငန်းကို ၆၁ မိုင် ၄ ဖာလုံ၊ တစ်ဘက် ၃ ပေစီ အကျယ် အမာခံလမ်းပုခုံးရှိပြီးနေရာ ကတ္တရာခင်းခြင်း ၂ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်း ၁၂၆၀၀၀ စတုရန်းပေ၊ လမ်းပုံဖော်မြေညှိခြင်းလုပ်ငန်း ၁၂ မိုင် ၆ ဖာလုံ ၊ သာမန်ပြင်ဆင် ထိန်းသိမ်း ခြင်းလုပ်ငန်းကို ၅၁ မိုင် ဆောင်ရွက်ပါမယ်။

ကျိုင်းတုံဒေသအနေနဲ့ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၁၇ မိုင် ၅ ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျိုင်းတုံဒေသတွင် ယခင်ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေ မရရှိခဲ့သောကြောင့် မြေသားလမ်းများမှာ တစ်နှစ်အတွင်း ကတ္တရာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်၍ မရပါ။ အမာခံလမ်း၊ ကျောက်လမ်းခင်းပြီး နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင်မှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ထို့ကြောင့် ကတ္တရာခင်းခြင်းလုပ်ငန်းကို



D/real(wide) (1



လမ်းများ၊ ရရှိမည့် ရန်ပုံငွေ စာရင်းကို စာအုပ်ဖြင့် ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လမ်းများကို ရှင်းလင်းတင်ပြ ပေးသွားပါမယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းများစာရင်းမှာ တောင်ကြီး ဒေသတွင် လမ်းအရေအတွက် (၄၈)လမ်း ရှိပြီး၊ လမ်းမိုင်အားဖြင့် စုစုပေါင်း ၁၂၅၆ မိုင် ၃ ဖာလုံ ရှိပါတယ်။ လားရှိုးဒေသမှာ ပြည်နယ်မှ စီမံခန့်ခွဲရသည့် လမ်းအရေအတွက် (၆၉)လမ်း ရှိပြီး လမ်းမိုင်စုစုပေါင်း ၁၈၆၇ မိုင် ၇ ဖာလုံ ရှိပါတယ်။ ကျိုင်းတုံဒေသတွင် (၁၇)လမ်း ရှိပြီး လမ်းမိုင် ၅၉၇ မိုင် ၇ ဖာလုံ ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် လမ်းပေါင်း (၁၃၄)လမ်း လမ်းမိုင်အားဖြင့် ၃၇၂၂ မိုင် ၁ ဖာလုံ ရှိပါတယ်။ ၎င်းလမ်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မှ စတင်စီမံခန့်ခွဲရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့်မှာ ဒုတိယသမ္မတ ဦးဥာဏ်ထွန်းမှ ဆောက်လုပ်ရေး အစည်းအဝေးမှာ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဆောင်ရွက်မည့် လမ်းတံတားများသည် ၅၀ း၅၀ ရှိရမည် ဆိုသည့် အစည်းအဝေး ဆုံးဖြတ်ချက် အရ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေး နှစ်တွင် ရှမ်းပြည်နယ်မှ ၅၀% စီမံခန့်ခွဲရသည့် အတွက် လမ်းအရေအတွက် ဟာ (၁၃၄)လမ်း ရှိပြီး လမ်းမိုင်အားဖြင့် ၃၇၂၂ မိုင် ၁ ဖာလုံ ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ကြီးဒေသ)အနေနဲ့ ၂၀၁၃-၂၀၁၄ ပြည်နယ် ဘဏ္ဍာရန်ပုံငွေနှင့် ဆောင်ရွက်မည့် လုပ်ငန်းနှင့် ဘတ်ဂျက်ဖြစ်ပါတယ်။ ငွေလုံး ငွေရင်းအနေဖြင့် တောင်ကြီးဒေသမှာ အဆောက်အဦးလုပ်ငန်း သန်းပေါင်း ၂၈၅၅. ၄၉၀၊ လမ်း/တံတား အနေနဲ့ သန်းပေါင်း ၂၃၆၄၅. ၄၂၅ ဖြစ်ပါတယ်။ ပြင်ဆင်ထိန်းသိမ်းခြင်း လမ်း/တံတားအတွက် ၄၆၁၆. ၉၂၆ သန်းဖြစ်ပါတယ်။ တောင်ကြီးဒေသအနေဖြင့် စုစုပေါင်း ၃၁၁၉၇. ၈၄၂ သန်းဖြစ်ပါတယ်။

၁၇ မိုင် ၅ ဖာလုံသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကတ္တရာလမ်းပြုပြင်ခြင်းကို ၂၄ မိုင်၊ ကျောက်လမ်းသစ်ခင်းခြင်းလုပ်ငန်း ၅၄ မိုင်၊ ၃၄ ပေအကျယ် မြေသားလမ်းချဲ့ခြင်းလုပ်ငန်း၂၁ မိုင်၅ ဖာလုံ၊သံကူကွန်ကရစ် တံတား တည်ဆောက်ခြင်းလုပ်ငန်း ၁၅၈ စင်း၊ ကျောက်စီမြေကာနံရံနှင့် ကျောက်စီ ရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်း ၆၉၅၈၃ ပေ၊ မြေထိုးစက်၊ မြေညှိစက်ဖြင့် မြေထိုးခြင်းလုပ်ငန်း ၃၉ မိုင် ၁ ဖာလုံ အမာခံလမ်းခင်းခြင်းလုပ်ငန်း ၃၅ မိုင် ၅ ဖာလုံ၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၉၄ မိုင် ၅ ဖာလုံ ဆောင်ရွက်ပါမယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့လမ်း/တံတားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့လမ်းတံတားများဆိုပြီး အခြေခံဥပဒေမှာ အတိအလင်း ဖော်ပြထားပြီး ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအသစ်ဖြစ်ပေါ်လာပြီး ဒုတိယ (၆)လပိုင်းမှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်တစ်ခုလုံး ၁၅ ဘီလီယံ ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်၏ ဘဏ္ဍာရေးလိုငွေသည် အဓိက တံတားဆောက်သည့် လုပ်ငန်း များမှာ ပိုမိုတိုးပြီး ဆောင်ရွက်သည့်အတွက် လိုငွေ များပြားရခြင်း ဖြစ်ပါတယ်။

၂၀၁၂-၁၃ မှာ ဘီလီယံ (၆၀)ရရှိခဲ့သော်လည်းစက်ယန္တရားလုံလောက်မှု မရှိသည့်အတွက် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ရလခတွင် ရှိနေသည့် ရိုလာ၊ ဘက်ဖိုးများ ငှားရမ်းရပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ နတလ မှ ပေးထားသည့် လမ်းကြိတ်စက်၊ ဘက်ဖိုးများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ငှားရမ်းသုံးစွဲ၍ လမ်းများကို ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက်





**အခြေအနေအား** လွှတ်တော်သို့ ပေးပို့ လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန် ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဆင်းရဲမှု ရာခိုင်နှုန်းကို ၂၆%မှ ၁၆%သို့ လျှော့ချနိုင်ရန် တစ်နှစ်လျှင် ၂% ကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီဖွဲ့စည်းထားရှိမှုမှာ အောက်ပါ အတိုင်း ဖြစ်ပါတယ်-

| | |
|---|---|
| (က) နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) ဒုတိယသမ္မတ (၁) | ဒုဥက္ကဋ္ဌ (၁) |
| (ဂ) ဒုတိယသမ္မတ (၂) | ဒုဥက္ကဋ္ဌ (၂) |
| (ဃ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |
| (င) ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင် |

( စ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုစာရင်းစစ်ချုပ် အဖွဲ့ဝင်

( ဇ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

( ဈ) ညွှန်ကြားရေးမှူးချုပ် [illegible]
နိုင်ငံတော်သမ္မတရုံး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော် ရေးအတွက် ပြည်ထောင်စုဝန်ကြီးများကို နယ်မြေအလိုက် တာဝန်ပေးအပ်မှု (ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၇-၆-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၂၀၀/၃၅၆-တာဝန်(၈)/အဖရ (၂၀၁၁)မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| စဉ် | အမည်/ဌာန | နယ်မြေဒေသ |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန | ရှမ်းပြည်နယ် (တောင်ပိုင်း) |
| ( ခ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ရှမ်းပြည်နယ် (မြောက်ပိုင်း) |



D/real(wide) (1



အချိန်မီ ပြီးစီးရန် မနည်းဆောင်ရွက်ရပါတယ်။ ဘတ်ဂျက်များများ ရသော်လည်း ကျွမ်းကျင် သည့်လမ်းခင်းလုပ်သား မရှိသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ ဝန်ထမ်းများကို ခေါ်ယူ၍ လမ်းခင်းရပါတယ်။ ရှမ်းပြည်နယ်တွင် ဘာသာ စကားအခက်အခဲ၊ လုံခြုံရေးအခက်အခဲကြောင့် လွိုင်လင်-ပန်ကေတု-သီပေါလမ်း သည်(၂)လနောက်ကျ ဆောင်ရွက်ခဲ့ရပါတယ်။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရဒေသရှိ မန်တုံလမ်းမှာ ယခုအချိန်ထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ရရှိထားသည့် ဘတ်ဂျက်များကို ပြန်လည်အပ်နှံ ခဲ့ရပါတယ်။ ကျွန်တော်တို့ ပြည်နယ်အတွက် နစ်နာမှုကြီး တစ်ခု ဖြစ်ပါတယ်။ ကွန်ဟိန်းမှ လွှတ်တော် ကိုယ်စားလှယ် တင်ပြထားသည့် တံတား(၃)စင်းမှာလည်း နယ်မြေ အခြေအနေ အရ ဆောင်ရွက်ပေး နိုင်ခြင်း မရှိပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်မှ ပြန်လည် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မှလည်း ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ဝိုင်းဝန်းကူညီပေးကြရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **ရှမ်းပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် အကောင် အထည်ဖော် ဆောင်ရွက်ထားရှိမှု**

(ဂ) ပြည်ထောင်စုဒုတိယဝန်ကြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများကို နယ်မြေဒေသများ သတ်မှတ်တာဝန်ပေးအပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| စဉ် | ဝန်ကြီး | နယ်မြေဒေသ |
|---|---|---|
| (က) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ကျိုင်းတုံ/မိုင်းဆတ်/မက်မန်းခရိုင်အတွင်းရှိ မြို့နယ်များ |
| (ခ) | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး | တောင်ကြီးခရိုင် (တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ပင်လောင်း၊ ဖယ်ခုံ၊ ကလော မြို့နယ်များ) |
| (ဂ) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး | လားရှိုးခရိုင် (လားရှိုး၊ သိန္နီ၊တန့်ယန်း၊ မိုင်းရယ်၊ ကွတ်ခိုင် မြို့နယ်) |
| (ဃ) | သစ်တောနှင့် သတ္တုဝန်ကြီး | မူဆယ်ခရိုင် (မူဆယ်၊ နမ့်ခမ်းမြို့နယ်) |



D/real(wide) (1



ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီဝင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **ရှမ်းပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ အခြေအနေအား** လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်သော လိုအင်ဆန္ဒများ ပြည့်ဝ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေး

စက်ရုံများ၏ အခြေအနေများကို တင်ပြရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တစ်ခုလုံးတွင် အသေးစားရေအားလျှပ်စစ် (၁၁) ရုံ ရှိပါတယ်။ ရေအားလျှပ်စစ် (၁၁) ရုံကိုလွှဲပြောင်းနိုင်ရေး အတွက် နိုင်ငံတော် သမ္မတမှ (၂၂-၁၀-၂၀၁၂) ရက်စွဲပါစာဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ အကြောင်းကြားပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနမှ (၂၃-၁၁-၂၀၁၂) ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်သို့ ညှိနှိုင်း အကြောင်းကြားပါတယ်။ (၁-၁၂-၂၀၁၂) ရက်နေ့မှ စ၍ ရေအားလျှပ်စစ် (၁၁) ရုံကို လွှဲပြောင်းနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ရန် အကြောင်းကြားပါတယ်။

ရှမ်းပြည်နယ်တစ်ခုလုံးမှာ အသေးစားရေအားလျှပ်စစ် (၁၁)ရုံ ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ (၆)ရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ (၂)ရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ (၃)ရုံ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျောက်မဲမြို့၊ နမ့်စောင်းငေါင်း ရေအားလျှပ်စစ်၊ လားရှိုးမြို့၊ နမ့်မျှော် ရေအား လျှပ်စစ်၊ ဟိုပန်မြို့၊ နမ့်ဆောင်ချောင်းရေအားလျှပ်စစ်၊ ချင်းရွှေဟော်မြို့၊ ပါကျက် ဟော် ရေအားလျှပ်စစ်၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးရွာရှိ နမ့်ဟူးမွန် ရေအားလျှပ်စစ်၊ နမ့်ခမ်းမြို့ မန်အောင်ရေအားလျှပ်စစ်တို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ရပ်စောက်မြို့၊ တပ်ကြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် ကွန်ဟိန်းမြို့၊ ကွန်ဟိန်းရေအားလျှပ်စစ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် မယ်ပန်ရေအားလျှပ်စစ်၊ ကျိုင်းတုံမြို့တွင် နမ့်ဝုတ်နှင့် နမ့်လပ် ရေအားလျှပ်စစ် ရှိပါတယ်။





| | | |
|---|---|---|
| (င) | စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး | တောင်ကြီးခရိုင် (ရပ်စောက်၊ ပင်းတယ၊ ရွာငံ) |
| (စ) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကျောက်မဲခရိုင် (ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ မဘိမ်းမြို့နယ်) |
| (ဆ) | လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး | လင်းခေးခရိုင်၊ လွိုင်လင်ခရိုင် အတွင်းရှိ မြို့နယ်များနှင့် ညောင်ရွှေ မြို့နယ် |
| (ဇ) | စည်ပင်သာယာရေးဝန်ကြီး | တာချီလိတ်ခရိုင်နှင့် မိုင်းဖြတ်ခရိုင်အတွင်းရှိ မြို့နယ်များ |
| (ဈ) | လူမှုရေးဝန်ကြီး | ကွမ်းလုံခရိုင်၊ လောက်ကိုင် ခရိုင်နှင့် ဟိုပန်ခရိုင်အတွင်းရှိ မြို့နယ်များ |

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီ တို့၏ လမ်းညွှန်ချက်တို့နှင့်အညီ ပြည်နယ် ကျေးလက်ဒေသ

ရပ်စောက်မြို့ရှိ တပ်ကြီးရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံမှာ စက်လည်ပတ်မှု မရှိသေးပါ။ ကုမ္ပဏီအချို့မှ စက်ရုံကို လေ့လာလျက် ရှိပါသည်။ ကွန်ဟိန်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ယခင်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးစိုင်းညိုမှ ထပ်မံငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားပါသည်။

လားရှိုးမြို့ နမ့်မျှော်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ ကြွယ်ဝသော ရတနာရွှေမြေ ကုမ္ပဏီသို့ ငှားရမ်း ရန်ဆုံးဖြတ်ခဲ့သော်လည်း စက်ရုံမှ ထုတ်လုပ်သော ဓာတ်အားကို လားရှိုးမြို့သို့ အဓိကဖြန့်ဖြူးခြင်း ဖြစ်သဖြင့် လားရှိုးမြို့ ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်း ဆောင်ရွက်မည့် မြသင်းကြူကုမ္ပဏီသို့ ငှားရမ်းရန် ပြောင်းလဲဆုံးဖြတ်ခဲ့ပါသည်။

ကျောက်မဲမြို့၊ နမ့်စောင်းငေါင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန် အစည်းအဝေးမှ ကြွယ်ဝသော ရတနာရွှေမြေ ကုမ္ပဏီသို့ ငှားရန်းရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်ချုပ်ဆိုနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ နမ့်ခမ်းမြို့ မန်အောင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ လာရောက်ဆက်သွယ်ဆောင်ရွက်လိုသော ကုမ္ပဏီမရှိသေးပါ။ ကွတ်ခိုင်မြို့၊ ကောင်းခါးရွာရှိ နမ့်ဟူးမွန် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ လားဟူပြည်သူ့စစ်အဖွဲ့မှ ငှားရမ်းရန် အဆိုပြုထားပါတယ်။ ဟိုပန်မြို့၊ နမ့်ဆောင် ချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ တစ်ဖက်နိုင်ငံမှ လျှပ်စစ် ဓာတ်အားကို ရယူပြီး ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ဟိုပန်မြို့မီးလင်းရေးကော်မတီမှ ငှားရမ်းလိုသဖြင့် တွဲဘက် ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး (လားရှိုး)သို့ ဆက်သွယ် ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ချင်းရွှေဟော်မြို့၊ ပါကျက်ဟော်





ရေအားလျှပ်စစ်စက်ရုံများကို ကြွယ်ဝသော ရတနာရွှေမြေ ကုမ္ပဏီမှ လည်းကောင်း တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးလုနီးပါး ဖြစ်ပါတယ်။

(၃) ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ၁၀၀၀ ကီလိုဝပ် ထွက်ရှိမည့် ပိုနားကို ရေအားလျှပ်စစ်စက်ရုံကို နော်ရဲ ရောင်းဝယ်ရေး ကုမ္ပဏီနှင့် အလင်းသစ်ကမ္ဘာကုမ္ပဏီတို့ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။

(၄) ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၏ တောင်ဘက် မိုင် (၃၀) ခန့် နမ့်ကုတ်မြစ်ပေါ်တွင် ၃၀ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်းအတွက် စိမ်းလန်းသောဝမ်ဟုန်ကုမ္ပဏီမှ စူးစမ်း လေ့လာခြင်း လုပ်ငန်း ဆောင်ရွက်လျက် ရှိပါတယ်။

(၅) ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၏ မြောက်ဘက် မိုင် (၂၆) ခန့် နမ့်ကုတ်မြစ်ပေါ်တွင် ၄၅ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်း အတွက် ရွှေမြေအောင်ကုမ္ပဏီမှ စူးစမ်းလေ့လာခြင်း လုပ်ငန်း ဆောင်ရွက်လျက် ရှိပါတယ်။

(၆) ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၏ (၁၀)ခန့်အကွာ မယ်ဟုတ်ချောင်းပေါ်တွင် ၈ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်း အတွက် တက်ထွန်း ကုမ္ပဏီမှ စူးစမ်းလေ့လာခြင်းလုပ်ငန်း ဆောင်ရွက် လျက် ရှိပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျွန်တော့်အနေနဲ့ ပြည်နယ် တစ်ခုလုံးရှိ မိဘပြည်သူများအားလုံး စိတ်ချမ်းသာစေရေး၊ လျှပ်စစ်မီးရရှိရေးအတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ပြီး ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးစားဆောင်ရွက်သွားပါမည်ဟု ကတိပြုဆန္ဒပြုအပ်ပါတယ်။ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ လိုအပ်ချက်များ ရှိခဲ့ပါကလည်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး အကြံဉာဏ်ကောင်းများ ပေးကြပါရန် တင်ပြအပ်ပါတယ်။ ချို့ယွင်းချက်များ ရှိခဲ့ပါကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ခွင့်လွှတ်ပေးကြပါရန် ပန်ကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ်၊ ဧပြီလ(၃)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။





ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ ကြွယ်ဝသော ရတနာရွှေမြေ ကုမ္ပဏီသို့ ငှားရမ်းရန်ဆုံးဖြတ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ နမ့်ဝုတ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ ကျိုင်းတုံမြို့ (၂၄)နာရီ မီးလင်းရေးလုပ်ငန်းဆောင်ရွက်မည့် ကျိုင်းတုံစွမ်းအင် ကုမ္ပဏီသို့ ငှားရမ်းရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ နမ့်လပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ ကျိုင်းတုံမြို့ (၂၄)နာရီ မီးလင်းရေးလုပ်ငန်းဆောင်ရွက်မည့် ကျိုင်းတုံစွမ်းအင်ကုမ္ပဏီသို့ ငှားရမ်းရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်ချုပ် ဆိုရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ မိုင်းဆတ်မြို့ မယ်ပန် ရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးမှ လွယ်ဆမ်ဆုံနှင့် ခမ်းဝိုကုမ္ပဏီများသို့ ငှားရမ်းရန်ဆုံးဖြတ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စက်ရုံများမှာ

(၁) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့ အနီးတွင် ရေအရင်းအမြစ် ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။

(၂) ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်အတွင်း ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့် ချားဟော် ရေအား လျှပ်စစ်စက်ရုံကို ကိုးကန့်ဆွေကုမ္ပဏီမှလည်းကောင်း၊ ကြွင်းဖန်ဟော်နှင့် ရင်ဖန်ထို

**အခမ်းအနားမှူး၊** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။



D/real(wide) (1



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထား သော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။**___အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော် အစည်းအဝေး
## အထမြောက်ကြောင်းနှင့်
## စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် (၁၄၂) ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၃) ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆. ၆၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန် တဲ့ အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၀) ပုဒ်မခွဲ (က)နဲ့၊ တိုင်းဒေသကြီး နှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ)

အရ၊ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။
[ သြဘာသံများ ]

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်း ဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း မိမိအတွက် အခြားကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။


D/real(wide) (1



# ရှမ်းပြည်နယ်
# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ဆဋ္ဌမပုံမှန် အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၄ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်
# ( ၂၀၁၃ ခုနှစ်၊ ဧပြီ လ ၄ ရက် )
# [ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက် ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပ ပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**တပ်မတော်သားကိုယ်စားလှယ်  ဗိုလ်မှူးစိုးသူရ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူရ ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ် ဖြစ်သူ ဗိုလ်မှူးကြီး အောင်သူသည် အရေးကြီး တာဝန်ကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃-၄-၂၀၁၃) ရက်နေ့ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးကြီးအောင်သူ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

**တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဇော်လတ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဇော်လတ် ဖြစ်ပါတယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးညီညီတင်သည် အရေးကြီးကိစ္စ ဆောင်ရွက်လိုပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (ပုံမှန်) အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၃. ၄ . ၂၀၁၃) ရက်နေ့အထိ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးညီညီတင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . ။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**





**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီကနေ့ လွှတ်တော် ကိုယ်စားလှယ်(၇)ဦးက မေးမြန်း ထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်(၂)။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့သို့ ကြွရောက်လာသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာ ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

မေးခွန်း(၁)၊ ကျွန်တော်တို့လဲချားမြို့နယ်အတွင်း ပညာရေးကဏ္ဍတိုးတက်စေရေးအတွက် စာသင်ကျောင်းဆောင် များ ဥပမိရှုပ်ကောင်းမကောင်းကို ကျေးရွာများအထိ



D/real(wide) (1

မြို့နယ်ပညာရေး တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ကွင်းဆင်းလေ့လာလျက် ရှိပါတယ်ခင်ဗျား။ လဲချားမြို့နယ်အတွင်းရှိ ဥပဓိရုပ်မကောင်းသော ကျောင်းများစွာ ရှိသည့်အနက် ဝမ်ငြိမ်းကျေးရွာ ဝမ်က (အလက)ကျောင်းခွဲ မူလ တန်းကျောင်းဆောင်မှာလည်း ယိုယွင်းပျက်စီးပြီး ယိမ်းယိုင်နေသည်ကို တွေ့ရှိရ ပါတယ်။ ကျောင်းဆောင်၏ပျက်စီးနေသည့် ဥပဓိရုပ် အနေအထားကြောင့် လာမည့်ပညာသင်နှစ် ကျောင်းဖွင့်ရာသီမှာ ကျောင်းသူကျောင်းသားများအတွက် စိုးရိမ်ပူပန်မိပါသည် ခင်ဗျား။ ဒါကြောင့် လဲချားမြို့နယ် ဝမ်ငြိမ်းကျေးရွာ ဝမ်က (အလက)ခွဲကျောင်းရှိ မူလတန်းကျောင်းဆောင် ယိုယွင်းပျက်စီး ယိမ်းယိုင်နေသည်ကို မည့်သည့်အချိန်ကာလတွင် ပြန်လည်ပြုပြင် မွမ်းမံပေးနိုင်မည်ကို သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** မေးခွန်းကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၏ လဲချား မြို့နယ် ဝမ်ငြိမ်းကျေးရွာ ဝမ်က (အလက)ခွဲ ကျောင်းရှိ မူလတန်းကျောင်းဆောင်မှာ ယိုယွင်းပျက်စီး ယိမ်းယိုင်နေသည်ကို မည့်သည့်အချိန်ကာလတွင် ပြန်လည် မွမ်းမံ ပေးနိုင်မှုကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်





သဘောတူတဲ့ အတွက် ယခုခွင့်ပန် ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၁၄၂) ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၇) ဦး ဖြစ်ပြီး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦး ရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်း ဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို

(အတည်ပြုပါသလားခင်ဗျား။)

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘော တူပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

အစိုးရအဖွဲ့ဝင် ကျွန်တော် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ် ဝမ်ငြိမ်းကျေးရွာ ဝမ်က(အလက) ခွဲကျောင်းတွင် မူလတန်း ကျောင်းသားကျောင်းသူ (၁၃၈)ဦး၊ အလယ်တန်းကျောင်းသားကျောင်းသူ (၄၆)ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ (၁၈၄)ဦးရှိပြီး ကျောင်းဆောင် တစ်ဆောင် ရှိပါသည်။ မူလတန်းကျောင်းဆောင် ယိုယွင်းပျက်စီး ယိမ်းယိုင် နေသည်ကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း ၁၂၀×၃၀ ပေအုတ်ညှပ် တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ကို ရရှိနိုင်ရေးအတွက် အမှတ်(၂) အခြေခံပညာဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဟိုပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ဦးစိုင်းလှဖေက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ဒီအစည်းအဝေးကို တက်ရောက်နေကြသော ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ရိုသေဂါဝရ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ဝင်မုခ်ဦး ပြုလုပ်ခွင့် တောင်းသည်ကို





‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟိုပန်ခရိုင် ဟိုပန်မြို့ မြို့ဝင်မုခ်ဦး မိုင်တိုင် အမှတ် ၆၀/၄ ဖာလုံ နေရာ၌ မြို့ဝင်မုခ်ဦး ပြုလုပ်ခွင့် ပြုနိုင်ပါရန် ရည်ညွှန်း ပါစာဖြင့်တင်ပြလာမှုအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပုံမှန် အစည်းအဝေး အမှတ်စဉ် ၁၇/၂၀၁၂ ဆုံးဖြတ်ချက်အပိုဒ် ၁၀ (၁) ဒ အရ (ခွင့်မပြု) ခွင့်မပြု ကြောင်း အကြောင်းကြားပါသည်။

ပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား)
( ရဲနိုင်အောင်၊ အတွင်းရေးမှူး)

ဟုပါရှိပါသည်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အကြောင်းကြားစာရရှိပြီး နောက်ယနေ့ထိ ဒေသတွင်း ပြည်သူများ စိတ်ဝင်တစား မေးမြန်းလာကြပါတယ်။ မေးခွန်းကတော့ ပြည်နယ်အစိုးရက ဘာကြောင့် ခွင့်မပြုသလဲ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖြစ်ပေါ်လာရပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်တင်မြောက်ပွဲမှာလည်း ဥပဒေ နှင့်အညီပြည်သူက ရွေးချယ်တင်မြောက်ခဲ့သော ကိုယ်စားလှယ်များနှင့် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဆိုပြီး ပေါ်ပေါက်လာပါသည်။ ဥပဒေ နှင့် အညီ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြို့ဝင်မုခ်ဦး ပြုလုပ်ခွင့်ပြုနိုင်ပါရန် တင်ပြ ခဲ့ခြင်းဖြစ်ပါတယ်။အိမ်သာလျှင် ဧည့်လာဆိုသည့်စကားနှင့်အညီ မိမိ မြို့မျက်နှာစာ သန့်ရှင်းလှပ စေရန် လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဧည့်သည်များကို လှိုက်လှဲပျူငှာ နွေးထွေးစွာ ကြိုဆိုနိုင်ရန်အတွက်လည်းကောင်း

မြို့ဝင်မုခ်ဦးကို ပြုလုပ်လိုခြင်း ဖြစ်ပါသည်။ နောက်တစ်ခု ကျွန်တော်တို့မြောက်ပိုင်း ‘ဝ’ တိုင်း၏အဝင်တံခါးဝလည်း ဖြစ်ပါသည်။ ရှမ်းပြည်နယ်ပင်မနှင့် ဆက်သွယ်ရေး တံခါးပေါက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် “ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှ လှိုက်လဲစွာကြိုဆိုပါ၏” စာတန်းပါ မြို့ဝင်မုခ်ဦးဆောက်လုပ်ရန် ခွင့်မပြုသည်မှာဘာကြောင့် ခွင့်မပြုကြောင်း ရှင်းရှင်းလင်းလင်း သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရမှ ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဦးတူးမောင်၊စည်ပင်သာယာရေးဝန်ကြီး** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)ဦးစိုင်းလှဖေ၏ “ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှလှိုက်လဲစွာကြိုဆိုပါ၏” စာတန်းမှာ မြို့ဝင်မုဒ်ဦး ဆောက်လုပ်ရန် အဘယ်ကြောင့်ခွင့်မပြုသည်ကို သိရှိလို့ပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာရေးဝန်ကြီး ကျွန်တော် ဦးတူးမောင်မှ ပြန်လည် ဖြေကြားသွားပါမယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း(၁)တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ (၅)ခု စုစုပေါင်း ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရ တိုင်း/ဒေသ (၆)ခု ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ရှမ်းပြည်နယ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (၁)တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၄)ခု စုစုပေါင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ (၅)ခု ဖွဲ့စည်း သတ်မှတ်ခဲ့ပါသည်။



D/real(wide) (1



ပြည်နယ်အစိုးရအဖွဲ့က ခွင့်မပြုကြောင်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်နယ်အစိုးရထံသို့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်စွဲဖြင့် မြို့ဝင်မုခ်ဦး ပြုလုပ်ခွင့် ပြုနိုင်ပါရန် တင်ပြခဲ့ပါတယ်။ ဒီတင်ပြချက်အပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ခွင့်မပြုကြောင်း အကြောင်းကြားခဲ့ပါတယ်။ စာအပြည့်စုံ ကတော့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ပြည်နယ်အစိုးရအဖွဲ့<br>ရှမ်းပြည်နယ်

စာအမှတ်၊ ၇၂၇၅/၃-၆၀၆(အစည်းဝေး)/အစရ (ရှမ်း)<br>ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၂၁ ရက်

သို့

ဥက္ကဋ္ဌ<br>‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့<br>ဟိုပန်မြို့

အကြောင်းအရာ။ **‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြို့ဝင်မုခ်ဦးပြုလုပ်ခွင့် ပြုနိုင်ပါရန် တင်ပြခြင်း။**

ရည်ညွှန်းချက်။ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဟိုပန်မြို့ (၁၈-၇-၂၀၁၂ ) ရက်စွဲပါ စာအမှတ် ၂/၁-၂၇/ဦး(၆) ၃၄၆

အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ စုစုပေါင်း (၅)ခုနယ်မြေ သတ်မှတ်ပိုင်းခြား သတ်မှတ်ထားသော်လည်း လက်ရှိမြေပြင်တွင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒေသများ၏ မြို့ဝင်မုဒ်ဦးများ ဆောက်လုပ်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ နယ်မြေဝင်ပေါက်နေရာများတွင် သက်ဆိုင်ရာ တိုင်း/ဒေသများ၏ မြို့ဝင်မုဒ်ဦး ဆောက်လုပ်ရမည့် ကိစ္စများနှင့်ပတ်သက်၍ မူဝါဒအားဖြင့်သီးခြား သတ်မှတ်ထားခြင်း မရှိသေးပါသဖြင့် မုဒ်ဦးများ ဆောက်လုပ်ခွင့် ပြုနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မူဝါဒအားဖြင့် သီးခြား ညွှန်ကြားချက် ရရှိရေး တင်ပြသွားရမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှဦးမြတ်စိုးကမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၏ တတိယနေ့အခမ်းနားသို့ ကြွရောက်ချီးမြှင့်ပေးတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားတက်ရောက်လာကြတဲ့ ဧည့်သည်တော်များ ခင်ဗျား၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်စိုးဖြစ်ပါတယ်။





(၂၀၀၇)ခုနှစ်မှစ၍ဖွင့်လှစ်ခဲ့ပြီး အလယ်တန်း ကျောင်းအဆင့် အလယ်တန်းကျောင်းသားဦးရေ (၂၅၀)ဦးနှင့်အထက်အား တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့်အတွက် လာမည့်စာသင်နှစ်တွင် အလယ်တန်းအဆင့် ကျောင်းသားဦးရေများပြား လာမည်ဖြစ်သဖြင့် အခြေခံပညာ အလယ်တန်း ကျောင်းအဆင့်တိုးမြှင့်ပေးရန် အတွက်အဆင့်ဆင့် တင်ပြတောင်းခံသွားမည် ဖြစ် ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမောရှည်က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောရှည်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်သော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းဆုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးမောရှည် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့အစည်းအဝေးမှာ ကျွန်တော် တင်ပြလိုတာကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် မြို့နယ် ပြည်သူလူထုများ ရေကောင်းရေသန့် သောက်သုံးရေ ရရှိရေးကိစ္စအတွက် ဖြစ်ပါတယ်။ မိုင်းဖြတ်မြို့အတွင်းမှာ ရပ်ကွက် (၄) ရပ်ကွက်မှ အိမ်ခြေပေါင်း (၁၂၃၈) အိမ်၊ လူဦးရေပေါင်း (၈၀၄၁)ဦး ရှိသောမြို့တစ်မြို့ဖြစ်ပါတယ်။ ယခင်က ရေအရင်းမြစ်များမှ ရပ်ကွက်နေပြည်သူလူထုများမှ မိမိတို့အစီအစဉ်ဖြင့်



D/real(wide) (1

ကိုယ်ထူကိုယ်ထ ရေသွယ်ယူကာ ရေဖြန့်ဝေပေးလျက် ရှိပါတယ်။ ယခုအခါ အဆိုပါ ရေအရင်းအမြစ်များ၊ တည်ရှိရာနေရာတွင် အမှတ်(၆၄) စစ်လက်နက် ပစ္စည်းတပ်၊ အမှတ် (၁) ခုတင်(၁၀၀) တပ်မတော်ဆေးတပ်ရင်း၊ အမှတ် (၃၈၄)အမြောက်တပ်ရင်း၊ အမှတ်(၇၀၀၂) သံချပ်ကာတပ်ခွဲတပ်ရင်းများသည် ရပ်ကွက်လူထုများမှ ကိုယ်ထူကိုယ်ထ သွယ်ယူထားသော နေရာအထက်မှ ရေများကိုပိုက်ကြီးပိုက်ငယ်များဖြင့် ဖြတ်တောက်ရယူသုံးစွဲခြင်းဖြင့် နွေတွင်ရေနည်းပါးကာ ရေလုံလောက်မှု မရှိသော ပြဿနာများနှင့် ကြုံတွေ့နေရပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ ဖြန့်ဝေလျက်ရှိသော ရေသည်လည်း လုံလောက်မှုမရှိပါ။ ထို့ကြောင့် မြို့နယ်ရပ်ကွက်မှ ပြည်သူလူထုများ အတွက်ရေကောင်းရေသန့် သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေး ဖို့ဖြစ်ပါတယ်။

**ဦးတူးမောင်၊စည်ပင်သာယာရေးဝန်ကြီး။**လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးမောရှည်၏ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့ ၊ရပ်ကွက်ကျေးရွာနေ ပြည်သူလူထုအတွက် ရေကောင်းရေသန့် သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိမရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးမှ ပြန်လည်ဖြေကြား သွားပါမယ်။

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်သိန်းပေါင်း (၅၀၇)သိန်းဖြစ်၍



D/real(wide) (1



လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကလော မြို့နယ်ရဲ့ နောင်ရဲကျေးရွာ အုပ်စုမြေခြားရွာ အမှတ် (၁၃၈) အလယ်တန်း ကျောင်းခွဲသည် ပင်းတယမြို့နယ်နှင့် ကလောမြို့နယ်(၂) မြို့နယ် ထိစပ်နေတဲ့ ကျေးရွာတစ်ခု ဖြစ်ပြီး ပညာရေးကိုအားပေးတဲ့ ဘွဲ့ရလူငယ်တွေ ထွက်ရှိနေတဲ့ ကျေးရွာလေးလည်း ဖြစ်ပါတယ်။ လမ်းပမ်းဆက်သွယ်ရေးအနေနှင့်လည်း အောင်ပန်းပင်းတယ ကားလမ်းပေါ်မှာ တည်ရှိပြီးတော့ တင့်သင့်လျောက်ပတ်တဲ့ ကျောင်းသားဦးရေနှင့် အဆောက်အဦးများလည်း ရှိနေပြီး ဖြစ်ပါတယ်။ လျှပ်စစ်မီးလည်းရရှိပြီးတိုးတက်နေတဲ့ ကျေးရွာတစ်ရွာ လည်းဖြစ်ပါတယ်။ သို့ပါ၍ ၄င်းမြေခြားရွာ အမှတ် (၁၃၈) အလယ်တန်းကျောင်းခွဲအား အလယ်တန်းကျောင်း ဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိမရှိ သိရှိလို့ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၏ ကလော မြို့နယ်ရဲ့ နောင်ရဲကျေးရွာအုပ်စု မြေခြားရွာ အမှတ် (၁၃၈) အလယ်တန်း ကျောင်းခွဲအား အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုပါသည် ဟူသော မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကလောမြို့နယ်ရဲ့ နောင်ရဲကျေးရွာအုပ်စုကျောက်ဆောင်မြေခြား အခြေခံပညာအလယ်တန်း ကျောင်းခွဲသည် ကျောင်းခွဲအဖြစ်

မြို့ပြရေပေးရေး မွမ်းမံလုပ်ငန်းဖြစ်သော မြို့တွင်းရေပိုက်လိုင်းများ ပြုပြင်ခြင်းကို ငွေကျပ် (၁၀. ၁၄)သိန်း၊ ကျေးလက်ရေပေးရေး တိုးချဲ့လုပ်ငန်းဖြစ်သော နန်ဝေလုံကျေးရွာမှ စိမ့်စမ်းရေသွယ်ယူခြင်းကို ငွေကျပ် (၁၆. ၂၆၈) သိန်း၊ ဟိုပေါ့ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းကို ငွေကျပ် (၉. ၀၈၂) သိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါတယ်။ မိုင်းဖြတ်မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မြို့မှ (၅)မိုင်ကွာဝေးသည့် နန်စန်ချောင်းရေတံခွန် အထက်ဖက်တွင် မြေသားတမံ တည်ဆောက်၍ မြေသားတမံမှ ရေသွယ် မြောင်းဖြင့်ရေစုကန်သို့ ရေသွယ်ယူရပါတယ်။

ငှင်းရေစုကန်မှ ရှစ်လက်မ PVC ပိုက် (၂၆၄၀၀)ပေ သွယ်တန်း ၍ ရှုခင်းသာအဝင်အထွက်ဖက်ရှိ တောင်ကုန်းတွင်ဂါလံ (၁. ၂)သိန်းဆန့် ရေစုကန်တည်ဆောက်ပြီး ၊ ၎င်းမှတဆင့် မူလရေဂါလံ (၉၅၀၀)နှင့် (၈၅၀၀)ဆန့် ကန် (၂)ကန်သို့ လေးလက်မ PVC ပိုက်ဖြင့် သွယ်တန်းရယူပါမည်။ ၎င်းမူလ ရေကန် (၂)ကန်မှတဆင့် မြို့တွင်းသို့ လက်ရှိအသုံးပြုလက်ရှိသော ပိုက်လိုင်းများဖြင့် ရေဖြန့်ဝေခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းဖြတ်မြို့ပေါ် ရပ်ကွက်များ သောက်သုံးရေ ဖူလုံစွာရရှိရေး ၊ နမ့်စန်ချောင်းကျေးရွာ ရေအရင်းအမြစ်မှ ရေသွယ်ယူခြင်းအတွက် ခန့်မှန်းကုန်ကျငွေစရိတ်မှာ ကျပ်သိန်းပေါင်း (၂၄၉၁. ၄) သိန်းဖြစ်ပြီး၊ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ဝင်ငွေနည်းပါးသော မြို့နယ်ဖြစ်၍ အဖွဲ့ဝင်ငွေဖြင့်ဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါသဖြင့် နိုင်ငံတော်ထောက်ပံ့ငွေရရှိရေး တင်ပြတောင်းခံ သွားမည်ဖြစ်ပြီး၊ ထောက်ပံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။





(၂၈၁၃)ဦးတို့သည် မှီတင်းနေထိုင် လျက်ရှိပါသည်။ ထို့အပြင် ဧကပေါင်း (၆၃၈၅၅)ဧက အကျယ်အဝန်း၊ နမ့်လုံမြောက်ကြိုးပြင်ကာကွယ်တောတွင်းတွင် မိုင်းဖြတ်ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာအုပ်စု၊ နမ့်ယွန်းကျေးရွာအုပ်စုနှင့် နမ့်ဟက်ပုံကျေးရွာအုပ်စု၊ စုစုပေါင်း (၄)အုပ်စုမှ အိမ်ခြေပေါင်း (၉၃၀)၊ အိမ်ထောင်စုပေါင်း (၁၂၀၃)စု၊ လူဦးရေပေါင်း (၅၂၅၀)ဦးတို့သည် မှီတင်းနေထိုင်လျက်ရှိကြသည်။

အဆိုပါကျေးရွာအုပ်စုများနှင့် ကပ်လျက်ရှိနေသော မြေလွတ်မြေရိုင်းများ အားလုံးကို ကြိုးပြင် ကာကွယ်တောများ မြေများအဖြစ် သတ်မှတ်ပေးလိုက်ခြင်း အားဖြင့် ပြည်သူများအတွက် အသက်မွေး ဝမ်းကျောင်းအဖြစ် မိသားစုစားဝတ် နေရေး တပိုင်တနိုင်လုပ်ကိုင်နိုင်မည့် မြေများ လုံးဝမရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်မူအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံချက် များနှင့်အညီ ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက်သော်လည်းကောင်း၊ ကိုယ်စီကိုယ်ငှ အလုပ်အကိုင် အခွင့်လမ်းများ ရရှိစေရေးအတွက်သော်လည်းကောင်း ၊ တပိုင်တနိုင် စိုက်ပျိုးမြေများ ရရှိစေရေးအတွက်သော်လည်းကောင်း၊ နမ့်လုံတောင် ကြိုးပြင်ကာကွယ်တောမှ (၁၂၈၀၀)ဧကနှင့် နမ့်လုံမြောက် ကြိုးပြင်ကာကွယ် တောထဲမှ ဧကပေါင်း (၂၀၀၀၀)ခန့်ကို မြေလွတ်မြေရိုင်းမြေများအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိမရှိ သိရှိလိုပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။**
လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားတက်ရောက်သော ဧည့်သည်တော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးညွန့်ဝင်း မေးမြန်းထားသည့် နိုင်ငံတော်မူအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့ချရေး စီမံချက်များနှင့်အညီ ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက်လည်းကောင်း၊ တပိုင်တနိုင်စိုက်ပျိုးမြေ ရရှိစေရေးအတွက် လည်းကောင်း၊ နမ့်လုံတောင်ကြိုးပြင် ကာကွယ်တောမှ (၁၂၈၀၀) ဧကနှင့် နမ့်လုံမြောက် ကြိုးပြင်ကာကွယ်တောမှ ဧကပေါင်း (၂၀၀၀၀)ခန့်ကို မြေလွတ်မြေရိုင်းအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိမရှိ သိလိုပါကြောင်းမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်ရှိ မြေလွတ်မြေရိုင်းများကို နမ့်လုံတောင်ကြိုးပြင် ကာကွယ်တော အဖြစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁၉/၉၇ ဖြင့် လည်းကောင်း၊ နမ့်လုံမြောက် ကြိုးပြင်ကာကွယ်တော အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ





**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးညွန့်ဝင်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**
လေးစားအပ်ပါသောရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ စေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျာ။ နမ့်လုံတောင် ကြိုးပြင် ကာကွယ်တောမှ (၁၂၈၀၀)ဧကနှင့် နမ့်လုံမြောက် ကြိုးပြင်ကာကွယ်တောမှ ဧက (၂၀၀၀၀)ခန့်ကို မြေလွတ် မြေရိုင်းမြေများအဖြစ် သတ်မှတ်ပြောင်းလဲပေးနိုင်ရန် အစီအစဉ် ရှိမရှိ သိရှိလိုသည့်မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၇-၃-၂၀၀၄ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာ အမှတ် ၊၂၃/၂၀၀၄ ဖြင့် ဧကပေါင်း (၁၂၈၀၀) အကျယ်အဝန်း ကို နမ့်လုံတောင် ကြိုးပြင်ကာကွယ်တော အဖြစ်လည်းကောင်း၊ ၄င်းဝန်ကြီးရုံး၏ ၁၂-၆-၂၀၀၂ ရက်စွဲပါ။ အမိန့်ကြောငြာစာ အမှတ် ၃၂/၂၀၀၂ ဖြင့် ဧကပေါင်း (၆၃၈၅၅) ဧက အကျယ်အဝန်းကို နမ့်လုံမြောက် ကြိုးပြင်ကာကွယ်တော အဖြစ်ကိုလည်းကောင်း တိုင်းတာသတ်မှတ်ခဲ့ပါသည်။

အဆိုပါဧကပေါင်း (၁၂၈၀၀) အကျယ်အဝန်း နမ့်လုံတောင် ကြိုးပင် ကာကွယ်တောအတွင်းတွင် တောညွန့်အုပ်စု၊ ဝမ်လုံးအုပ်စု၊ အိုက်ဝို့အုပ်စုနှင့် ဆီမွန်းအုပ်စု စုစုပေါင်းအုပ်စု (၄)အုပ်စုမှ အိမ်ခြေပေါင်း (၅၆၆)၊ အိမ်ထောင်စုပေါင်း (၆၈၈)၊ လူဦးရေပေါင်း

ဝန်ကြီးဌာန၏ ၁၂-၆-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၂/၂၀၀၂ ဖြင့်သော်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။

အဆိုပါမြေနေရာများဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်း နှင့်အညီ လျှောက်ထားရန်ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် အဆိုပါနေရာအား သစ်တောကြိုးဝိုင်း အဖြစ်မှ မြေလွတ်မြေရိုင်းအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးပါက မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များ နှင့်အညီ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထား နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးယာကုပ်က မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆထက်တံပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ပဏာမဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။



D/real(wide) (1



အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျိုင်းတုံ မိုင်းခတ်၊ မိုင်းယန်းလမ်းတွင် ကျောက်၊ သဲ အလွန်ပေါ်များပါသည်။ ရန်ကုန်-မန္တလေးလမ်းများလို မိုင်ပေါင်းများစွာမှ ကျောက်သယ်ရန် လိုအပ်မည် မဟုတ်ပါ။ သို့ပါ၍ ကျိုင်းတုံမှ မိုင်းခတ်-မိုင်းယန်း လမ်းမကြီး အဆင့်မြှင့်တင် ကောင်းမွန်ရေးအတွက် အကြံပြု တင်ပြလိုပါသည်။

(က) စက်၊ ယာဉ်ယန္တရားရှိသောကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် ခွင့်ပြုပေးရန်၊

(ခ) တချိန်တည်းဘဏ္ဍာငွေခွဲဝေပေးနိုင်ခြင်းမရှိပါက ခွဲဝေပေးနိုင်သည့် ဘဏ္ဍာငွေဖြင့် တဆက် တစပ်တည်း လမ်းမိုင် အပိုင်းလိုက်စနစ်ဖြင့်ခင်းရန်၊

(ဂ) ကတ္တရာခင်းခြင်းစနစ်ကိုမသုံးဘဲ ကျောက်ချော လမ်း အဆင့်ကိုသာ ကောင်းမွန်စွာခင်းပေးရန် တို့ဖြစ်ပါတယ်။

သို့ပါ၍ အထက်ပါ အချက်သုံးချက်အား ဆောင်ရွက်ပေး နိုင်ခြင်းရှိမရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မိုင်းခတ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးယာကုပ်မေးမြန်းတဲ့ ကျိုင်းတုံ၊ မိုင်းခတ်မိုင်းယန်းလမ်းမကြီးဟာ ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့

ပြည်ထောင်စုလမ်း ဖြစ်ပါတယ်ခင်ဗျာ။ ကျိုင်းတုံမှ မိုင်းခတ်-မိုင်းယန်းထိ (၂၃)မိုင် (၀)ဖာလုံရှိပါတယ်။ ၄င်းလမ်းကို ဝန်ကြီးချုပ်ကြီးသည် မိုင်းခတ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ မြေသားလမ်းပဲဖြစ်ပါတယ်။ အင်မတန်မှ သွားလာရ ခက်ခဲပါတယ်။ အထူးကိစ္စတရပ်အနေနှင့် ဒီလမ်းကို သွားရောက် စစ်ဆေးပါ ဆိုတဲ့ ဝန်ကြီးချုပ်၏တာဝန်ပေးချက်အရ ၂၀၁၂ ဖေဖော်ဝါရီမှာ ကျွန်တော်ကိုယ်တိုင် မိုင်းခတ်-မိုင်းယန်းထိ ရောက်ပြီးတော့မှ ဒီလမ်းကို အသေးစိတ်စစ်ဆေးခဲ့ပါတယ်။ မြေသားလမ်းဖြစ်ပါတယ်။ ဆောင်ရွက်ရမည့် တံတားများကိုလည်း သံကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်နိုင်အောင် အသေးစိတ်စာရင်းများ မှတ်သားပြီးတော့မှ ပြည်ထောင်စုဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးမှာ ကျွန်တော် တင်ပြခဲ့ပါတယ်။ အစောပိုင်းက ကျွန်တော်တင်ပြသလိုပါဘဲ ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့လမ်းဖြစ်သည့်အတွက် ဒီလမ်းကို အထူးစီမံကိန်းတရပ်အနေနှင့် ကျွန်တော်တို့ဟာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သင့်ကြောင်း တင်ပြထားသော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေသန်း (၅၀၀)သာ ရရှိခဲ့ပါတယ်။ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းကို ကျိုင်းတုံခရိုင်ကနေ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျိုင်းတုံခရိုင်ဟာ မြို့နယ်ပေါင်း(၈)မြို့နယ်၊ လမ်းပေါင်း(၁၄)လမ်းအား တာဝန်ယ ူဆောင်ရွက်နေရပါတယ်။ ၄င်းလမ်း (၁၄)လမ်းရှိ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းကြိတ်စက်(၉)စီး၊ မြေထိုးစက် (၂)စီး၊ မြေတူးစက်(၂)စီး၊ မြေတင်စက်(၂)စီး၊ မြေညှိစက်(၁)စီး စုစုပေါင်း (၁၆)စီးဖြင့် လုပ်ငန်းများအချိန်မီ ပြီးစီးဆောင်ရွက်နိုင်ရန်အတွက် ကြိုးစားအားထုတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

မနေ့က ကျွန်တော်အစီရင်ခံတင်ပြထားသလိုပါဘဲ ယခင်ရရှိထားတဲ့ ရန်ပုံငွေဖြင့်ဆောက်လုပ်ရေးတွေမှာ ဖွဲ့စည်းပုံဝန်ထမ်း



D/real(wide) (1



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ယခုတင်ပြလိုတာကတော့ ပြည်သူတို့ရဲ့ဆန္ဒအရ လမ်းပမ်း ဆက်သွယ်ရေးကိစ္စနှင့်ပတ်သက်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးရှေးရှု၍ တင်ပြသွားမှာဖြစ်ပါတယ်။ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း ကားလမ်းအား ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ရန် နိုင်ငံတော်မှ ကျပ်သန်းပေါင်း (၅၀၀) ခွဲဝေပေးထားကြောင်းသိရှိရပါတယ်။ ယခုလက်ရှိ မိုင်းခတ်လမ်းအပိုင်း၊ မိုင်းယန်းအလမ်းပိုင်းတို့သည် ၁၉၇၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်လာခဲ့သည်မှာ ကျောက်ကြမ်းလမ်း အဆင့်သာ ရှိပါသေးသည်။ မိုင်းခတ်လမ်းအပိုင်းသည် မိုင် (၃၀)ခန့်၊ မိုင်းယန်းလမ်းပိုင်းသည် (၂၂) မိုင်ခန့် ရှိပါသည်။ ကျိုင်းတုံလမ်းအပိုင်း (၂၁)မိုင်ခန့်ရှိပါသည်၊ စုစုပေါင်းမိုင် (၇၃)မိုင် ရှိပါတယ်။ ကျိုင်းတုံလမ်းအပိုင်းသည် စက်ရေယန္တယားအနည်းငယ်သာ ရှိသည်က တစ်ကြောင်း၊ ချောင်းကျောက်၊ အလွှတ်ကျောက်များ မသုံးဘဲ ခွဲတမ်း ကျောက်များကိုသာသုံးသည်တို့ကြောင့် လမ်းပိုင်း အရည်အသွေးသည် မိုင်းခတ်၊ မိုင်းယန်းလမ်း အပိုင်းထက် ကောင်းမွန်ပါသည်။

မိုင်းခတ်၊ မိုင်းယန်းလမ်းအပိုင်းတွင်မူ စက်၊ ယာဉ်ယန္တရား မပြည့်စုံခြင်း၊ လမ်းကြိတ်စက်တစ်စီးနှင့် မြေတွန်းစက်တစ်စီးမှာ တစ်ရက်လုပ် တစ်လပျက် အဆင့်ရှိသော စက်များကြောင့် အလုပ်မတွင်ကျယ်ပါ။ လမ်းခင်းရာတွင်လည်း ချောင်းကျောက်၊ အာလူးကျောက်များကို မခွဲတမ်းအသုံးပြုခြင်း၊ လမ်းကြိတ်စက် မကြိတ်နိုင်ခြင်းများကြောင့် လမ်းပိုင်းအရည်အသွေး အဆင့်မြင့်တက် မလာသေးဘဲ ဘဏ္ဍာငွေများသာ တစ်နှစ်ပြီးတစ်နှစ် ပိုကုန်နေကြကြောင်း တွေ့ရှိရပါသည်။ ကျွန်တော်လေ့လာစုံစမ်းသိရှိရသည်မှာ ပြည်သူ့ ဆောက်လုပ်ရေး (ရှမ်း/ရှေ့)သည် စက်၊ ယာဉ်ယန္တရား

အင်အား၊ စက်၊ ယာဉ်ယန္တရား အင်အားသည် တိုးချဲ့ဖွံ့စည်းနိုင်ရန် အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှလည်း ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြထားခြင်းဖြစ်တဲ့အတွက် စက်၊ ယာဉ်ယန္တရား များ လောလောဆယ်မှာ မတိုးချဲ့နိုင်သေးပါ။ ဒါကြောင့် ရှမ်းပြည်နယ်ထဲမှာရှိနေတဲ့ လမ်းတံတားလုပ်ငန်းများကို တောင်ကြီး ဒေသမှာ ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် ရလခတိုင်းထဲမှာရှိနေတဲ့ စက်၊ ယာဉ်ယန္တရား များကို ငှားရမ်းပြီးတော့သုံးစွဲရပါတယ်။ ရှမ်းရှေ့တွင် တောင်ပေါ်ဒေသ သော်တာဝင်းလမ်းဖောက်လုပ်ရေး ကုမ္ပဏီကနေ ဝန်ကြီးချုပ်၏ ဆက်သွယ်ပေးမှုနှင့် စက်၊ ယာဉ်ယန္တရား ငှားရမ်းပြီး ဆောင်ရွက်ရပါတယ်။

ထိုနည်းတူစွာ လားရှိုးဒေသမှာဆိုလည်း **Asia world** မှ စက်ယန္တရားများကို အကူညီတောင်းငှားရမ်း ဆောင်ရွက်ခဲ့ရ ပါတယ်။ ကျိုင်းတုံ- မိုင်းခတ်-မိုင်းယန်းလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးသန်း (၅၀၀) ဖြင့် မူလမြေလမ်းများ အမာခံလမ်းခင်းခြင်းလုပ်ငန်း၊ မူလကျောက်လမ်းမှ ကတ္တရာ ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းလုပ်ငန်းများ အတွက် ခွဲကျောက်များကိုသာအသုံးပြုဆောင်ရွက်ခဲ့ပါတယ်။ ချောင်းကျောက်၊ အာလူးကျောက်များအား မိုးတွင်းကာလမှာ ဖြစ်ပေါ်နေတဲ့ မြေသားလမ်းရှိ နေရာများမှာ မိုးဒဏ်ကြောင့် ပျက်စီးတဲ့လမ်းများကို သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းငွေနှင့် အားလူးကျောက်များကိုသာသုံးပြု၍ လမ်းခင်းခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသွားသလို စက်၊ ယာဉ် ယန္တရားရှိတဲ့ ကုမ္ပဏီများကို ငှားရမ်းပေးနိုင်ဖို့မှာ ကျွန်တော်တို့ နိုင်ငံအနေနှင့် မနေ့က နမ့်စန်လွှတ်တော်ကိုယ်စားလှယ် တင်ပြသွား သလိုပါဘဲ ငွေအင်အား နည်းပါးတဲ့အတွက် **BOT** စနစ်နှင့်ဆောင်ရွက်နေတဲ့ လမ်းများလည်းရှိပါတယ်။ မိတ္ထီလာ၊



D/real(wide) (1



ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်နှင့် မြန်မာဧရာမွန်ကုမ္ပဏီကို **BOT** စနစ်ဖြင့် ဆောင်ရွက်ခွင့် ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် စက်ယာဉ်ယန္တရားရှိတဲ့ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံလိုတဲ့ ကုမ္ပဏီများ **BOT** စနစ်နှင့်ဆောင်ရွက်နိုင်ကြောင်း ဖြေကြားအပ် ပါတယ်။

တစ်ကြိမ်တည်း ဘဏ္ဍာငွေခွဲဝေပေးနိုင်ခြင်းမရှိတဲ့အတွက် ခွဲဝေပေးတဲ့ဘဏ္ဍာငွေများကို ရာသီမရွေးသွားလာနိုင်သော လမ်းအဆင့် ဖြစ်နိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့်မြေသားလမ်းမှ အမာခံလမ်းအဆင့်ကို ဆောင်ရွက်ခဲ့ပါတယ်။ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း (၇၃)မိုင်ကိုလည်း မြေသားလမ်းမှ တဆက်တစပ် တည်း အမာခံလမ်းဖြစ်အောင် ကျွန်တော်တို့ အထူးအစီအစဉ် အနေနှင့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆက်လက်ညှိနှိုင်း အကြောင်းကြားပြီး တင်ပြပေးသွားပါမယ်။ နှစ်အလိုက် ခွဲဝေပေးတဲ့ ရန်ပုံငွေတွေကို ကတ္တရာခင်းခြင်းလုပ်ငန်းများကို မြို့လေးနှင့် ရွာလေးတွေမှာ ဦးစားပေး အပိုင်းလိုက်ဆောင်ရွက်ပြီး ကျန်တဲ့ အပိုင်းလိုက်ကိုလည်း ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြင့်တင်သွားနိုင်အောင် တဆက်တစပ်တည်း ပြီးစီးသွား နိုင်အောင် အထူးကိစ္စတရပ်အနေနှင့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆက်လက်တင်ပြပေးသွားပါမည် ဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမိုင်ရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကံက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)** ။
လေးစား အပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို ဦးစွာဂါဝရပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း (၁၇)အုပ်စုနှင့် ရပ်ကွက်ပေါင်း (၄)ခုရှိပါတယ်။ မိုင်းရှူးမြို့ပေါ်တွင် လူနေအိမ်ခြေပေါင်း (၆၇၂၀)အိမ်၊ လူဦးရေ (၃၇၅၁၇)ဦး ရှိပါတယ်။ မိုင်းစံမြို့နယ်ခွဲတွင် တောင်ပေါ်ရတနာမြေ၊ လွိုင်ဆောင်ထောက်နှင့် ဝမ်ကန်ဒေသတို့ရှိကြပြီး လူနေအိမ်ခြေပေါင်း (၄၉၇၅)အိမ်၊ လူဦးရေပေါင်း (၂၀၂၇၉)ဦး နေထိုင်လျက်ရှိကြပါတယ်။ မိုင်းစံမြို့နယ်ခွဲသည် မိုင်းရှူးမြို့နှင့် (၂၉)မိုင် ကွာဝေးခြင်း၊ ရတနာနယ်မြေ လွိုင်ဆောင်ထောက်သည် မိုင်းရှူးမြို့နှင့် မိုင်ပေါင်း (၁၇)မိုင်ခန့် ကွာဝေးသည့်အပြင် တောင်ပေါ်ကားလမ်းဖြစ်ပြီး လမ်းပမ်းဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရန်နှင့် ယခုလက်ရှိမြို့ပေါ်တွင် မီးသတ်ကား တစ်စီးသည်လည်း နှစ်ပေါင်း (၂၀) ကျော် အိုဟောင်းသော မီးသတ်ကားဖြစ်နေပါသည်။ မြို့ပေါ်တွင် မီးသတ်ကား (၁)စီးနှင့် မိုင်းစံမြို့နယ်ခွဲတွင် မီးသတ်ကား (၁)စီး ခွဲဝေချပေးရန် အစီအစဉ်ရှိမရှိနှင့် ရှိပါက မည့်သည့်အချိန်တွင် ခွဲဝေချပေးသွားမည်ကို သိရှိလိုပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (1



တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်လမ်းမှာ ရှမ်းပြည်နယ် (၅၃)မိုင် (၄)ဖာလုံတွင်စပြီး ယခုရှမ်းပြည်နယ် ကျားခေါင်းလွှတ်တော်အထိ (၁၁၆)မိုင် (ဝ)ဖာလုံ၊ ဒါကို တောင်ပေါ်ဒေသ လမ်းဖောက်လုပ်ရေးက **BOT** ကုမ္ပဏီနှင့် ဆောင်ရွက်ပါတယ်။ ယခုကျွန်တော်တို့ (၁၁၆)မိုင် (ဝ) ဖာလုံကနေပြီးတော့မှ (၁၇၃)မိုင် လွိုင်လင်ထိ၊ နမ့်စန် (၁၈၉)မိုင် (ဝ)ဖာလုံထိ နေမင်းအောင်ကုမ္ပဏီက တာဝန်ယူ **BOT** စနစ်နှင့် ဆောင်ရွက်ပါတယ်။ ကျိုင်းတုံနှင့်တာချီလိတ် လမ်းပိုင်းကိုလည်း သော်တာဝင်းကုမ္ပဏီမှ **BOT** စနစ်နှင့် ဆောင်ရွက်လျက် ရှိပါတယ်။

ရွှေညောင်နှင့်ရပ်စောက် (၃၆)မိုင်လမ်းပိုင်းကိုလည်း စိုးလွင်အောင် ကုမ္ပဏီမှ **BOT** စနစ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေညောင်-ညောင်ရွှေလမ်း (၇)မိုင်၊ အောင်ပန်း-ပင်းတယလမ်း (၂၄)မိုင် ကိုလည်း ယခင်က **Three Milllion** ကုမ္ပဏီကနေ **BOT** စနစ်နှင်ဆောင်ရွက်သော်ငြားလည်း ကုမ္ပဏီက အင်အားနည်းပါးပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ဝန်ကြီးချုပ်ကြီးမှ ပြည်ထောင်စုဝန်ကြီးဌာနကို ညှိနှိုင်းအကြောင်းကြားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည် ထိန်းသိမ်းရန် ညှိနှိုင်းခဲ့တဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ညောင်ရွှေ-ရွှေညောင်လမ်း (၇) မိုင်၊ အောင်ပန်း-ပင်းတယလမ်း (၂၄)မိုင်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုးတက် ဆောင်ရွက်သွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသွားသလိုပါဘဲ ပြည်ထောင်စုမှ စီမံဆောင်ရွက်တဲ့လမ်းဖြစ်စေ၊ ပြည်နယ်မှ ဆောင်ရွက်သည့် လမ်းဖြစ်စေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်စေ၊ ပြည်တွင်းလုပ်ငန်းရှင်များဖြစ်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဖြစ်စေ **BOT** စနစ်နှင့်ဆောင်ရွက်နိုင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်ရှိ မယ်ယန်း-ပါဆာ-စံဖူးလမ်း (၂၄)မိုင်ကိုလည်း

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ၏မိုင်းရှူးမြို့နယ်တွင် မီးသတ်ကားလိုအပ်နေပါသဖြင့် မီးသတ်ကား အသစ် ချပေးရန် အစီအစဉ်ရှိမရှိ၊ ရှိပါကမည့်သည့် အချိန်တွင် ချပေးသွားမည်ကို သိလိုပါသည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်ဟာ ဖွဲ့စည်းပုံအရ သုံးယူနစ်မီးသတ်စခန်း ဖြစ်သောကြောင့် မီးသတ်ယာဉ်(၃)စီး ထားရှိရန် လျာထားပါတယ်။ လက်ရှိမီးသတ်ယာဉ် (၂)စီး၊ ဟောမီးသတ်ယာဉ် (၅က/၆၁၅၆)၊ ဟီးနိုးမီးသတ်ယာဉ် (နပမ/၀၂၆၁)တို့အပြင် အင်ဆူဇူး (၉ခ/၇၀၃၄)အုပ်ချုပ်မှုယာဉ်(၁)စီး စုစုပေါင်း (၃)စီးရှိပါတယ်။ ဟောမီးသတ်ယာဉ်ဟာ မိုင်းရှူးမြို့ပေါ်၌ ရပ်ကွက်များရှိ မီးသတ်စခန်းတွင်ထားရှိပြီး ကျန် (၂)စီးမှာမိုင်းရှူးမြို့နှင့် (၁၉)မိုင်ဝေးသော လှိုင်ဆောင်ထောက် မိုင်းရှူးရတနာမြေထားရှိ၍ မီးသတ်လုပ်ငန်းများ ကိုဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက မိုင်းရှူးရတနာမြေမှ မီးသတ်ယာဉ်များကို မိုင်းရှူးမြို့တွင်





**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရသုံး ဆိုင်ရာ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်း မရှိသည့် အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေမူကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့စည်းဝင်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှလွှတ်တော်ကို တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ ဂါ၀ရပြုအပ်ပါတယ်။ ၂၀၁၃ခုနှစ်၊ ဧပြီလ

(၁)ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၅၂)နှင့်အညီ ပြည်နယ်အစိုးရကသာ တင်သွင်းခွင့်ရှိတဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးပါဝင်သော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၉)ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၁၂)ဖြင့် နိုင်ငံတော်သမ္မတမှ လက်မှတ် ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၅၂)နှင့်အညီ အစိုးရကတင်သွင်းခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ဥပဒေဖြင့် ရှမ်းပြည်နယ် လွှတ်တော်မှ ပြဋ္ဌာန်းပေး နိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက တင်သွင်းသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ကို ရယူပါမယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]**





အသုံးပြုနိုင်ပါတယ်။ ဖွဲ့စည်းပုံအရ သုံးယူနစ်စခန်းများတွင် မီးသတ်ယာဉ် (၃)စီး ဖြစ်စေရေး၊ မီးသတ်ယာဉ် အသစ် (၁)စီး ထပ်မံရရှိစေရန် အထက်ဌာန အဆင့်ဆင့်သို့ တင်ပြဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ မီးသတ်ယာဉ် (၁) စီးရှိပြီးသောမြို့နယ် (၃၄)မြို့နယ်သို့ မီးသတ်ယာဉ်အသစ် (၁)စီးစီကို ယခုနှစ်ဘဏ္ဍာရေးနှစ်မှာနိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင်မီးသတ်ယာဉ် (၂)စီးရှိသော မြို့နယ်များအား ဖွဲ့စည်းပုံအရ မီးသတ်ယာဉ် (၃)စီး ချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန် အတွက် အမည်စာရင်းပေးပို့လာခြင်း မရှိပါ။

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့မှာတင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန် အတွက် အမည်စာရင်းပေးပို့လာခြင်း မရှိပါ။





ဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက တင်သွင်းသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ကို ရယူပါမယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းကို အတည်ပြုရန်လွှတ်တော်က သဘောတူပါ သလားခင်ဗျာ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]**

လွှတ်တော်ကသဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းဝေး ပထမနေ့မှာ တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းကို လွှတ်တော်မှ အတည်ပြုကြောင်းကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန် အတွက် အမည်စာရင်းပေးပို့လာခြင်း မရှိပါ။

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)နှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀) နှင့် (၁၁)တို့ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် မရှိသော်လည်း နည်းဥပဒေကြမ်းကို ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ကော်မတီ အတွင်းရေးမှူး ဆွေးနွေးပြီး လွှတ်တော်ကို ပေးပို့ရပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ လုံလောက်သောအချိန်ယူပြီး လေ့လာဖို့လိုသလို လွှတ်တော် ကိုယ်စားလှယ်များ အနေနှင့်လည်း လေ့လာနိုင်ရန်အတွက် ကျွန်တော်တို့ နည်းဥပဒေကြမ်းကို ယနေ့အစည်းအဝေးမှာ အတည်ပြုခြင်းမပြုသေးဘဲနှင့် လာမည့်အနီးစပ်ဆုံး လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေး အတည်ပြု သွားမှာ ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီးတော့မှ ရှမ်းပြည်နယ်ဥပဒေချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များ သိသင့်တဲ့ကိစ္စများကို ရှင်းလင်းပေးဖို့ အတွက်ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ရှမ်းပြည်နယ်ဥပဒေချုပ်။** ယနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ





## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။ ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးပို့လာခြင်း မရှိသည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ လွှတ်တော်ကိုတင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့ရှမ်းပြည်နယ် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ကျွန်တော်အနေနှင့် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့တင်ပြမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း

လွှတ်တော် ကိုယ်စားလှယ် အသီးသီးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့်ရှေးဦးစွာ တင်ပြတောင်းပန်လိုတဲ့အချက်က လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်တို့ အစိုးရဖွဲ့၏ အတည်ပြုချက်နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေး ဝန်ကြီးက ဒီဥပဒေကြမ်းကို ရှင်းလင်းခဲ့ပါတယ်။ ဒီဥပဒေကြမ်း ရှင်းလင်းတဲ့အခါမှာ ကျွန်တော်တို့ ဥပဒေကြမ်းအနေနှင့် တင်သွင်းခြင်းမဟုတ်ဘဲနှင့် ရှင်းလင်းရုံ သက်သက်ဖြစ်ပါတယ်။

ဥပဒေမူကြမ်းကို ကျွန်တော်တို့ မတင်သွင်းရခြင်းမှာ သက်ဆိုင်ရာ သမ္မတရုံး၏ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ဥပဒေမူကြမ်းကိုတင်ပြပြီး သဘောထားမှတ်ချက်ရယူရမည်ဆိုတဲ့ ညွှန်ကြားချက်အရ အဲဒီအချိန်ကာလ တုန်းက ၎င်းဥပဒေကြမ်းဟာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာဘဲ ရှိတဲ့ အတွက်ကြောင့် ဥပဒေကြမ်းအနေနှင့် ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော်ကို မတင်ပြခဲ့ရခြင်းဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းကို သက်ဆိုင်ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြန်လည်ပြီးတော့ ရေးဆွဲထားပါတယ်။ အချို့အချက်လက်များကို အကျဉ်းချုပ် တင်ပြလိုပါတယ်။ မူလပထမ ပုဒ်မ (၁)(ခ)မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်း တွေမှာရှိတဲ့ ပြဋ္ဌာန်းမယ့် ဥပဒေတွေဟာ လွှတ်တော်ကနေ ပြဋ္ဌာန်းမဲ့ဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရဆိုပြီးတော့ ထည့်သွင်းထားပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ဆွေးနွေးချက်အရ ပြန်ပြင်ရန် ၅/၂၀၁၃ အစိုးရအဖွဲ့အစည်းဝေးမှာ စဉ်းစားပါတယ်။ ဆွေးနွေးချက်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှာ စည်ပင်သာယာရေးလုပ်ငန်းများကို



D/real(wide) (1



ကျွန်တော်တို့သတ်မှတ်ထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ အနေနှင့် ဒီ (၄)မျိုးအပြင် ထည့်သွင်းလိုသည်များ ရှိခဲ့လျှင်လည်း တင်သွင်းပြီးတော့ ဆောင်ရွက်နိုင်တယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။

အခန်း(၃)မှာ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းတဲ့ ကိစ္စဖြစ်ပါတယ်။ သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်သူတွေ ပါဝင်တဲ့ ဆောင်ရွက်မှုမျိုးဖြစ်ရန် ပြည်သူကိုယ်စားလှယ်များနှင့် ဝန်းထမ်းများပါဝင်သော ကော်မတီဖွဲ့ရန် ရည်ရွယ်ထားပါတယ်။ အရပ်ပြည်သူများ (၄) ယောက်နှင့် အစိုးရအရာထမ်း (၃)ဦး၊ (၇)ဦးစုပေါင်းပြီး မြို့နယ်မှာ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်မှာ အခြားပြည်နယ်/တိုင်းဒေသကြီး ဥပဒေမှာ မပါရှိသည့် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ပြည်နယ် ကော်မတီကို ထပ်ပြီးဖွဲ့ထားပါတယ်။ ဖွဲ့ရတဲ့ရည်ရွယ်ချက် (၂)ခုရှိပါတယ်။ တစ်ချက်မှာ ခရိုင်တွင် ကော်မတီမရှိဘဲ မြို့နယ်ကော်မတီသာရှိတဲ့အတွက်ကြောင့် မြို့နယ်ကော်မတီက ဆောင်ရွက်ချက်တွေဟာ ဝန်ကြီး၊ ဝန်ကြီးမှ အစိုးရအဖွဲ့ထိ **volume of work** အများကြီး ဖြစ်လာမှာ ဖြစ်တဲ့အတွက် ပြည်နယ်စည်ပင်သာယာရေး ကော်မတီကို ဖွဲ့ထားတာဖြစ်ပါတယ်။

စည်ပင်သာယာရေးကော်မတီကို အဖွဲ့ဝင်(၁၁) ဦးနှင့် ဖွဲ့စည်းထားပြီး အမျိုးအမည်တွေ ဖော်ပြထားပါတယ်။ ဒါလည်း ကိုယ်စားလှယ်တော်ကြီးများ ပြန်ပြီးတော့ စိစစ်ပေးဖို့ တင်ပြလိုပါတယ်။ ၎င်း အဖွဲ့ဝင်(၁၁)ဦးကို လျှော့လိုလျှင် ဖြစ်စေ၊ တိုးလိုလျှင် ဖြစ်စေ ပြင်နိုင်ရန်ကော်မတီဝင်ဦးရေကို အခါအားလျော်စွာ သင့်တော်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်ဆိုတဲ့ စာသားထည့်ထားပါတယ်။ တကယ်လို့ (၁၁)ဦး မနိုင်လို့ (၁၃)ဦး၊

(၁၅)ဦး စသည်အားဖြင့် ပြင်ဆင်နိုင်ရန် ပုဒ်မ (၆)ကို တင်ပြထားတာ ဖြစ်ပါတယ်။ ကော်မတီများမဖွဲ့စည်းရသေး၍ဖြစ်စေ၊ ကော်မတီဖွဲ့စည်းတဲ့အခါမှာလည်း အရည်ချင်းပြိုပျက်၍ ကော်မတီပျက်စီး/ဖျက်ရမည်ဆိုလျှင် စည်ပင်သာယာရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပုဒ်မ(၈)မှာကျွန်တော်တို့ဖော်ပြထားပါတယ်။

အကယ်၍ ဒီကော်မတီတွေမရှိလျှင် အမှုဆောင်အရာရှိ (သို့မဟုတ်) သင့်လျော်သောနိုင်ငံသား (၁)ဦးခန့်ထားပြီးတော့ ဒီစည်ပင်သာယာရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားပြီး ဆောင်ရွက်ရာတွင် (၆)လထက်မကျော်ရန် ကန့်သတ်ထားပါတယ်။ စည်ပင်သာယာရေးကော်မတီ တွေမှာ ကော်မတီဝင်တွေ ရွေးချယ်ခံထားရတဲ့အဆို၊ အစားထိုး ရွေးချယ် ခံထားရတဲ့ အဆို စသည်အားဖြင့် လိုအပ်တဲ့ နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်ဟု ပြောထားပါတယ်။ အချို့၏ ထင်မြင်ယူဆချက်မှာ သတ်မှတ်ပြဋ္ဌာန်း ရမည် ဆိုတာပါတယ်။ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းတဲ့အခါမှာ တက်သာ ဆုတ်သာလေး ပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။

ပုံစံအားဖြင့် တစ်ခုတင်ပြလိုပါတယ်။ အဆောင်အယောင်နှင့် ခံစားခွင့် ဥပဒေမှာ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၏ တစ်လမည်မျှ ခံစားခွင့်ရှိတယ်ဆိုတာ **fixed** လုပ်ထားပါတယ်။ ဥပဒေရေးထုံးအရ ဒီလိုပြဋ္ဌာန်းမှုနှင့်စာလျှင် အဆိုပါခံစားမှုများကို ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ အမှတ်ဖြင့် ထုတ်ပြန်ပြီး ဒီထုတ်ပြန်ချက်အရ ခံစားခွင့်ရှိသည် ဟု ဆိုလျှင်လည်း ဒီသတ်မှတ်ချက်ဟာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပြဋ္ဌာန်းတဲ့အခါမှာ **shall** သုံးမယ်၊ **may** သုံးမယ်ဆိုလျှင် **shall** ကတော့မလုပ်မနေ လုပ်ရမှာဖြစ်ပါတယ်။ **may** ကတော့ လုပ်နိုင်တယ်ဆိုတာဖြစ်ပါတယ်။ **shall**



D/real(wide) (1



ဆောင်ရွက်ရန်အတွက် စည်ပင်သာယာရေးဥပဒေများကို သီးခြားပြဋ္ဌာန်းမည် ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၈(ဃ) နှင့်အညီ ယင်းပြဋ္ဌာန်းပြီးဥပဒေ ပြဋ္ဌာန်းချက်တရပ်ရပ်သည် ဥပဒေပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် ဆန့်ကျင်ခြင်း မရှိစေရဟု ထည့်သွင်းပြီး ထပ်မံဖြည့်စွက်ထားပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းမည့် စည်ပင်သာယာရေးဥပဒေဟာ **Parent Law** အဓိက ကျတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဤဥပဒေမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းမှာ ပြဋ္ဌာန်းမဲ့ ဥပဒေဟာ ဆင့်ပွားဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်/တိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမှာ ပြဋ္ဌာန်းသည့် ဥပဒေများဟာ ကျွန်တော်တို့ ပြည်နယ်ဥပဒေက ပြဋ္ဌာန်းထားတဲ့ စည်ပင်သာယာရေးဥပဒေ ပြဋ္ဌာန်းချက်ကို ကျော်လွှားခြင်းမရှိစေရဟု ဖော်ပြထားပါတယ်။ တနည်းအားဖြင့် ပြည်နယ်ကပြဋ္ဌာန်းတဲ့ စည်ပင်သာယာရေး ဥပဒေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့်ဒေသမှာ ပြဋ္ဌာန်းတဲ့ဥပဒေတွေဟာ ဆက်စပ်မှု ရှိတဲ့အကြောင်းကို ဖော်ပြတဲ့ပုဒ်မ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ အနေနှင့် ဒီပြဋ္ဌာန်းချက်များကို စဉ်းစားပေးဖို့ တင်ပြလိုပါတယ်။

ဒီစည်ပင်သာယာရေးဥပဒေမှာ ရည်ရွယ်ချက် (၄)ခု ထပ်ထည့်ထားပါတယ်။ စည်ပင်သာယာရေး ဥပဒေ(၄)ခုမှာ ပထမအချက်အနေနှင့် ကျေးရွာစနစ် ဖွံ့ဖြိုးရန်နှင့် နောက်အချက် (၃)ချက်ကတော့ အခွန်ကောက်ခံရန် ဖြစ်ပါတယ်။ အခွန်ကောက်ခံတဲ့ကိစ္စရပ်တွင် ရသည့်အခွန်ကို စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်တဲ့အခါ ပြည်သူထံမှရရှိတဲ့ အခွန်အခမှာ အများပြည်သူအတွက်ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက် (၄)ခုနှင့် ဖော်ပြထားပါတယ်။ ဒီအခွန်အခ ဆိုတာလည်း ပုဒ်မ ၂(ဒ)မှာ အခွန်အခဆိုသည်မှာ အခွန်-**Tax**၊ အခ- **Rate** ၊ အကောက်- **Duty**နှင့် ဒဏ်ကြေး- **Fine**တို့ ပါဝင်တယ်ဆိုပြီးတော့ (၄)မျိုး

သုံးလိုက်ခြင်းအားဖြင့် လုပ်ရမယ်ဆိုတဲ့ စကားလုံးသုံးလိုက်ခြင်း အားဖြင့် ဒီအဖွဲ့အစည်းမှာ စည်ပင်သာယာဝန်ကြီးမှာ တာဝန်ရှိသွားပါတယ်။ မဖြစ်မနေ နည်းဥပဒေပြဋ္ဌာန်းရမယ့် တာဝန်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ(နိုင်သည်) ဆိုတာလေး ထည့်သွင်းပြဋ္ဌာန်းခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပုဒ်မ (၁၂)အဆက်မှာ ဒီပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီကို သက်တမ်း (၅)နှစ်ဟု ဖော်ပြထားသော်လည်း (၅)နှစ်အစား (၃)နှစ်ဖြစ်မလား၊ (၂) နှစ်ဖြစ်မလား ဆိုသည်ကို ကိုယ်စားလှယ်တော် ကြီးများ စဉ်းစားဆုံးဖြတ်ရမည့် ကိစ္စဖြစ်ကြောင်းတင်ပြလိုပါတယ်။

အခန်း (၁၀)မှာ တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်းဆိုတာပါဝင်ပါတယ်။ တိရစ္ဆာန်များ သတ်ဖြတ်တဲ့ အခါမှာ ကော်မတီဟာ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တွေကို အများပြည်သူစားသုံးဖို့ စည်းကမ်းနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်တဲ့ နေရာမှာ ဆောင်ရွက်ဖို့ ဆိုတာ နဂိုမူလက ရေးဆွဲထားပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ ကြက်၊ဘဲ နှင့် ငါး ပါဝင် သင့်သည်ဟု အဆိုပြုသည့်အတွက် ကြက်၊ဘဲ၊ငါး အပါအဝင် အသား ရောင်းချခြင်း ခွင့်ပြုနိုင်သည်ဟု ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ကြက်၊ ဘဲ၊ ငါး တို့အပေါ်တွင် သတ်မှတ်ချက်များပြဋ္ဌာန်းထားလျှင် စားသုံးသူသို့မဟုတ် ရောင်းချသူတွေပေါ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်/မဖြစ်နိုင်။ တဘက်ကလည်းဘဲ ဒီဥစ္စာတွေဟာ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိ စည်ပင်သာယာမှာလည်း စောင့်ရှောက်မှုလိုအပ်တဲ့ ကိစ္စရပ်ဖြစ်နိုင်တဲ့အတွက်ကြောင့် ကြက်၊ ဘဲ၊ ငါး များကို ဒီပုဒ်မ (၄၃)မှာ ပြဋ္ဌာန်းဖို့ရှိ/မရှိ၊ ပြဋ္ဌာန်းရန်သင့်/မသင့်ဆိုတာတွေလည်း ထည့်သွင်းဆုံးဖြတ်ပေးဖို့လိုပါတယ်။ ထို့ပြင် ပုဒ်မ (၄၇)မှာလည်း





ပြည်နယ်ကော်မတီ၊ မြို့နယ်ကော်မတီတွေကို တားမြစ်ချက်တွေကို ထုတ်ပြန်နိုင်ခွင့် ပေးထားပါတယ်။ ဤဥပဒေများသည် လိုအပ်တဲ့ အခါမှာ တားမြစ်ဖို့ ဖြစ်ပါတယ်။ အဲဒီတားမြစ်ရန်ဖြစ်တဲ့ အတွက်ကြောင့် ညွှန်ကြားချက် တွေကို ဖောက်ဖျက်ကျူးလွန်မည်ဆိုလျှင် (၃)လထက်မပို၊ (၁)သိန်းထက်မပိုတဲ့ ငွေဒဏ်ဆိုပြီး ဒဏ် (၂)ရပ်စလုံး ကျခံစေရမယ်ဆိုပြီးတော့ ပုဒ်မ (၈၀)မှာ ဖော်ပြထားပါတယ်။

စည်ပင်သာယာဥပဒေမှာ အထက်တွင် တင်ပြထားသလို ကော်မတီ များသည် အရပ်ပြည်သူများ ပါလာတဲ့အတွက်ကြောင့် စည်ပင်သာယာလုပ်ငန်း သည် ဥပဒေနှင့် ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့်၊ သိုက်သိုက် ဝန်းဝန်းနှင့် ဆောင်ရွက်လျှင် စည်ပင်သာယာလုပ်ငန်းတိုးတက် လာမှာဖြစ်ပါတယ်။ **Iron Lady** လို့ခေါ်တဲ့ ဗြိတိသျှဝန်ကြီးချုပ် မစ်မာဂရက်သက်ချာ ပြောထားတဲ့စကားတစ်ခုကို တင်ပြလိုပါတယ်။ အစိုးရတစ်ရပ်ဟာ စီးပွါးရေးတစ်ခု လုပ်တာမဟုတ်ဘဲနဲ့ အခွန်ကောက်ခံတာ ဖြစ်ပါတယ်။ သူတို့လုပ်ငန်းရဲ့ အဓိကလုပ်ငန်းက အခွန်ကောက်တာ ဖြစ်ပါတယ်။ အခွန်ကောက်ခံပြီးတော့ ရရှိတဲ့အခွန်ကို နိုင်ငံတော်အကျိုးကို ဆောင်ရွက်တာ ဖြစ်ပါတယ် ဆိုတာ ဖေါ်ပြထားတာ ဖြစ်ပါတယ်။ အမှန်မှာတော့ စည်ပင်သာယာရေး ဥပဒေ ရည်ရွယ်ချက်က မြို့ပြစနစ် တည်တည်တံ့တံ့၊ ကောင်းကောင်းမွန်မွန်ဖြစ်ဖို့နဲ့ တည်တည်တံ့တံ့ ကောင်းကောင်းမွန်မွန် ကိုယ့်စရိတ်ကိုယ် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အခွန်အခများကိုလည်း တိတိကျကျနဲ့ ဆောင်ရွက်ရန်ဆိုပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်းတာ ဖြစ်ပါတယ်။ အခု တင်ပြလိုတာက ပြစ်ဒဏ်ပိုင်းမှာ ပြစ်ဒဏ်နဲ့ ငွေဒဏ်တွေကို သတ်မှတ်ထား ပါတယ်။ ဒါလေးကိုလည်း ကိုယ်စားလှယ်တော်

ကြီးများ သေသေချာချာ စဉ်းစားပြီးတော့ ဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ “ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂါတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းစိန်ဝင်း သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂါတ် ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေး အတွက် ရှမ်းပြည်နယ် အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း”** ကို ဆွေးနွေးဖို့ အတွက် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက အမည်စာရင်း ပေးသွင်းထားပါတယ်။ အဆိုကို ဆွေးနွေးရန်အတွက်





ကြက်၊ ဘဲ၊ ငါးအပါဝင်ဆိုတာ ပြဋ္ဌာန်းထည့်သွင်းထားသည့်အတွက် ပြဋ္ဌာန်းရန်သင့်/မသင့် ဆိုပြီးတော့ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။

အခန်း (၁၃) ဘဏ္ဍာရေး၊ စည်ပင်သာယာရေးသည် မိမိအဖွဲ့အစည်းနှင့် မိမိကဏ္ဍကို ကိုယ်တိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ပြည့်ပြည့်စုံစုံနှင့် ဥပဒေကြမ်းမှာ တင်ပြထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်း အနေနှင့် ဥပဒေကြမ်းမှာ လိုအပ်တဲ့အချက်များရှိလျှင် ဒါမှမဟုတ်ပိုနေတဲ့ အချက်များ ရှိလျှင်လည်း ဝိုင်းဝန်းအကြံပြုပြီးဆုံးဖြတ်ပေးဖို့ တင်ပြလိုပါတယ်။

အခန်း (၁၆)တားမြစ်ချက်မှာ ပုဒ်မ (၈)ခုနှင့် ကိစ္စရပ်ပေါင်း (၃၆)ခု တားမြစ် ပိတ်ပင်ထားပါတယ်။ တားမြစ်ချက်တွင် မူလ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလက တင်ပြခဲ့တဲ့ ဥပဒေကြမ်းမှာ ဇယားတွေ ဖော်ပြထားပါတယ်။ ဒီဇယားတွေက ပေါက်ဖွားလာတာ နှစ်ပေါင်း (၁၀၀) နီးပါးလောက်ရှိတဲ့ အရင်စည်ပင်သာယာ မြူနီစပယ် အက်ကိုယူပြီးတော့ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အဲဒီဇယားဟာ ပုဒ်မ/အကြောင်းအရာ တို့ကို တစ်ခုချင်းစီကြည့်ပြီးမှ အဖြေတစ်ခု ထွက်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းမြန်ဆန်စေရန် ပုဒ်မ (၂)ခု အစားထိုးထား ပါတယ်။ ပြစ်မှု၊ ပြစ်ဒဏ်ကဏ္ဍ ကျွဲ၊ နွား သတ်ဖြတ်ခြင်း ပြစ်ဒဏ်တွင် တားမြစ်ချက်များရှိသည့်အပြင် ဤဥပဒေကထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းကို ဖောက်ဖျက် ကျူးလွန်လျှင် (၁)နှစ်ထက်မပိုသော ထောင်ဒဏ် (သို့) ကျပ် (၄)သိန်းထက်မပိုသောငွေဒဏ် (သို့)ဒဏ် (၂)ရပ်စလုံး ကျခံရမယ် ဆိုတာ ဖော်ပြထားပါတယ်။ ကျွဲ၊ နွားကိစ္စမှအပ ကျန်တဲ့ကိစ္စများကို ဇယားကြီးကို ကြည့်ရှုမည့် အစား ပုဒ်မ (၇၈)မှာ ပြီးပြတ်သွားအောင် ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများအနေနှင့် ဒဏ်ငွေ/ထောင်ဒဏ်အနေနှင့် ဘယ်လို ရှိမယ်ဆိုတာ မိမိ သဘောထားနှင့် ယာယီဆုံးဖြတ်ပေးဖို့ဖြစ်ပါတယ်။ ပုဒ်မ (၈၀)မှာ

လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အနေနဲ့ မနေ့က သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း တင်သွင်းသွားတဲ့ အဆိုဖြစ်တဲ့ "ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲပျက်စီး၊ လူငယ်များ၏ အနာဂတ်ဘဝပျောက်ဆုံးစေနိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေနိုင်သည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရမှ လေးနက်သော စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း" အဆိုနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ဆိုးကျိုးတရား ဖြစ်ပေါ်နိုင်မှု အခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိကြပြီးဖြစ်သဖြင့် အထူးရှင်းလင်းဆွေးနွေးခြင်းမပြုပဲ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ဟန့်တားမှု၊ စစ်ဆေးဖော်ထုတ်မှုစတဲ့ လုပ်ငန်းဆိုင်ရာများကိုပဲ ဦးတည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီးတော့ မူးယစ်ဆေးဝါး ရောက်ရှိလာအောင်




လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး စိုက်ပျိုးမှု မရှိရလေအောင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုး ဆောင်ရွက်ပေးခြင်း၊ ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ဖောက်ကား သုံးစွဲသူများအတွက် ထောက်လှမ်းသတင်းရယူ စစ်ဆေးဖော်ထုတ်ခြင်း အမြဲမပြတ်ဆောင်ရွက်နေသည့် ကြားထဲမှပင် ရှမ်းပြည်နယ်၏ ဘိန်းစိုက်ပျိုးမှု အများဆုံးဒေသဖြစ်ရခြင်း၊ မူးယစ်ဆေးဝါးကို လူငယ်ထုများအတွင်း လွယ်ကူစွာ ရရှိနိုင်သည်ဆိုတဲ့နေရာမှာ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များမှာ အဘက်ဘက်မှ ထိရောက်စွာ ဟန့်တားဆောင်ရွက်နိုင်မှု အားနည်းချက်ရှိခြင်းကို ငြင်းကွယ်၍ မရနိုင်ကြောင်း ဖော်ပြနေတာကို တွေ့ရပါတယ်။ စီမံချက်များ ရေးဆွဲထားရှိနေရုံ၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိရုံ၊ အဆင့်ဆင့်ကြီးကြပ် ကွယ်ကဲဆောင်ရွက်လျက် ရှိနေပါသည်ဆိုရုံမျှဖြင့် မူးယစ်ဆေးဝါးကို ပိတ်ပင်ဟန့်တားကာကွယ် နိုင်သောအခြေအနေသို့ မရောက်ရှိနိုင်သေးကြောင်းကို မြင်တွေ့ရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဟာ အဓိကအားဖြင့် ကိုယ့်အကျိုးကိုသာကြည့်သော စီးပွားရေးသမားများ၏ ဝိသမလောဘကြောင့် ဖြစ်လာရခြင်းဖြစ်သည်။ လောဘသားတို့ရဲ့ ရည်မှန်းချက် ပန်းတိုင်ရှိရာ ငွေကြေးအမြတ်အစွန်းများများရရှိရေးအတွက် ငွေကြေးကို လမ်းခင်းပြီးတော့ ကျော်လွှားဖြတ်သန်းသွားဖို့ ဝန်မလေးတာကိုလည်း တိုက်ဖျက်ရေး လုပ်ငန်းအစီအမံ ပြန်လည်ရေးဆွဲတဲ့အခါမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

စိုက်ပျိုးမှုကအစ ထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် နောက်ဆုံး သုံးစွဲမှုဆိုတဲ့ အခြေအနေအရပ်ရပ်အားလုံးကို လျှော့နည်းပပျောက်ချုပ်ငြိမ်းသွားဖို့အတွက် နိုင်ငံတော်အစိုးရနှင့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိသလို ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အစိုးရအနေနှင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ အောက်ခြေအဖွဲ့အစည်းများ အဆင့်ဆင့်သို့ အမိန့်ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်ပြီး ကြီးကြပ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီး အရေးယူမှုများရှိနေတာကို ယုံမှားသံသယမရှိယုံကြည်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုရှင် ဦးစိုင်းစိန်ဝင်းရဲ့ အဆိုတင်သွင်းချက်ဖြစ်တဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရရဲ့ လေးနက်သော အစီအစဉ်ဖြင့် ဆောင်ရွက်သင့်ကြောင်းအဆိုဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်လို့ သက်ဆိုင်ရာ အစိုးရ၊ သက်ဆိုင်ရာအစိုးရတို့က သိုက်သိုက်ဝန်းဝန်း၊ ဖိဖိစီးစီး၊ အားကြိုးမာန်တက် ဆောင်ရွက်မှုမရှိဟုရည်ရွယ်ဆိုလိုခြင်းမဟုတ်ဘဲ အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်တို့ရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အမိန့်ညွှန်ကြားချက် စီမံချက်များပါအတိုင်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေတဲ့ကြားထဲမှပင် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေမှု၊ ရောင်းဝယ်ဖောက်ကားသုံးစွဲသူများ တိုးပွားနေမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် အားနည်းချက်များ ရှိနေခဲ့သည့်အတွက် ရှမ်းပြည်နယ်အစိုးရမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပိုမိုကောင်းမွန် ထိရောက်သောလုပ်ငန်း အစီအမံဖြင့် အလေးအနက်ဆက်လက်ဆောင်ရွက် သွားနိုင်ရေးကို ရည်ရွယ်တင်သွင်းသော အဆိုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ နားလည်ခံယူမိပါတယ်။





ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော် အစိုးရရဲ့ ရည်မှန်းချက်များနှင့်အညီ စီမံချက်များပါအတိုင်း ဆောင်ရွက်နေခြင်း၊ အောက်ခြေအဆင့် အုပ်ချုပ်ရေးအဖွဲ့များသို့ ညွှန်ကြား သတ်မှတ်လျက်ရှိခြင်း၊ စုံစမ်းဖော်ထုတ်စစ်ဆေးအရေးယူ ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိနေပါသည်ဟု ဆိုသော်လည်း လက်ရှိဆောင်ရွက် နေသောလုပ်ငန်းစီမံချက်များ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ အဘက်ဘက်မှ လုံခြုံကောင်းမွန်သော လက်တွေ့ကျကျနဲ့ ထိရောက်သော နည်းလမ်းများနှင့် ဆောင်ရွက်နိုင်သည့် ရှမ်းပြည်နယ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲစီစဉ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြရင်းနဲ့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းရဲ့ အဆိုအားထောက်ခံတင်ပြဆွေးနွေးလိုက်ရပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦး ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦးဖြစ်ပါတယ်။ သီပေါမြို့နယ်၊



D/real(wide) (1

မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း တင်သွင်းသော မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မူးယစ်ဆေးဝါးဟာ ကျွန်တော်တို့နိုင်ငံကို အဓိက ခြိမ်းခြောက်နေတဲ့ ရန်သူ ဖြစ်တယ်ဆိုတာ ဘယ်သူမှ ငြင်းဆိုလို့မရပါဘူး။ မူးယစ်ဆေးဝါးဟာ သုံးစွဲရန်လွယ်သလောက် ထုတ်လုပ်ရန် အင်မတန်မှ ခက်ခဲပါတယ်။ မူးယစ်ဆေးဝါးကို လမ်းဘေးမှာ အများသူငါသွားလာနေတဲ့ နေရာတွေမှာ စိုက်ပျိုးထုတ်လုပ်လို့ မရနိုင်ပါဘူး။ မူးယစ်ဆေးဝါးကို လုံခြုံစိတ်ချရတဲ့ ဒေသတွေမှာ လျှို့ဝှက်စိုက်ပျိုး ထုတ်လုပ်မှသာ ရနိုင်မှာပါ။ ဒါကြောင့် သာမန်အရပ်သားတစ်ယောက် အနေနဲ့ စိုက်ပျိုးထုတ်လုပ်ဖို့ဆိုတာ အင်မတန်မှ ရာခိုင်နှုန်းနည်းပါးပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး ယူထားတဲ့ အချို့သော အဖွဲ့အစည်းတွေ၊ နိုင်ငံတော် အစိုးရနဲ့ ငြိမ်းချမ်းရေး ယူထားတဲ့ အချို့သော အဖွဲ့အစည်းတွေ၊ အချို့သော ပြည်သူ့ စစ်တွေ၊ အချို့သော နယ်ခြားစောင့်တပ်တွေ ထိန်းချုပ်ထားတဲ့ ဧရိယာ ဒေသတွေမှာသာ ၉၀%ကျော်သော မူးယစ်ဆေးဝါးတွေကို စိုက်ပျိုး ထုတ်လုပ်နေတယ်ဆိုတာ သတင်းဌာနတွေမှာ အကြိမ်ကြိမ် တွေ့မြင်နေရပါတယ်။ သတင်းဆိုတာ တစ်ခါတစ်လေမှသာ ထုတ်ဖော်တဲ့သတင်းတွေမှာ မှားတတ်ပေမဲ့ အကြိမ်ကြိမ်အခါခါ ပေါ်လာတဲ့ သတင်းတွေဟာ မှန်ကန်ဖို့ ရာခိုင်နှုန်း အင်မတန် များပါတယ်။ ၄င်းကိစ္စတွေကို ကျွန်တော်တို့နိုင်ငံရဲ့ တာဝန်ရှိ အဖွဲ့အစည်းတွေကလည်း သိရှိပြီးဖြစ်နေပါလိမ့်မယ်။ မသိဘူးလို့ ငြင်းဆိုရင်တော့ ဒါဟာ မသိချင်ယောင်ဆောင်နေတာပဲ ဖြစ်ပါလိမ့်မယ်။





ပြည်နယ်၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သော စီမံကိန်းဖြင့်ဆောင်ရွက်ပါရန် တိုက်တွန်းကြောင်း” အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်းတင်သွင်းတဲ့ “ ရှမ်းပြည်နယ် အတွင်း မူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုတွေ ရှိနေလို့ ရောင်းတဲ့လူတွေရှိနေ၊ ရောင်းတဲ့လူတွေ ရှိနေလို့ စားသုံးတဲ့သူတွေ ရှိနေတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ရောင်းချသူတွေကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့တွေကို သွားပြီးတော့ သတင်းပေးလို့ ရှိရင်လည်း ၄င်းတို့စားဖို့ ခွင်ဖန်တီးပေးသလို ဖြစ်နေပါတယ်။ ကျွန်တော် လွှတ်တော်မလာခင် ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို လာရောက် တိုင်ပင်ပါတယ်။ သူတို့ ဒေသမှာ မူးယစ်ဆေးဝါးတွေကို ရဲတပ်ဖွဲ့ တွေက လိုက်ပြီးဖြန့်နေတယ်တဲ့၊ အဲဒါကို ဘယ်လိုလုပ်ပြီး တိုင်ကြားမလဲ ကျွန်တော်တို့အရပ်သား ပြည်သူတွေက လုပ်ရင်တော့ ရဲကိုသွားတိုင်ရတယ်။ ရဲကိုယ်တိုင်က လုပ်နေတော့ ဘယ်သူ့ကို သွားတိုင်ရမလဲဟု ကျွန်တော့်ကို လာမေးပါတယ်။ ကျွန်တော်ကတော့ အဲဒါကို ဓါတ်ပုံရအောင်ရိုက်ထားပါလို့ သူ့ကိုအကြံပေးခဲ့ပါတယ်။

မူးယစ်ဆေးဝါး ဖမ်းဆီးမယ်ဆိုရင် ဒေသခံရဲကိုလည်း အသိပေးလို့ မရပါဘူး။ သူတို့ကို အသိပေးလိုက်တာနဲ့ သတင်း ဖောက်ပြီးသား ဖြစ်နေပါတယ်။ ဒါဆိုရင် မူးယစ်ဆေးဝါးမိဖို့က အင်မတန်မှ ရာခိုင်နှုန်းနည်းပါးသွားပါပြီ။ မူးယစ်ဆေးဝါး သုံးစွဲမှုတွေဟာ ကျောင်းနေအရွယ်ကလေးတွေ မကဘဲ၊ နိုင်ငံ့ဝန်ထမ်း အတော်များများမှာလည်း သုံးစွဲလာနေတာတွေ့ရပါတယ်။ ဒါတွေကို အချိန်မီတားဆီးနိုင်ခြင်း မရှိပါက ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ် လူကြီးတွေဖြစ်လာမယ့် လူငယ်တွေရဲ့ ဘဝကိုလည်း မတွေးဝံ့စရာပါပဲ။ နိုင်ငံ့ဝန်ထမ်းများမှာလည်း မိသားစုပြဿနာတွေ၊ အဂတိလိုက်စားမှု ပြဿနာတွေ မလွဲမသွေကြုံတွေ့ ရမှာပါ။ ဒါကြောင့် ကျွန်တော် သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း တင်သွင်းသော "ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေပါသဖြင့် လူငယ်များရလွယ် သုံးလွယ် နေပြီး လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက် နိုင်သလို





သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးပပျောက်ရေး အတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သောစီမံကိန်းဖြင့် ဆောင်ရွက် နိုင်ပါရန် တိုက်တွန်းကြောင်း" ဆိုသည့် အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် နိုင်ငံတော်အနေနဲ့ မဟာဗျူဟာ(၂) ရပ်၊ နည်းဗျူဟာ(၃)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရဟာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအခန်း(၃) ပုဒ်မ(၄)နှင့် (၅)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး တားဆီးနှိမ်နှင်း ရေးလုပ်ငန်းများ၊ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အသိပညာပေးရေး လုပ်ငန်းများနဲ့ စီမံခန့်ခွဲရေး၊ နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့အဆင့်ဆင့်ကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်-

(က) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး အဖွဲ့၊

D/real(wide) (1

( ခ) နေပြည်တော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့၊

( ဂ) ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့၊

(ဃ) မြို့နယ်၊ မြို့နယ်ခွဲ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၊

( င) ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေး အဖွဲ့များ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး အတွက် တပ်မတော်၊ မူးယစ်(အထူး) အဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့၊ အစိုးရဌာန ဆိုင်ရာများ၊ ဒေသနေပြည်သူ့စစ်အဖွဲ့များ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့များနှင့် ပိတ်ဆို့ရှာဖွေခြင်း၊ ရှောင်တစ်ခင်စစ်ဆေး ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို အရှိန်အဟုန်မြင့် ဖမ်းဆီးစစ်ဆေးအရေးယူခဲ့ရာမှာ ၂၀၁၂ ခုနှစ်မှာ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ (၂၄၃)မှု၊ တရားခံ(ကျား) (၂၈၈)ဦး၊ (မ) (၅၉)ဦး၊ စုစုပေါင်း (၃၄၇)ဦး ဖမ်းဆီးရမိပြီး၊ မူးယစ်ဆေးဝါးကျပ်သန်းပေါင်း (၂၉၇၇)သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ (၂၀၁)မှု၊ တရားခံ(ကျား) (၂၂၁)ဦး၊ (မ) (၃၆)ဦး၊ စုစုပေါင်း (၂၅၇)ဦး ဖမ်းဆီးရရှိပြီး မူးယစ်ဆေးဝါးတန်ဖိုး ကျပ်သန်းပေါင်း (၃၂၆၄၁)သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ (၉၆၁)မှု၊ တရားခံ (ကျား) (၉၈၁)ဦး၊ (မ) (၁၈၉)ဦး၊ စုစုပေါင်း (၁၁၇၇)ဦး ဖမ်းဆီးရမိခဲ့ပြီး





ထုတ်လုပ်တဲ့ဆေးဝါးများအနေဖြင့် ထိန်းချုပ်ကန့်သတ် ထားသော ဓါတုပစ္စည်း များဖြင့် ထုတ်လုပ်မှုအပါအဝင် ထိန်းချုပ်မှုမရှိသော ဓါတုပစ္စည်းများဖြင့်လည်း မူးယစ်ဆေးဝါးများ ထုတ်လုပ်လာတာကို ယခုအခါမှာတွေ့ရှိနေရပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများ အနေဖြင့် ၎င်းတို့၏လုပ်ငန်း ဆက်လက်ရပ်တည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လာတာလည်း တွေ့ရပါတယ်။ ဥပမာ- ယခင်က ဘိန်းချက်စက်ရုံ နေရာများကို **Face** တစ်နေရာ တည်းမှာထားပြီးတော့ ဆောင်ရွက်သော်လည်း ယခုအခါမှာ **Mobile** များထားရှိပြီးတော့ ထုတ်လုပ်လာတာတွေကိုလေ့လာတွေ့ရှိ ရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ပြောင်းလဲလာတဲ့ မူးယစ်ဆေးဝါး ပြဿနာများ အမျိုးမျိုးကို တားဆီးနှိမ်နင်းနိုင်ရန် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းအပြင် နောက်ထပ်(၅)နှစ် ထပ်မံတိုးမြှင့် ဆောင်ရွက်လျက်လည်း ရှိပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ အသိပညာပေးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးလုပ်ငန်းနှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းများကိုလည်း ထိထိ ရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိတဲ့အပြင် **UNODC** အပါအဝင် ပြည်တွင်းပြည်ပ **INGO** ၊ **NGO** အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်ဟာ တစ်ဘက်နိုင်ငံနှင့် နယ်မြေ ရှည်လျားစွာ ထိစပ်နေခြင်း၊ တရားဥပဒေစိုးမိုးရန်အတွက် လှုပ်ရှားသွားလာမှု ကန့်သတ်နယ်မြေများ ရှိနေခြင်း၊ နယ်မြေအေးချမ်းမှု၊ တည်ငြိမ်မှု၊ လိုအပ်နေသေးခြင်းတို့ကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အပြည့်အဝ အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်မှု မရှိသေးဘဲ၊ နယ်မြေအေးချမ်းမှုရှိလာပြီး သွားလာမှု ကန့်သတ်ချက်များ မရှိတော့သည့်အချိန်မှာ မူးယစ်ဆေးဝါး

တားဆီးနှိမ်နင်းရေး လုပ်ငန်းများအား ယခုထက်ပိုမိုဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်မှန်းထားပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် အမျိုးသားရေး တာဝန်ဖြစ်တဲ့ အားလျော်စွာ နိုင်ငံတော်အစိုးရ၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့ဖြင့်သာ ဆောင်ရွက်၍ မရနိုင်ဘဲ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူတရပ်လုံးက တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သလို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာမှာ ပြည်သူအခြေပြု အုပ်ချုပ်ရေးစနစ်သို့ ယခုအခါပြောင်းလဲနေပြီ ဖြစ်ပါတယ်။ မြို့နယ်/ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ အဆိုပါ အထောက်ကူပြု ကော်မတီတွေနှင့်ပူးပေါင်းပြီး မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးကို ညှိနှိုင်း ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောက်ယှက်ဖြစ်စေတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးမှာ အလွှာပေါင်းစုံ **State Folder**များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း၏ အဆိုနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြရလျှင် တင်သွင်းသောအဆိုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၉၆)အရ ပြည်ထောင်စုဥပဒေပြုစာရင်း ဇယား (၁)ပါ အပိုဒ်(၁)ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ အပိုဒ်ခွဲ (စ) နိုင်ငံတော်တည်ငြိမ် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး



D/real(wide) (1



မူးယစ်ဆေးဝါးတန်ဖိုး ကျပ်သန်းပေါင်း (၆၃၇၉)သန်းဖြစ်တဲ့အတွက် ရှမ်းပြည်နယ် တစ်ခုလုံး စုစုပေါင်း အမှု(၁၄၀၅)မှု၊ တရားခံ (ကျား) (၁၄၇၀)ဦး၊ မ(၂၈၄)ဦး စုစုပေါင်း(၁၇၅၄)ဦး၊ တန်ဖိုးငွေ စုစုပေါင်း ကျပ်သန်းပေါင်း (၄၁၉၉၈)သန်း ဖမ်းဆီးနိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ မတ်လအထိ ဖမ်းဆီးရမိမှုများမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ (၇၂)မှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၄၀)မှု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ (၂၁၁)မှု၊ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် တစ်ခုလုံး စုစုပေါင်း (၃၂၃)မှု ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးမှုနှင့် ပတ်သက် ပြီးတော့ စုစုပေါင်းအမှုအားဖြင့် (၃၂၃)မှု၊ တရားခံ(ကျား) (၃၅၄)ဦး၊ (မ) (၆၄)ဦး၊ အမှုစွဲတင် အရေးယူနိုင်ခဲ့ပါတယ်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းအပြင် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် မူးယစ်(ဗဟို)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာအဖွဲ့ရုံး **UNODC** တို့ ၂၀၁၀ ခုနှစ်မှ စတင်ကာ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ လွိုင်လင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လုံမြို့နယ်ခွဲတို့တွင် လူမှုဘဝ မြှင့်တင်ရေး (၂)နှစ်စီမံကိန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်တစ်ခုလုံး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဒေသခံ၊ အာဏာပိုင်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက် နိုင်ရေးအတွက် ညှိနှိုင်းပါဝင် ဆောင်ရွက်လျက် ရှိပါတယ်။

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအား တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းပြီး အပင်ထုတ်လုပ်သည့် မူးယစ်ဆေးဝါးမှ စတင်၍ အန္တရာယ်ရင်ဆိုင်ခဲ့ရာမှ ယခုကာလအချိန်အခါမှာ ဓါတုပစ္စည်းများဖြင့် ထုတ်လုပ်သော မူးယစ်ဆေးဝါး အသစ်မျိုးစုံ ထုတ်လုပ် သုံးစွဲမှုပြဿနာ ကြီးမားလျက်ရှိပါတယ်။ ဓါတုပစ္စည်းမှ

နှင့် ဇယား(၁)အပိုဒ် (၁၀) စီမံခန့်ခွဲရေးကဏ္ဍ အပိုဒ်ခွဲ (က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများ စာရင်းတွင်ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၈)အရ ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောဥပဒေပြုစာရင်းဇယား (၂)တွင်လည်း ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ယခုအခါ ကျွန်တော်တို့နိုင်ငံမှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှအရှိန်အဟုန်မြင့် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဘဝဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ ဘိန်းစိုက်ပျိုးမှု အလေ့အထ တစတစ ချုပ်ငြိမ်းရေးဆိုသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာ (၂) ရပ်အားလည်းကောင်း၊ ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနိုင်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးနည်းဗျူဟာ (၃)ရပ်အားလည်းကောင်း ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တချိန်တည်းတပြိုင်တည်းမှာ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးစွဲသူ အခြေခံစာရင်းဇယားများအား ပြုစုထုတ်ယူရေးလုပ်ငန်းမှာ တိုင်းရင်းသားပြည်သူ တရပ်လုံး တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးဟာ တကမ္ဘာလုံးကိုခြိမ်းခြောက်နေတဲ့ အန္တရာယ်တခုဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ တပ်မတော်သားများ အသက်ပေါင်းများစွာစွန့်လွှတ်ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အနေနှင့် မူးယစ်ဆေးဝါး အန္တရာယ် လုံးဝပပျောက်သည်အထိ ဆန္ဒပြင်းပြစွာ အဆုံးကုန် ကြိုးစားလျက်ရှိပါတယ်။ မူးယစ်ဆေးဝါးတွေ့ရှိတဲ့ ဒေသများမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလည်း အရှိန်အဟုန်မြင့် လုပ်ဆောင်ခွင့် ပေးနေပါတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး





**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့၏ ဆွေးနွေးချက်ပေါ် မူတည်ပြီးတော့မှ ဦးစိုင်းစိန်ဝင်းမှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းတင်ပြပေးလာသည့်အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်၏ အဆိုသည် နိုင်ငံတော်နှင့် ပြည်နယ်၊ ပြည်နယ်လူထုနှင့် လူငယ်ဘဝ အနာဂတ်လှပစေဖို့ အတွက်သာ ရည်ရွယ်ထားပါသဖြင့် "ရှမ်းပြည်နယ် အတွင်းမူးယစ်ဆေးဝါးများ ပေါများပြန့်နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ် ဘဝကိုထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သောစီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန်တိုက်တွန်းကြောင်း" အဆိုအစား **အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း** စကားရပ်ပြင်ဆင်မှုကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းစိန်ဝင်း သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)ရဲ့ မူရင်းအဆိုအစား ပြင်ဆင်ပြီးတော့မှ " ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပြန့်နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေ ပါသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးပပျောက်နိုင်ရေးအတွက် အမျိုးသားရေး



D/real(wide) (1

တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်” အဆိုဖြစ်ပါတယ်။ အဆိုနှင့် စပ်လျဉ်းပြီး အတည်ပြု ဆုံးဖြတ်နိုင်ရန်အတွက် လွှတ်တော်ရဲ့ဆန္ဒရယူမှာဖြစ်ပါတယ်။

အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။ **[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]**

လွှတ်တော်မှ သဘောတူပါသဖြင့် ဦးစိုင်းစိန်ဝင်း တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါ်များပြန့်နှံ့နေပါသဖြင့် လူငယ်များအတွင်း လွယ်ကူစွာ ရလွယ် သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ် ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေပါသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးများပပျောက်နိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်ရန်အဆို အား အတည်ပြုကြောင်း ကြေငြာပါတယ်။

## ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၏ “ ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း” အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့အတွက်





လုပ်ငန်းဟာမြန်မာနိုင်ငံနှင့်သာမက ကမ္ဘာ့သူ/သား အားလုံးနှင့် သက်ဆိုင်တဲ့ ကိစ္စရပ်ဖြစ်ပြီး ကြီးမားကျယ်ပြန့်၊ ခက်ခဲနက်နဲတာ ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းမှာ စေတနာသန့်သန့်ပါဝင်တဲ့ မည့်သည့် လူပုဂ္ဂိုလ်၊ မည့်သည့်နိုင်ငံမဆို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် ရှိပါတယ်။ အကြောင်းအမျိုးမျိုးဖြင့် အကူအညီများရရှိစေကာမူ ကမ္ဘာ့လူသားများတွင် ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းအား အစွမ်းရှိသမျှ အောင်မြင်အောင် ဆောင်ရွက်သွားရန်လည်း ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးမှု နောက်ခံသမိုင်း၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှု ဖြစ်စဉ်ဖြစ်ရပ်များ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ အခြားနိုင်ငံကြီးအချို့၏ နိုင်ငံရေးအရ မသိ ကျေးကျွန် ပြုမှုနှင့် စပ်လျဉ်းပြီး မောင်ဓူဝံ ရေးသားတဲ့ သာသည့် မြေသို့နှင့် အခြားဆောင်းပါးများမှာလည်း လေ့လာဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း တင်သွင်းသောအဆိုတွင် “ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါ်များပြန့်နှံ့ နေပါသဖြင့် လူငယ်များ လွယ်ကူစွာရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ် ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေ ပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရမှ လေးနက်သောစီမံကိန်းဖြင့် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း” ဖော်ပြချက်အစား “ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေး အတွက်အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်သင့်ကြောင်း” ဟု စကားရပ်ပြင်ဆင် ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လွှတ်တော် ကိုယ်စားလှယ် (၁)က အမည်စာရင်း ပေးသွင်းထားပါတယ်။ အဆိုကို ဆွေးနွေးရန်အတွက် မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စိုင်းမောင်ကြီး ဖြစ်ပါတယ်။ ယမန်နေ့ကတင်သွင်းသွားတဲ့ နမ့်ခမ်းမဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး၏ “ ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျော့ချ ရေးရှုထောင့်မှ ကြည့်လျှင် ရှမ်းပြည်နယ်လူထု၏ ၇၀%သော ကျေးလက်နေ တောင်သူလယ်သမားများဟာ မိသားစုဝင်ငွေ နည်းပါး၍ အခြေခံပညာတတ်မြောက်မှု နိမ့်ပါးပါတယ်။ ဒါကိုအခွင့်ကောင်းယူ၍ စီးပွားရေး ဖြတ်လမ်းလိုက်သူ ဝိသမလောဘသားများက လောဘဇောတိုက်၍ လောင်းကစားနည်းမျိုးစုံဖြင့် မြူဆွယ်ဖြားယောင်းပြီး ပြည်သူလူထုကို ဆင်းရဲတွင်းနက်စေခဲ့ပါတယ်။ ယခင်ခေတ်၊ ယခင်အချိန်က ၎င်းဝိသမ လောဘသားများဟာ သက်ဆိုင်ရာအာဏာပိုင်များအား သိမ်းသွင်းစည်းရုံး ထားသူများ ငွေရှင် ကြေးရှင်မြို့မျက်နှာဖုံး အသိုင်းအဝိုင်းများမှ ပုဂ္ဂိုလ်အများစု ဖြစ်ကြပြီး တရားဥပဒေစိုးမိုးရေးကို လက်တစ်လုံးခြားလှည့်စားထားနိုင်ကြသူများ ဖြစ်ကြပါတယ်။





ဖမ်းဆီးပြီး ပြစ်မှု၊ ပြစ်ဒဏ်ချကာ အရေးယူဆောင်ရွက်လျက်ရှိတာကို မြို့နယ်ဒေသတိုင်းမှာ တွေ့မြင်ကြရမှာ ဖြစ်သလို လောင်းကစားမှုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပါဝင်ပတ်သက်နေကြသူများကိုလည်း မြို့နယ်ဒေသတိုင်းမှာ တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရ၊ တရားဥပဒေစိုးမိုးရေး စသည့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို ပြည်သူ့ထံသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော်နေသော ပြည်သူ့ဗဟိုပြုအစိုးရ ခေတ်ကြီးတွင် အဆိုပါလောင်းကစားမှုများ အရိပ်မည်းကြီးသည် ဦးစားပေးဖယ်ရှား အရေးယူသင့်သော မကောင်းမှုဒုစရိုက် ရေသောက်မြစ်ကြီးတစ်ခု ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် လောင်းကစားမှုများ အမြစ်ပြတ်ကင်းစင်ပပျောက်သွားစေရန် ထိရောက်သော စီမံချက်များ ရေးဆွဲပြီး ဖိဖိစီးစီးအရေးယူဆောင်ရွက်ကာ ပြည်သူလူထုအကြား လောင်းကစားအမှန်တစ်ကယ်ပပျောက်နိုင်ပါမှ အစိုးရ၏ ပြည်သူ့ရေးရာဝန်ဆောင်မှုများ အောက်ခြေပြည်သူလူထုထံ အလျင်အမြန်ရောက်ရှိအောင် ဆောင်ရွက်နိုင်ပါသည်ဟု ဆိုနိုင်ပါကြောင်း တင်ပြရင်း နမ့်ခမ်းမဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းတင်ဦး၏ “ ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကိုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ရှိပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့မှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပမာဏဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးရဲနိုင်အောင်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ နန်းခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးတင်သွင်းသည့် " ရှမ်းပြည်နယ်အတွင်း လောင်းကစားများပပျောက်ရေး အတွက်ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" ဆိုသည့် အဆိုနှင့်စပ်လျဉ်းပြီး တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်လျက်ရှိရာမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မူဝါဒများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်သူလူထု၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ကောင်းမွန်၍ မိသားစုဖူလုံလောက်ငှစေရန်နှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လောင်းကစားမှုပပျောက်ရေးဟာ အရေးကြီးတဲ့ အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ၂၀၁၁ခုနှစ်၊ မေလမှစတင်ပြီး ရည်မှန်းချက်



D/real(wide) (1



လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်တွင် ကျင်းပလေ့ရှိသည့် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာ ပွဲတော်များကျင်းပရာတွင် ကျင်းပရေး ကော်မတီများသည် ပွဲမိန့်လျှောက်ထားစဉ်ကတည်းက လောင်းကစားဝိုင်းနှင့် လောင်းကစားဆန်သော ကိစ္စရပ်များ ထည့်သွင်း ကျင်းပခြင်းမပြုရန် ဝန်ခံကတိများ ရေးထိုးပြီး လျှောက်ထား ရပါသော်လည်း ပွဲတော်ကျင်းပချိန်တွင် လောင်းကစားဝိုင်းများကို ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့်တွေ့မြင်ကြရစမြဲ ဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်၊ လုပ်ထုံးလုပ်နည်း များနှင့် လောင်းကစားဝိုင်း၊ လောင်းကစားခြင်းပြုလုပ်သည့် အိမ်များသို့ သတင်းယူခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ လုပ်ထုံးလုပ်နည်းများ တိတိကျကျ ပြဋ္ဌာန်း သတ်မှတ်ထားသော်လည်း တရားမဝင် နှစ်လုံး၊ သုံးလုံး ရောင်းသူ၊ ချဲစာရေး၊ ထီစာရေးများ လမ်းမများ၊ ရပ်ကွက်များတွင် စည်ကားမြဲ၊ အရောင်းအဝယ်ဖြစ်မြဲ ဟန်မပျက် ရှိနေကြဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ ဌာနများက တည်ဆဲလောင်းကစားပြုမှု ဥပဒေများဖြင့် စီမံချက်ဆွဲ၍ သော်လည်းကောင်း၊ အထူးအဖွဲ့ဖွဲ့၍ အရေးပေါ် အရေးယူဖမ်းဆီး ဆောင်ရွက် နေပါသော်လည်း အရေးယူဆဲကာလတွင်သာ ပျောက်ချက်သားကောင်းပြီး စီမံချက် ကာလပြီးဆုံးသွား၍သော် လည်းကောင်း၊ စစ်ဆေးအရေးယူမှု အားလျော့သွား၍ သော်လည်းကောင်း၊ အဆိုပါလောင်းကစားနှင့် ပတ်သက်သူ များသည် တစ်ကျော့ပြန် သွေးသစ်လောင်း ပေါ်ပေါက်လာမြဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဒေသ များရှိ ဌာနများအလိုက် လောင်းကစား ကင်းစင်ပပျောက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက် တည်ဆဲဥပဒေများနှင့်အညီ

တာဝန်များချမှတ်ကာ တိုင်းဒေသကြီးပြည်နယ်အလိုက် ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများပပျောက်ရေးအတွက် မြို့နယ်အသီးသီးမှာ လက်တွေ့ကျတဲ့ စီမံချက်များ ချမှတ်ပြီး ရပ်ကွက်ကျေးရွာ၊ ဌာနဆိုင်ရာများမှာ အသိပညာပေးဟောပြောမှုများ ပြုလုပ်ပြီး ဆောင်ရွက်လျက် ရှိပါတယ်။ သက်ဆိုင်ရာ ရဲစခန်းနယ်မြေများအလိုက် **Tri Three week** များပြုလုပ်ရာတွင် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ၌ လောင်းကစား မှုများနှင့်ပတ်သက်ပြီး ပညာပေးဟောပြောခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

တဘက်မှာလည်း လောင်းကစားဥပဒေနှင့် မလွတ်ကင်းတဲ့ လောင်းကစားနည်းအမျိုးမျိုးကို အမာခံသတင်းပေးများဖြင့် သတင်းရယူကာ နေ့စဉ်နှင့်အမျှ ဖမ်းဆီးအရေးယူဆောင်ရွက်လျက် ရှိပါတယ်။ လောင်းကစားခြင်း ကို တာဝန်သိသောပြည်သူအချို့က ရဲတပ်ဖွဲ့အား တယ်လီဖုန်း (သို့မဟုတ်) စာနှင့်တိုင်တန်းလာလျှင်လည်း လောင်းကစားဖမ်းဆီးဝရမ်းနှင့်အတူ ရဲတပ်ဖွဲ့ဝင်များမှ စောင့်ကြည့်၍ သက်သေများဖြင့် ဝင်ရောက်ရှာဖွေပြီး လောင်းကစားနှင့်ပတ်သက်တဲ့ ပစ္စည်းကိရိယာ၊ ငွေကြေးများ၊ တံကင် အကြွေစေ့များနှင့် ဖမ်းဆီးရမိမှုများရှိပါတယ်။ ယခုအခါ အများပြည်သူများ အနားယူအပန်းဖြေတဲ့ ပန်းခြံ၊ ကလေးကစားကွင်းများမှာ ဝိသမလောဘသား အချို့က အကြွေစေ့များအသုံးပြုပြီး စက်ကိရိယာများဖြင့် လောင်းကစား အလျော်အစား ပြုလုပ်မှုများ၊ မူလတန်းကျောင်းသားအရွယ်မှအစ သွားရောက်၍ ကစားလေ့ရှိတဲ့ တီဗွီဂိမ်းဆိုင်များမှာ အချို့စီးပွားရေး လုပ်ငန်းရှင်များမှ လောင်းကစားပါဝင်တဲ့ စက်များကိုပါရောနှောပြီး နားလှည့်ပါးလှည့် ဖွင့်လှစ်နေမှု များကို ရဲတပ်ဖွဲ့ဝင်များက သတင်းရယူ၍ ဖမ်းဆီးအရေးယူလျက် ရှိပါတယ်။ အဲဒီလို



D/real(wide) (1



ထို့အပြင် မြန်မာနိုင်ငံရဲ့ တပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ တိုးတက်မှုများ စတင်ရရှိနေပြီ ဖြစ်ပါတယ်။ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရဲလုပ်ငန်း **Community Polisim** ကိုလည်း ပြောင်းလဲ ကျင့်သုံး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အချို့သော နိုင်ငံများ ဥပမာ-ဂျာမနီနှင့် ဂျပန်နိုင်ငံကဲ့သို့ နိုင်ငံများမှာ ပြစ်မှုကင်းစင်နယ်မြေ **Crimless Area** အဆင့်ထိ ပြည်သူလူထု ကိုစည်းရုံး ဆောင်ရွက်နိုင်ပြီ ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် တရားဥပဒေကို လေးစားလိုက်နာသည့် အလေ့အကျင့်များ ပြည်သူကို စည်းရုံးဆောင်ရွက်နေရဆဲပင် ဖြစ်ပါတယ်။ ထို့ကြောင့်ပင် ယနေ့ထိလောင်းကစား အက်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

သို့ပါ၍ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး မှတင်သွင်းတဲ့ ရှမ်းပြည်နယ် အတွင်း လောင်းကစားများပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်းအဆိုအား ဆက်လက်တင်ပြရလျှင် တင်သွင်းသောအဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၉၆)အရ ပြည်ထောင်စုဥပဒေပြု စာရင်းဇယား(၁)ပါ အပိုဒ်(၁) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး ကဏ္ဍ၊ အပိုဒ်ခွဲ(စ) နိုင်ငံတော် တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စာရင်းတွင် ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)အရ ပြည်နယ် လွှတ်တော်က ဥပဒေပြုနိုင်သော ဥပဒေပြုစာရင်း ဇယား(၂)တွင် ပါဝင်ခြင်းမရှိကြောင်းတွေ့ရပါတယ်။ ထို့ကြောင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးရဲ့ "ရှမ်းပြည်နယ် အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း" အဆိုအစား " ရှမ်းပြည်နယ်

အတွင်း လောင်းကစားများပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရမှ သက်ဆိုင်ရာဌာနအဖွဲ့အစည်းအဆင့်ဆင့်အား ပိုမိုတွန်းအားပေး ကြပ်မတ် ဆောင်ရွက်ရန်” ဟု ဖော်ပြသင့် ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး ဦးစိုင်းတင်ဦးက ထပ်မံရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဘေးဘယာကင်းကွာပြီး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်း မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ အခုလို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်မှ ရှင်းလင်းဆွေးနွေးပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မနေ့က ဆွေးနွေးခဲ့သလို လောင်းကစားမှုများသည် ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝ မြင့်မားစေမှုတို့ကို တကယ်အဟန့်အတား ဖြစ်စေသော ခလုတ်ကန်သင်းကြီးတစ်ခု ဖြစ်နေပါတယ်။ ကျွန်တော်၏ အဆိုသည် လူသားအရင်းအမြစ်ကို ထိခိုက်စေတဲ့ လောင်းကစားမှုများကို အမြစ်ပြတ်ကင်းစင်ပပျောက် သွားစေလိုသော စေတနာအရင်းခံ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှင်းလင်း ဆွေးနွေးပြောကြားသွားသလို





ဖမ်းဆီးခဲ့ရာ ရှမ်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှာ စုစုပေါင်း အမှု (၂၁၀)မှု၊ တရားခံ (၂၄၄)ဦး၊ မြန်မာငွေ (၁၃၉၈၁၁၀၅)ကျပ် ၊ ထိုင်းငွေ ဘတ် (၁၉၆၇၁) သိမ်းဆည်းရရှိပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့လည်း ချဲထီ၊ နှစ်လုံးထီနှင့် ပတ်သက်ပြီးတော့ အမှု (၁၁၉)မှု၊ တရားခံ (၂၇၁)ဦးကို ဖမ်းဆီး အရေးယူပြီး မြန်မာငွေ ကျပ် (၂၄၂၃၉၂၂၀)ကျပ်၊ ထိုင်းဘတ်ငွေ (၁၄၆၈၈၄)၊ တရုတ်ငွေ (၁၈၀၃၃၃)ယွမ်သိမ်းဆီးရရှိပြီးဖြစ်ပါတယ်။ ဖမ်းဆီးရရှိခဲ့ပြီးတဲ့နောက် ၂၀၁၃ခုနှစ်မှစတင်၍ ဖေဖော်ဝါရီလကုန်ထိ စုစုပေါင်းအမှု (၃၁)မှု၊ တရားခံ (၅၇)ဦး၊ မြန်မာငွေကျပ် (၁၀၅၅၅၀) ဖမ်းဆီး ရရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီ ကူးပြောင်းနေချိန်တွင် ခေတ်မီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လမ်း ရာမှာဆင်းရဲမှုပပျောက်ရေးအတွက် လောင်းကစားမှု ပပျောက်ရေး အတွက် ရဲတပ်ဖွဲ့မှ စီမံချက်များ ချမှတ်ပြီးပညာပေးခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်လျက်ရှိရာ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်လျက် တိုတောင်းသော အချိန်ကာလ တစ်ခုအတွင်းလောင်းကစား ကင်းစင်ပပျောက် သွားနိုင်သည်ဟု မျှော်မှန်းထားရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သလို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ ပြည်သူအခြေပြု အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲ နေပြီဖြစ်ပါတယ်။ မြို့နယ်၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး အတွက် အထောက်အကူပြု ကော်မတီများဖွဲ့စည်းပြီးဖြစ်ပါတယ်။ ထိုအထောက်အကူပြု ကော်မတီများနှင့် ပူးပေါင်းပြီး မြို့၊ ရွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း အဆင့်ဆင့်များတို့ ပိုမိုတွန်းအားပေး ကြီးကြပ်ဆောင်ရွက် သွားနိုင်မည်ဆိုပါက လောင်းကစားမှုများ လျော့နည်း သွားနိုင်မဲ့ အပြင် ပပျောက် သွားမည့်အဆင့်သို့ ရောက်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ အဆိုမှာ ပါရှိတဲ့ "ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" စကားရပ် နေရာတွင် "ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်း အဆင့်ဆင့်အား ပိုမို တွန်းအားပေး ကြီးကြပ်ဆောင်ရွက်နိုင်ရန်" ဆိုတဲ့ စကားရပ်ကို အစားထိုးဖို့ သဘောတူပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းတင်ဦး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ မူလတင်သွင်းခဲ့တဲ့ အဆိုပါစာသားများအစား ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဆွေးနွေးပေးလိုက်တဲ့ " ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းအဆင့်ဆင့်အား ပိုမိုတွန်းအားပေး ကြပ်မတ်ဆောင်ရွက်ရန်" ဆိုတဲ့အဆိုကို တင်လိုက်ပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ စပ်လျဉ်းပြီး အတည်ပြုမပြု ဆုံးဖြတ်နိုင်ရန် အတွက် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။

အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။ **[ (၃)ကြိမ် တိုင်တိုင် မေးမြန်း ပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]**

လွှတ်တော်က သဘောတူတဲ့အတွက် ဦးစိုင်းတင်ဦး တင်သွင်းသော "ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာ





# ရှမ်းပြည်နယ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ မှတ်တမ်း

**၁၃၇၄ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဧပြီ လ ၄ ရက် )**

**[ဗုဒ္ဓဟူးနေ့ ]**

**(နေ့လည်ပိုင်း)**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လည်ပိုင်း အစီအစဉ်အား ဆက်လက်ကျင်းပ ပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူဦးရေနှင့် အိမ် အကြောင်းအရာ၊ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကိစ္စအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ အစီရင်ခံစာ တင်သည့်နေရာမှာ အချိန်ရဲ့ အတိုင်းအတာအရ လိုရင်းကိုချုပ်ပြီးတော့ တင်ပြပေးနိုင်မယ် ဆိုရင်တော့ သတ်မှတ်တဲ့အချိန်အတွင်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့မှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးရဲနိုင်အောင်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဝင်မှုကြီးကြပ်ရေး၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရဲ့ လုပ်ငန်းဖြစ်တဲ့ မိုးပွင့်စီမံချက်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မိုးပွင့်စီမံချက်နဲ့ ဆက်စပ်တဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူတဲ့ ကိစ္စမှာ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီမှာ ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌဖြစ်ပြီး



D/real(wide) (1



ဌာနအဖွဲ့အစည်း အဆင့်ဆင့်အား ပိုမိုတွန်းအားပေး ကြပ်မတ်ဆောင်ရွက်ရန်” အဆိုသည် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။

**ဥက္ကဋ္ဌ။** ယခု နေ့လည်စာသုံးဆောင်ရန်အတွက် အစည်းအဝေး ကို ၁ နာရီ၊ မိနစ် ၃၀ ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွါ ပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို ၁ နာရီ၊ မိနစ် ၂၀ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

အတွင်းရေးမှူးမှာ ပြည်နယ် လ. ဝ. က ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌဖြစ်ပြီးတော့ ပြည်နယ် လ. ဝ. က မှ အတွင်းရေးမှူး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ မိုးပွင့်စီမံချက်နဲ့ ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။

မိုးပွင့်စီမံချက်ဆိုတာကတော့ တင်ပြပါအတိုင်း တိုင်းရင်းသား မွေးရာပါနိုင်ငံသားများ အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ထက်ပိုမို လွယ်ကူစေတဲ့ ဖြေလျှော့နည်းအသုံးပြုပြီး နိုင်ငံတစ်ဝှမ်းကွင်းဆင်းပြီးတော့မှ ပွင့်လင်းမြင်သာစွာနှင့် **One Stop Service** စနစ်အရ သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်း လျင်မြန်စွာဆောင်ရွက်ပေးမယ်ဆိုတဲ့ အချက်(၈)ချက်နှင့် ပြည့်စုံတဲ့ အစီအမံပဲဖြစ်ပါတယ်။ ကြန့်ကြာစေတဲ့ အချက်များ ဖြေလျှော့ပေးတဲ့ အခြေအနေ ဖြစ်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ရာမှာ ဖြေလျှော့ခြင်းနှင့် ပတ်သက်ပြီးတော့မှ တင်ပြပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်နိုင်ငံသားစိစစ်ရေးကဒ်ပြား ပြုလုပ်ရာမှာ ဖြေလျှော့ခြင်းများပြုလုပ်မှာဖြစ်ပါတယ်။ ဒီဖြေလျှော့ခြင်းများကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။

မိုးပွင့်စီမံချက်လုပ်ငန်း ဆောင်ရွက်ခြင်း အဆင့်(၄)ဆင့် တွေ့ရမှာ ဖြစ်ပါတယ်။ အဆင့်(၁)မှာ (၁-၇-၂၀၁၁)မှ (၃၁-၁၀-၂၀၁၁) ရက်နေ့အထိ (၄)လ ကာလဖြစ်ပါတယ်။ အဆင့်(၂)မှာ (၁-၂-၂၀၁၂) မှ (၃၁-၃-၂၀၁၂)ရက်နေ့အထိ (၂)လဖြစ်ပါတယ်။ အဆင့်(၃)ကတော့ (၁-၆-၂၀၁၂)မှ (၃၁-၇-၂၀၁၂) ရက်နေ့အထိ (၂)လ ဖြစ်ပါတယ်။ မိုးပွင့်အဆင့်(၄)ကတော့ (၁-၁၀-၂၀၁၂) ရက်နေ့မှ (၃၁-၁၂-၂၀၁၂) ရက်နေ့အထိ (၃)လ ဖြစ်ပါတယ်။ အကြမ်းဖျင်း ကြည့်လိုက်မယ်ဆိုရင်တော့





စီမံချက်ကာလကတော့ မကြာသေးခင်(၁-၄-၂၀၁၃) ကနေပြီးတော့ (၃၁-၅-၂၀၁၃)အထိ (၂)လဆောင်ရွက်မှာဖြစ်ပါတယ်။ အခြေခံရုံးနှင့် အနည်းဆုံး(၁၅)မိုင်ဝေး တဲ့ဒေသများမှာ သွားရောက်အခြေပြုပြီး အနည်းဆုံး (၂)ညအိပ် ကွင်းဆင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဘေးပတ်ဝန်းကျင်ရဲ့ လက်လှမ်းတစ်မီကျေးရွာများကို စည်းရုံးဆောင်ရွက်ပါမယ်။ မြို့ပေါ်မှာ ဝန်ထမ်းနှစ်ဖွဲ့ ခွဲပြီးတော့ တစ်ကြိမ်လျှင် အစွန်အဖျားရပ်ကွက်(၂)ခု၊ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်မယ့် မိုးပွင့်အဆင့်(၅) စီမံချက်နဲ့ပတ်သက်ပြီးတော့ ကွင်းဆင်းမယ့် ရပ်ကွက်၊ ကျေးရွာများကို ကွင်းဆင်းဆောင်ရွက်မယ့်ရက်အား (၇)ရက်ကြိုတင်ပြီးတော့ အသိပေးကြေငြာသွားမှာ ဖြစ်ပါတယ်။

မြို့ပေါ်ရပ်ကွက်များမှာ ကွင်းဆင်းမှုအား ရုံးဖွင့်ရက်များမှာ ရုံးချိန်အတိုင်း (၁)ရက်လျှင် ပြည်သူ(၅၀)ဦးနှုန်း အပြီးဆောင်ရွက်ပေးပါမယ်။ စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ထမ်းများအတွက် လိုအပ်ပါကစနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် (၂)ရက်အနက် (၁)ရက် သတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုးပွင့်အဆင့်(၅) ပြီးဆုံးပါက မိုးပွင့်အဆင့်(၆၊၇၊၈)စသည်ဖြင့် ဒါတွေကိုလည်း ဆက်လက် ဆောင်ရွက်သွားမှု ဖြစ်ပါတယ်။ လူဦးရေနှင့် အိမ်အကြောင်းအရာ၊ သန်းခေါင် စာရင်း ကောက်ယူရေးလုပ်ငန်းကိစ္စနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းမှာ ဖြစ်ပါတယ်။ အဲဒီတော့သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ယေဘုယျအကြောင်းအချက်များ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၃ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းဆိုပြီး ကဏ္ဍများစွာ ပါဝင်မှာဖြစ်ပါတယ်။

ရှေးဦးစွာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ယေဘုယျ အကြောင်းအချက်များ ဖြစ်ပါတယ်။ အဲဒီတော့

ဒါနှင့်ပတ်သက်လို့ကတော့ **background history** ပါ။ ကျွန်တော်တို့ သန်းခေါင်စာရင်း နှင့်ပတ်သက်လို့ ဒါကျွန်တော်တို့ မြန်မာနိုင်ငံမှာ **background history** အနေနှင့် သာလွန်မင်း လက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၀၄၅ခုနှစ် မှာ သန်းခေါင်းစာရင်း သဘောသက်ရောက်တဲ့ စစ်တမ်းများ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများ ရှိပါတယ်။

၁၈၉၁ခုနှစ်က စပြီးတော့မြန်မာနိုင်ငံတဝှမ်းလုံးမှာ (၁၀)နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကို ၁၉၄၁ခုနှစ်ထိ အချိန်မှန် ကောက်ယူနိုင်ခဲ့ပါတယ်။ တနိုင်ငံလုံးအတိုင်းအတာနှင့် ပြည်စုံတဲ့ သန်းခေါင်စာရင်းကို ၁၉၇၄ခုနှစ်မှာ (၁)ကြိမ်၊ အဲဒီတုန်းက ၁၉၇၄ ဆိုတော့ ကျွန်တော်တို့ တက္ကသိုလ် ကျောင်းသားဘဝပါ။ ကျွန်တော် တို့လည်း ပါဝင်ကောက်ယူခဲ့ဖူးပါတယ်။ (၁၀)နှစ်ခြား၍ ၁၉၈၃ခုနှစ်မှာ (၁)ကြိမ်ကောက်ယူ နိုင်ခဲ့ပါတယ်။ သို့သော်ငြားလည်း ၁၉၈၃ခုနှစ်နောက်ပိုင်းမှာကတော့ သန်းခေါင်းစာရင်း မကောက်ယူ နိုင်ခဲ့တာဟာ အနှစ် (၃၀) ကျော်ရှိလာပြီဖြစ်ပါတယ်။ သန်းခေါင် စာရင်း ကောက်ယူရန်ဆုံးဖြတ်ချက် နိုင်ငံတော်အစိုးရသစ်ကလက်ရှိ အနာဂတ်စီမံကိန်းရေးဆွဲရာမှာ တိကျတဲ့ လူဦးရေနှင့် လူမှုစီးပွားရေး ဆိုင်ရာ အချက်လက်များရရှိဖို့အတွက် သန်းခေါင်းစာရင်း ကောက်ခံရန် လိုအပ်လာခြင်း၊ နိုင်ငံတစ်နိုင်ငံမှာ စီမံကိန်းတွေ ချမှတ်ပြီးတော့ဆောင်ရွက်နေပါတယ်။ စီမံကိန်းနှင့်ပတ်သက်ပြီး အဆင့်ဆင့် ဗဟို၊ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေးရွာ စသည့် အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေတယ်။

ကျွန်တော်တို့က **bottom up annishapted** လုပ်နေတယ်၊ **people standard development** လုပ်နေတယ်။ သို့သော်ငြားလည်း လူဦးရေစာရင်း သည်တိကျ





အဆင့်တစ်ဆင့်နဲ့ တစ်ဆင့်ကြားကာလ ဟာ(၂)လ ခြားပြီး ဒီခြားတဲ့ကာလလေးတွေမှာ ရုံးတွင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြန်လည် စိစစ်ခြင်းနှင့် ဖိုင်ဖွင့်ခြင်း၊ ရုံးသို့လာရောက် လျှောက်ထားသူ များကို ဆောင်ရွက်ပေးခြင်းဆိုတဲ့ လုပ်ငန်းတွေကို ကြားဖြတ် ဆောင်ရွက်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးပွင့်စီမံချက်ရဲ့လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှာ စီမံချက်အနေနဲ့ကတော့ စီမံချက်အဆင့် (၁၊ ၂၊ ၃၊ ၄)ဖြစ်ပြီးတော့ အိမ်ထောင်စုကတော့ တင်ပြပါအတိုင်း (၁၈၃၁၀)၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား ဆောင်ရွက်ပေးမှုနဲ့ ပတ်သက်ပြီး (၁၀)နှစ် ပြည့် (၅၁၀၈၈)ဦး၊ (၁၈)နှစ်ပြည့် (၄၁၇၇၇)ဦးနဲ့ စုစုပေါင်း(၉၂၈၆၅)ဦး ဆောင်ရွက်ပေးနိုင် ခဲ့ပါတယ်။ ဒါကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ ပတ်သက်လို့ ဆောင်ရွက်ပြီးစီးမှု ဖြစ်ပါတယ်။ စုစုပေါင်း အိမ်ထောင်စုကတော့ (၁၆၈၂၃)ဦး ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကဒ်ပြား ဆောင်ရွက်ပေးနိုင်မှုကတော့ (၁၀)နှစ်ပြည့် (၃၁၁၃၅)ဦး၊ (၁၈)နှစ်ပြည့် (၁၄၂၆၂)ဦး စုစုပေါင်း (၄၅၃၉၇)ဦးဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲ့ ဆောင်ရွက်ပြီးစီးမှု ဖြစ်ပါတယ်။ အိမ်ထောင်စုအနေနဲ့ ဆိုလျှင် (၁၂၀၁၆)စု၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ပေးမှုနဲ့ ပတ်သက်ပြီးတော့ (၁၀)နှစ်ပြည့် (၂၈၅၁၄)ဦး၊ (၁၈)နှစ်ပြည့် ကတော့ (၃၆၆၈၃)ဦး၊ စုစုပေါင်း(၆၇၁၇၇)ဦး ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ် မိုးပွင့်စီမံချက် အဆင့်(၁)ကနေ အဆင့်(၄)အထိ ဆောင်ရွက်ပြီးစီးမှုဖြစ်ပါတယ်။ ဒီနေ့ထိကတော့ အိမ်ထောင်စု (၄၇၁၄၉)စု၊ (၁၀)နှစ်ပြည့် မှတ်ပုံတင်လုပ်ပေးနိုင်တာကတော့ (၁၁၀၇၃၇ ) ဦး၊ (၁၈)နှစ်ပြည့်သူ (၉၄၇၀၂)ဦးနှင့် စုစုပေါင်း (၂၀၅၄၃၉)ဦးဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက် ဆောင်ရွက်မယ့် မိုးပွင့်အဆင့်(၅)စီမံချက် ဖြစ်ပါတယ်။

မှန်ကန်မှု မရှိဘူးဆိုလျှင်တော့ စီမံကိန်းတွေဟာ အနည်းနှင့်အများ ဆိုသလို လိုအပ်ချက်တွေရှိနေမှာဘဲဖြစ်ပါတယ်။ ကနဦး ဆောင်ရွက်ချက်မှာ မှတ်တမ်းမှတ်ရာဟောင်းများ ရှာဖွေဖတ်ရှု လေ့လာခြင်း၊ ပြည်တွင်းပြည်ပ အတွေ့ကြုံရှိသူများ၊ ပညာရှင်များနှင့် ဆွေးနွေးခြင်း၊ နိုင်ငံတကာအဖွဲ့စည်းများနှင့် ဆွေးနွေးခြင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနန်ပီးယားနှင့် ၃၀-၄-၂၀၁၂ ရက်နေ့မှာ အရင်ဆုံး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး ခဲ့ပြီးဖြစ်ပါတယ်။ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံကြား အကူညီပေးရေးစာချွန်လွှာ သဘောတူညီခဲ့တဲ့ အချက် (၇)ချက် ဖြစ်ပါတယ်။

သန်းခေါင်စာရင်း ကောက်ယူရေး အဆင့်ဆင့်ကို ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်၊ ရပ်ကျေးဆိုပြီး ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ပြည်နယ်အဆင့်မှာကတော့ သန်းခေါင်းစာရင်း ကြီးကြပ်မှု ကော်မတီမှာ ဝန်ကြီးချုပ်က ဉက္ကဋ္ဌဖြစ်ပြီး အတွင်းရေးမှူးမှာ ပြည်နယ် (လ. ဝ. က) ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကော်မတီမှာ ကျွန်တော်ဉက္ကဋ္ဌ ဖြစ်ပြီး ပြည်နယ် (လ. ဝ. က)က အတွင်းရေးမှူး ဖြစ်ပါတယ်။ ဆက်လက်ပြီး ၂၀၁၄ခုနှစ်ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းဆိုင်ရာ အချက်အလက် များကို တင်ပြသွားမှာဖြစ်ပါတယ်။

၂၀၁၄ခုနှစ်ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအထိမ်းအမှတ်တံဆိပ် **logo** ကို ၂၀၁၀- ၂၀၁၂ခုနှစ် ပြည်တွင်းထုတ် မြန်မာ ၊အင်္ဂလိပ်သတင်းစာများမှာ ကြော်ငြာခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အထိန်းအမှတ်ဆောင်ပုဒ် ကတော့ **'ပြည်သူအားလုံးပါဝင်လို့ သန်းခေါင် စာရင်း ကောက်ကြစို့'** **" TAKING NATION WORK ESSENTIAL ALL**





စာရင်းကောက်ကွက်ကတော့ အိမ်ထောင်စု (၁၀၀)ကနေ (၁၅၀)ကြား ဝေးလံကျဲပါးတဲ့ဒေသ (၆၀)၊ ကောက်ကွက်ပေါင်း (၉၁၀၀၀)၊ စာရင်းစစ်စာရင်း ကောက်အင်အားကတော့ ပညာရေး ဝန်ကြီးဌာနက ဆရာ၊ ဆရာမများရဲ့ အင်အားကို ရယူပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီမှာပါဝင်မှာ ကတော့ စာရင်းစစ်အနေနဲ့ဆိုရင်တော့ အထက်တန်းပြ၊ အလယ်တန်းပြ (၁၈၂၀၀)ကနေပြီးတော့ (၂၀၀၀၀)၊ စာရင်းကောက်ဖို့ အတွက်ကတော့ မူလတန်းပြ(၉၁၀၀၀)ကနေပြီးတော့ (၁၀၀၀၀၀)ထိ အင်အားရယူပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကွင်းဆင်းစာရင်းကောက်ယူတဲ့ အခါမှာ မေးမည့် မေးခွန်းများ ဖြစ်ပါတယ်။ အိမ်ထောင်စု(၁)စု အချက်(၄၁) ချက်ပါမည့် မေးခွန်းရှိပါ့မယ်။ ကိုင်ဆွဲထားတဲ့ စာစောင်၊ စာရင်းစစ်၊ စာရင်းကောက် စာရင်းကောက် လက်စွဲ စာစောင်၊ အသုံးပြုတဲ့ ဥပဒေကတော့ ၂၀၁၂ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်း ဥပဒေဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူမည့်သူများ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားများ၊ အိမ်ထောင်စုအလိုက် နေထိုင်သူဦးရေ၊ အခြေအတည် တကျ သင်္ဘော၊ လှေ၊ သဗ္ဗာန်စသည်တို့ပေါ်တွင် နေထိုင်သော အိမ်ထောင်စု၊ အဖွဲ့အစည်းများရှိ လူဦးရေ ကာကွယ်ရေး၊ ရဲတပ်ဖွဲ့၊ ဘာသာရေး၊ ဆေးရုံ၊ အကျဉ်းထောင်၊ ဘိုးဘွားရိပ်သာ၊ ဟိုတယ် စသည်ဖြင့် သစ်တောကြိုးဝိုင်းအတွင်းရှိ လူဦးရေ၊ ရွှေ့ပြောင်းသွားသော လူဦးရေ၊ အိမ်ခြေယာခြေမဲ့ တောင်းရမ်း စားသောက်သူ၊ လေလွင့်နေသူ အပါအဝင်ဖြစ်ပါလိမ့်မယ်။ သန်းခေါင်စာရင်း ကောက်ယူမည့် သူများ နိုင်ငံခြားရောက်မြန်မာနိုင်ငံ လူဦးရေ၊ သံရုံး၊

ကုလသမဂ္ဂရုံးတွင် တာဝန်ထမ်းဆောင်နေသူများ၊ သင်္ဘောသား၊ တရားဝင်ပညာသင် အလုပ်လုပ် နေသူများ၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော နိုင်ငံခြားသားများ၊ နိုင်ငံခြားသံတမန်များနှင့် ၎င်းတို့၏မိသားစုများမှအပ သန်းခေါင်စာရင်း ရည်ညွှန်းချိန် နောက်ပိုင်းတွင် သေဆုံးသူများ၊ ရည်ညွှန်းချိန်အတွင်း အသက်ရှင် နေသူများ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန် မတိုင်မီ မွေးဖွား လာသူများ၊ ရည်ညွှန်းချိန်အတွင်း အသက်ရှင်နေသူများ၊ မှတ်ချက်ကတော့ တရားမဝင် နိုင်ငံခြားတွင် ရောက်ရှိနေသူများကို အိမ်ထောင်စုမေးခွန်းပုံစံတွင် မေးမြန်းထား ပါတယ်။

**စာရင်းမကောက်ယူမည့်သူများ။** သန်းခေါင်စာရင်း နေ့ညဥ့်သန်းခေါင် ကျော်လွန်ပြီးမှ မွေးဖွားတဲ့ ကလေးတွေ သန်းခေါင်စာရင်း နေ့ညဥ့်သန်းခေါင်မတိုင်မီ သေဆုံးခဲ့သူများ၊ မြန်မာနိုင်ငံအခြေစိုက် သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများမှာ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားများနှင့် မိသားစုများ ကိုတော့ ကောက်ယူခြင်းပြုမှာ မဟုတ်ပါဘူးခင်ဗျား။ သန်းခေါင် စာရင်း၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းနဲ့ ပတ်သက်လို့ကတော့ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ကာလ ဖြစ်ပါတယ်။ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမယ့် မြို့နယ်များ ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ဆိုရင်တော့ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်နဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့တို့ကို စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူမည့် မြို့နယ်များအဖြစ် ရှမ်းပြည်နယ်မှာ သတ်မှတ်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးအတွက် နမူနာပုံစံသဖွယ်ရှေ့ပြေး ဆောင်ရွက်ခြင်း ဖြစ်ပြီးတော့ အောက်ပါ



D/real(wide) (1



**PARTICIPATION"** ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကြီး (၄)ရပ်မှာ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက် လုပ်ငန်း၊ စာရင်းပြုစုခြင်း လုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစုထုတ်ပြန်ခြင်း တို့ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း (၈)ရပ်ရှိပါတယ်။ အဲဒါကတော့ အခြေခံဒေသစာရင်းပြုစုခြင်း၊ သန်းခေါင်စာရင်းကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မြေပုံရေးဆွဲခြင်း၊ မေးခွန်းပုံစံများ လက်စွဲစာစောင်များပြုစုခြင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများနှင့် ပုံစံများပုံနှိပ်ခြင်း၊ ဖြန့်ဝေခြင်း၊ **OMR** နည်းပညာအသုံးပြုမည့် စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊ စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်း၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းတို့ ဖြစ်ပါတယ်။ စာရင်းကောက်ယူခြင်းသည် မြေပြင်လုပ်ငန်းဖြစ်ပါတယ်။ မြေပြင်မှာ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရမည့် အခြေအနေ ဖြစ်ပါတယ်။

**အခြေခံရမည့်အချက်များ။** အခြေခံရမည့်အချက်များ ကတော့ **DATA BASE** ကို လူဦးရေ သန်း (၆၀)၊ အိမ်ထောင်စု (၁၁) သန်း၊ မြို့နယ်ပေါင်း (၃၃၀)၊ ရပ်ကွက်ပေါင်း (၃၃၄)၊ ကျေးရွာအုပ်စုပေါင်း (၁၃၆၂၈)၊ ကျေးရွာပေါင်း (၆၄၃၄၆) ရွာ၊ ကောက်ကွက်ပေါင်း (၉၁၀၀၀) သတ်မှတ်ထားပါတယ်။ မူနှင့်ပတ်သက်လို့ကတော့ တွေ့ရှိရာ အရပ်မှာ ကောက်ယူသည့်မူ **Defecto Method** စာရင်းကောက်ယူမည့် နည်းလမ်းကတော့ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမယ့် ကာလကတော့ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ကနေ ဧပြီလ ၁၀ ရက်နေ့အထိ စုစုပေါင်း ၁၂ ရက် စာရင်းကောက်ယူမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်က ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံ အချိန် ဖြစ်ပါတယ်။

တို့ကို သိရှိနိုင်စေရန်၊ တစ်ကယ်တော့ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ရဲ့ **Finishing** ကတော့ ၂၀၁၄ မတ်လ ၃၀ ကနေပြီးတော့မှ ၁၂ ရက်ကြာကောက်မယ်။ သို့သော် အစောတုန်းက စမ်းသပ်မြို့နယ်တွေကို ဘာကြောင့်ကျွန်တော်တို့ကတော့ ဆောင်ရွက်နေသလဲ၊ ဒီရည်ရွယ် ချက်တွေနဲ့ ကျွန်တော်တို့က ဆောင်ရွက်နေတာဖြစ်ပါတယ်။

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းရဲ့ အချိန်ဇယား၊ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များ၊ ဗဟိုအဆင့်ကနေ ဆောင်ရွက်မယ့်လုပ်ငန်း၊ မြေပြင်မှာ ဆောင်ရွက်ရမည့် လုပ်ငန်း၊ စာရင်းစစ်၊ စာရင်းကောက်နဲ့ ပတ်သက်ပြီးတော့မှ သင်တန်းပေးတဲ့ အခြေအနေ၊ မေးခွန်းပုံစံပြုစုရာမှာ အခြေခံတဲ့အချက်အလက်များကို ပါဝါပွိုင့်ဖြင့် တင်ပြသွားပါသည်။ မေးခွန်းပုံစံနှင့် ပတ်သက်ပြီးတော့ မေးခွန်း ပုံစံကို အတည်မပြုခင်စပ်ကြားမှာ နိုင်ငံတကာ ပညာရှင်များရဲ့ အကြံပြုချက်တွေကို ရယူပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ဦးစားပေးလိုအပ်ချက်တွေကို လေ့လာပါတယ်။ ၂၀၁၀ ပတ်ဝန်းကျင် ကောက်ယူသော သန်းခေါင်စာရင်းများအတွက် ကုလသမဂ္ဂမှ အကြံပြုချက်တွေကို ရယူပါတယ်။ ၁၉၈၃ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ နောက်ဆုံး ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်း မေးခွန်းပုံစံတွေကိုလည်း ပြန်လေ့လာပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာ အသုံးပြုတဲ့ မေးခွန်းပုံစံတွေကိုလည်း တော်တော်များများ လေ့လာဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**မေးခွန်းပုံစံနှင့် လက်စွဲစာစောင်ပြုစုခြင်းလုပ်ငန်း။** တင်ပြပါ အတိုင်း သန်းခေါင်စာရင်းပါ မေးမြန်းမယ့် မေးခွန်းပုံစံတွေကို နိုင်ငံတစ်ကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစေဖို့အတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကူညီတွေရယူပြီးတော့



D/real(wide) (1



လျင်မြန်မှု အတွက် ဒါတွေကိုရှောင်ကြဉ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ လူထုဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးလုပ်ငန်းဖြစ်ပါတယ်။ အကြမ်းဖျင်းရရှိတဲ့ အချက်တွေဖြစ်ပါတယ်။

ဘဏ္ဍာရေးဆိုင်ရာတင်ပြချက်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးနှင့် ပတ်သက်ပြီးတော့ ခန့်မှန်းကုန်ကျငွေက အမေရိကန်ဒေါ်လာ (၅၈. ၅)သန်းခန့်ကုန်မှာ ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ (၁၅)သန်း နိုင်ငံက ထည့်ဝင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ (၅)သန်း ပါဝင်ပါတယ်။ လိုငွေအနေနှင့် အမေရိကန်ဒေါ်လာ (၃၈. ၅)သန်း ဖြစ်ပါတယ်။ အဲဒီတော့ဒါနှင့်ပတ်သက်လို့လည်း ၁၄-၁၂-၂၀၁၂ ရန်ကုန်မြို့မှာ **project document** ပြုလုပ်ခဲ့ပြီးတော့မှ အလှူရှင်များနှင့်တွေ့ဆုံတဲ့ အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ဝေးလံ၍သွားလာရ ခက်ခဲသောနေရာများမှာ လူဦးရေ သန်းခေါင်စာရင်း ထားရှိမှုအခြေအနေများ ဖြစ်ပါတယ်။ ဂြိုလ်တုမြေပုံများကိုအသုံးပြုခြင်း၊ မြို့နယ်မြို့မ မြေပုံများကို ထုတ်လုပ်ပြီးတော့ ကောက်ကွက်ရေးဆွဲနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျန်မာရေးဝန်ထမ်းများနှင့် သန်းခေါင်စာရင်းကို ကောက်ယူခြင်း၊ဒေသခံပြည်သူများ၊ နယ်မြေဒေသကျွမ်းကျင်သူများ အကူအညီဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်း၊ သတ်မှတ်ရက်ထက် ကြိုတင်ပြီးတော့ စာရင်းကောက်ယူခြင်း ဆိုပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တချို့နေရာတွေမှာ အကြောင်းမျိုးမျိုးနှင့် လုံခြုံရေးအရသော်လည်းကောင်း၊ အခြားကိစ္စတွေအရသော်လည်းကောင်း၊ ကွင်းဆင်းပြီးကောက်ယူမှု အခက်ခဲများရှိမယ်ဆိုလျှင် ပဋိပက္ခများကြောင့် လုံခြုံမှုမရှိသော ဒေသများမှာ သန်းခေါင်စာရင်း ကောက်ယူခြင်းမျိုးနှင့် ဆောင်ရွက်သွားမည့် အနေအထား ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးစေလိုသောအချက်များ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူတဲ့အခါမှာ ဒီအချက်တွေကို ကူညီပံ့ပိုးဆောင်ရွက်ရမည့်ကိစ္စများ ဖြစ်ပါတယ်။ အဲဒီမှာ ပိုင်ဆိုင်မှုများကို အသေးစိတ်မေးမြန်းမှုကြောင့် အခွန်ကောက်မှာလားဆိုတဲ့ စိုးရိမ်ကြောင့်ကျမှုကြောင့် မှန်ကန်စွာဖြေကြားမှုမရှိဘဲ ကွယ်ဝှက်ထိန်ချန် ဖြေကြားမှုများရှိနိုင်တယ်။ အချက်လက်များ၏ လုံခြုံစိတ်ချရမှုကို ဥပဒေဖြင့် ကာကွယ်ထားပါတယ်။ မေးမြန်းသမျှကို အမှန်တိုင်း ဖြေကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများက သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် အလျဉ်းသင့်သလို ကူညီရှင်းလင်းပြောကြား ပေးစေလိုပါတယ်ဆိုတဲ့ အချက်ကလေးပါဝင်တဲ့အတွက် ပံ့ပိုးကူညီပေးဖို့ ကျွန်တော်အနေနှင့် တင်ပြအပ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူခြင်းဟာ အိမ်ထောင်စုစာရင်းရှိခြင်းမရှိခြင်း၊ နိုင်ငံသားကတ်ရှိခြင်းမရှိခြင်း၊ အိမ်မှာရှိခြင်းမရှိခြင်း၊ ယာယီအိမ်ထောင်စုဇယားနှင့် နေထိုင်ခြင်းစသည့် အချက်များပေါ်မှာ မူတည်ခြင်းမဟုတ်ဘဲ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် ရှိနေသူများကို တွေ့သည့်နေရာတွင် ကောက်ယူခြင်းဖြစ်သည့်အတွက် ယင်းအထောက်ထားများမရှိသော်လည်း စိုးရိမ်စရာမရှိပါကြောင်း ကူညီပြောကြားပေးရန်ဖြစ်ပါသည်။ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုတဲ့ အချက်များလည်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များမှကူညီပေးစေလိုတဲ့ အချက်များ ဖြစ်ပါတယ်။ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် မေးခွန်းများ မှန်ကန်စွာ ဖြေကြားရေး၊ လူမျိုးစုများမှားယွင်းမှုမရှိစေရေးကူညီဆောင်ရွက်ပေးရေး၊ အဲဒါကတော့လွှတ်တော်များမှ အကူညီပေးရမည့်ကိစ္စများဖြစ်ပါတယ်။ **NGO** များမှ



D/real(wide) (1



ပြုစုခဲ့ပါတယ်။ အချက်လက်သုံးပြုသူများ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကုလသမဂ္ဂ အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများကိုလည်း မေးခွန်းပုံစံနှင့် ရန်ကုန်မြို့မှာ ကျင်းပပြီးတော့မှ ချပြရှင်းလင်းခဲ့ပါတယ်။ မေးခွန်းပုံစံမူကြမ်း ဖော်ထုတ်ခြင်း လက်စွဲစာစောင်များ ပြုစုခြင်းကိုလည်း ဆောင်ရွက်ထားပါတယ်။ ဗဟို သန်းခေါင်စာရင်း ကော်မရှင် အစည်းအဝေးမှ အတည်ပြုချက်ရယူခြင်း၊ နိုင်ငံတော်အကြီးအကဲထံ တင်ပြခြင်းများကိုလည်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

မေးခွန်းပုံစံမှာ အပိုင်း (၃)ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စမ်းသပ်သန်းခေါင်စာရင်း၊ မြေပုံများဖြန့်ဖြူးခြင်း၊ ကောက်ကွက်ခွဲခြင်းတို့ကို တင်ပြခဲ့သည့်အတိုင်း (၃)မြို့နယ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ စမ်းသပ်သန်းခေါင်စာရင်း သင်တန်းပေးသည့် အခြေအနေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စမ်းသပ်သန်းခေါင်စာရင်းနှင့် ပတ်သက်ပြီးတော့စာရင်းစစ်၊ စာရင်းကောက်အတွက်ထောက်ပံ့ ပစ္စည်းများဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေမှာ ဝတ်စုံ၊ ဦးထုပ်၊ လက်ဆွဲအိတ်၊ ရင်ထိုး၊ နေ့တွက်စရိတ်များ ပံ့ပိုးကူညီပေးမှာ ဖြစ်ပါတယ်။

**စာရင်းကောက်၏တာဝန်ဝတ္တရားများ။** စာရင်းစစ်၏ တာဝန်ဝတ္တရားများ လက်စွဲစာစောင် ဥပဒေများကိုလည်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လူထုဆက်သွယ်ရေးလုပ်ငန်းကတော့ လိုအပ်တဲ့အကူညီများပေးရန်၊ မေးသမျှကို အရှိတိုင်းမှန်ကန်စွာ ဖြေဆိုရန်၊ အရန်အဖွဲ့များကို ဖွဲ့စည်းထားရှိရန်တို့ ဖြစ်ပါတယ်။ အဲဒီထဲမှာအရေးကြီးဆုံးအချက်က မေးသမျှမေးခွန်းကို အရှိတိုင်း ဖြေဆိုရန်ဖြစ်ပါတယ်။ တချို့က ဗဟုသုတနည်းတဲ့ အခါမှာ သန်းခေါင်စာရင်းကောက်တဲ့ အဖွဲ့တွေလာတဲ့အခါမှာ စိတ်ပူပြီးတော့ မဖြေတတ်ခြင်း၊ မဖြေဘဲနှင့်ရှောင်နေခြင်းတို့ မဖြစ်ရန် လုပ်ငန်း

ကူညီပေးစေလိုတဲ့ အချက်တွေကတော့ ကော်မတီအဆင့်ဆင့်တွင် ပါဝင်ပြီးဖြစ်၍ လိုအပ်ချက်အဝဝကို ကူညီပေးရေးဖြစ်ပါတယ်။ ပြည်တွင်း **NGO** တွေဆိုလိုတာဖြစ်ပါတယ်။ အဖွဲ့အစည်းများမှကူညီပေးစေလိုတဲ့ အချက်များကတော့ လုံခြုံရေးနှင့် ပတ်သက်သော တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဘာသာရေးလူမှုရေး အဖွဲ့စည်းတွေကတော့ ကွန်မြူနတီပါတီစည်းကွင့်လုပ်ပေးဖို့ ဖြစ်ပါတယ်ခင်ဗျာ။ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်မှ ကူညီပေးစေလိုတဲ့ အချက်တွေ ဖြစ်ပါတယ်။ ဥပဒေပြင်ဆင်ခြင်း ဖြစ်ပါတယ်။ လူဦးရေနှင့်အိမ်အကြောင်းအရာ၊ သန်းခေါင်စာရင်း ဥပဒေ အခန်း (၇)၊ (၇)ခန်း ပုဒ်မများ (၂၇)ခု၊ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကူညီဖြင့်ပြင်ဆင်ရေးဆွဲထားတဲ့ ဥပဒေကို ရှေ့နေချုပ်ရုံးကို တင်ပြခဲ့ပြီးတော့ အဆင့်ဆင့်ပြင်ဆင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြအတည်ပြုချက် ရယူခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ရှင်းလင်းတင်ပြဆွေးနွေးပြီးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှာလည်း ဆွေးနွေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနှင့်ကတော့ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဟာ ကျယ်ပြန့်ရှုပ်ထွေးပါတယ်။ **very compucated** ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း (၃၀)ကျော်ကြာ အတွေ့ကြုံရ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိဘဲနှင့်အခိုက်တန့်အားဖြင့် ပြတ်လပ်မှု ရှိခဲ့ပါတယ်။ မထင်မှတ်တဲ့ ကြိုတင်မျှော်မှန်းမထားတဲ့ စိန်ခေါ်မှုတွေလည်း ရှိလာနိုင်ပါတယ်။ ဝန်ကြီးဌာနတစ်ခုထဲနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပြီးလုနီးပါးရှိပြီဖြစ်သော်ငြားလည်း ပြုလုပ်နေဆဲလုပ်ငန်းအားလုံး ပြည်သူ့ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါဝင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်





ဥပဒေတွေကိုကြည့်တဲ့အခါ ဒီအသစ်ပြဋ္ဌာန်းတဲ့ ဥပဒေတွေဟာ (၁၆)ခုရှိပါတယ်။ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေပေါင်းဟာ (၁၆)ခုရှိပါတယ်။ ဥပဒေတွေကိုရုပ်သိမ်းပြီးဥပဒေ အရင်ဥပဒေဟောင်းတွေဖြစ်ပါတယ်။ ဥပဒေဟောင်းကို ရုပ်သိမ်းသည့်ဥပဒေပေါင်း (၉)ခု၊ အားလုံးပြည်ထောင်စု လွှတ်တော်ကြီးက ပြဋ္ဌာန်းတဲ့ဥပဒေပေါင်း (၅၁)ခုရှိပါတယ်။ အဲဒီ (၅၁)ခုမှာ ဥပဒေအမျိုးစားကိုခွဲတဲ့ အခါမှာအုပ်ချုပ်ရေးနှင့် ဆိုင်တဲ့ ဥပဒေ (၂၇)ခုရှိပါတယ်။ စီးပွားရေးနှင့်ဆိုင်တဲ့ ဥပဒေဟာ (၁၀)ခုရှိပါတယ်။ အလုပ်သမားဆိုင်ရာ ဥပဒေ (၃)ခုနှင့် ပညာရေးဆိုင်ရာ ဥပဒေ (၁)ခု၊ မြေနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ (၄)ခုနှင့် ဘတ်ဂျက်ဆိုင်ရာဥပဒေ (၆)ခု၊ အားလုံးစုစုပေါင်း (၅၁)ခုဖြစ်ပါတယ်။ ဘတ်ဂျက်ဆိုင်ရာ ဥပဒေဟာ ထူးခြားမှု ရှိပါတယ်။ ဘတ်ဂျက်ဟာ ဥပဒေ အခေါ်အဝေါ်အရဆိုလျှင် ရာသီဥပဒေဖြစ်ပါတယ်။ ဒီတစ်ရာသီ ဘဏ္ဍာရေးနှစ် ပြီးသွားလျှင် နောက်နှစ်မှာ ဆက်ပြီးမသုံးပါဘူး။ မှတ်တမ်းအနေနှင့်ဘဲ ကျန်ခဲ့ပါတယ်။ ဒါကြောင့် စုစုပေါင်းရှိတဲ့ ဥပဒေအရေအတွက် စာရင်းကို ဖော်ပြတဲ့အခါမှာ Access Law တည်ဆဲဥပဒေ အနေနှင့် ဘတ်ဂျက် ဥပဒေများကို ထည့်သွင်းရေတွက်ခြင်း မရှိကြောင်း တင်ပြလိုပါတယ်။

ဒီဥပဒေတွေထဲက ဥပဒေတစ်ရပ်ကို ဆွေးနွေးတင်ပြလိုပါတယ်။ အဲဒီဥပဒေကတော့ ယနေ့ခေတ်စားနေတဲ့ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေပဲ ဖြစ်ပါတယ်။ ဒီဥပဒေဟာ နိုင်ငံသားတွေ၏ အခွင့်အရေးကို ကာကွယ်တဲ့ ဥပဒေဖြစ်ပါတယ်။ နိုင်ငံသားတွေဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ မှာ ပုဒ်မ (၃၅၄/ခ)ပါ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း

လုပ်ငန်းကဏ္ဍများသာ ဖြစ်သည့်အတွက်တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက် ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျာ။

## ပြည်ထောင်စုလွှတ်တော် ဥပဒေများစာရင်းကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ အစီအစဉ်အရ ပြည်ထောင်စု လွှတ်တော် ဥပဒေများ စာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေချုပ်မှ ရှင်းလင်းတင်ပြ ပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်၊ ရှမ်းပြည်နယ်ဥပဒေချုပ်။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းဝေး တတိယနေ့ကို ကြွရောက် လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။ မင်္ဂလာပါလို့ ရှေးဦးနှုတ်ခွန်း ဆက်သ အပ်ပါတယ်။ ကျွန်တော်အနေနှင့် ၂၀၁၁-၂၀၁၃ခုနှစ် ပြီးခဲ့တဲ့မတ်လ (၂၄)ရက်နေ့အထိ ပြည်ထောင်စု လွှတ်တော်ကြီးက ပြဋ္ဌာန်းတဲ့ဥပဒေကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ၂၀၁၁ ခုနှစ် မှ ၂၀၁၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ အထိ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေပေါင်းဟာစုစုပေါင်း (၅၁)ခုရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဖြန့်ဝေထားပါတယ်။ အဲဒီဥပဒေတွေကို ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ်မှာ ဥပဒေအရေအတွက်က (၁၅)ခု၊ ၂၀၁၂ခုနှစ်မှာ (၁၄)ခုနှင့် ပြီးခဲ့တဲ့ (၂၂)ရက်နေ့အထိကို (၁၂)ခု ကျွန်တော်တို့ပြဋ္ဌာန်းခဲ့ပါတယ်။ စုစုပေါင်း (၅၁)ခု ဖြစ်ပါတယ်။





သာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျိုးကိုယ်ကျင့်တရားကို အကျိုးငှာပြဋ္ဌာန်းထားတဲ့ ဥပဒေ တွေရှိပါတယ်။ ဒီဥပဒေနှင့် မဆန့်ကျင်ဘဲ နိုင်ငံသားတွေဟာ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာ တန်းစီခွင့် ရှိပါတယ်။ အဲဒီအခွင့်ရေးရအောင် ဒီဥပဒေက ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။

ဒီဥပဒေကြီးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ (၂)ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်မှ ဥပဒေအမှတ် (၁၅/၂၀၁၁)နှင့် ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းခဲ့တဲ့ ရည်ရွယ်ချက် (၃)ခုရှိပါတယ်။ ခဏတုံးကပြောထားတဲ့ ဒီအချက် (၄)ချက်မှာ (၁)နိုင်ငံသားတိုင်းဟာနိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိတယ်။ တာဝန်ရှိတဲ့အညီ ဒီဥပဒေပြဋ္ဌာန်းတာ ရည်ရွယ်ချက် (၁)ပဲဖြစ်ပါတယ်။

ရည်ရွယ်ချက် (၂)မှာ လွတ်လပ်စွာစုဝေးတဲ့လူတွေ၊ လွတ်လပ်စွာ စီတန်းတဲ့လူတွေကို အကာအကွယ် ပေးထားပါတယ်။ ဒီဥပဒေက အကာအကွယ်ပေးထားတာ။ ဒီဥပဒေအရ လုပ်မယ် ဆိုလျှင် သူတို့က ဥပဒေဘောင် အတွင်း ဥပဒေစည်းမျဉ်းအတွင်းမှာ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက် (၂)က ကိုယ်ဆန္ဒကိုဖော်ထုတ်တဲ့ ပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ဒီဥပဒေနှင့် ကာကွယ်ထားတာဖြစ်ပါတယ်။ (၃) အချက်ကတော့ ဒီဥပဒေတော်တော်မျှတတယ်။ အဲဒီစုဝေးထဲမှာ စီတန်းအုပ်စုထဲမှာ မပါသည့် အပြင်ကလူတွေအတွက်လည်း ဒီဥပဒေကအကာကွယ် ပြုလုပ်ထားပါတယ်။ အပြင်ကလူတွေဟာ ဒီလိုအခွင့်ရေးတွေကို သုံးစွဲတဲ့အတွက်ကြောင့် အနှောက်အယှက်ဖြစ်တယ်။ ဘေးအန္တရာယ်ဖြစ်မယ်။ ထိခိုက်နစ်နာမယ်။ အဟန့်အတား



D/real(wide) (1

ဖြစ်မယ်။ စသည့်ကိစ္စများ မဖြစ်အောင်ဆိုပြီး ဒီအစုအဝေးနှင့် စီတန်းလှည့်လည်ခြင်းမှာ မပါတဲ့ပြည်သူတွေအတွက်လည်း ဒီဥပဒေက ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေတွေ ရည်ရွယ်ချက်က (၃)ရပ်နှင့် ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အတိုချုပ်အားဖြင့် ပြောမယ်ဆိုလျှင် စီတန်းလှည့်လည်တဲ့သူ၊ စုဝေးချင်တဲ့သူဟာ ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့ကို လျှောက်ရပါတယ်။ လုပ်မယ့်နေ့မတိုင်ခင် (၅)ရက်အတွင်း လျှောက်ရပါမယ်။ လျှောက်တဲ့ အခါမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောတဲ့ လုံခြုံရေး အခြေအနေ တွက်ချက်ပြီး ဆုံးဖြတ်ချက် ပေးပါတယ်။ ငြင်းပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး အတည်ပြုချက် ရပြီးမှ ဆောင်ရွက်ပါဆိုတာကို အမိန့်ချမှာ ဖြစ်ပါတယ်။ အမိန့်က ခွင့်ပြုချက်ပေးမလား၊ ငြင်းမလား ဆိုသည်ကို လုပ်မယ့်နေမတိုင်မှီ (၄၈)နာရီမှာ လုပ်ချင်တဲ့ပြည်သူတွေကိုပေးလိုက်ရတယ်။ ထို့နောက် ဗဟိုက ဆက်လက် ဆောင်ရွက်တာဖြစ်ပါတယ်။

အကယ်၍ စီတန်းလှည့်လည်မည့်အုပ်စုသည် အငြင်းခံရပြီ ဆိုလျှင် အခွင့်ရေးကို ဆက်ပြီးရအောင် ပြည်နယ်ရဲတပ်ဖွဲ့မှူးဆီကို ဆက်ပြီးတော့ လျှောက်ရပါတယ်။ (၇)ရက်အတွင်း လျှောက်လို့ ရပါတယ်။ လျှောက်တဲ့အခါမှာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကလည်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံမှာ အတည်ပြုချက် ရယူပြီး၊ အဆုံးအဖြတ်ပေးပါတယ်။ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဆုံးဖြတ်ချက်သည် **Final and Call Resist** အပြီးတိုင် အပြီးအပြတ်ဖြစ်တယ်။ ဒီကိစ္စပြီးလျှင် စီတန်းလှည့်လည်ခြင်းနှင့် စုဝေးခြင်းကိစ္စရပ် ပြီးသွားမှာဖြစ်ပါတယ်။

ဒါဟာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ အခွင့်အရေးရအောင် ဘယ်လိုလျှောက်ရမယ် နည်းလေးကို အတိုချုပ်ပြောရမှာဖြစ်ပါတယ်။ ဤဥပဒေရဲ့ထူးခြားချက်တွေဟာ



D/real(wide) (1



အဓိကဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခြင်း ပြုရမည့် နေ့ရက်၊ နေရာနှင့်အချိန် အပိုင်းအခြား၊ ကြိုတဲ့နေရာအပိုင်းအခြား၊ နေ့ရက်တွေကို သေသေချာချာ ပြောထားပါတယ်။ လျှောက်တဲ့ အခါမှာ တစ်ခါငြိမ်းချမ်းစွာစီတန်းလှည့်လည် ဖြတ်သန်းသည့်နေရာ **Roting** ပေါ့။ **Roting** လည်းပြောင်းလို့မရပါဘူး။ ဒီဟာဖေါ်ပြတဲ့အတိုင်း သွားရမှာ၊ ချီတက်ရမှာ ဖြစ်ပါတယ်။ အချိန်အပိုင်းအခြား ဆိုတာ၊ တတိယအချက်က ပါဝင်တဲ့ဦးရေ ဒါဟာဆောင်ရွက်မည့် လူတွေ၊ ပုဂ္ဂိုလ်တွေ ဒါအရေးပါတဲ့ ကိစ္စဖြစ်ပါတယ်။ ဖော်ပြထားသည့် လူဦးရေ ထက်များလျှင် ဥပဒေနှင့် ငြိသွားမှာဖြစ်ပါတယ်။ ပြောဟောမယ့်ပုဂ္ဂိုလ် စာရင်းပေး ရပါတယ်။

ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်တဲ့ စည်းကမ်း များမှာ ဥပမာအားဖြင့် ရှမ်းပြည်နယ်၊ မန္တလေး၊ စစ်ကိုင်းနဲ့ ရန်ကုန်တို့တွင် ဒေသအရ လိုမယ့်ဟာကို သက်ဆိုင်ရာရဲတပ်ဖွဲ့၊ သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ စုပေါင်းပြီးတော့ ဆောင်ရွက်မယ်လို့ ယူဆပါတယ်။ ဒီ(၅)ချက်အရ ဆောင်ရွက်ခြင်း မဟုတ်ဘူး ဆိုလို့ရှိရင် ပုဒ်မ(၁၉)အရ ငြိစွန်းမှာဖြစ်ပါတယ်။ ပုဒ်မ(၁၉)ကတော့ ထောင်ဒဏ်(၆)လပဲရှိပါတယ်။ ငွေဒဏ်နှင့် ထောင်ဒဏ် ပေါင်းပြီးတော့ ပြစ်ဒဏ်ရပါတယ်။ ထူးခြားတာ တစ်ချက်က ဥပဒေ၊ ပုဒ်မတွေ အားလုံးသည် ရဲအရေးယူ ပိုင်ခွင့်ဆိုတာ ပြောထားပါတယ်။

**Police Case** ဆိုပြီး ပြောထားပါတယ်။ ဒါမှလည်း သွက်သွက် လက်လက်နဲ့ မြန်မြန်ထက်ထက် ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။နောက်တစ်ချက်က ခုနကလိုပဲ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေး နဲ့ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်တယ်။ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားကို ပြဋ္ဌာန်းထားတဲ့

ဥပဒေကိုကျူးလွန်တယ်။ နောက်တစ်ချက်က အခြားသူတစ်ဦးကို ထိခိုက်တဲ့ ပြစ်မှုကျူးလွန်လျှင် ယင်းဖောက်ဖျက်မှုများအတွက် သီးခြားအရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဒ်မ(၁၈)တို့ (၁၉)တို့ အရေးယူဆောင်ရွက်တဲ့အပြင် အခြားဒီအုပ်စုကဘာလုပ်သလဲ လုပ်လျှင် ပေါ်ပေါက်မှုအရ သီးခြားဆောင်ရွက်မှာဖြစ်ကြောင်း ပုဒ်မ(၂၁)အရ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဆက်စပ်ပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေအချို့ကိုလည်း ပြောချင်ပါတယ်။ ပုဒ်မ(၁၄၁) ဖြစ်ပါတယ်။ ပုဒ်မ(၁၄၁)ဟာ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အစုအဝေး ဖြစ်ပါတယ်။ ဥပဒေနဲ့ ဆန့်ကျင်တဲ့အစုအဝေးဟာ ဘယ်လို နည်းတွေနဲ့ ကျူးလွန်သလဲဆိုရင် အချက်သုံးလေးချက်လောက် အတိုချုပ်တင်ပြလိုပါတယ်။

အစိုးရက၊ ပြည်သူ့ဝန်ထမ်းကနေပြီးတော့ အဲ့ဒီလူပုဂ္ဂိုလ်တွေကို ခြောက်လှန့်ဖို့ ရည်ရွယ်ချက်ထားတယ် နောက်တစ်ခါ ဥပဒေနဲ့အညီ ထုတ်ဆင့်တဲ့ အမိန့်/ဆင့်ဆိုချက်တွေ ဆောင်ရွက်ချက်တွေကို ခုခံတဲ့ရည်ရွယ်ချက် အဲ့ဒီအဖွဲ့မှာ ရှိပါတယ်။ အကျိုးဖျက်ဆီးမှု၊ ကျော်နင်းမှု အခြားပြစ်မှုကို ကျူးလွန်တဲ့ ရည်ရွယ်ချက် ရှိပါတယ်။ နောက်တစ်ခါ ဥပဒေက ပြုလုပ်ရမယ့် တာဝန်မရှိဘူး။ အတင်းအဓမ္မ လုပ်ခိုင်းခြင်း မင်းဒါလုပ်ရမယ်ဆိုပြီးလုပ်တယ်။ နောက်တစ်ခုက ဥပဒေအရ ပြုရမယ့်အလုပ်က တာဝန်ရှိတာ မပြုပါနဲ့ဆိုပြီး လုပ်တဲ့ဥစ္စာတွေ ဒါတွေက ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေး ကနေပြီးတော့ ဆောင်ရွက်တဲ့ ကိစ္စဖြစ်ပါတယ်။ အဲ့ဒါပုဒ်မ(၁၄၁)ပါ။ ဒါနဲ့ပတ်သက်ပြီးတော့ စီရင်ထုံးတစ်ခုကို တင်ပြလိုပါတယ်။ ဒါဟာဘာလည်းဆိုရင် ၁၉၆၈ ခုနှစ်က ဖြစ်ပွားတဲ့စီရင်ထုံး တစ်ခုဖြစ်ပါတယ်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်မှာ တရုတ်ကျောင်း ရှိပါတယ်။ အဲ့ဒီအခါတုန်းကတော့ ပြည်သူပိုင်သိမ်းပြီးဖြစ်ပါတယ်။


D/real(wide) (1



ပြစ်မှုနှင့်ပြစ်မှတ်ကို **Sevior Punishment** ပြင်းထန်တဲ့ ကြီးလေးတဲ့ပြစ်ဒဏ်ကို ပေးမထားပါဘူး။ **Sevior Punishment** ဆိုတာ ပြုစုခဲ့တဲ့ ဥပဒေထဲမှာ **Money Loudry** ဆိုပြီး ငွေကို ခဝါချတဲ့ ဥပဒေထဲမှာ ကြီးလေးသောပြစ်ဒဏ် ဆိုသည်မှာ ထောင်ဒဏ်(၄)နှစ်နှင့် (၄)နှစ် အထက်ကို ခေါ်သည်ဆိုပြီး အဲ့ဒီဥပဒေမှာ အဓိပ္ပါယ် ဖော်ပြထားပါတယ်။ ဒါကြောင့် သာမန်အားဖြင့်ကြည့်မယ်ဆိုလျှင် ထောင်ဒဏ်(၄)နှစ်နှင့် (၄)နှစ်အထက် ဆိုလျှင် ကြီးလေးသော ပြစ်ဒဏ်ဆိုပြီးတော့ ပြောထားပါတယ်။ လွတ်လပ်စွာစုဝေးတဲ့ အစုအဝေး၊ လွတ်လပ်စွာ ချီတက်မယ့်အုပ်စုတွေ ပုဒ်မအရကာကွယ်ပေးထားပါတယ်။ သူတို့ကို မနှောင့်ယှက်ရဘူး။ နှောင့်ယှက်ခြင်း၊ ဖျက်စီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ညိုငြင်စေခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်အထက် ပြုခြင်း၊(သို့မဟုတ်) ဘေးအန္တရာယ်ပြုစေခြင်း၊ စတဲ့ကိစ္စတွေကို ကျူးလွန်တယ်ဆိုလျှင် ထောင်ဒဏ် (၂)နှစ်ထက်မပိုတဲ့ ထောင်ဒဏ် ပေးရမယ်။ ဒဏ်ငွေလည်း ပေးရမယ်။ (၂)ခုပေးလို့ရတယ်ဆိုပြီး ပုဒ်မ(၁၇)မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ လွတ်လပ်စွာစုဝေးခွင့်နှင့် တန်းစီတဲ့လူတွေကို ကာကွယ်ပေးထားတဲ့ ပုဒ်မဖြစ်ပါတယ်။ လွတ်လပ်စွာ စုဝေးတဲ့သူတွေ တန်းစီမယ့်သူတွေဟာ ခွင့်ပြုချက်မရှိဘဲ နဲ့လုပ်တယ်။

ပုဒ်မ(၁၈)ဟာ လူသိများတဲ့ပုဒ်မ ဖြစ်ပါတယ်။ ယနေ့ ဒီကိစ္စတွေ ပေါ်လို့ရှိရင် ပုဒ်မ(၁၈)အရ အရေးယူ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပုဒ်မ(၁၈)သည် ခုနတုန်းကပုဂ္ဂိုလ်တွေကို ကာကွယ်တာ ထောင်ဒဏ်(၂)နှစ်ဖြစ်ပြီးတော့ ဒီခွင့်ပြုချက်မရှိဘဲနဲ့ ဆောင်ရွက်တယ် ဆိုလျှင် ထောင်ဒဏ်(၁)နှစ် ဆိုပြီး ပြောထားတယ်။ ငွေဒဏ်လည်း ပြောထားပါတယ်။ ဒဏ်(၂)ရပ်လုံးချမှတ်မယ်လို့ ပြောထားပါတယ်။ စည်းကမ်းချက် အများကြီးရှိတဲ့အနက် အချက်(၅)ချက်က

ပြည်သူပိုင် မသိမ်းခင်က ဒီကျောင်းက တရုတ်ကျောင်းဖြစ်ပါတယ်။ အဲ့ဒီအချိန် ၆၈-၆၇ မှာတုန်းက တရုတ်-မြန်မာ အရေးအခင်း စဖြစ်တဲ့ စီရင်ထုံးတစ်ခုဖြစ်ပါတယ်။ ကျောင်းသားမိဘတွေက ကျောင်းလာကြိုတာ ဖြစ်ပါတယ်။ ကျောင်းလာကြိုတဲ့အခါမှာ သီးခြားစီ သူတို့လာပါတယ်။ လာပြီးတဲ့အခါမှာ သူတို့က ကျောင်းထဲဝင်တယ်။ ကျောင်းအတန်းထဲဝင်တယ်။ ဆရာ/ ဆရာမတွေ စာသင်လို့မရအောင် ဖြစ်သွားတယ်။ ကျောင်းက ရုန်းရင်းဆန်ခတ်ဖြစ်သွားတယ်။ သူတို့ကို အရေးယူတဲ့အခါ သူတို့လာတာဟာ ကလေးကျောင်းကြိုလာတာပါ။ ဥပဒေနဲ့ ဆန့်ကျင်တဲ့အစည်းအဝေး မဟုတ်ပါဘူး။ အဖွဲ့အစည်း မဟုတ်ပါဘူးဆိုပြီး သူတို့ကထုချေတာပေါ့။ အဲ့တော့ စီရင်ထုံးကဘာပြောလဲဆိုရင် မူလကလူတွေလာတာက သူ့ဘာသာ ရည်ရွယ်ချက်မရှိဘဲနဲ့ လာကြတယ်။ ကျောင်းကြိုကြတယ်။ သို့သော်နောက်ပိုင်းမှာ ဒီလိုအုပ်စုဟာ ဥပဒေမဲ့တဲ့ကိစ္စတစ်ခု ဆောင်ရွက်လို့ရှိရင် ဒီအစုအဝေးဟာ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစုအဝေးဖြစ်တယ်လို့ သတ်မှတ်မှာ ဖြစ်တယ်ဆိုပြီးတော့ ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၆၈ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၂၈၂မှာ ဆုံးဖြတ်ထားတာတွေ့ပါတယ်။

ဒါကြောင့် ဥပဒေတစ်ရပ်ကို ကျင့်သုံးတဲ့အခါမှာ ဒီမှာပါလာတဲ့အပြင် ဆက်တိုက်တစ်ခြားကိစ္စရပ် ဖြစ်လို့ရှိရင် ဥပဒေပုဒ်မ (၂၁)အရ သီးခြား ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေနဲ့ဆန့်ကျင်တဲ့ အစည်းအဝေးနဲ့ ပတ်သက်ပြီးတော့ ပြဌာန်းချက်အချို့ကိုလည်း ကောက်နုတ် တင်ပြလိုပါတယ်။ ပုဒ်မ (၁၄၂) က ဥပဒေနှင့်ဆန့်ကျင်တဲ့ အစုဝေး၌ပါဝင်တဲ့လူ၊ တမင်ပါဝင်လျှင်၊ နောက်ဆက်လက်ပြီး ပါဝင်လျှင် အဲဒီလိုပါဝင်တဲ့လူကို ပုဒ်မ (၁၄၃)အရ ထောင်ဒဏ်





## ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍ ဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့ လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးကဏ္ဍ၏ လူမှုရေးကဏ္ဍဆိုင်ရာ အချက်အလက်များနှင့် လူမှုရေးကဏ္ဍ (၁)နှစ်တာဆောင်ရွက်ချက် များကို အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ပညာရေးကဏ္ဍဆိုင်ရာ အချက်လက်များနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်မှာ အခြေခံပညာ အထက်တန်း အဆင့် ကျောင်းပေါင်း (၂၆၀)၊ အလယ်တန်းဆင့်ကျောင်းပေါင်း (၂၆၇)ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း (၄၆၉၄)ကျောင်း၊ ကိုယ်အားကိုယ်ကိုး ကျောင်းပေါင်း (၁၈၈)ကျောင်း စုစုပေါင်းကျောင်းပေါင်း (၅၄၀၉)ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။

ဆရာ၊ ဆရာမ များအနေနှင့် တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်မှာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ဆရာ၊ဆရာမ ဦးရေပေါင်း (၂၄၅၁၁)ဦးရှိပြီးတော့ ကျောင်းသားကျောင်းသူအားလုံးပေါင်း (၇၅၇၀၁၇)ဦး ပညာသင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်မှု အခြေအနေကို တင်ပြရမည်ဆိုလျှင် ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ အထက်တန်းအဆင့် အ-ထ-က ကျောင်း (၁၀)ကျောင်း၊ အ-ထ-ကခွဲကျောင်း (၈)ကျောင်း၊ အ-လ-က ကျောင်း (၃)ကျောင်း၊ အ-လ-က ခွဲ (၁၅)ကျောင်း၊ မူလွန် (၆)ကျောင်း၊ အ-မ-က (၃၆)ကျောင်း၊ အ-မ-ကခွဲ (၅၂)ကျောင်း၊ အ-မ-ကတွဲ (၃၄၆)ကျောင်း၊ စုစုပေါင်းကျောင်းပေါင်း (၄၇၆)ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အဆင့်တိုးမြှင့် ဖွင့်လှစ်ရန် လျာထားတဲ့ စာရင်းကို တင်ပြခြင်းဖြစ်ပါတယ်။ အ-ထ-ကခွဲမှ အ-ထ-ကထိ (၂၇)ကျောင်း၊ စုစုပေါင်း အားလုံးကျောင်းပေါင်းတင်ပြတဲ့ နေရာမှာ ပြည်ထောင်စုဝန်ကြီး အနေနှင့် ပြည်သူလူထုမှ ဝန်ထုပ်ဝန်ပိုးဖြစ်တဲ့ အကြောင်းတွေကို အဆင့်တိုးမြှင့်ပေးမှာ ဖြစ်ကြောင်းပြောကြားအပ်ပါတယ်။ အဓိကအားဖြင့် ကိုယ်အားကိုယ်ကိုး မူလတန်းကျောင်းနှင့် အ-မ-ကတွဲ ကျောင်းများကို ကို အ-မ-ကခွဲဖို့ ပြောထားပါတယ်။ ရှမ်းပြည်နယ်တွေ ကိုယ်အားကိုယ်ကိုးကျောင်း (၁၈၈)ကျောင်းနှင့် အ-မ-က ခွဲ (၃၂၉)ကျောင်း စုစုပေါင်း (၅၁၇)ကျောင်းကို အ-မ-က ခွဲအဆင့် တိုးမြှင့်ပေးရမှာဖြစ်ပါတယ်။ တိုးမြှင့်ပေးမည်ဆိုလျှင် ဆရာ၊ဆရာမအနေနှင့် (၁၀၃၄)ယောက်ကို အသစ်ခန့်ထားပေးရမှာ ဖြစ်ပါတယ်။ ကျောင်းနေရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး အစီအစဉ်အရ ပြီးခဲ့တဲ့နှစ် ၂၀၁၃-၂၀၁၄ပညာသင်နှစ်မှာ





(၆)လ ချလို့ရပါတယ်။ ပါဝင်ပြီးတော့ ဒီအတိုင်းနေလျှင် ပါဝင်ပြီးတော့ တုတ်၊ ဓါး၊ လက်နက်ကိရိယာဆွဲမည်ဆိုလျှင် ပုဒ်မ (၁၄၄)အရ ထောင်ဒဏ် (၂)နှစ်သတ်မှတ်ထားပါတယ်။

အုပ်စုသွားနေတဲ့အချိန်မှာသက်ဆိုင်ရာတာဝန်ရှိသူက လူအုပ်စုခွဲဖို့ ပြောလျှင် ကြော်ငြာတယ်။ မကြော်ငြာဘဲနှင့် ဆက်လုပ်တယ်။ အဲဒါဆိုလျှင် သိသင့်တဲ့ ဆောင်ရွက်ချက်ဖြစ်လျှင် ပုဒ်မ (၁၄၅)အရ ထောင် (၂)နှစ် စီရင်နိုင် ပါတယ်။ ရိုးရိုးသွားတဲ့ပုဂ္ဂိုလ်၊ တန်းစီလှည့်လည်နေတဲ့ပုဂ္ဂိုလ်တွေမှတဆင့် ရုန်းရင်းဆန်ခတ် မှုတွေ ဖြစ်လာလျှင် ထောင် (၂)နှစ်၊ ပုဒ်မ ၁၄၇နှင့် ထောင် (၂)ဖြစ်ပါတယ်။ ရုန်းရင်းဆန်ခတ်မှု အပြင် လက်နက်စွဲကိုင်ပြီးတော့ ပစ်တယ်ဆိုလျှင် ထောင် (၃)နှစ်ကျွန်တော်တို့ အသီးသီးပြဋ္ဌာန်းထားပါတယ်။ ဒီဟာတွေကဘာလဲဆိုလျှင် **puplic order** အများဥပဒေ စိုးမိုးရေးမှာ တိုက်ရိုက်သက်ဆိုင်တဲ့ ကိစ္စရပ်တွေဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက်ဆုံးပုဒ်မ အနေနှင့် တင်ပြလိုတာက နိုင်ငံသားတစ်ဦးချင်း အနေနှင့် မိမိယုံကြည်တဲ့ ထင်မြင်တဲ့ယူဆချက်ကို လွတ်လပ်စွာဖော်ထုတ်နိုင်ဖို့အတွက် ဒီဥပဒေ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်ရေးကို သုံးစွဲတဲ့အခါမှာ တင်ပြနေတဲ့ ဤဥပဒေပြဋ္ဌာန်းချက် နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်၏ ပညာသင်ကြားမှုနှုန်း (၁၄. ၃၄)ရာခိုင်နှုန်းရှိကြောင်း တင်ပြအပ်ပါတယ်။ စာတတ်မြောက်ရာခိုင်နှုန်းအနေနှင့် ရှမ်းပြည်နယ်မှာ (၇၈. ၆၉) ရာခိုင်နှုန်းရှိကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးပြက္ခဒိန်မှာ လျှပ်ရှားမှုအနေနှင့် ပြောရမည်ဆိုလျှင် ၂၀၁၂ခုနှစ် မေလမှာကျောင်းအပ်နှံရေး ရက်သတ္တပတ်အခမ်းအနား စတင်ကျင်းပရာမှ ၂၀၁၃ခုနှစ်၊ မတ်လတက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပခြင်း၊ ကျောင်းပြင်ပစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခြေခံပညာကျောင်းများတွင် နွေရာသီ သင်တန်းများ ဖွင့်လှစ်ခြင်း စသည့် ပညာရေးပြက္ခဒိန်မှာ လှုပ်ရှားမှုများကို လအလိုက်ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်း ဆရာအတတ်သင် (၃)နှစ်သင်တန်း အမှတ်စဉ် (၄၄)သို့ ရှမ်းပြည်နယ်မှ တက်ရောက်ခွင့်ရရှိတဲ့ ကျောင်းသူကျောင်းသား များကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အကျဉ်းချုံးပြီး တင်ပြရလျှင် ဒီဟာက ရှစ်တန်းအောင်တဲ့ကလေးတွေကို ရွေးချယ်ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ယောကျာ်းလေး (၈)ယောက်၊ မိန်းကလေး (၉)ယောက်နှင့် စုစုပေါင်း (၁၇)ယောက်၊ အရံအနေနှင့် (၂)ယောက် စုစုပေါင်း (၁၉)ယောက် ရပါတယ်။ အမှန်တကယ်ဖြေဆိုသူပေါင်း (၈၀၀)ရာကျော်ရှိပါတယ်။ အဲဒီ (၈၀၀)ကျော်မှာ သက်ဆိုင်ရာ မြို့နယ်မှာ ပညာရေးဌာနသတ်မှတ်ချက်နှင့်အညီဆိုပြီးတော့ ပြည်နယ်ရွေးချယ်ရေး ကော်မတီမှ အပြီးသတ် ရွေးချယ်ရပါတယ်။ ရွေးချယ်တဲ့နေရာမှာ အဓိကတော့ တိုင်းရင်းသားစုံအောင်၊ မြို့နယ်စုံအောင်ကို အခြေခံပြီးရွေးချယ်ထားတာ ဖြစ်ပါတယ်။





၁၀-၃-၂၀၁၃ ရက်နေ့ကစပြီး အပန်းဖြေစခန်းဝင်ပြီးဖြစ်ပါတယ်။ အင်းလေးဇုံမှာ အင်းလေးဘက်စုံထူးချွန်စခန်းမှာ (၁၀)ရက်နေ့ကစပြီး ကျောင်းသား ကျောင်းသူများ ရောက်ရှိပြီး အပန်းဖြေလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးမှု အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ပညာရေး၏မူဝါဒ ဖြစ်တဲ့ အခမဲ့မသင်မနေရမူလတန်းနေ ပညာရေးစနစ်ကနေ ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ပညာရေး လေ့ကျင့်ရေးနှင့် စီမံကိန်းဦးစီးဌာနကနေပြီးတော့မှ ရှမ်းပြည်နယ်အတွက် လေ့ကျင့်ခန်းစာအုပ် (၂၄၉၅၀၀)ဒါဇင်ဝယ်ယူရန် ငွေကျပ်သိန်းပေါင်း (၄၉၉၀)ခွဲဝေပေးထားခဲ့ပါတယ်။ ပေးထားတဲ့ ဝယ်ရမည့် ဒါဇင်အရေအတွက်အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းမှာဆိုလျှင် မိုင်းမောနှင့် ပန်ဆန်းအတွက် ဒါဇင်ပေါင်း (၃၀၀၀)ပိုဝယ်ထားပါတယ်။ ပြည်နယ်အရံအနေနှင့် (၁၇၁၀၀)ဝယ်ယူထားတာဖြစ်တဲ့ အတွက် စုစုပေါင်းပေးထားတဲ့ငွေအပေါ်မှာ ဒါဇင်ပေါင်း (၂၀၁၀၀) ပိုဝယ်ယူဖြန့်ဖြူးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ ဂျပန်နိုင်ငံအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ **Nipon Foundation** စေတနာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှာ တောင်ကြီးခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်အတွင်းမှာရှိတဲ့ ကျောင်းပေါင်း(၁၂) ကျောင်းမှာရှိတဲ့ စာသင်ဆောင်များကို **Nipon**

**Foundation** နှင့်ဒေသခံ ပြည်သူများက ပူးပေါင်းပြီး ဆောက်လုပ်လှူဒါန်း ခဲ့တာဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် အခြေခံပညာ ကျောင်းများ ဆောက်လုပ်ရန် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ ခွဲဝေချထားပေးမှု အခြေအနေဖြစ်ပါတယ်။ တည်ဆောက်ရေး ရန်ပုံငွေအနေနဲ့ ကျပ်သန်းပေါင်း(၁၆၂၆၇. ၄)သန်း၊ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ (၉၂၀၀. ၈၉)သန်း ခွဲဝေပေးထားတဲ့အပေါ် (၁၆၂၆၇. ၄)သန်းပေါ်မှာ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲခွင့် ရှိသော ကျောင်းပေါင်း(၆၀)အတွက် (၁၉၁၅. ၂)သန်းဖြစ်ပါတယ်။ ပြည်နယ်က စီမံခန့်ခွဲတဲ့ ကျောင်းတွေမှာ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့အတူ သတင်းစာမှာ တင်ဒါခေါ်ပြီးတော့ ကုမ္ပဏီများကို ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ ရွေးချယ်တဲ့နေရာမှာ ကြီးကြပ်မှုကော်မတီရဲ့ သတ်မှတ်ထားတဲ့မူများက နိုင်ငံသားပိုင်ကုမ္ပဏီပိုင်ဖြစ်ခြင်း၊ အင်ဂျင်နီယာစုဖွဲ့မှုရှိခြင်း၊ လုပ်ငန်းအတွေ့အကြုံရှိခြင်းနှင့် ဒေသပေါက်စျေးနှုန်းနှင့် ကိုက်ညီတဲ့ ကုမ္ပဏီများကိုရွေးချယ်ပြီး ကျောင်းပေါင်း(၆၀)ကို ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှာ ထူးချွန်စွာ အောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်မှု အခြေအနေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် အနေနဲ့ ၆ဘာသာဂုဏ်ထူးရှင် (၁၄)ဦးအား တစ်ဦးကို(၄)သိန်းနှုန်း ၊ ၅ဘာသာ ဂုဏ်ထူးရှင် (၆၅)ဦး၊ ၄ဘာသာ ဂုဏ်ထူးရှင် (၁၀၅)ဦး၊ ၃ဘာသာဂုဏ်ထူးရှင် (၁၄၅)ဦး ၊ ၂ဘာသာဂုဏ်ထူးရှင် (၂၄၉)ဦး၊ ၁ဘာသာဂုဏ်ထူးရှင် (၇၆၁)ဦး စုစုပေါင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိန်း(၅၅၀)ဆုချီးမြှင့်





ဒါကတော့ ရှမ်းပြည်နယ်တောင်ပိုင်းရတဲ့ (၁၉)ယောက်၏ ရွေးချယ်ထားတဲ့ စာရင်းဖြစ်ပါတယ်။ ဒီလိုမြို့နယ်စုံအောင် တိုင်းရင်းသားစုံအောင်ကို ပြည်နယ်ကြီးကြပ်ကော်မတီကနေ ပြည်နယ်ကြီးကြပ်ကော်မတီမှ ရွေးချယ်ပေးထားခြင်းဖြစ်ပါတယ်။ တင်ပြပါဇယားကတော့ ရှမ်းပြည်နယ်မြောက်ပိုင်းကရတဲ့ ကျောင်းသားစာရင်းအရ ရွေးချယ်ပေးထားခြင်း ဖြစ်ပါတယ်။ တင်ပြပါစာရင်းကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်းမှရတဲ့ ခွဲတမ်းများကိုရွေးချယ်ထားတဲ့စာရင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၂-၂၀၁၃ပညာသင်နှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်း၊ ပညာရေး **BED** (၅)နှစ်သင်တန်းအမှတ်စဉ် (၁)ကိုတက်ရောက် ရွေးချယ်ထားတဲ့ ကျောင်းသူကျောင်းသားများကို တင်ပြခြင်းဖြစ်ပါတယ်။ (၁၀)တန်း အောင်ပြီးသား ကလေးတွေကို ရွေးချယ်ရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာရတဲ့ ခွဲတမ်းအနေနှင့် ဝိဇ္ဇာတွဲမှာ (၅)ယောက်၊ သိပ္ပံတွဲမှာ (၇)ယောက်စုစုပေါင်း (၁၂)ယောက်၊ အရံက (၄)ယောက်နှင့် စုစုပေါင်းကျွန်တော်တို့ (၁၆)ယောက် ခွဲတမ်းရခြင်းဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၁၃ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ် ရွေးချယ်ခံရတဲ့ ကျောင်းသူကျောင်းသား များစာရင်းကို တင်ပြခြင်းဖြစ်ပါတယ်။ တနိုင်ငံလုံးမှာ (၈)တန်းအောင်တဲ့ (၈)တန်းကလေး (၁၇၀)၊ (၉)တန်း (၁၇၀)၊ (၁၀)တန်း (၁၇၀)ကို ရွေးချယ်ရပါတယ်။ ရှမ်းပြည်နယ်မှာတော့ (၂၄)ယောက်ရပါတယ်။ (၈)တန်းအောင်တဲ့ကလေးတွေကို ပုဂံ၊ ဘက်စုံထူးချွန်စခန်း၊ (၉)တန်းကလေးတွေကို အင်းလေးဘက်စုံထူးချွန်စခန်း၊ (၁၀)တန်းကလေးတွေကို ငွေဆောင်ဘက်စုံ ထူးချွန်စခန်းမှာ

ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်းမှလာတဲ့ ကလေးတွေကို စရိတ်ပါ ထောက်ပံ့ပေးကမ်းခြင်း ဖြစ်ပါတယ်။ ဒီသိန်း(၅၅၀)အပေါ်မှာ အလှူရှင်များမှ လှူဒါန်းငွေကတော့ (၃၄၅)သိန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဖြစ်တဲ့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးကျော်မြင့်ကနေ သိန်း(၃၀)ပါဝင် လှူဒါန်းပေးခဲ့ ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် အစိုးရမှ ပညာရေးကဏ္ဍကို ပံ့ပိုးခဲ့မှုများကို တင်ပြပေးခြင်း ဖြစ်ပါတယ်။ လားရှိုး၊ အမက(နားဆောက်)၊ မိုင်းရယ် အမက (ဟိုလန်)၊ မိုင်းရယ်အမက(သာမိုင်)၊ မိုင်းဆတ်အမက (ပင်ခမ်း) အစရှိတဲ့ ဥပမိရုပ်မကောင်းတဲ့ ကျောင်းဆောင်သစ် ၆၀ပေ×၃၀ပေ တစ်ဆောင်စီ ဆောက်ပေးခဲ့ပြီး သိန်း(၁၀၀)စီ ထောက်ပံ့ပေးခဲ့ ပါတယ်။ မဘိမ်းအမက(၅)မှာ ကျောင်းပြုပြင်ရန် ၁၀. ၅သိန်း၊ တောင်ကြီး အထကခွဲ(ပလီလင်း)မှာ ၁၀သိန်း၊ တောင်ကြီးအမက (၈၈)မှာ ၅သိန်း၊ တောင်ကြီးအမက(၁၇)မှာ ၃ခန်းတွဲ ရေလောင်းအိမ်သာ ဆောက်လုပ်ရန် ဘီလပ်မြေ အိတ်(၅၀)နှင့် ငွေကျပ် (၅)သိန်း၊ တောင်ကြီးပညာရေးပဒေသာပင် အထက (ဇလဲ)မှာ (၁၀)သိန်း၊ တောင်ကြီးအထက (သံတဲ)မှာ (၁၀)သိန်း၊ ခိုလမ်အထကကျောင်းကို ခိုလမ်ဆေးရုံသစ်ဖွင့်ပွဲတုန်းက ရရှိခဲ့တဲ့ ဆယ်တင်သစ်နဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကနေ လက်သမားခ (၅)သိန်းပေးပြီးတော့ ရရှိခဲ့တဲ့သစ်တွေနဲ့ စားပွဲ၊ ကုလားထိုင်၊ လုပ်ပြီးတော့ ခိုလမ်အထကကျောင်းကို လှူဒါန်းခြင်း ဖြစ်ပါတယ်။

တောင်ကြီးအထက(ဇလဲ)မှာ ဘီလပ်မြေအိတ်(၃၀)၊ ဟိုပုံးအထကအတွက် (၇. ၄)သိန်း၊ တောင်ကြီးပညာရေး ကဏ္ဍ အနေနဲ့ မကွေးဆေးတက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသား(၇)ဦး အတွက် တစ်လလျှင်(၂၀၀၀၀)နှုန်း



D/real(wide) (1



ပြီးခဲ့တဲ့စာသင်နှစ်မှာ ဆန်အိတ်ပေါင်း (၃၀၀)ထောက်ပံ့ ပေးအပ်ခဲ့ ပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ကျောင်းပေါင်း(၂၆)ကျောင်းသို့ စုစုပေါင်း ရှမ်းပြည်နယ်အစိုးရမှ ကျပ်ငွေ(၁၀၂၄. ၁၉)သိန်း ထောက်ပံ့ပေးခဲ့တဲ့အပြင် ဘီလပ်မြေအိတ်(၁၈၀)အိတ်နှင့် ဆန်အိတ်စုစုပေါင်း (၃၀၀)အိတ် ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ဆက်လက်ပြီးကျန်းမာရေးဌာနဆိုင်ရာ အချက် အလက်များ တင်ပြရမယ်ဆိုလျှင် ရှမ်းပြည်နယ်မှာ ကုတင်(၂၀၀)ဆံ့ ဆေးရုံ (၅)ရုံ အပါအဝင် စုစုပေါင်း ဆေးရုံ(၁၅၁)ရုံ ဖွင့်လှစ်ထားရှိ ပါတယ်။ ဝန်ထမ်းအင်အားများကို တင်ပြရမယ်ဆိုလျှင် ရှမ်းပြည်နယ်တစ်ခုလုံးမှာ ဆရာဝန်များ (၄၁၉)ယောက် တာဝန်ထမ်းဆောင်နေပါတယ်။ သွားဆရာဝန်(၃၉)ယောက်၊ သူနာပြုအနေနဲ့ (၁၃၂၅)ယောက်၊ ကျန်းမာရေးမှူးအနေနဲ့ (၁၈၇)ဦး မှ(၁၈၆)၊ သွားဖွားဆရာမ (၉၉၅)ယောက်ခန့်ထား ပေးပြီး ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်မောင်မယ် (၁၄၇၂)ဦးကို ခန့်ထားပေးပြီး ဖြစ်ပါတယ်။ ခန့်ထားပေးတဲ့ ဆရာဝန်တွေဟာ လောလောဆယ် အထူးကုဆရာဝန်ကြီးများရှိတဲ့ ဆေးရုံကြီးတွေမှာ အရင်ဆုံး ခန့်ထားပေးခြင်းဖြစ်ပါတယ်။ တောင်ကြီးစဝ်စံထွန်း ဆေးရုံမှာ (၂၁)ယောက်ခန့်ထားပြီး ဖြစ်ပါတယ်။ ခန့်ထားပေးပြီးဖြစ်တဲ့အတွက် စဝ်စံထွန်းမှာ ရှိတဲ့ **Training** ရထားပြီးတဲ့ ဆရာဝန်တွေကို နယ်ပို့မှာဖြစ်ပါတယ်။ ဧပြီ ဒုတိယအပါတ်မှာ အမိန့်ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဆေးပဒေသာပင် စိုက်ထူထားရှိတဲ့ အခြေအနေကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်းအသစ်ဖွင့်လှစ်ထားရှိခဲ့တဲ့ တိုက်နယ်ဆေးရုံကျန်းမာရေးဌာနများကို တင်ပြထားခြင်း

ဖြစ်ပါတယ်။ လားရှိုးမှာ နောင်မွန်တိုက်နယ် ကျေးလက်ကျန်းမာရေးဌာနမှာ (၁၆)ကုတင်ဆံ့ ဆေးရုံဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ကွမ်းလုံမှာ ကန်မိန်း **RHC** မှ (၁၆)ကုတင်ဆံ့ဆေးရုံဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ သီပေါမှာ (ပုံလျှန်း) ကျေးလက်ကျန်းမာရေးဌာန၊ ပင်းတယမှာ (ထယ်သွန်း) ကျေးလက်ကျန်းမာရေးဌာန၊ တန့်ယန်းမှာ (နောင်လိုင်) ကျေးလက်ကျန်းမာရေးဌာနများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေး ဌာနခွဲအနေနဲ့ မြို့နယ်(၁၂)မြို့နယ်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲ စုစုပေါင်း(၂၀)ခု၊ အသစ်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။

ကုတင်(၂၀၀)ဆံ့ဆေးရုံကြီး(၅)ရုံဖြစ်တဲ့ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီး အမျိုးသမီးနှင့် ကလေးဆေးရုံကြီး လွိုင်လင်မြို့အထွေထွေရောဂါကုဆေးရုံကြီး လားရှိုးပြည်သူ့ဆေးရုံကြီးနှင့် ကျိုင်းတုံပြည်သူ့ ဆေးရုံကြီးတို့အတွက် ဆေးဝါးများဝယ်ယူ၍ လူနာများအား အခမဲ့ကုသနိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မှာ ဆေးရုံကြီးတစ်ခုကို ငွေကျပ်သိန်း(၅၀၀)စီခွဲဝေပေးထားသဖြင့် ဆေးကုမ္ပဏီများထံမှ ဆေးရုံအတွက် အဓိကလိုအပ်တဲ့ ဆေးများပေးသွင်းရန် အိတ်ဖွင့်တင်ဒါခေါ်၍ ဆေးဝါးဝယ်ယူကြီးကြပ်ကော်မတီမှ သတ်မှတ်ချက်များနှင့် အညီရွေးချယ်ဝယ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် ဆေးကုမ္ပဏီများ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စ၍စာချုပ်ချုပ်ဆိုပြီး ဆေးဝါးများပေးသွင်းနေပြီ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကုတင်(၂၀၀)ဆံ့ဆေးရုံ (၅)ရုံအတွက် စုစုပေါင်းကျပ်သိန်း (၂၅၀၀)ခွဲဝေ ပေးထားခြင်း ဖြစ်ပါတယ်။ တောင်ကြီးဒေသမှာရှိတဲ့ ကုတင်(၂၀၀)ဆံ့ ဆေးရုံအပြင် အခြားဆေးရုံဖြစ်တဲ့ စုစုပေါင်းဆေးရုံပေါင်း(၅၅)ရုံ အတွက်ကျပ်သိန်းပေါင်း (၅၂၀၀)ခွဲဝေ ပေးထားခြင်းဖြစ်ပါတယ်။ လားရှိုးဒေသမှာရှိတဲ့ ရှမ်းပြည်နယ်





ထောက်ပံ့ငွေ စုစုပေါင်း(၄. ၂)သိန်း၊ ပင်းတယအတွက် ခနေပညာရေး ဖောင်ဒေးရှင်းကို လှူဒါန်းငွေကျပ်သိန်း(၁၀၀)၊ ကွတ်ခိုင်ပညာရေးအတွက် (၁၀)သိန်း၊ နမ့်ခမ်းပညာရေး အတွက် (၁၀)သိန်း၊ ပင်းတယအထကခွဲ(မိုင်းအင်) ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် သိန်း(၅၀)၊ မိုင်းယန်း အထကအတွက် စာသင်ခုံပရိဘောဂ (၅၀)စုံ၊ ဖြည့်ဆည်းပေးခြင်အတွက် (၁၆)သိန်း၊ ပင်းတယမူလွန်(မြင်းမူ)အတွက် ဘိလပ်မြေအိတ်(၅၀)၊ သစ်(၅)တန် ဝယ်ယူခွင့်နှင့် စုစုပေါင်းငွေကျပ်သိန်း(၅၀) ထောက်ပံ့ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်း ခရီးစဉ်ဖြစ်တဲ့ လင်းခေး၊ မိုင်းပန်၊ ဟိုမိန်း၊ ကျိုင်းတောင်း၊ ကျေးသီး၊ မိုင်းရှူး၊ မိုင်းကိုင်၊ လဲချား၊ မိုင်းနောင်၊ ခိုလမ်မြို့နယ်ခွဲများခရီးစဉ်မှာ တစ်မြို့နယ်ကို (၁၀)သိန်းစီနဲ့ စုစုပေါင်း(၁၀၀)သိန်း ထောက်ပံ့ပေးခဲ့ပါတယ်။ ရပ်စောက်အထက(ကောင်းဘို့) အတွက် ဘိလပ်မြေအိတ်(၅၀)နဲ့ ငွေကျပ်(၁၀)သိန်း၊ ပင်းတယမူလွန်(ရေဖြူ) အတွက် သိန်း(၃၀)၊ ပင်းတယပညာရေးမှူး ရုံးအတွက် (၃. ၂၉)သိန်း၊ တောင်ကြီးအထက(၄)မှာ ဘင်ခရာအဖွဲ့ နေပြည်တော်မှာ သွားရောက်ယှဉ်ပြိုင်ဖို့ ကိစ္စဖြစ်ပါတယ်။ အဲ့ဒီကိစ္စအတွက် ဘင်ခရာပစ္စည်းဝယ်ယူခြင်းနှင့် ခရီးစရိတ်ထောက်ပံ့ခြင်း စုစုပေါင်း (၁၀၀)သိန်းဖြစ်ပါတယ်။ ညောင်ရွှေ အထက(၂)အတွက် (၁၀)သိန်း၊ အထက(သာလေး)အတွက် (၁၀)သိန်း၊ မူဆယ်အလကခွဲ (နမ့်တောင်း)အတွက် (၁၀)သိန်း၊ မကွေးဆေးတက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသား(၇)ဦးအတွက် တစ်လလျှင် နှစ်သောင်းနှုန်းဖြင့် (၆)လစာ(၁၀. ၈)သိန်း ဆီဆိုင်ပညာရေးအတွက် (၁၀)သိန်း၊ တောင်ကြီးပညာရေး ကောလိပ်မှာ သင်တန်းသူများ စားသောက်စရိတ် ချောင်ချိရန်အတွက် ရှမ်းပြည်နယ်အစိုးရမှ

မြောက်ပိုင်းမှာ ရှိတဲ့ဆေးရုံအတွက် ကျပ်သိန်းပေါင်း (၇၄၀၀) ရှမ်းပြည်နယ် အရှေ့ပိုင်းမှာရှိတဲ့ ဒေသအတွက် ကျပ်သိန်းပေါင်း (၂၀၂၅၀၀) ခွဲဝေ ပေးထားပြီးတော့ အဲ့ဒီအတွက် ဆေးဝါးများကို ဝယ်ယူပြီးထောက်ပံ့ပေးလျက် ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ အနည်းငယ် တင်ပြရမယ်ဆိုလျှင် ကျွန်တော်တို့ရှမ်းပြည်နယ် ကျန်းမာရေးဝန်ကြီးဌာနဟာ ကျန်းမာရေးမူဝါဒ အနေနဲ့ စရိတ်မျှပေးကျန်းမာရေးစနစ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ စရိတ်မျှပေးကျန်းမာရေးစနစ်ဆိုတာ နိုင်ငံတော်နဲ့ပြည်သူအချိုးကျ ထည့်ဝင်ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ကဘယ်လိုတာဝန်ယူပေးသလဲဆိုလျှင် နိုင်ငံတော်ကနေ ဆေးရုံတွေ၊ ဆေးခန်းတွေဆောက် ပေးပါတယ်။ လိုအပ်တဲ့ Facility ဖြည့်ပေးပါတယ်။ လိုအပ်တဲ့ဝန်ထမ်းများဖြစ်တဲ့ ဆရာဝန်၊ ဆရာမနှင့် အခြား အဆင့်ဝန်ထမ်းများကို နိုင်ငံတော်ဘတ်ဂျက်နှင့် ခန့်ထားပေးခြင်းဖြစ်ပါတယ်။ ပြည်သူလူထုက တည့်ဝင်တဲ့ကဏ္ဍကတော့ ပြည်သူလူထုက ဆေးရုံမှာ တက်ရောက်တဲ့ လူနာတွေကို ဆေးရုံမှာ မရှိတဲ့ ဆေးဝါးများကို အချိုးကျ ခွဲဝေခြင်းကို ကျွန်တော်တို့က စရိတ်မျှပေးကျန်းမာရေးစနစ်လို့ ခေါ်ပါတယ်။

ဒီလိုစရိတ်မျှပေးကျန်းမာရေးစနစ်ကို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုက ထည့်ဝင်ရတဲ့ အချိုးနည်းအောင် ရည်ရွယ်ချက်ဖြစ်ပြီး နောက်တစ်ခုထောင်စုနှစ် ရည်မှန်းချက်အမှတ်စဉ်(၄)ဖြစ်တဲ့ မိခင်ကလေး သေနှုန်းလျော့ကျအောင် ရည်ရွယ်ချက်တစ်ခုနဲ့ နောက်တစ်ခုကတော့ အရေးပေါ်လာတဲ့ လူနာမှန်သမျှ ဆေးရုံမှာ ချက်ချင်းကုသပေးမှုနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆေးဝါးများကို ဝယ်ယူထောက်ပံ့ပေးခြင်း





ဒါပေမဲ့မွေးလူနာအကုန်လုံးကို အခမဲ့ပေးမယ်ဆိုတာက မွေးဖွားခြင်း ဆိုင်ရာ အခြေအနေမှာဘဲ ပေးမှာဖြစ်ပါတယ်။ ရိုးရိုးမွေးမွေး၊ ခွဲမွေးမွေး မွေးဖွားစဉ်အခါမှာ အလကားပေးမှာဖြစ်ပြီး ဆေးရုံထဲရောက်သွားလျှင်တော့ စရိတ်မျှပေး စနစ်နဲ့ပဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြရမယ်ဆိုလျှင် ပညာရေးကဏ္ဍတုန်းက တင်ပြသလိုပါပဲ၊ စနစ်တကျရွေးချယ်ပြီးတော့ ကုမ္ပဏီများကို တာဝန်ပေးထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ရှမ်းပြည်နယ်အနေနဲ့ ရှမ်းပြည်နယ်မှာ ခရိုင်(၇)ခုအတွင်း ကွင်းဆင်းကုသပေးမှုအခြေအနေများကို တင်ပြပေးခြင်း ဖြစ်ပါတယ်။ စုစုပေါင်းတိုင်းရင်းဆေးကုဌာန (၉)ခုအတွက် ငွေလုံးငွေရင်းခွင့်ပြုရုံပုံငွေကျပ်သိန်း (၁၀၆၀. ၉၂)ဖြင့် တည်ဆောက်ပြုပြင်ဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် ကျေးရွာများတွင် လူနေအိမ်ခြေ၊ လူဦးရေ၊ ကျေးလက်ကျန်းမာရေး ဌာန၊ ဆေးရုံများနှင့် အကွာအဝေးပေါ်မူတည်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသော ကျေးရွာများ အတွက် ကျေးလက်ကျန်းမာရေး ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်းများ ပြုလုပ်ပေးလျက် ရှိပါတယ်။ ကျေးရွာနေလူထုများ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဌာနများမှာ လစဉ် (၂)ကြိမ်ခန့် ကျေးရွာများသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် အခါအားလျော်စွာ ဆေးရုံကြီးများမှာ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့များမှ ကွင်းဆင်း ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှာ ကူညီပံ့ပိုးခဲ့မှု များကိုတင်ပြပေးခြင်း ဖြစ်ပါတယ်။ တောင်ကြီးသူနာပြုတက္ကသိုလ်မှာ အဆောင်နေတဲ့ ကျောင်းသူ ကျောင်းသားများ အဆောင်နေကျောင်းသူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ်(၃၀)၊ တောင်ကြီး ဘက်စုံသားဖွား သန်တန်း(၁၈)လ ကျောင်းသူ(၈၉)ဦးအတွက် (၂၅)အိတ်ထောက်ပံ့ ပေးအပ်ခဲ့ပါတယ်။ ကျိုင်းတုံမှာ အခမဲ့ဆေးကုသပေးတဲ့ ခုနတုန်းကဘတ်ဂျတ်အစီအစဉ် မလာခင်တုန်းက ပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့အလယ်ပိုင်းခရီးစဉ်မှာ ဝန်ကြီးချုပ်ခရီးစဉ်မှာ ထောက်ပံ့ပေးထားတဲ့ သိန်း(၁၀၀)ဖြစ်ပါတယ်။ မိုင်းနောင် ဝိန်းခေါင် ကျန်းမာရေးဌာနခွဲ အဆောက်အဦပြင်ဆင်ရန်အတွက် သိန်း(၃၀)၊ တောင်ကြီးမြို့မှ (၆၈)နှစ်မြောက်တပ်မတော်နေ့ စစ်ကြောင်းတွင်ပါဝင်ချီတက်မယ့် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင် (၅၃)ဦးအား ခရီးစရိတ်နဲ့ စားစရိတ်ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ (၆၆၃၆၄၅၀)သိန်းဖြစ်ပါတယ်။ မိခင်နှင့်ကလေးဆေးရုံမှာ ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းမှာ သိန်း(၂၀) လှူဒါန်းခြင်းဖြစ်ပါတယ်။ ဆီဆိုင်မှာ(၁၀)သိန်း၊ ကျန်းမာရေးကဏ္ဍအနေနဲ့ စုစုပေါင်း(၃၆၃၆၄၅၀)၊ ဆန်အိတ်(၅၅)အိတ် ထောက်ပံ့ပေးနိုင် ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အားကစားကဏ္ဍဆိုင်ရာပံ့ပိုးမှုများကို တင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၂ **Champion Challenge Cup** ပြိုင်ပွဲကို ရှမ်းပြည်နယ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းအတွက် ထောက်ပံ့တာ ဖြစ်ပါတယ်။ အဲ့ဒီပြိုင်ပွဲမှာ ရှမ်းပြည်နယ်အနေနဲ့ ရွှေ(၁၄)ခု၊ ငွေ(၁၂)ခုနဲ့ ကြေး(၁၉)ခု စုစုပေါင်း ဆုတံဆိပ်(၄၅)ခု၊ ရရှိခဲ့ပြီး တိုင်းနှင့်ပြည်နယ် အဆင့်မှာ အဆင့်(၈)ရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်



D/real(wide) (1



ဖြစ်ပါတယ်။ အကုန်လုံးကိုတော့ အခမဲ့ပေးနိုင်မှာမဟုတ်ပါဘူး။ အဲ့ဒီအတွက် ရှမ်းပြည်နယ်မှာ လူနာအမျိုးအစားများကို (၃)မျိုး သတ်မှတ်ပြီးတော့ ကုမယ်ဆိုပြီးတော့ ကြီးကြပ်ကော်မတီမှ သတ်မှတ်ပေးပါတယ်။

နံပါတ်(၁)ကတော့ ပြင်ပလူနာဖြစ်ပါတယ်။ ပြင်ပဲ့လူနာ မှန်သမျှကို အခမဲ့ပေးမှာ ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ အရေးပေါ်လူနာဖြစ်ပါတယ်။ အရေးပေါ်ဖြစ်လို့ ဆေးရုံကိုလာတယ်။ ဥပမာ မတော်တဆဖြစ်လို့ လာတယ်ဆိုလျှင် ဆေးရုံမှာလိုအပ်တဲ့ ကျောက်ပတ်တီးကအစ ဆေးရုံက ပေးနိုင်အောင် စီစဉ်ပေးထားခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကဏ္ဍကတော့ အရေးပေါ်အတွက်သာ ဖြစ်ပါတယ်။ ဆေးရုံမှာ အတွင်းလူနာဖြစ်သွားတဲ့ ကဏ္ဍမှာတော့ အခမဲ့ ထောက်ပံ့ပေးမှာ မဟုတ်ပါဘူး။ စရိတ်မျှပေးစနစ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တတိယအုပ်စုကတော့ အတွင်းလူနာအုပ်စုဖြစ်ပါတယ်။ အတွင်းလူနာ အုပ်စုမှာ နံပါတ်(၁) ဆင်းရဲနွမ်းပါးတဲ့ လူနာကို ကုပေးမှာဖြစ်ပါတယ်။ အဲ့ဒါကတော့ သက်ဆိုင်ရာဆေးရုံမှာ စီမံခန့်ခွဲမှုကော်မတီက ဆင်းရဲနွမ်းပါး တယ်လို့ သတ်မှတ်တဲ့လူနာကို ပေးမယ်။ နံပါတ်(၂)ကတော့ ဝန်ထမ်းတွေကို ပေးပါမယ်။ ဝန်ထမ်းမှာလည်း ဝန်ထမ်းရဲ့ သက်သေခံတစ်ခုခုတော့ လိုအပ်မှာ ဖြစ်ပါတယ်။ နံပါတ်(၃)ကတော့ သာသနာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ နံပါတ်(၄)ကတော့ အကျဉ်းသားတွေပါ။ နံပါတ်(၅) ကတော့ အသက်(၆၀)နှင့် အထက်အဖိုးအဖွားတွေကို အခမဲ့ ကုသပေးမှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက် ကတော့ **MDG 4** အောင်မြင်ရေးအတွက် မွေးလူနာတွေကို အကုန်လုံး အခမဲ့ပေးမှာ ဖြစ်ပါတယ်။

ဝန်ကြီးချုပ်ဖလား ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာ ကျင်းပတဲ့ ဉာဏ်ရည်မမှီသူများ ပြေးခုန်ပစ်အားကစား ပြိုင်ပွဲကို ရှမ်းပြည်နယ်ကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်သည့်သူများကို ထောက်ပံ့ပေးခဲ့တဲ့ ပမာဏဖြစ်ပါတယ်။ ဒီဇင်ဘာလူထုလှုပ်ရှား အားကစားလှုပ်ရှားမှုကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်မှ လူထုအားကစား ပြိုင်ပွဲ ကျင်းပခြင်း ထောက်ပံ့တာ ဖြစ်ပါတယ်။ ခရိုင်(၁၀)ခုအတွက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူထုအားကစား ပြိုင်ပွဲ ကျင်းပခြင်းကို တစ်ခရိုင်ကို(၃)သိန်းစီနဲ့ စုစုပေါင်းသိန်း(၃၀) ထောက်ပံ့ ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပပေးခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှ **SEA GAME** အားကစားနည်း (၁၇)မျိုးမှာ သွားရောက်ယှဉ်ပြိုင် ခဲ့တဲ့စရိတ်ဖြစ်ပါတယ်။ အဲ့ဒီပြိုင်ပွဲမှာတော့ ရှမ်းပြည်နယ် အနေနဲ့ ရွှေ(၁၁)ခု၊ ငွေ(၁၁)ခုနှင့် ကြေး(၁၆)ခု ရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အားကစားကဏ္ဍ အနေနဲ့ စုစုပေါင်း(၃၉၇၇၆၅၀၀)ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာ ထောက်ပံ့ပေးမှုများကို တင်ပြပေးမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ ဖြစ်ပွားတဲ့ လေဘေးသင့် ပင်းတယဒေသ၊ ရွာငံမှာ ဖြစ်ပွားခဲ့တဲ့ လေဘေးသင့် ဘုန်းကြီးကျောင်း၊ အထကကျောင်း၊ အိမ်ထောင်စုများ၊ ကလောလေဘေးသင့်အိမ်ထောင်စုများ၊ တောင်ကြီးကျောက်နီကျေးရွာအုပ်စု လေဘေးသင့် အိမ်ထောင်စုများကို ထောက်ပံ့ပေးခဲ့တာဖြစ်ပါတယ်။ နမ့်စန်မှာ လေဘေးသင့် ဟိုနားလေး ကျေးရွာအုပ်စု အိမ်ထောင်စု(၅၃)စု အတွက် (၅၀၀၀၀)နှုန်းနဲ့ ထောက်ပံ့ပေးခဲ့တာ ဖြစ်ပါတယ်။





ဆက်လက်ပြီး လူမှုရေးကဏ္ဍဆိုင်ရာ ပံ့ပိုးမှုများကို တင်ပြပေးမှာ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ပြုပြင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၇)သိန်း(၂)သောင်း ထောက်ပံ့ပေးခဲ့ပါတယ်။ တောင်ကြီးမှာ ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားကျင်းပခြင်း ထောက်ပံ့ပေး ခဲ့တာဖြစ်ပါတယ်။ ညောင်ရွှေစာပြန်ပွဲကို လှူဒါန်းခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းရှိ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံရတဲ့ ရဟန်း(၆)ပါးနှင့် လူပုဂ္ဂိုလ်(၁)ဦးအား ထပ်ဆင့်ဂုဏ်ပြုခြင်း ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ပင်းတယဆင်ခေါင်း ဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းခြင်း ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား အကြို လှုပ်ရှားမှုများ ပြုလုပ်ခြင်း ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။

လားရှိုး-ကျိုင်းတုံ ဒုသမ္မတခရီးစဉ်မှာ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ လူမှုရေး ကဏ္ဍမှာ ထောက်ပံ့ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ညောင်ရွှေ ဒေသစာရီ ကျောင်းတော် သွပ်မိုးပြုပြင်ရန် ထောက်ပံ့ခြင်းဖြစ်ပါတယ်။ တောင်ကြီးမှာ သက်ကြီးပူဇော်ပွဲမှာ မတက်ရောက်နိုင်တဲ့ ဘိုးဘွားများကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများ အခမ်းအနားနေ့ ကျင်းပတဲ့နေရာမှာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ မဘိမ်းမှာ ကချင်ပြည်နယ်မှ ယာယီ တိမ်းရှောင်နေသူများအား လူမှုရေးအကူအညီ ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ တာချီလိတ် နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော်အား ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ မိုးမိတ် ကချင်ပြည်နယ် စစ်ဘေးဒုက္ခသည်များ ကိုထောက်ပံ့ပေးခဲ့မှု အခြေအနေတင်ပြခြင်းဖြစ်ပါတယ်။ အင်းလေးဖောင်တော်ဦး ဘုရားမှာ ကျင်းပပေးခဲ့တဲ့ ဘော်လီဘောသရုပ်ပြပွဲကို ထောက်ပံ့ပေး

ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ ညစာစားပွဲကို ရှမ်းပြည်နယ် မှယဉ်ကျေးမှုအဖွဲ့တွေ နေပြည်တော်ကို သွားရောက်ပြီး တက်ရောက်ခဲ့တဲ့ အဖွဲ့ကို စားစရိတ်၊ ခရီးစရိတ်များ ထောက်ပံ့ပေး ခဲ့ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကနေ ပြည်ထောင်စုနေ့ညစာစားပွဲကို တက်ရောက်တဲ့ ယဉ်ကျေးမှု အဖွဲ့များကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ မိုင်းယောင်းလွှတ်တော် ကိုယ်စားလှယ် ကွယ်လွန်ခြင်းအတွက် ကူညီထောက်ပံ့ခြင်း ဖြစ်ပါတယ်။ တောင်ကြီးမှာ ၂၅% အနားယူအစားထိုး သံဃာ့ ဝန်ဆောင်အဖွဲ့ ရွေးချယ်ခြင်းအတွက် ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပတဲ့ ၂၀၁၃ခုနှစ် ဒသမအကြိမ် ထမနဲထိုးပွဲကုန်ကျစရိတ် ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။

ကွတ်ခိုင်မှာ ကချင်ပြည်နယ်ကနေပြီးတော့မှ တိမ်းရှောင် လာတဲ့ စစ်ဘေးဒုက္ခသည်များကို ကူညီထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီး ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကိုယ်စားပြု စာပို့သင်တန်း တက်ရောက် နေတဲ့ ဒေါ်မို့မို့ကျော်အား (၆)လစာထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ တောင်ကြီးမှာ ၂၅%သံဃာ့နာယကအဖွဲ့ အစားထိုးရွေးချယ်ခြင်းမှာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို စရိတ်ထုတ်ပေး ခြင်းလည်း ဖြစ်ပါတယ်။ တပ်မတော်နေ့အခမ်းအနားကို ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ လူမှုရေး ကဏ္ဍ အနေနဲ့ စုစုပေါင်း ထောက်ပံ့ငွေ (၅၅၄၅၆၀၀၀)ရှိကြောင်း တင်ပြအပ် ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူမှုရေးကဏ္ဍ အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချင်တာ





ရပ်စောက်ကကျောင်းကို ထောက်ပံ့ပေးခဲ့တာဖြစ်ပါတယ်။ ပင်းတယ ငှက်ပျောတော ရပ်ကွက်နဲ့ သရက်ကုန်းကျေးရွာအုပ်စုမှ အိမ်ထောင်စု များကို ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရပ်စောက်နမ့်တိုင်း၊ ရေဖြူကိုထောက်ပံ့ပေးခဲ့တာ ဖြစ်ပါတယ်။ ပင်လောင်းရေဘေးသင့် ကျောင်းများကို ထောက်ပံ့ပေးခဲ့တာ ဖြစ်ပါတယ်။ ကျိုင်းတုံ လေဘေးသင့် အိမ်ထောင်စုများကို ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ရပ်စောက်လေဘေးသင့် အိမ်ထောင်စုများကို ထောက်ပံ့ပေးခဲ့တဲ့ ပမာဏဖြစ်ပါတယ်။ လဲချားလေဘေးသင့် မဟာမြတ်မုနိဘုရားကြီး ပြုပြင်ရန် အတွက် ထောက်ပံ့ပေးခဲ့တာဖြစ်ပါတယ်။

ပင်လောင်းလေဘေးသင့် ဘုန်းကြီးကျောင်း၊ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းနှင့် အိမ်ထောင်စု များကို ထောက်ပံ့ပေး ခဲ့ခြင်းဖြစ်ပါတယ်။ ဆီဆိုင်လေဘေးသင့် မူလတန်းကျောင်းကို ပြုပြင်ရန်ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ မိုင်းဆတ် ဝမ်ကိုးကျေးရွာ မီးလောင်မှု အိမ်ထောင်စုကို ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ မိုးနဲလေဘေးသင့် စွမ်ရမ်းကျေးရွာအုပ်စု မူလတန်းကျောင်းကို ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ လားရှိုး၊ သိန္နီမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားတဲ့ နေအိမ်များကို ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ ကျိုင်းတုံ လေဘေးသင့်အိမ်(၆)လုံးကို ထောက်ပံ့ ပေးခဲ့တာ ဖြစ်ပါတယ်။ နမ့်စန် မီးဘေးသင့် အိမ်ထောင်စု (၆၅)စုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးထားတဲ့ ပမာဏဖြစ်ပါတယ်။ ကျိုင်းတုံမှာ မိုးသီးကြွေကျမှုကြောင့် ခေါင်မိုးပျက်စီးသွားတဲ့ အိမ်ထောင်စု (၅၁၈)စု၊ ဘုန်းတော်ကြီးကျောင်း(၂၄)ကျောင်းနဲ့ စာပေယဉ်ကျေးမှု အသင်းကို ရှမ်းပြည်နယ်အစိုးရမှ ထောက်ပံ့ ပေးခဲ့ခြင်း ဖြစ်ပါတယ်။ သဘာဝဘေးအနေနဲ့ စုစုပေါင်းရှမ်းပြည်နယ် အစိုးရအဖွဲ့မှ (၃၇၁)သိန်း(၁)သောင်း ထောက်ပံ့ ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ကတော့ အစိုးရအဖွဲ့သစ် လက်ထပ်မှာ လားရှိုးမှာ ပညာရေးကောလိပ် ဖွင့်လှစ်ခွင့်ရရှိခဲ့တဲ့အပြင် တောင်ကြီးမှာလည်း ဆေးတက္ကသိုလ် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အင်းလေးဒေသ ဟိုတယ်ဇုန်ဖော်ထုတ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အင်းလေးဒေသ ဟိုတယ်ဇုန် ဖော်ထုတ်ရေးစီမံကိန်းအား လွှတ်တော်သို့ပေးပို့လာပါတယ်။ ၎င်းစီမံကိန်းကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ရှင်းလင်းပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံကိန်း တစ်ခုဖြစ်တဲ့ ရှမ်းပြည်နယ်မှာ အကောင်အထည်ဖော်နေတဲ့ အင်းလေးဒေသ ဟိုတယ်ဇုန် ဖော်ထုတ်ရေး စီမံကိန်းနှင့် စပ်လျဉ်းပြီးတော့ အကျဉ်းချုပ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။





ဒါကတော့ အင်းလေးကန်တိမ်ကောလာရခြင်း အကြောင်းအရင်း ဖြစ်ပါတယ်။ သစ်တောများ ပြုန်းတီးမှု ကြောင့် ရေတိုက်စား၍ကန်အတွင်း နုံးများကျရောက်ခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် အရတောခုတ်ခြင်း၊ မီးရှို့ခြင်း၊ ရေတိုက်စားမှုကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ မြေသားထုများ ပါးလွှာလာခြင်း၊ တောင်စောင်းများတွင် သီးနှံ၊ သစ်တော ရောနှောမစိုက်ပဲ ထွန်ယက်စိုက်ပျိုးခြင်း၊ ကွန်တိုအလိုက်မဟုတ်ဘဲ အထက်အောက်ဒေါင်လိုက် ထွန်ယက်စိုက်ပျိုးခြင်း၊ ခရမ်းချဉ်ကျွန်းမျောစိုက်ခင်း များမှာ မြေသြဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း စသည်တို့ကြောင့် အင်းလေးကန်ဟာ တိမ်ကောလာရခြင်း ဖြစ်ပါတယ်။

ကြိုးဝိုင်းသစ်တောအနေနဲ့ (၈)ခုရှိပြီး ကြိုးပြင်ကာကွယ်တောများ (၇)ခု၊ သဘာဝတောထိန်းသိမ်း နယ်မြေများ (၃)ခု၊ သဘာဝနယ်မြေ အင်းလေး ဘေးမဲ့တောအဖြစ် (၁)ခု စုစုပေါင်း(၁၉)ခုမှာ စတုရန်းမိုင် (၈၁၅. ၇၂၄) စတုရန်းမိုင်ရှိကြောင်းတင်ပြအပ်ပါတယ်။ အင်းလေးကန်ကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းထိန်းသိမ်းမှုအနေအထား ဖြစ်ပါတယ်။ အင်းလေးကန်ဟာ ထူးခြားတဲ့ကုန်းမြင့်ဒေသ ကုန်းတွင်းရေတိမ်ဂေဟစနစ်အဖြစ် သဘာဝ အမွေအနှစ်တစ်ခု ဖြစ်ရုံသာမက ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိန်းသိမ်းထား ရှိတဲ့အတွက် ၂၀၀၅ခုနှစ်မှာ အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ထားပါတယ်။

အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးတို့ကို ညောင်ရွှေမြို့နယ်မှာ ၁၉၉၀ခုနှစ်မှာ စတင်ဖွင့်လှစ် ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ဆောင်းခိုငှက်များ ထိန်းသိမ်း စောင့်ရှောက်ရေး

လုပ်ငန်းနှင့် စည်းရုံးပညာပေးခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုများ ဖြစ်ပါတယ်။ အင်းလေးကန်အတွင်းမှာ မူလဖွဲ့စည်းစဉ်က ဟိုတယ်အပန်းဖြေစခန်းများနှင့် လုပ်ငန်းအချို့မှ ဟိုတယ်(၁၆)ခု၊ ဧရိယာအားဖြင့် (၃၅၈. ၉၉)ဧကကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း တွေအရ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်ဖြင့် ပယ်ဖျက်ပေးခဲ့ပါတယ်။

၂၀၀၇ ခုနှစ်မှ စတင်ပြီးတော့ ယနေ့ထိ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ခွင့် ထပ်မံလျှောက်ထားလာတဲ့ ဟိုတယ်(၁၆)ခု၊ ဧရိယာအားဖြင့်(၂၃၁. ၆၈)ဧကကို အင်းလေးကန်စိမ်းလန်းစိုပြေရေး စီမံကိန်းကာလအတွင်း အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ လုပ်ငန်းခွင့်ပြုချက်များ ထပ်မံချပေးခြင်း၊ သစ်တောနယ်များ ပယ်ဖျက် ပေးခြင်းများကို ခွင့်မပြုခဲ့ကြောင်းနှင့် သစ်တောဦးစီးဌာနမှ ဆက်လက်မလုပ်ဆောင်ရန် ခေတ္တရပ်ဆိုင်းထားရန် အကြောင်းကြား ခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ အင်းလေးဒေသနှင့် စပ်လျဉ်းပြီးတော့ လမ်းညွှန်မှာကြားချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ရဲ့ ၂၀၁၂ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ မတ်လ ၁၁ရက်နေ့အထိ ရှမ်းပြည်နယ် ခရီးစဉ်မှာ အင်းလေးဒေသနှင့် စပ်လျဉ်းပြီး လမ်းညွှန်မှာကြားချက်များ ဖြစ်ပါတယ်။

(က) အင်းလေးဒေသ ရေရှည် တည်တံ့ရေးအတွက် ပြုပြင်သည့် အပိုင်းနှင့် ကာကွယ်သည့်အပိုင်း နှင့် ထိန်းသိမ်းသည့်အပိုင်းဆိုပြီး (၂)ပိုင်း ပိုင်းထား





အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ညောင်ရွှေ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်အတွင်းမှာ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ (၂၉၅၀)မှာ တည်ရှိပြီး မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်းတွင်း ရေတိမ်ဒေသဖြစ်ပါတယ်။ အဲ့ဒီအပြင် အင်းလေးကန်ဟာ သဘာဝ အမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ် ဖြစ်ရုံသာမကပဲ တိုင်းရင်းသား ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကြောင့် ပြည်တွင်း၊ ပြည်ပနိုင်ငံများတွင် အထင်ကရ ကျော်ကြားပြီး ခရီးသွားလုပ်ငန်း နေရာတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အင်းလေးကန်ဒေသအတွင်းမှာ လူဦးရေတိုးတက် များပြားလာမှုနှင့်အတူ ကျေးရွာအိမ်ခြေများ တိုးချဲ့ခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် လာတဲ့အတွက် ဟိုတယ်လုပ်ငန်း တိုးတက်များပြားလာခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်များပြား လာခြင်းနှင့်အတူ ပြောင်းရွှေ့လုပ်သားများ ရောက်ရှိအခြေချခြင်း တို့ကြောင့် မြေယာပြောင်းလဲအသုံးချမှု သဘာဝသယံဇာတပစ္စည်းများ သုံးစွဲထုတ်ယူသုံးစွဲမှု အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ထုတ်မှု ပိုမိုများပြားလာခြင်းတို့ကြောင့် ကန်အရည်အသွေးကျဆင်းခြင်း၊ ရေပြင်ဧရိယာ ကျဉ်းမြောင်းခြင်းတို့ ဖြစ်ပေါ်လာပါတယ်။ အင်းလေးကန်ဒေသဟာ လူဦးရေ တိုးပွားလာမှုနှင့် မြေအသုံးချမှု များပြားလာခြင်း၊ သစ်တောဖုံးလွှမ်းမှု ဧရိယာ လျော့နည်းလာခဲ့ပြီး ပေါ်ယံမြေဆီလွှာဆုံးရှုံးခြင်း၊ ရေတိုက်စားမှုကြောင့် သဲနုန်းပို့ချခြင်းများ ဖြစ်ပေါ်လာကာ အင်းလေးကန်ရေပြင်ဧရိယာဟာ မူလ (၁၀၀) စတုရန်းမိုင် ရှိခဲ့ရာကနေ ယခု(၂၄)စတုရန်းမိုင်ခန့်သာ ကျန်ရှိတဲ့ အခြေအနေကို ရောက်ရှိလာကြောင်း တင်ပြအပ်ပါတယ်။

ပါတယ်။ ဒီ(၂)ပိုင်းလုံး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်၊

( ခ ) အင်းလေးကန်ရေရှည်တည်တံ့နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ သမရိုးကျ ဒေသခံများ လုပ်အင်အားနှင့် ဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ စက်ယန္တရားကြီးများနှင့် တွင်ကျယ် စွာဆောင်ရွက် နိုင်ရေးအတွက် ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ ဝိုင်းဝန်း ပံ့ပိုးမှုများနှင့် ရန်ပုံငွေတစ်ရပ် ထူထောင် ဆောင်ရွက် သွားရန်။

( ဂ ) အင်းလေးကန်၌ရေဝေရေလဲဒေသ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို သစ်တောသစ်ပင်များ ထိန်းသိမ်းမှု၊ သစ်ပင်စိုက်ပျိုးမှုတို့ဖြင့် ပြန်လည်ကုစား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရေရှည်မှာ ဒေသခံတွေ အတွက်ဝင်ငွေတိုးပွားပြီး သစ်တော သစ်ပင်များ အတွက်လည်း အကျိုးပြုစေမယ့် သစ်ကြား၊ မက္ကတေးမီးယား စတဲ့အပင်တွေကို တစ်အုပ်တစ်မစိုက်ပျိုးနိုင်ရေး စီမံချက် ဆောင်ရွက် သွားရန်။။ အင်းလေးဒေသအတွင်းမှာ နှစ်စဉ် တိုးပွားလာတဲ့ လူဦးရေအတွက် ကြိုတင်စဉ်းစား၍ ရေရှည်ဆောင်ရွက် ရမည့် အစီအစဉ်ချမှတ်ပြီး ရေရှည် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်သွားရန်၊ အင်းလေးကန်အတွင်းမှာ မြေပြိုကျမှု ဆိုးရွား နေတဲ့ နေရာတွေမှာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး **Retaining Wall** များ စီစဉ်ဆောင်ရွက် သွားရန်နှင့် လိုအပ်ပါက နိုင်ငံခြားသား



D/real(wide) (1



( ဂ ) နေရာအနှံ့ မဟုတ်ဘဲ ဇုံသဘောများ ခွင့်ပြုရန် ဆိုပြီးတော့ လမ်းညွှန်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အရ ဟိုတယ် တည်ဆောက်ခွင့်၊ ဟိုတယ်ဇုန် တည်ထောင်ခွင့် များအတွက် အင်ကြင်းကုန်းကျေးရွာနှင့် ချောင်းပါး ကျေးရွာများအကြား အင်းလေးကန်ဒေသ ကြိုးဝိုင်းမြေ(၆၂၁)ဧကအား ဟိုတယ်ဇုန်အဖြစ် သတ်မှတ်သင့်ပါကြောင်း ၂၀၁၂ခုနှစ်၊ မတ်လ ၂၈ရက် နေ့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကနေ ကွင်းဆင်း စစ်ဆေးချက်တွေကို အောက်ပါအတိုင်း ပြန်လည်တင်ပြ ခဲ့ပါတယ်-

(က) အခြားမြေအသုံးချမှုနဲ့ ဆိုင်ရာဆိုင်ခွင့်များ ပေးထားမှုမရှိခြင်း၊

( ခ ) အင်းလေးကန်ရေပြင်ပေါ်ကို အပေါ်စီးမှ စိုးမိုးမြင်နိုင်သည့် ပေ(၁၅၀)နှင့် ပေ(၂၅၀)ခန့်သာ မြင်နိုင်တဲ့နေရာများ၊ တောင်တန်းငယ်နှင့် တောင်စွယ်များ မြောက်မှတောင်သို့ တဆက်တည်း ရှိခြင်း၊

( ဂ ) ကားလမ်းနှင့် အင်းရေပြင်ကြား (၂)မိုင်အတွင်း ယာဟောင်းများ သာရှိပြီး အဆောက်အဦးများ မရှိတဲ့အတွက် မြင်ကွင်း ကောင်းမွန်ခြင်း၊

(ဃ) အင်းလေးကန်အတွင်း ဝင်ရောက်ရန် ပင်မ လမ်းကြောင်း တစ်ခုနှင့် စက်လှေဆိပ် တစ်ခုသာ ထားရှိအသုံးပြုနိုင်ပြီး ကားလမ်းနှင့် အင်းရေပြင်မှာ မိုးရာသီမှာ ကိုက်(၅၀၀)ခန့်၊ ပွင့်လင်းရာသီမှာ ကိုက်(၆၀၀)ကနေ (၈၀၀)အထိ ကွာဝေးခြင်း၊

( င ) အင်းလေးကန် အလိုတော်ပေါက်ဘုရား၊ ဖောင်တော်ဦးဘုရား တို့နှင့် တစ်တန်းတည်း ကျရောက်နေပြီး အလိုပေါက်ဘုရားနှင့် ပိုမိုနီးကပ်စွာ တည်ရှိနေခြင်း၊

( စ ) အသုံးချမှု အနည်းဆုံးနေရာဖြစ်တဲ့ ကျေးရွာများနှင့် ညှိနှိုင်းရမည့် ကိစ္စရပ်များ နေရာအရှုပ်အရှင်းများ နည်းပါးမည်ဖြစ်ခြင်း၊

(ဆ) ညောင်ရွှေမြို့မှ (၁၅)မိုင်ခန့်သာ ကွာဝေးပြီး ညောင်ရွှေ-နမ့်ပန် ကားလမ်းအတိုင်း အသုံးပြုနိုင်ခြင်း၊

အစီရင်ခံစာအပေါ်မှာ နိုင်ငံတော်သမ္မတရုံးကနေ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ ကွင်းဆင်းစစ်ဆေးချက်အရ အကြံပြုတင်ပြချက်အတိုင်းသာ ဆောင်ရွက်စေရန် ဆိုပြီး ၂၀၁၂ ခုနှစ် မေလ ၉ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၅၂(၁)/၇/သမ္မတရုံးဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနကိုလိပ်မူပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနကို မိတ္တူပေးပို့ခဲ့ပါတယ်။

ဟိုတယ်ဇုန်လုပ်ငန်းများ တည်ဆောက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှု အခြေအနေဖြစ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးချက်အရ

(က) ဟိုတယ်ဇုန် မြေနေရာကို သစ်တောဦးစီးဌာနမှ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီး ဌာနသို့ မြေငှားရမ်းတဲ့စနစ်ဖြင့် ဆောင်ရွက်ရန်၊

( ခ ) မြေငှားရမ်းခြင်း ကာလကို မူလနှစ်(၃၀)အဖြစ် အခြေခံပြီး လိုအပ်ပါက ကာလသတ်မှတ်၍ စိစစ်သက်တမ်းတိုးပေးရန်၊



D/real(wide) (1



ပညာရှင်များ ထံမှ အကြံဉာဏ် ယူပြီးဆောင်ရွက် သွားရန်

ဆိုပြီး ညွှန်ကြားခဲ့ပါတယ်။

အင်းလေးကန်ဒေသ(တောင်ပိုင်း) လျှပ်စစ်မီးရရှိရေးအတွက် အမြန်ဆုံး ဆောင်ရွက် ပေးနိုင်မည့် အစီအစဉ်များ တင်ပြရန်နှင့် တချိန်တည်းမှာပင် လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှုများ ပေးသွားခဲ့ပါတယ်။ အင်းလေး ဒေသမှာ ဟိုတယ်ဇုန်များ လျာထားသတ်မှတ်ရန် သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်တင်ပြ အစီအရင်ခံခြင်းဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်မှာ ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန နိုင်ငံတော် သမ္မတထံကို ရှင်းလင်းတင်ပြလမ်းညွှန်မှု ခံယူခဲ့ပါတယ်။ တင်ပြချက် အပေါ်မှာ နိုင်ငံတော်သမ္မတက အောက်ပါအတိုင်း ဆုံးဖြတ် လမ်းညွှန်မှုခံယူခဲ့ပါတယ်-

(က) အင်းလေးကန်ဟာ နောင်နှစ်ပေါင်းများစွာ တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်တဲ့အတွက် ကန်ရေစပ်နေရာမှာ ဟိုတယ်လုပ်ငန်း အပါအဝင် အခြားလုပ်ငန်းများအား ထပ်မံခွင့်ပြုခြင်း မပြုရန်၊

( ခ ) ကန်ဧရိယာအပေါ်စီးမှ ကန်၏သဘာဝအလှကို မြင်နိုင်မည့် နေရာ၊ ကန်သို့သွားရန်လည်း လွယ်ကူတဲ့ နေရာ၊ ကန်အတွင်းသို့ စီးဝင်သောသဘာဝ ရေထွက်များ၊ ချောင်းများ၊ စမ်းများကိုလည်း မထိခိုက်စေသော နေရာမှာ သဘာဝ ပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းမှ ထိန်းရန် ခံဝန်ချက်များနှင့် ခွင့်ပြုသွားရန်၊

(ဂ) ဟိုတယ်ဇုံမြေနေရာအတွက် (၆၂၂)ဧကအား အမြန် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) အငြင်းပွားဖွယ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက ဖြေရှင်း ဆောင်ရွက်နိုင်ရေး အင်းလေးကန် ဟိုတယ်ဇုန် ဖြစ်မြောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းထားရန်ဆိုပြီးတော့ ပါရှိပါတယ်။ ကော်မတီလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

(င) မြေငှားရမ်းခအတွက် သင့်တင့်သောနှုန်းထားဖြင့် ညှိနှိုင်းသတ်မှတ်ရန်၊

(စ) အင်းလေးကန်ရေဝေရေလဲဒေသ ရေရှည်တည်တံ့ ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ရန်ပုံငွေ ထားရှိရန်၊

(ဆ) ဟိုတယ်ဇုန် စီမံလန်းစိုပြေရေး လုပ်ငန်းများ အတွက် သီးခြားရန်ပုံငွေ တစ်ရပ်ထားရှိရန်၊

(ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ စီးပွားရေး လုပ်ငန်းများ ဖော်ဆောင်ရာတွင် **Payment For Environmental Services (PES)** နှင့် **Ecosystem Services** လုပ်ငန်းများအတွက် ရန်ပုံငွေမတည် ဆောင်ရွက်ရန်

(ဈ) ပတ်ဝန်းကျင်အား ထိခိုက်မှုနည်းနိုင်သမျှနည်းမည့် **Waste Management System** များစိစစ်ဆောင်ရွက်သွားရန် တို့ပဲဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေတစ်ရပ်နဲ့ ဆိုလျှင် စုစုပေါင်း(၄)ရပ် ထူထောင်ဖို့ လမ်းညွှန်မှုပေးခဲ့ခြင်း ဖြစ်ပါတယ်။ အစည်းအဝေး ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ဆောင်ရွက်ဖို့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့





ရက်ကနေ ၂၆-၉-၂၀၁၂ ရက်နေ့အထိ ကွင်းဆင်း တိုင်းတာတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

တောင်ကြီးမြို့မှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ တွေ့ဆုံလမ်းညွှန်မှု ခံယူပြီး ၆-၉-၂၀၁၂ရက်နေ့မှာ ညောင်ရွှေမြို့ရှိတဲ့ ဟိုတယ်ဇုန်တည်ဆောက်ရေး အကောင်အထည်ဖော်တဲ့ နေရာကိုသွားရောက်ပြီး ၆-၉-၂၀၁၂ရက်နေ့မှ ၂၃-၉-၂၀၁၂ ရက်နေ့အထိ မြေတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

မြေတိုင်းမြေပုံနှင့်တစ်ကွ ဖွဲ့စည်း တည်ဆောက်မှု သဘောထားပုံစံ **Concept Plan** ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှင်းလင်းတင်ခဲ့ပြီး အခြားသက်ဆိုင်ရာ အဖွဲ့အစည်းဖြစ်တဲ့ ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စည်ပင်သာယာရေး ဦးစီးဌာန လျှပ်စစ်စွမ်းအားဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းပြီး အသေးစိတ် ဖွဲ့စည်း တည်ဆောက်မှုပုံစံ **Structer Plan** ကို ဒီဇိုင်းရှင်းလင်းချက်များနှင့်တစ်ကွ ဟိုတယ်ဇုန် ဖွဲ့စည်းတည်ဆောက်မှု ပုံစံရေးဆွဲခြင်းကိုလည်း ရေးသားပြုစုခဲ့ပါတယ်။

မြေအသုံးချမှု အခြေအနေမှာ လမ်းဧရိယာမှာ ပေ (၆၀)လမ်းအတွက် (၄၃.၇၃)ဧက၊ ပေ(၄၀)လမ်းအတွက် (၁၄.၇၇)ဧက စုစုပေါင်း (၅၈.၅၀)ဧက၊ ဟိုတယ်မြေဧရိယာ (၃၂၈.၅၂)ဧက၊ ဘုန်းတော်ကြီးကျောင်းမြေဧရိယာ (၉.၃၇)ဧက၊ လှိုဏ် ချောင်းနှင့် အခြားမြေဧရိယာ (၁၇.၅၆)ဧကနှင့် ညောင်ရွှေ-ပင်လောင်း (ပဆင)လမ်းနှင့် ဟိုတယ်ဇုန်ကြားမြေ စိမ်းလန်း သစ်ပင်စိုက်ပျိုးရန် (ခန့်မှန်း) (၃၀.၀၀)ဧက၊ စုစုပေါင်း (၄၆၃.၉၅)ဧက ဖြစ်ပါတယ်။

ဟိုတယ်ဇုန်စီမံကိန်းဖော်ထုတ်မှု ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း သီးနှံလျော်ကြေး ၅၁၅. ၅၈၉၊ မြေလုပ် (လျာထား)မှု ၅. ၅၆၉၊ ထင်းခြံ (လျာထား) ၅၀. ၀၀၀၊ မူလရေရရှိရေး (လျာထား) ၂၇. ၁၀၀၊ မြေကြီးလုပ်ငန်း ၁၇၁၈၈. ၀၈၀၊ ကတ္တရာလုပ်ငန်း ၃၅၀၀. ၀၀၀၊ လမ်းလယ်ကျွန်း/ ရေမြောင်း/မြေကာနံရံ ၁၆၀၀. ၀၀၀၊ တံတား (၄၄)စင်း ၄၅၀၀. ၀၀၀၊ မြေကြီး/လမ်း/ တံတားအတွက် မမျှော်မှန်းနိုင်သည့်ကုန်ကျစရိတ် ၂၆၇၈. ၈၀၈ ၊ လျှပ်စစ်လုပ်ငန်း (ဥရောပစံနှုန်း) ၄၇၀၉. ၆၀၀၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၄၇၇၅. ၁၄၂ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(၂၅-၁၁-၂၀၁၂) ရက်နေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဟိုတယ်ဇုန်ရှိ သလဲဦးကျေးရွာအုပ်စု ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများ၏ ဆန္ဒဖော်မှုများအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ပါသည်။ တောင်သူများ တင်ပြသည့်အချက် (၁၃)ချက် ပါဝင်ကြောင်း တင်ပြအပ်ပါတယ်။

(၆-၁၂၀၁၃)ရက်နေ့တွင် ဒုတိယအကြိမ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ ပါတယ်။ ဆန္ဒဖော်ထုတ်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်မှ အောက်ပါအတိုင်း ညွှန်ကြားခဲ့ပါတယ်-

(၁) ဟိုတယ်ဇုန် မြေတိုင်းတာရေးနှင့် သီးနှံလျော်ကြေး ကိစ္စများကို တောင်သူများနှင့် အပြီးသတ် စိစစ် ညှိနှိုင်းပေးသွားရန်၊

(၂) လာမည့်တစ်ပတ်အတွင်း လျော်ကြေးငွေ စတင် ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ တစ်ကြိမ်တည်း မပေးနိုင်သေးပါက အရစ်ကျပေးချေရန်၊

(၃) ဟိုတယ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက် လာပါက လျော်ကြေးငွေ အကြေပေးချေသွားရန်၊



D/real(wide) (1



(၁၉-၈-၂၀၁၂)ရက်စွဲပါ စာအမှတ်၊ ၇၁၇၄/၃-၅၁၅/ အစရ(ရှမ်း)နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ နိုင်ငံတော်သမ္မတရုံး လမ်းညွှန်ချက် အရ ဟိုတယ်ဇုန်မြေနေရာအား မြို့ပြအင်္ဂါရပ်နှင့်အညီ အကွက်ချ ပုံစံထုတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့ရွာနှင့် အိုးအိမ်ဦးစီး ဌာနမှ ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးစေလွှတ်ပေးနိုင်ဖို့ ဆက်လက်တင်ပြခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ညောင်ရွှေမြို့နယ် အင်းလေးဒေသ အတွင်း ပြည်တွင်းပြည်ပ နိုင်ငံတကာ ခရီးသွား ဧည့်သည်များ ဝင်ထွက်သွားလာမှု များပြားလာသည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန် လာစေရေး အင်ကြင်းကုန်း၊ ချောင်းပါးဒေသ၌ အဆင့်မြင့်ဟိုတယ်များ စနစ်တကျ တည်ဆောက်နိုင်ရန်အတွက် အင်းလေးဒေသ ဟိုတယ်ဇုန် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီ(၁၀)ရပ်ကို ဖွဲ့စည်း တာဝန်ပေးခဲ့ပါတယ်။ ဦးစီးကော်မတီအပါအဝင် လုပ်ငန်းကော်မတီ အားလုံး (၁၁)ခုနှင့် ဖွဲ့စည်းထားပါကြောင်း တင်ပြအပ် ပါတယ်။

ဆောင်ရွက်တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ အင်းလေးကန်အရှေ့ဘက် ညောင်ရွှေမြို့ ညောင်ရွှေ-လွိုင်ကော်ကားလမ်း ပေါ်မှာရှိနေတဲ့ ၆၂၀ ဧကခန့် ရှိတဲ့မြေနေရာ ပေါ်မှာ ဟိုတယ်ဇုန်တစ်ခုတည်ဆောက်ရန် ဟိုတယ်ဇုန်ဖွဲ့စည်းတည်ဆောက်မှုပုံစံ ရေးဆွဲနိုင်ရေးအတွက် ကျွမ်းကျင်မှု ကူညီပေးပါရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကနေ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးဌာနရဲ့ တာဝန်ပေးအပ်ချက်အရ မြို့ပြနှင့်ကျေးလက်ဒေသ စီမံကိန်းဌာနခွဲမှ မြို့ပြဖွဲ့စည်း တည်ဆောက်မှုမှ ပုံစံရေးဆွဲရေးအဖွဲ့ဟာ ၂-၉-၂၀၁၂

(၄) ဟိုတယ်မြေနေရာချထားသည့်အခါ အင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများဖြင့် မြို့တော်ခန်းမတွင် အစည်းအဝေးပြုလုပ်ပြီးမှ ဆောင်ရွက်သွားရန်၊

(၅) ဟိုတယ်ဇုန်တည်ဆောက်ရာတွင် သာသနာ့မြေများ ချန်လှပ်ပြီး ဆောင်ရွက်သွားရန်၊

(၆) ဟိုတယ်ဇုန်မြေနေရာချထားရာတွင် ဒေသခံများအနေနဲ့ ဟိုတယ်တည်ဆောက်နိုင်မှု မရှိပါက တည်းခိုခန်းများ ဆောက်လုပ်ရေး စီစဉ်ပေးရန်၊ ပြည်တွင်းဟိုတယ်လုပ်ငန်းရှင်များ အနေနှင့် လုပ်ငန်း နေရာ (၁)ခု သတ်မှတ်ပေးရန်နှင့် နိုင်ငံတကာ အဆင့်မီ နိုင်ငံခြားသား တည်းခိုနိုင်သည့်အဆင့်ရှိ ဟိုတယ်များ ကိုလည်း နေရာသတ်မှတ်ပေးရန်၊

(၇) ဘုန်းကြီးကျောင်းပိုင် ထင်းစိုက်ခင်းများအား အစားထိုး ချထားပေးနိုင်ရန်အတွက် စိုက်ခင်း ထူထောင်ပေးရေး စီစဉ် ဆောင်ရွက်ပေးရန်။

နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်သည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ပေးရသည့် အင်းလေး ဟိုတယ်ဇုန် စီမံကိန်းကို ရှမ်းပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်ပေးထားနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (1



ကျွန်မတို့ ရှမ်းပြည်နယ် အတွင်းမှာ တိုက်ပွဲတွေ၊ ထိတွေ့မှုတွေ ဖြစ်ပွားနေတဲ့အတွက်ကြောင့် ပြည်သူ များဟာ ငြိမ်းချမ်းမှု မရနိုင်ပဲဖြစ်နေပါတယ်။

ပြည်သူကိုကိုယ်စားပြုသော လွှတ်တော်၊ ပြည်နယ်အကျိုးကို သယ်ပိုးသောလွှတ်တော်အဖြစ် သက်သေပြရန်မှာ ရှမ်းပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေး တစ်နည်းအားဖြင့် စစ်မှန်သောငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးဖို့ လိုအပ်နေပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာ စစ်မှန်တဲ့ အားကောင်းတဲ့ ပြောင်းလဲမှု ဖြစ်ဖို့ဆိုတာ ငြိမ်းချမ်းရေးက မရှိမဖြစ် လိုအပ်နေပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ကို ပစ်ထားပြီး လက်နက်ကိုင် အချင်းချင်း သယံဇာတလုနေကြတဲ့ ပဋိပက္ခပြည်တွင်းစစ်များနှင့် ညံ့ဖျင်းတဲ့ အုပ်ချုပ်ရေးစနစ်ဖြင့် ရှိနေတဲ့နိုင်ငံများဟာ ဆန့်ကျင်ဖက်အမြင်ချင်း အပြန်အလှန်ပူးပေါင်းတည်ရှိခွင့်အတွက် စိတ်ဓါတ်များ ပြောင်းလဲ ကျင့်သုံးမယ်ဆိုတာကို လက်ခံလာနေကြပါပြီ။

အဲ့ဒီလိုပါပဲ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့ အစိုးရတာဝန်ယူပြီး (၁)နှစ်ပြည့်တဲ့ မတ်လ ၁ရက်နေ့က မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အဆင့်(၃)ဆင့်နဲ့ တည်ဆောက်သွားမည်လို့ သမ္မတက ပြောကြားထားတဲ့အတိုင်း လက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့နဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဆွေးနွေးပြီးသဘောတူညီမှုရရှိပြီးဖြစ်တာကို အားလုံးသိကြပြီးသည့်အတိုင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အထက်ပိုင်းအုပ်ချုပ်သူက ဒီလမ်းစဉ်ကိုဦးတည်နေပါတယ်။ ဒီလိုဆောင်ရွက်နေပါပြီလို့ ပြောနေပေမယ့် ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖေါ်မှုတွေက သိပ်ထိရောက်မှုမရှိတာကို သိရှိကြရမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့်

တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်များအကြား အပစ်အခတ်ရပ်စဲရေး လုပ်ထားပြီး နောက်ပိုင်း ရှမ်းပြည်နယ်အနှံ့မှာ တိုက်ပွဲပေါင်း(၁၅၀)ကျော် ဖြစ်ပွားလျက် ရှိနေပါတယ်။

အခု ကျွန်မ ဒီလွှတ်တော်အစည်းအဝေး မလာခင် မတ်လ ၂၈ ရက်နေ့မှာ နမ္မတူမြို့နယ်မှာ သော်လည်းကောင်း၊ ကျွန်မတို့လွှတ်တော်အစည်းအဝေး ကျင်းပနေတဲ့အချိန်အတွင်း ၁-၄-၂၀၁၃ ရက်နေ့မှာ ရှမ်းပြည်တောင်ပိုင်း မောက်မယ်မှာသော်လည်းကောင်း၊ တန့်ယန်းမှာသော်လည်းကောင်း ထိတွေ့မှုတွေ ရှိနေတာကို အားလုံးသိကြပြီးဖြစ်ပါတယ်။ အခုတန့်ယန်းမြို့ကနေ ရောက်ရှိလာတဲ့ မနေ့ကစာရင်းအရ အတည်ပြုစခန်းမှာ ဒုက္ခသည်ပေါင်း ၆၆၇ဦး ရောက်ရှိနေတဲ့အပြင် အိမ်နီးချင်းမိတ်ဆွေ၊ ဆွေမျိုးနီးစပ်တော်ရာတွေမှာ တည်းနေတဲ့ဒုက္ခတွေနဲ့ ပေါင်းလိုက်မယ်ဆိုလျှင် တန့်ယန်းမှာ ဒုက္ခသည်ပေါင်း ၈၀၁ ဦး ရှိနေပြီဖြစ်ပါတယ်။

ဒီလိုလက်မှတ်ထိုးသဘောတူညီမှုရယူ ပြီးမှ မကြာခဏ တိုက်ပွဲဖြစ်ပွားမှုရဲ့ ရလဒ်ဟာ လူမျိုးစုတစ်ဖွဲ့နဲ့ တစ်ဖွဲ့ ယုံကြည်မှု ပိုမိုကင်းမဲ့သွားစေပြီး သံသယကို ပိုမိုကြီးထွားစေခြင်းပဲဖြစ်ပါတယ်။ မငြိမ်းချမ်းမှုအတွက် အဓိကသူတွေက လက်နက်ကိုင်တွေဖြစ်ကြပြီး အဓိကထိခိုက်နေသူတွေက ပြည်သူတွေ တစ်နည်းအားဖြင့် နိုင်ငံတော်ဖြစ်နေပါတယ်။ ဒီနိုင်ငံမှာ စစ်တပ်နှင့်ပတ်သက်တဲ့ အတွေးအခေါ် ဘာသာရပ်မရှိခဲ့တဲ့အတွက်ကြောင့် အရပ်ဘက်နှင့် စစ်ဘက် ဆက်ဆံရေးကွာဟမှုကတော့ ကြီးနေမှာ ဖြစ်ပါတယ်။ ခံစားချက်ကိုယ်စီရှိတဲ့ လူသားတွေမို့ နိုင်ငံတစ်ခုမှာ တိုက်ပွဲဆိုတာရှိနေမှာဖြစ်ပါတယ်။

ဒါပေမဲ့ တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု နိုင်ငံတစ်ခုအနေနဲ့ ကိုယ့်ရန်သူကို မှန်ကန်စွာရွေးချယ်





## ရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်များနှင့် ပတ်သက်၍ ပကတိဖြစ်ပေါ်နေမှုများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်လက်နက်ကိုင်များနှင့် ပတ်သက်၍ ပကတိဖြစ်ပေါ်နေမှု များအား နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးမှ လွှတ်တော်သို့ ရှင်းလင်းပေးပါရန် ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့အခါသမယ ဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အတွင်းမှာ လက်နက်ကိုင်များနှင့် ပတ်သက်ပြီး ပကတိဖြစ်ပေါ်နေမှုများကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

လက်နက်ကိုင်များဆိုရာမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအားလုံးကို ဆိုလိုပါတယ်။ ကျွန်မရဲ့ တင်ပြမှုများဟာ မည်သူ၏ အားနည်းချက်၊ လွဲချော်ချက်စသည်များကို ထောက်ပြ ဝေဖန်နေခြင်းမဟုတ်ဘဲ ဖြစ်ပျက်နေသည်များ လုပ်ဆောင်သင့်သည်များကို အပြုသဘောဆောင်၍ တင်ပြခြင်းသာ ဖြစ်ပါတယ်။ ပကတိဖြစ်ပေါ်နေတဲ့အခြေအနေကို တင်ပြတဲ့နေရာမှာလည်း ပြည်သူများရဲ့ အမြင်သဘောအနေနဲ့သာ တင်ပြမှာဖြစ်ပါတယ်။ အခုလွှတ်တော်အစည်းအဝေး ကျင်းပနေတဲ့အချိန်မှာ

တတ်မယ်ဆိုလျှင် ငြိမ်းချမ်းရေးက လက်တစ်ကမ်းအကွာမှာ ရှိနေပါတယ်။ လက်နက်ကိုင်များဟာ ပြည်သူအပေါ်မှာ လွှမ်းမိုးရန် မဟုတ် အကာအကွယ်ပေးပြီး အားလုံးကို ကောင်းမွန်သော အနာဂတ်ဆီကို ခေါ်ဆောင်သွားဖို့ရန်သာ ဖြစ်တယ်ဆိုတာကို လက်နက်ကိုင်များ အားလုံးနားလည် လက်ခံနိုင်ဖို့ လိုအပ်နေပါတယ်။ လက်နက်ကိုင်များအချင်းချင်း ခွဲခြားဆက်ဆံရှုမြင်မှု ရှိနေခြင်း၊ ကတိမတည်ခြင်း၊ ယုံကြည်မှု မရှိခြင်းနှင့် တန်းတူညီမျှမှု တို့ကို အမှန်တစ်ကယ် ပီပြင်စွာ မကျင့်သုံးနိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးမရရှိ နိုင်ဘဲဖြစ်နေပါတယ်။

တစ်ချို့သောကိစ္စရပ်တွေဟာ ချမှတ်ထားသော ပေါ်လစီ အရ ရည်မှန်းချက်ပန်းတိုင်မရောက်ခင် အကြားမှာ ဖြစ်ပျက်နေတာ တွေကို လျစ်လျူရှုထားတာလည်း ရှိပါတယ်။ ဒါပေမဲ့ အသက်နဲ့ ရင်းရတဲ့ ဘဝနဲ့ ရင်းရတဲ့ လက်နက်ကိုင်များရဲ့ ပတ်သက်တဲ့ကိစ္စရပ် တွေတော့ အလေးထားရမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လက်နက်ကိုင်များအားလုံး ငြိမ်းချမ်းစွာနဲ့ ရပ်တည်သွားနိုင်ဖို့ ဆန္ဒရှိသလိုနိုင်ငံသားတိုင်းကလည်း ထပ်တူဆန္ဒ ရှိကြမှာပါ။ လက်နက်ကိုင်များအားလုံးဟာ အမြင်ချင်းမတူညီကြပေမဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ အပစ်အခတ် ရပ်စဲပြီး ငြိမ်းချမ်းစွာ နေလိုတဲ့စိတ်ဟာ ရာခိုင်နှုန်း တော်တော်များများ တစ်နည်းအားဖြင့် ရာနှုန်းပြည့် တူညီနေ ကြမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းမှာသော်လည်းကောင်း မူးယစ်ဆေးဝါး ပပျောက်ရေး နှိမ်နင်းရေးမှာသော်လည်းကောင်း ဒေသဖွံ့ဖြိုးရေးမှာသော် လည်းကောင်း အားကြိုးမာန်တက် ဆောင်ရွက်နေတဲ့ လွှတ်တော် ကိုယ်စားလှယ်အနေနဲ့ အောက်ခြေနယ်မြေဒေသတွေမှာလက်တွေ့ အမှန်တစ်ကယ် အပစ်အခတ်ရပ်စဲခြင်း မရှိသေးတဲ့အတွက်ကြောင့် လက်နက်ကိုင်အဖွဲ့ အသီးသီးရဲ့ အထင်အမြင်လွဲမှားမှုတွေကို ခံနေရပါတယ်။



D/real(wide) (1



ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကြမ်း ကိုလည်း အတည်ပြုပေး နိုင်ခဲ့ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများကလည်း မိမိတို့ တာဝန်ယူရတဲ့ဌာန၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်းပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ချက်များကို ခွဲခြားပြီးတော့ လွှတ်တော်ကိုယ်စားလှယ် များအား ရှင်းလင်းပြနိုင်ခဲ့သလို ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ် တို့ကလည်း မိမိတို့ ကဏ္ဍများကို အသီးသီးတင်ပြနိုင်ခဲ့ပါတယ်။ ဒီဆဋ္ဌမပုံမှန်အစည်းအဝေးမှာ သဘောတူခဲ့တဲ့အတိုင်း လွှတ်တော်ကော်မရှင်တစ်ခုနဲ့ လွှတ်တော်ကော်မတီ (၃)ခုကို ဖွဲ့စည်းသွားမှာဖြစ်သလို ၎င်းကော်မရှင်နှင့် ကော်မတီများအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရေးဆွဲသတ်မှတ်၍ လာမည့် အနီးစပ်ဆုံး လွှတ်တော်မှာ အတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ရှမ်းပြည်နယ် လွှတ်တော်သို့ မေးခွန်းများ အဆိုများပေးပို့ရာမှာ ဖက်(စ်)နှင့် ပေးပို့တာရှိသလို ကားဂိတ်များမှ တစ်ဆင့်ပို့ခြင်း၊ လူကြုံဖြင့် ပို့ခြင်းတို့လည်းရှိကြောင်း သိရှိရပါတယ်။ မည်သည့် အစီအစဉ်နှင့် ပို့သည်ဖြစ်စေ မိမိပို့တဲ့စာ(သို့မဟုတ်) မိမိပို့တဲ့ဖက်(စ်)ကို လွှတ်တော်ရုံးကို အချိန်မှီ ရောက်မရောက် လွှတ်တော်ရုံးကို မေးမြန်း၊ စုံစမ်းကြစေလိုပါတယ်။ ကြယ်ပွင့်ပြမေးခွန်းများ အတွက် မေးခွန်းတိုင်းရဲ့ ထိပ်မှာကြယ်ပွင့်အမှတ်အသားကိုလည်း ရှင်းရှင်းလင်းလင်းပြပေးဖို့အတွက် လိုမှာဖြစ်ကြောင်း ထပ်လောင်း ဖော်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူတို့၏ ဒီမိုကရေစီ ပိုင်ခွင့်နှင့် အခြေခံဥပဒေ အခန်း(၈)ပါ

နိုင်ငံသားများ၏ မူလအခွင့်အရေး တာဝန်များပြဋ္ဌာန်းချက်များပါ အခွင့်အရေးတွေကို မျှမျှတတ ပြည့်ဝစွာခံစား နိုင်ရေးအတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေမှာ တာဝန် ရှိပါတယ်၊ ဒီလို အကောင်အထည် ဖေါ်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှု **Transparancy** တာဝန်ယူမှု **Accountability**တို့ဟာလည်း ဟန်ချက်ညီညီ ရှိဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ယနေ့ဒီမိုကရေစီကျင့်စဉ် ထင်ရှားစွာ ဖော်ဆောင်လျက် ရှိရာမှာ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖေါ် နိုင်ရန်အတွက် ယခုဆိုလျှင် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများကို စတင်ပြင်ဆင်ဖွဲ့စည်းလျက် ရှိပါတယ်။ ပြည်သူများ ပါဝင်သော မြို့နယ်နှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာ အုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအနေနဲ့ မိမိတို့ဒေသမှာ အင်အားစုတစ်ရပ်အနေနဲ့ ပူးပေါင်းပါဝင် ကြခြင်းအားဖြင့် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင် စိမ့်ဝင်ပျံ့နှံ့နေမှာ ဖြစ်ကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ် ပြီးဆုံးပါပြီ။ ဒါ့ကြောင့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေငြာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။





အဲ့ဒါကြောင့် ပကတိဖြစ်ပေါ်နေတဲ့ အကြောင်းတရားများဟာ ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးမှု အလွန် အားနည်းနေခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်တွေကြောင့်ပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူထဲက ပြည်သူဖြစ်ပါသော လက်နက်ကိုင်များ အားလုံး အပစ်အခတ်ရပ်စဲပြီး ရှမ်းပြည်နယ်တစ်ခုလုံး အေးချမ်းစွာ ရပ်တည်သွားနိုင်ဖို့ရာ တပ်မတော် ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်များအားလုံးက ပြန်လည်သုံးသပ်ပြီး အပစ်အခတ် ရပ်စဲဖို့အတွက် အကောင်းဆုံးဖြစ်နိုင်အောင် တတ်နိုင်သမျှ ကူညီဆောင်ရွက် ပေးကြပါရန် လေးလေးနက်နက် ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂၁)ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အစည်းအဝေးကျင်းပ ပြီးစီးကြောင်း မကြေညာမီ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ကို အကျဉ်းချုံးပြီးတော့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးကြီးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။

ဒီအစည်းအဝေးကြီးမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်း(၂၂)ခုကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများက ပြန်လည် ဖြေကြားခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အဆို(၄)ခု ကိုလည်းတင်သွင်းခြင်းနှင့် အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ် အတည်ပြုပေးရမယ့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းတဲ့

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

### ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ၃၃-၁/၂၀၁၃။** ‘‘ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေနှင့် ပတ်သက်သည့်လေ့လာသုံးသပ်ရေးကော်မရှင်ဖွဲ့စည်းနိုင်ရန်’’ အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ “ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေနှင့်ပတ်သက်သည့် လေ့လာသုံးသပ်ရေး ကော်မရှင် ဖွဲ့စည်းနိုင်ရန် ”အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။



D/real(wide) (1



**လွှတ်တော်မှအတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၃၆-၁/၂၀၁၃။** ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း) ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၃၇-၁/၂၀၁၃။** "ရှမ်းပြည်နယ်အတွင်းမူးယစ်ဆေးဝါးများ ပေါများပျံ့နှံ့နေပါသဖြင့် လူငယ်များ လွယ်ကူစွာရလွယ်သုံးစွဲနေပြီး လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက်အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့်ဆောင်ရွက်ရန်" အဆိုအားလွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ပေါများ ပျံ့နှံ့နေပါသဖြင့် လူငယ်များလွယ်ကူစွာ ရလွယ်သုံးစွဲနေပြီး





**ဆုံးဖြတ်ခြင်းအမှတ် ၃၄-၁/၂၀၁၃။** "ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန် အတွက် လိုအပ်ချက်အရ လွှတ်တော်ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန်" အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ အခက်အခဲများကို ပိုမိုဖြေရှင်းနိုင်ရန်အတွက် လိုအပ်ချက်အရ လွှတ်တော်ရေးရာ ကော်မတီအသစ်များကို တိုးချဲ့ဖွဲ့စည်းရန် "အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၃၅-၁/၂၀၁၃။** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) ကို

လူငယ်များ၏ အနာဂတ်ဘဝကို ထိခိုက်နိုင်သလို ပြည်နယ်၏ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ ပပျောက်နိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် ”အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၃၈-၁/၂၀၁၃။** ‘‘ရှမ်းပြည်နယ်အတွင်းလောင်းကစားများ ပပျောက်ရေးအတွက်ရှမ်းပြည်နယ်အစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း (သို့မဟုတ်) ရှမ်းပြည်နယ်အတွင်းလောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းအဆင့်ဆင့်အား ပိုမိုတွန်းအားပေးကြပ်မတ်ဆောင်ရွက်ရန် ’’အဆိုအား လွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်ခြင်း





**မှတ်တမ်းတင်ခြင်းအမှတ် ၄၂-၁/၂၀၁၃။** ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်း အား မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄၃-၁/၂၀၁၃။** မိုင်းယောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်သည် ၄-၂-၂၀၁၃ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်ရှိ သည့်အတွက်ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်းကြောင်း အဆိုကိုမှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့၌ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်းသည် ၄-၂-၂၀၁၃ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄၄-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၂ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (1



၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း (သို့မဟုတ်) ရှမ်းပြည်နယ်အတွင်း လောင်းကစားများ ပပျောက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနအဖွဲ့အစည်း အဆင့်ဆင့်အား ပိုမိုတွန်းအားပေး ကြပ်မတ်ဆောင်ရွက်ရန် "အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၄၁-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၂ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄၅-၁/၂၀၁၃။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၂ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၁၁-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာမြေ ဥပဒေ၊မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်နည်းဥပဒေများအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်





စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၄-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း မြို့မြေခွန်နှုန်း တိုးမြှင့်ကောက်ခံရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း မြို့မြေခွန်နှုန်း တိုးမြှင့်ကောက်ခံရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၅-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုနှင့်၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတား လုပ်ငန်း ဆောင်ရွက်မည့် အခြေအနေအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်

လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတား လုပ်ငန်းဆောင်ရွက်မည့်အခြေအနေ အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၆-၁/၂၀၁၃။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှု လျော့ချရေးလုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့်ဆင်းရဲမှု လျော့ချရေး လုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက် ထားရှိမှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၇-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်းရှိ ရေအားလျှပ်စစ်ဓါတ်အားပေး စက်ရုံများ အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**





အစိုးရ အဖွဲ့မှ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်နည်းဥပဒေများအား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

**အမှတ် ၁၂-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်မည့် သစ်တောကဏ္ဍ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

**အမှတ် ၁၃-၁/၂၀၁၃။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ် အစိုးရမှ ရှမ်းပြည်နယ်အတွင်းရှိ ရေအားလျှပ် စစ်ဓါတ်အားပေး စက်ရုံများ အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၈-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူဦးရေနှင့် အိမ် အကြောင်းအရာ၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ကိစ္စအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လူဦးရေနှင့် အိမ် အကြောင်းအရာ၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ကိစ္စအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၁၉-၁/၂၀၁၃။ ပြည်ထောင်စုလွှတ်တော် ဥပဒေစာရင်းကိုလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ ပြည်ထောင်စုလွှတ်တော် ဥပဒေစာရင်းကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။





**အမှတ် ၂၂-၁/၂၀၁၃။ ရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်များ နှင့် ပတ်သက်၍ပကတိ ဖြစ်ပေါ်နေမှုများ အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ လ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်များ နှင့်ပတ်သက်၍ပကတိ ဖြစ်ပေါ်နေမှုများအား လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၇-၁/၂၀၁၂။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်(၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ **၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၇)အဖြစ် (၃-၄-၂၀၁၃) ရက်နေ့တွင် ထုတ်ပြန်သည်။

**ဥပဒေအမှတ် ၈-၁/၂၀၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်(၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း**အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၈)အဖြစ် (၃-၄-၂၀၁၃) ရက်နေ့တွင် ထုတ်ပြန်သည်။



D/real(wide) (1



**အမှတ် ၂၀-၁/၂၀၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်းလူမှုရေးကဏ္ဍဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍ ဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၂၁-၁/၂၀၁၃။ အင်းလေးဒေသ ဟိုတယ်ဇုန် ဖော်ထုတ်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့၌ အင်းလေးဒေသ ဟိုတယ်ဇုန်ဖော်ထုတ်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။